
၃၅ နှစ်မြောက်အထိမ်းအမှတ်

# ရွှေဟင်္သာတောရ
## သမိုင်း



| | | | |
|---|---|---|---|
| ဘုန်းတော်ကြီး ဦးသီလ | ပထမဝိသုဒ္ဓါရုံ ဆရာတော် | ဗဟန်းကျောင်းတော်ရာ ဆရာတော် | ပုသိမ်-သင်္ဘောကျောင်းတော |

၇၅—နှစ်မြောက်အထိမ်းအမှတ်

# ရွှေဟင်္သာတောရသမိုင်း

သင့်ဘဝပုံနှိပ်တိုက်
၁၇ မလ္လကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ် (၈၁၉၄)
ကင်းလွတ်ခွင့် အမှတ် (၀၂၉၉၉)

ပထမ-အကြိမ်

အုပ်ရေ [၂၀၀၀]

ဓမ္မဒါန

သာသနာ-၂၅၁၉ ခုနှစ်၊
မြန်မာ-၁၃၃၇ ခုနှစ်၊ ပြာသိုလ
ခရစ်-၁၉၇၆-ခုနှစ်၊ ဇန္နဝါရီလ

အဖုံးရိုက် — သင့်ဘဝပုံနှိပ်တိုက်

ထုတ်ဝေသူ။ ။ဦးသုစိတ္တာဘိဝံသ
ရွှေဟသာတိုက်သစ်

ပုံနှိပ်သူ။ ။ဒေါ်ခင်မြင့်၊ သင့်ဘဝပုံနှိပ်တိုက် (၀၁၁၁)၊
၁၇၊ မလွှကုန်းလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။

# ပြန်လည်ဖြည့်စွက် ပြင်ဆင်၍

## ဒုတိယအကြိမ် ထုတ်ဝေရခြင်း အကြောင်း

ရွှေဟင်္သာတောရသမိုင်းကို သက္ကရာဇ် ၁၃၁၄-ခုနှစ်၌ ရန်ကုန်မြို့ ဗဟန်း ရေတာရှည်လမ်းသစ် သီရိမန္တစံကျောင်း ဒါယကာ ဘုန်းကြီး ဦးသီရိမန္တ (ဝန်ထောက် ဦးဒွေး) တိုက်တွန်းလျှောက်ထားခြင်းကြောင့် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ဆရာတော် အရှင်ပဏ္ဍိတထေရ်သည် ရေးသား၍ ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့ပေသည်။

ထိုနောက် ယနေ့မျက်မှောက်ခေတ်တိုင် နှစ်ပေါင်း(၂၀) အတွင်း၌ ပရိယတ် ပဋိပတ် သာသနာအခြေအနေ တိုးတက်ဖြစ်ထွန်းလာသည်တကြောင်း၊ အဆောက်အဦးကြီးများပွားများ ပေါ်ပေါက် လာသည်လည်း တကြောင်းတို့ကြောင့် အချိန်ကာလအားလျော်စွာ ဖြစ်ထွန်းပြန်သည်တို့ကို ကည့်

သွင်းကာ ပထမအကြိမ် ရေးစဉ်ရိုက်စဉ်က ကြွင်းကျန်နေသော အချို့အကြောင်းအရာတို့ကိုလည်း ထပ်မံဖြည့်လောင်းလျက် ၁၃၃၆-ခုနှစ်၌ အသစ်ပြုပြင်ရေးသားခဲ့ပေသည်။

သက္ကရာဇ် ၁၂၆၂-ခုနှစ် တပေါင်းလပြည့်နေ့၌ ရွှေဟင်္သာ ဟောရကျောင်းတိုက်ကြီးကို သိမ်သမုတ်သည်ကစ၍ တည် ထောင်ခဲ့ရာ ယခု ၁၃၃၇-ခုနှစ် တပေါင်း လပြည့်နေ့သည် ရွှေဟင်္သာတောရကျောင်းတိုက်၏ အသက်တမ်းသည် (၇၅) နှစ်သို့ ရောက်ရှိသည် ဖြစ်သောကြောင့် ရွှေဟင်္သာတောရ သမိုင်းကို ဒုတိယအကြိမ် ရိုက်နှိပ်ကာ ဖျံလွှန်တော်မူကြသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ၃-ပါးနှင့်တကွ ကျောင်း တိုက်ကြီးကို ကျေးဇူးတုံ့ပြန်ခြင်း ကတညုတ ကတဝေဒီ မင်္ဂလာကောင်းမှုကို ပြုလုပ်လိုသောဆန္ဒဖြင့် ရွှေဟင်္သာတောရ သမိုင်းကို (၇၅) နှစ်မြောက်အထိမ်းအမှတ် အဖြစ်ဖြင့် ဒုတိယ အကြိမ် ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်းပင် ဖြစ်ပါသတည်း။

အရှင်ပဏ္ဍိတာဘိဝံသ  
စစ်ကိုင်းရွှေဟင်္သာဆရာတော်  
၁၃၃၇-ခုနှစ် တပေါင်းလပြည့်နေ့။

# နိဒါန်း

မာ ဟောံ အာနန္ဒ အဝစ မာ ဟောံ အာနန္ဒ အဝစ ခုဒ္ဒက နဂရကံ ဥဇ္ဇင်္ဂလ နဂရကံ သာခါနဂရကန္တိ၊ ဘူတပုဗ္ဗံ အာနန္ဒ ရာဇာ မဟာသုဒဿနော နာမ အဟောသိ ခတ္တိယော မုဒ္ဓါဘိသိတ္တော စာတုရန္တော ဝိဇိတာဝီ ဇနပဒတ္ထာဝရိယပ္ပတ္တော၊ ရညော အာနန္ဒ မဟာသုဒဿနဿ အယံ ကုသိနာရာ ကုသာဝတီနာမ ရာဇဓာနီ အဟောသိ၊ ပုရတ္ထိမေန စ ပစ္ဆိမေန စ ဒွါဒသ ယောဇနာနိ အာယာမေန၊ ဥတ္တရေန စ ဒက္ခိဏေန စ သတ္တ ယောဇနာနိ ဝိတ္ထာရေန။

ဤကုသိနာရုံမြို့ကို မြို့ငယ်ကလေးဟူ၍၎င်း, မညီမညာသောကုန်းမြို့ကလေးဟူ၍၎င်း, မြို့လက်တက်ကလေးဟူ၍၎င်း မပြောနှင့် အာနန္ဒာမပြောနှင့်၊ ရှေးကဖြစ်ခဲ့ဘူးသည်ကို ငါဘုရား ပြောကြားပြမည်၊ မင်းမျိုးအစစ်ဖြစ်၍ အဘိသိက်ခံအပ်ပြီးသော သမုဒ္ဒရာရေအဆုံးအထိ စိုးပိုင်တဲ့ နိုင်ငံတော်

ရှိသော အောင်နိုင်ပြီးတဲ့ ရန်သူရှိသော မိမိစိုးပိုင်သော နိုင်ငံပြည်နယ်များကို ခိုင်မြဲတည်တံ့စေပြီးသော မဟာသုဒဿနစကြာမင်းကြီးဟူ၍ ဖြစ်ပေါ်ခဲ့ဘူးတယ်၊ ဤကုသိနာရုံမြို့သည် အဲသည်မဟာသုဒဿနစကြာမင်းကြီးရဲ့ ကုသဝတီအမည်ဖြင့် ထင်ရှားနေတဲ့ နေပြည်တော်ဖြစ်ခဲ့ဘူးတယ်၊ အရှေ့အနောက်အလျား ၁၂-ယူဇနာရှည်၍ တောင်မြောက်အနံ ၇-ယူဇနာ ကျယ်ဝန်းပေတယ် အာနန္ဒာ စသည်ဖြင့်....

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရ(ကုသိနာရုံ)မြို့၏ အကြောင်းကို ထိုမြတ်စွာဘုရားသာ နောက်ကြောင်းပြန်၍ လင်းကျင်းဟောကြားတော်မမူခဲ့ပါလျှင် တပည့်သားအဆက်ဆက်နှင့်တကွ ရတနတ္တယမာမက သူတော်သိပုဂ္ဂိုလ်တို့သည် ယနေ့သိရှိနိုင်ကြတော့မည် မဟုတ်ပေ။ ဘုရားမြတ်စွာသည်ပင်လျှင် သတ္တဝါတို့၏ ကောင်းကျိုးဖြစ်ရာဖြစ်ကြောင်းထိုထို ရှေးဟောင်းနှောင်းဖြစ် သဗ္ဗဝ နိဗ္ဗဝတို့၏ အတ္ထုပ္ပတ္တိအစဉ်အလာကိုဆိုင်ရာဆိုင်ရာ အခွင့်အခါသင့်တိုင်းဟောကြားတော်မူခဲ့ခြင်းကြောင့် ယနေ့တိုင်အောင်သော သာကီနွယ်ဖွားရဟန်းတော်များနှင့်တကွ ဥပါသကာ ဥပါသိကာမတို့သည် ဌာန ဌာနီ သဗ္ဗဝနိဗ္ဗဝ သက်ရှိသက်မဲ့ တည်မှီရာ မြို့ရွာဒေသပုဂ္ဂိုလ်သတ္တဝါတို့၏ အကြောင်းတို့ကို သိထိုက်သမျှသိကြရ၍ တပနည်းယူကာ သူတော်ကောင်း အစဉ်အဆက်ကို အမျှင်မပြတ်ဆက်ခံနိုင်ကြပေသည်ကို သူတော်ကောင်းပညာရှိမှန်က ဝန်ခံ ခေါင်းငြိမ့်ရပေမည်။

သာဝတ္ထိမြို့ဇေတဝန်ကျောင်းတော်၊ ပုဗ္ဗါရုံကျောင်းတော်၊ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၊ ပါဋလိပုတ်မြို့ အသော

ကာရုံကျောင်းတော်၊ သီဟိုကျွန်း(သီရိလင်္ကာ) မဟာဝိဟာရကျောင်းတော် စသည်တို့၏ အကြောင်းခြင်းရာ တို့ကိုလည်း ထိုထိုပါဠိ အဋ္ဌကထာ ဋီကာတို့၌ ဖော်ပြခဲ့ကြသောကြောင့် နောက်သား ရှင်လူတို့သည် အစဉ်တစိုက်သိရှိမှတ်သား၍ လေးစားကြရသည်။ ထိုထိုကျောင်းတိုက်ကြီးတို့၌ သီတင်းသုံးတော်မူကြပြီးသော ဘုရားသခင်ကို အစပြု၍ ထိုထိုအရှင်မြတ်တို့၏ ကျင့်ကြံနေထိုင်ခဲ့ကြပုံ, သာသနာပြုတော်မူကြပုံ ထုံးနည်း ဥပဒေသတို့ကိုလည်း နည်းယူလိုက်နာကြရပေသည်၊ အကယ်၍သာ အမှတ်အသား မရှိခဲ့, အစဉ်အဆက်မဆောင်ခဲ့, ပေ ပရပိုက်သို့တင်၍ ရေးသားမှုမရှိခဲ့ပါမူ နောက်လူတို့ နည်းယူ တုပဖွယ်ရာ,သူတော်ကောင်း ဖြစ်နိုင်ကြဖွယ်ရာ အကြောင်းပင် ရှိနိုင်တော့မည် မဟုတ်ချေ။


သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာ သာသနာတော်အတွင်း၌ သာသနာသုံးရပ်ကို သဒ္ဓါ ဝီရိယ ပညာ ပြဓာန်း၍ ကြိုးပန်းဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ ဖြစ်တော်မူကြကုန်သော ရဟန်းမြတ် သူတော်ကောင်းတို့၏ ဆောင်ရွက်တော်မူကြပုံ အခြင်းအရာကို၎င်း၊ ထိုအရှင်မြတ်တို့ သီတင်းသုံးတော်မူရာ စည်ပင်ကြီးပွားပြီး ကြီးပွားလျက် တည်နေဆဲ ကျောင်းတိုက်တို့၏ အခြင်းအရာ အတ္ထုပ္ပတ်ကို၎င်း ဟုတ်တိုင်းမှန်ရာ အက္ခရာတင်၍ ထင်ရှားစွာ ရေးသားသင့်ကြပေသည်၊ အချို့သောကျောင်းတိုက်နှင့် ရဟန်းတော်မြတ်တို့၏ တည်ထောင်စဉ်, ကျင့်ဆောင်စဉ်တို့သည်ကား ရှိကြပါ၏၊ ရှိသင့်ရှိထိုက်သလောက် မရှိခြင်းကြောင့် အလွန်သိသင့်သိထိုက်သော ကျောင်းတိုက်များ, မထေရ်မြတ်များ၏အကြောင်းတို့ကိုမသိကြရဘဲကွယ်ပျောက်သွားကြသည့်အတွက် ဝမ်းနည်းဖွယ်ရာ ဖြစ်ပေသည်။

# နိဒါန်း

ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်သည် မြန်မာပြည်သာသနာဝင်တွင် ထင်ရှားသော ကျောင်းတိုက်တတိုက် ဖြစ်သည်သာ မဟုတ်သေး၊ ယခုသက္ကရာဇ် ၁၃၃၄-ခုနှစ် ဤစာကို ဒုတိယအကြိမ် ဖြည့်စွက်ရေးသောကာလ နှစ်ပေါင်း ၇၂-နှစ် တိုင်တိုင် ခိုင်မြဲတည်တန့်၍ စည်ပင်ကြီးပွားလျက်ပင်ဖြစ်ရာ ရွှေဟင်္သာတောရကျောင်းတိုက် ဥပ္ပတ္တိက္ကမနှင့်တကွ အာဒိကမ္မိက ရွှေဟင်္သာတောရ သမုဋ္ဌာပက ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးမှစ၍ ယနေ့မျက်မှောက်ကာလ၌ ထင်ရှား ရှိတော်မူကြသော ဆရာတော်များအပါအဝင် ဆရာအစဉ်တို့၏ ကျင့်စဉ် ဆောင်ရွက်စဉ်ဖြစ်သော ရွှေဟင်္သာတောရသမိုင်းကို သူတော်ကောင်း ကလျာဏ ရှင်တိုင်း လူတိုင်းတို့၏အကျိုးငှာ မိမိသိရှိမှတ်သားမိသမျှ တိဟိကျကျရေးသားခြင်းပင် ဖြစ်ပေသတည်း။

အရှင်ပဏ္ဍိတထေရ်

စစ်ကိုင်းတောင်ရိုး—ရွှေဟင်္သာတိုက်သစ်။



စစ်ကိုင်းတောင်ရိုး - ရွှေဟသ်ာဆရာတော် ကျမ်းပြုနေပုံ



စစ်ကိုင်းတောင်ရိုး - ရွှေဟင်္သာတိုက်သစ်

အဂ္ဂမဟာပဏ္ဍိတ ရွှေဟင်္သာ ဆရာတော်

# ပဏာမော

၁။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတု ဓမ္မံ။

အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော သမ္မပ္ပဓာန် ကိစ္စတပ်သော ဝီရိယရှိတော်မူထသော။ ဈာယတော၊ အာရမ္မဏူပနိဇ္ဈာနစျာန်ဖြင့်ကသိုဏ်းအာရုံကိုလက္ခဏူပနိဇ္ဈာန စျာန်ဖြင့် သင်္ခါရဓမ္မအာရုံကို ရှုတော်မူတတ်ထသော။ ဗြာဟ္မဏဿ၊ ပယ်အပ်ပြီးသော မကောင်းမှုရှိသော ရဟန္တာပုဂ္ဂိုလ်အား။ ယဒါယသ္မိံ ကာလေ၊ အကြင်အခါ၌။ ဟဝေ၊ ထင်ရှားစွာ။ ဓမ္မာ၊ အနုလုံပဋိလုံဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ထိုးထွင်း၍ သိမှုကိုပြီးစေတတ်ကုန်သော ဗောဓိပက္ခိယတရားတို့သည်။ ပါတုဘဝန္တိ၊ ဖြစ်ပေါ်ကြကုန်၏။ တနည်း -ဓမ္မာ၊ သစ္စာလေးပါး တရားတို့သည်။ ပါတုဘဝန္တိ၊ ရသည်၏အစွမ်းဖြင့်၊ ဝါ၊ ထိုးထွင်း၍သိသည်၏အစွမ်းဖြင့် ထင်ထင်ရှားရှား ဖြစ်ပေါ်ကြကုန်၏။ အထ၊ ထိုအခါ၌။ ယတော ယသ္မာ၊

အကြွင်ကြောင့်။ ယော ပြာဟ္မဏော၊ အကြွင်ရဟန္တာပုဂ္ဂိုလ်သည်။ သဟေတုဓမ္မံ၊ အဝိဇ္ဇာစသော အကြောင်းအားဖြင့် အကြောင်းနှင့်တကွဖြစ်သော။ ဝါ၊အကြောင်းရှိသောသင်္ခါရစသော ဒုက္ခအစုအပုံ သက်သက်မျှဖြစ်သော်တရားကို။ ပဇာနာတိ၊ အပြားအားဖြင့်သိတော်မူ၏။ တတောတဿ၊ ထို့ကြောင့်။ အဿပြာဟ္မဏဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ သဗ္ဗာ၊ ပဋိစ္စသမုပ္ပါဒ်၌ယုံမှားခြင်း, တဆယ့်ခြောက်ပါးသော ယုံမှားခြင်းဟူသော အလုံးစုံကုန်သော။ ကင်္ခါ၊ ယုံမှားခြင်းတို့သည်။ ဝပယန္တိ၊ အထူးသဖြင့် ကင်းပျောက် ချုပ်ငြိမ်းခြင်းသို့ရောက်ကြလေကုန်၏။

အဟံ၊ ငါသည်။တာဒိသံ၊ ထိုသို့သဘောရှိသော။ပြာဟ္မဏံ၊ ရဟန္တာတည်းဟူသော မြတ်စွာဘုရားကို။ နမာမိ၊ ဦးညွှတ်ရှိကျိုး လွန်မြတ်နိုးစွာ ရှိခိုးပါ၏တည်း။

၂။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော စျာယတော ပြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

အာတာပိနော၊ ကိလေသာကိုပူပန်စေတတ်သော သမ္မပ္ပဓာန်ဝီရိယရှိတော်မူထသော။ စျာယတော၊ အာရမ္မဏူပနိဇ္ဈာနစျာန်ဖြင့် ကသိဏ်းအာရုံကို လက္ခဏူပနိဇ္ဈာနစျာန်ဖြင့် သင်္ခါရဓမ္မအာရုံကို ရှုတော်မူတတ်ထသော။ပြာဟ္မဏဿ၊ ပယ်အပ်ပြီးသော မကောင်းမှုရှိသော ရဟန္တာပုဂ္ဂိုလ်အား။ ယဒါယသ္မိံ ကာလေ၊ အကြွင်အခါ၌။ ဟဝေ၊ ထင်ရှားစွာ။ ဓမ္မာ၊ အနုလုံပဋိလုံဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားတို့

ကို ထိုးထွင်း၍သိမှုကို ပြီးစေတတ်ကုန်သော ဗောဓိပက္ခိယ
တရားတို့သည်။ ပါတုဘဝန္တိ၊ ဖြစ်ပေါ်ကုန်၏။ တနည်း-
ဓမ္မာ၊ သစ္စာလေးပါးတရားတို့သည်။ ပါတုဘဝန္တိ၊ ရသည်၏
အစွမ်းအားဖြင့်၊ ဝါ၊ ထိုးထွင်း၍သိသည်၏ အစွမ်းအားဖြင့်
ထင်ရှား ဖြစ်ပေါ်ကြကုန်၏။ အထ၊ ထိုအခါ၌။ ယတော
ယသ္မာ၊ အကြင်ကြောင့်။ ယောဗြာဟ္မဏော၊ အကြင်ရဟန္တာ
ပုဂ္ဂိုလ်သည်။ ပစ္စယာနံ၊ ပဋိစ္စသမုပ္ပါဒ်ပစ္စည်းတရားတို့၏။
ခယံ၊ ကုန်ခမ်းချုပ်ငြိမ်းခြင်းဟုဆိုအပ်သော နိဗ္ဗာန်ကို။ အဝေ
ဒိ၊ ထိုးထွင်း၍သိမြင်တော်မူပြီ။ တတောတသ္မာ၊ ထို့ကြောင့်။
အဿဗြာဟ္မဏဿ၊ ထိုရဟန္တာ ပုဂ္ဂိုလ်အား။ သဗ္ဗာ၊ ပဋိစ္စ
သမုပ္ပါဒ်၌ ယုံမှားခြင်း, တဆယ့်ခြောက်ပါးသော ယုံမှားခြင်း
ဟုဆိုအပ်သော အလုံးစုံကုန်သော။ကင်္ခါ၊ ယုံမှားခြင်းတို့သည်။
ဝပယန္တိ၊ အထူးသဖြင့် ကင်းပျောက်ချုပ်ငြိမ်းခြင်းသို့ ရောက်
ကြလေကုန်၏။

အဟံ၊ ငါသည်။ တာဒိသံ၊ ထိုသို့သဘောရှိတော်မူသော။
ဗြာဟ္မဏံ၊ ရဟန္တာဘည်းဟူသော မြတ်စွာဘုရားကို။ နမာမိ၊
ဦးညွတ်ရိုကျိုး လွန်မြတ်နိုးစွာ ရှိခိုးပါ၏တည်း။

၃။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခံ။

အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော သမ္မပ္ပ
ဓာန်ကိစ္စတပ်သော ဝီရိယရှိတော်မူထသော။ ဈာယတော၊
အာရမ္မဏူပနိဇ္ဈာနဈာန်ဖြင့် ကသိုဏ်းအာရုံကို လက္ခဏူပနိဇ္ဈာ
နဈာန်ဖြင့် သင်္ခါရဓမ္မအာရုံကို ရှုတော်မူတတ်ထသော။ဗြာဟ္မ

ဏာသာ၊ ပယ်အပ်ပြီးသော မကောင်းမှုရှိသော ရဟန္တာပုဂ္ဂိုလ်အား။ ယဒါယသ္မိံ ကာလေ၊ အကြင်အခါ၌။ ဟဝေ၊ ထင်ရှားစွာ။ ဓမ္မာ၊ အနုလုံပဋိလုံဖြစ်သော ပဋိစ္စသမုပ္ပါဒ်တို့ကို ထိုးထွင်း၍ သိမှုကို ပြီးစေတတ်ကုန်သော ဗောဓိပက္ခိယတရားတို့သည်။ ပါတုဘဝန္တိ၊ ဖြစ်ပေါ်ကြကုန်၏။ တနည်း-ဓမ္မာ၊ သစ္စာလေးပါးတရားတို့သည်။ ပါတုဘဝန္တိ၊ ရသည်၏အစွမ်းဖြင့်၊ ဝါ၊ ထိုးထွင်း၍သိသည်၏အစွမ်းအားဖြင့် ထင်ထင်ရှားရှား ဖြစ်ပေါ်ကြကုန်၏။အထ၊ထိုအခါ၌။ သောဗြာဟ္မဏော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ သူရိယော၊ နေမင်းသည်။ အန္တလိက္ခံ၊ အမိုက်တိုက်ကို။ ဝိဓူပယံ ဝိဓူပယန္တော ဝိဓမေန္တော၊ ဖျက်ဆီးမှုတ်လွှင့်၍။ အန္တလိက္ခံ၊ ကောင်းကင်ကို။ ဩဘာသယံ ဩဘာသယန္တော၊ ထွန်းလင်းတောက်ပစေလျက်။တိဋ္ဌတိဣဝ၊ တည်သကဲ့သို့။ တထာ၊ ထို့အတူ။ မာရသေနံ၊ ကိလေသာတည်းဟူသောမာရ်မင်းစစ်သည်ကို။ ဝိဓူပယံ ဝိဓူပယန္တော ဝိဓမေန္တော၊ အရိယာမဂ် ဒါးသန်လျက်ဖြင့် ပယ်ဖျက်မှုတ်နှင်ခုတ်ထွင်ရှင်းလင်း၍။ တနည်း မာရသေနံ၊ ကိလေသာကာမဖြစ်သော မာရ်မင်းစစ်သည် တည်းဟူသော အမိုက်တိုက်ကို။ ဝိဓူပယံ ဝိဓူပယန္တော ဝိဓမေန္တော၊ အရိယာမဂ် ရောင်ခြည်လက်နက်ဖြင့် ပယ်ဖျက်မှုတ်လွှင့်၍။ တိဋ္ဌတိ၊ ခိုင်ခိုင်ကြံ့ကြံ့တန့်ရပ်တည်နေတော်မူ၏။

အဟံ၊ ငါသည်။ တာဒိသံ၊ ထိုသို့သဘောရှိတော်မူသော။ ဗြာဟ္မဏံ၊ ရဟန္တာတည်းဟူသော မြတ်စွာဘုရားကို။ နမာမိ၊ ဦးညွှတ်ရိုကျိုး လွန်မြတ်နိုးစွာ ရှိခိုးပါ၏တည်း။

(ဥပမေယျဝါကျ၌ ကမ်ပုဒ်နှင့်တကွ အပြည့်အစုံ ထည့်ပေးလိုလျှင် 'သတ္တလောကံ' ဟူ၍ ထည့်ရာ၏)

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဘုန်းတော်ကြီး ဦးသီလ ခေတ် | .... | ၁ |
| ရွှေကျင်ဆရာတော်ကြီးနှင့် ဘုန်းတော်ကြီး ဦးသီလ ဆုံမိခြင်း | .... | ၆ |
| တောဂိုဏ်းနှင့် ရွှေကျင်ဂိုဏ်း | .... | ၇ |
| ရန်ကင်းစံရာသို့ကြွလာ၍ ပင့်လျှောက်ကြခြင်း | .... | ၈ |
| ညောင်တုန်းသို့ကြွခြင်း | .... | ၉ |
| ရွှေဟင်္သာတောရတိုက်တည်၍ သိမ်သမုတ်ခြင်း | .... | ၁၀ |
| ရွှေဟင်္သာတောရတိုက်အမည် | .... | ၁၁ |
| ပုဗ္ဗနိမိတ်များ | .... | ၁၁ |
| ဟင်္သာငှက်များ ကျက်စားခဲ့ခြင်း | .... | ၁၄ |
| ကျောင်းတော်ရာ ဆရာတော်ကြီး သိတင်းသုံးခြင်း | .... | ၁၅ |
| ပထမဦးဆုံး ကျောင်းကလေးများ | .... | ၁၆ |
| ပထမနှင့် ဒုတိယ တိုက်ကြပ်ဘုန်းကြီးများ | .... | ၁၇ |
| ရွှေဟင်္သာတောရတိုက် ဒုတိယအဆင်ကျောင်းများ | .... | ၁၈ |
| တတိယအဆင့် ကျောင်းများ | .... | ၂၀ |
| ရွှေဟင်္သာ ရေတွင်းများ | .... | ၂၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ယနေ့တိုင် အားထုတ်လျက်ရှိသောဒကာများ | .... | ၂၄ |
| ရွှေဟင်္သာတောရတိုက် မြေအကျယ် | .... | ၂၉ |
| ဆွမ်းပြည့်စုံခြင်း | .... | ၃၀ |
| သတင်းကြီးသော ချဉ်ဟင်းနှင့် ငန်ပြာရေချက် | .... | ၃၂ |
| ပထမခေတ် | .... | ၃၃ |
| ရိုးရိုးနေတတ်သော တိုက်အုပ်ဘုန်းကြီးလေး | ... | ၃၄ |
| ထိုခေတ် စာချဆရာတော်များ | .... | ၃၅ |
| စည်တီးဆရာတော် | .... | ၃၇ |
| ပုဗ္ဗာရုံဆရာတော် | .... | ၃၉ |
| စံကျောင်းဆရာတော် ပေးစာ | .... | ၄၀ |
| တိမ္မူလာရုံ၌ သီတင်းသုံးတော်မူကြပုံ | .... | ၄၃ |
| တိမ္မူလာရုံတောရကျောင်း | .... | ၄၅ |
| ဒုတိယခေတ် | .... | ၄၇ |
| မှန်ကျောင်းဘုန်းကြီးကလေး | .... | ၄၉ |
| တိုက်ကြပ်ဘုန်းကြီးကလေး | .... | ၅၁ |
| မျက်နှာကြီးငယ် မကြည့်သင့်သောကိစ္စ | .... | ၅၂ |
| ထေရဝိဒူ ဆရာတော်ကြီး | .... | ၅၃ |
| ကွဲပြားမှုမရှိကြ | .... | ၅၄ |
| ပုဂ္ဂလိကကျောင်း မရှိခြင်း | .... | ၅၆ |
| နိကန္တိဖြစ်ရန်မရှိခြင်း | .... | ၅၆ |
| သံဃိကသစ်ပင်များ | .... | ၅၇ |
| စာမေးပွဲခေတ်အစ | .... | ၆၂ |
| ရဟန်းကိစ္စကုန်ပြီ | .... | ၆၈ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| တခေတ်ပြောင်းခြင်း | .... ၆၅ |
| ဒကာများ အံ့သြချိန် | .... ၆၇ |
| သြဝါဒကထာ | .... ၇၀ |
| တလနှစ်ကြိမ် စည်းဝေးခြင်း | .... ၇၁ |
| ရှေ့ရေးကိုမြင်ခြင်း | .... ၇၁ |
| ဂုဏ်ထူးတိုးခြင်း | .... ၇၅ |
| စနစ်ထုံးနည်းရှိပုံ | .... ၇၆ |
| တိုက်ကြပ်ဘုန်းတော်ကြီး ဦးသုရိယ | .... ၇၇ |
| ရွှေနံ့သာကျောင်းဘုန်းကြီး ဦးဒီပ | .... ၇၈ |
| တိုက်ကြပ်ဂုဏ်အင်္ဂါများ | .... ၈၀ |
| တိုက်ကြပ်ဌာနန္တရ ခန့်အပ်စာ | .... ၈၁ |
| တိုက်အုပ်ဂုဏ်အင်္ဂါများ | .... ၈၂ |
| ကျောင်းတော်ရာဆရာတော်ဘုရားကြီး | .... ၈၅ |
| ဆရာ့စကား မြေမကျ | .... ၈၉ |
| သည်းခံခြင်း | .... ၉၂ |
| ဂိလာနတို့အားစောင့်ရှောက်ခြင်း | ... ၉၆ |
| တပည့်များနှင့်ဆက်ဆံပုံ | .... ၉၈ |
| အခွင့်သာပုံ | ....၁၀၀ |
| ဉာဏ်ကောင်းပုံ | ....၁၀၁ |
| အာဂုမ်ဆောင် စာများ | ....၁၀၃ |
| သီလသိက္ခာ၌ လေးစားခြင်း | ....၁၀၄ |
| ဂိုဏ်းနှင့်စပ်သော ဂုဏ်ထူးများ | ....၁၀၇ |
| စံကျောင်းဆရာတော်၏ ဇာတာပုံ | ....၁၀၉ |

## မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကျောင်းတော်ရာ ဆရာတော်ကြီးထံရောက်ခြင်း | ....၁၁၀ |
| ရဟန်းဖြစ်ခြင်း | ....၁၁၃ |
| ရဟန်းဖြစ်စ အာဂုမ်ရစာများ | ....၁၁၃ |
| စံကျောင်းဆရာတော်၏ ရုပ်လက္ခဏာပုံတော် | ....၁၁၄ |
| အရှင်သံကိစ္စ | ....၁၁၅ |
| တိုက်အုပ်ဆရာတော် ဦးကလျာဏ၏ ဇာတာပုံ | ....၁၁၆ |
| အရှင်ဝဇီရဗုဒ္ဓိ | ....၁၁၈ |
| ရွှေဟသ်ာတောရတိုက် သံဃာများကျင့်စဉ် | ....၁၁၉ |
| ဆွမ်းစားကျောင်း၌ | ....၁၂၀ |
| စာအံချိန် (စာတက်စာအံချိန်) | ....၁၂၂ |
| ရွာတွင်းဆွမ်းစား | ....၁၂၃ |
| သီလပေး | ....၁၂၅ |
| သီးခြားဆွမ်းခံမစားရ | ....၁၂၅ |
| သံဃာလက်ခံပုံ | ....၁၂၆ |
| တခေတ်ပြောင်းခြင်း | ....၁၂၈ |
| စံကျောင်းဆရာတော်ထံမှ နောက်ဆုံးစာ | ....၁၃၄ |
| ဒုတိယစံကျောင်းဆရာတော် | ....၁၃၆ |
| ခေတ်ဆိုးနှင့်လည်း ကြုံခဲ့သည် | ....၁၃၈ |
| ကမ်ဟောင်းပုံတရပ် | ....၁၄၃ |
| ရွာသစ်ဆရာတော် | ....၁၄၃ |
| ရွှေဟသ်ာတောရတိုက် သာသနာရေးကို လှမ်း၍ မြင်တော်မူခြင်း | ....၁၅၀ |
| ပျံလွန်တော်မူခြင်း | ....၁၅၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မီးသင်္ဂြိုဟ်ခြင်း | ... ၁၅၄ |
| ရဟန်းဂုဏ်ရှိတော်မူကြပုံ | ... ၁၅၇ |
| တိုက်အုပ်ဆရာတော် | ... ၁၅၉ |
| တိုက်ကြပ်ဆရာတော် ဦးဝိမလ | ... ၁၅၉ |
| ရွာသစ်ဆရာတော် | ... ၁၆၀ |
| ဆရာတော်အရှင်ဇာဂရ | ... ၁၆၄ |
| တိုက်အုပ်ဆရာတော် အရှင်ဝိမလ | ... ၁၆၄ |
| ရဟန်းဘောင်သို့ရောက်ခြင်း | ... ၁၆၅ |
| ဆည်းပူးလေ့လာခြင်း | ... ၁၆၆ |
| တိုက်ကြပ်ဖြစ်ခြင်း | ... ၁၆၆ |
| တိုက်အုပ်ဖြစ်ခြင်း | ... ၁၆၆ |
| အရှင်ဉာဏဝံသ | ... ၁၆၆ |
| ရွှေဟင်္သာတောရတိုက်သို့ရောက်ခြင်း | ... ၁၆၇ |
| ငယ်-လတ် အောင်ခြင်း | ... ၁၆၇ |
| ရဟန်းဖြစ်၍ ပထမကြီး အောင်ခြင်း | ... ၁၆၇ |
| နည်းစုံရှာမှီးခဲ့သည် | ... ၁၆၇ |
| ရွှေဟင်္သာတောရတိုက်သို့ ပြန်ရောက်ခြင်း | ... ၁၆၇ |
| စာချဖြစ်ခြင်း | ... ၁၆၈ |
| ဓမ္မာစရိယတန်း အောင်မြင်ခြင်း | ... ၁၆၈ |
| တက္ကသိုလ်ကထိကဖြစ်ခြင်း | ... ၁၆၈ |
| တိုက်ကြပ်ဖြစ်ခြင်း | ... ၁၆၈ |
| ကြို့ကုန်းဆရာတော် | ... ၁၆၈ |
| ဆရာတော်ဦးယုဂန္ဓရ | ... ၁၇၀ |

B


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝမ်းမြောက်ဖွယ်အကျိုးပေးပုံ | ....၁၇၁ |
| ဆရာတော် ဦးဂန္ဓသာရ | ....၁၇၂ |
| ဆရာတော် ဦးဝိလာသ | ....၁၇၃ |
| မြဘုံသာဆရာတော် | ....၁၇၅ |
| ရွှေကျင့်ကျောင်းသစ် | ....၁၇၆ |
| ဦးသီရိမန္တ | ....၁၇၇ |
| သိမ်တိုက် | ....၁၇၉ |
| ပဲခူး နောင်ပတ္တရာ | ....၁၈၇ |
| ပဲခူးမြို့ ကြခတ်ပိုင်းကျောင်းတိုက် | ....၁၈၈ |
| ဘုန်းတော်ကြီး ဦးကုသလ | ....၁၈၉ |
| ဆရာတော် ဦးလက္ခဏ | ....၁၉၀ |
| ခမ္မရိပ်သာ ရွှေကျင်ကျောင်းဆရာတော် | ....၁၉၀ |
| ဦးသုစိတ္တာဘိဝံသ | ....၁၉၁ |
| ဦးဉာဏိဿရာဘိဝံသ | ....၁၉၁ |
| စစ်ကိုင်း ရွှေဟင်္သာဆရာတော် | ....၁၉၁ |
| သတိပြုရန်မှာ | ....၁၉၆ |
| ပထမကျော် အရှင်ဇလန္ဒာဝုဓဉာနာဘိဝံသ | ....၁၉၈ |
| အရှင်စန္ဒောဒယ | ....၁၉၈ |
| အရှင်သံဝရာဘိဝံသ | ....၁၉၉ |
| အရှင်ကုမာရာဘိဝံသ | ....၂၀၀ |
| အရှင်စန္ဒမုခါဘိဝံသ | ....၂၀၀ |
| အရှင်ဇလန္ဒဝံသာဘိဝံသ | ....၂၀၁ |
| အရှင်ပညာသာမိ | ....၂၀၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အရှင်ကုဝေရ | ....၂၀၃ |
| ပထမကျော် ဦးကုသလာဘိဝံသ | ....၂၀၃ |
| ဘုန်းကြီး ဦးသက္ကာစာရ | ....၂၀၅ |
| ဘုန်းကြီးဦးဗုဒ္ဓိမာ | ....၂၀၆ |
| ဘုန်းကြီးဦးပညာဇောတ | ...၂၀၇ |
| ဘုန်းကြီးဦးတေဇဓမ္မ | ....၂၀၈ |
| ဘုန်းကြီးဦးကောဝိဒ | ....၂၀၉ |
| ဗိုလ်ကျောင်းဘုန်းတော်ကြီး အရှင်ဉာဏဝံသ | ....၂၁၀ |
| ရွှေကျင်ဆရာတော်ဘုရားကြီး | ....၂၁၁ |
| ဘွဲ့တံဆိပ်အလှူမခံ | ....၂၁၇ |
| တောရကျောင်းသို့ | ....၂၁၇ |
| ၉-ဌာနသာသနာပြုတော်မူခြင်း | ....၂၁၈ |
| ရွှေကျင်ဂိုဏ်း တောဂိုဏ်းပေါင်းမိခြင်း | ...၂၂၂ |
| စကားချပ် | ....၂၂၂ |
| သားတော်များကို အပ်နှင်းခြင်း | ..၂၂၄ |
| ဆန္ဒမပြည့်သောကိစ္စ ၂-ရပ် | ...၂၂၆ |
| ရွှေကျင်ဂိုဏ်းထင်ရှားလာခြင်း | ....၂၂၆ |
| ပရိသတ် | ..၂၂၈ |
| ရွှေကျင်ဆရာတော်ဘုရားကြီး၏ နောက်ဆုံးအချိန် | ..၂၃၀ |
| သံဝေဂယူဖွယ် | ...၂၃၁ |
| ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဓာတာတော်ပုံ | ၂၃၂ |
| ရွှေကျင်ဆရာတော်ဘုရားကြီး၏ကျမ်းစာများ | ...၂၃၂ |
| နိဂုံး | ....၂၃၆ |

**အကြောင်းအရာ** **စာမျက်နှာ**

## နောက်ဆက်တွဲ၊


| | |
|---|---|
| သာသနပါလအသင်းဥပဒေ | ....၂၃၈ |
| သာသနပါလအသင်းရှေ့ဆောင်လူကြီးများ | ....၂၅၀ |
| သီရိမင်္ဂလစံကျောင်းလှူသောစာတမ်း | ....၂၅၃ |
| သိမ်တိုက်လှူသောစာတမ်း | ....၂၅၄ |



[ဝဲမှ ယာ]  တိုက်အုပ်ဆရာတော်  အရှင်ဝိမလ၊  ဆရာတော် ဦးဇာဂရ၊
ရွာသစ်ဆရာတော်  အရှင်ဝိမလ၊ ဆရာတော်အရှင်ဉာဏစံသ၊



ရွှေဟင်္သာတောရတိုက် စာချ ဘုန်းတော်ကြီးများ

# ရွှေဟင်္သာတောရသမိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မြန်မာနိုင်ငံ သာသနာတော်အတွင်း၌ သင်္ဂဇာ ဆရာတော်ခေတ်, အုပ်ဖိုဆရာတော်ခေတ်, မာန်လည် ဆရာတော်ခေတ်,လယ်တီဆရာတော်ခေတ် စသည်ဖြင့် ခေတ်တခေတ်၌ သာသာနာ့ဝန်ထမ်း ရဟန်းမြတ် ပုဂ္ဂိုလ်ကြီးတွေ ထင်ရှားစွာပေါ်ထွန်း၍ နိုင်ငံတော်အဝှမ်းရှိ ရဟန်းရှင်လူအပေါင်းတို့၏ ကြည်ညို လေးစားမှုကို ခံယူတော်မူကာ သာသနာတော်ကို ဖြန့်ဖြူးတော်မူ ကြသကဲ့သို့၊ညောင်တုန်းမြို့ ရွှေဟင်္သာတောရ တိုက်တည်ထောင်မည့်အချိန်အခါသည် ဘုန်းတော်ကြီး ဦးသီလခေတ်ဟု ဆိုရပေမည်။

ပဲခူးမြို့နယ် ဇိုင်းဂနိုင်းကြီးသား၊ ၁၁၉၄-ခုဖွား ဖြစ်သော ဘုန်းတော်ကြီး ဦးသီလသည် ၁၂၂၈-ခုနှစ်မှ စ၍ ရန်ကုန်, ပဲခူး, ညောင်လေးပင်, ရွှေကျင်, ကျိုက်ထို, သထုံ, မော်

လမ္မိုင် စသော ထိုထိုမြို့နယ်တို့၌ တောရ ကျောင်းများတည်၍ ပြောင်းကာ ပြောင်းကာ သိတင်းသုံးတော်မူလျက် သန့်ရှင်းစင်ကြယ်သော သာသနာတော်ကို ပြန့်ပွားစေတော် မူသည်။ မည်သည့်ကျောင်း၌မျှ အမြဲသိတင်းသုံးနေခြင်း မရှိဘဲ၊ သာသနာရေး၌ ကျေးဇူးများရာ သာသနာရေး ကိစ္စဖြင့် ပင့်လျှောက်ရာတို့၌သာလျှင် အခိုက်အတန့် အခိုက်အတန့်သိတင်းသုံးတော်မူသည်။ သိတင်းသုံးခဲ့သော တောရကျောင်းများ၌လည်း ဝိနည်း သိက္ခာကိုရိုသေလေးစားသော ပုဂ္ဂိုလ်များအား တောရဂိုဏ်းသားအဖြစ်ဖြင့် ပရိယတ် ပဋိပတ်သာသနာတော်နှစ်ရပ်ကို အားထုတ်တော် မူစေသည်။ စာသင်တိုက်ဖြစ်ထိုက်သော ကျောင်းများကိုလည်း စာသင်တိုက် ဖြစ်စေတော်မူသည်။ ပဋိပတ်၏ အခြေဖြစ်သော သီလ ကျင့်ဝတ်ကိုလည်း ကိုယ်တော်တိုင် အထူးစောင့်စည်း ထိန်းသိမ်းတော် မူသည်ဖြစ်၍ လှည်း, ရထား, ယာဉ်တို့ကို စီးနင်းတော်မမူဘဲ ခြေလျင်သာ ကြွတော်မူလေ့ရှိသည်။ နောက်ပါကပ္ပိယ သူတော်တယောက်တလေခေါ်၍သော်၎င်း၊ ကိုယ်တော်တပါးတည်းသော်၎င်း၊ ကိုယ်တိုင်သပိတ်သင်္ကန်းကို လွယ်ဆောင်တော်မူ၍ ကြွတော်မူလေ့ရှိသည်။ ရောက်ရာအရပ်၌ လှည်း နှင့် တိုက်ရလောက်အောင် သင်္ကန်းစသော ပစ္စည်းပရိက္ခရာများကို အလှူခံယူရသော်လည်း တနေရာမှ တနေရာသို့ ယူဆောင်သွားခြင်း မရှိ၊ ရရှိရာအရပ်၌ပင်လျှင် သံဃာတော်များအား ဝေဘန်လှူဒါန်းတော်မူလေ့ရှိသည်။ ရွှေတော်သို့ ရောက်လာသော ဒကာ, ဒကာမ ပရိသတ်ကိုလည်း တိုတိုတုတ်တုတ် သီလပေး၍ ငါးပါးသီလ လုံခြုံအောင် စောင့်ရှောက်ရန်သာလျှင် အကျဉ်းမျှဟော၍ သွားကြ, သွားကြဟု စေလွှတ်တော်မူတတ်သည်။

လူမျိုးခြားနှင့် တောသူတောင်သားတို့ကိုမူကား ကရုဏာ တော်ဖြင့် အသင့်အတင့် ယဉ်ကျေးမှုတရားကို ဟောတော်မူ သည်။

ဤသို့သော ကျင့်ဝတ်ပဋိပတ်တို့ကြောင့် ဘုန်းတော်ကြီး ဦးသီလကို အများကပင် ရဟန္တာဟူ၍ စွဲမှတ်ကြလေသည်။

**စကားညှပ်** မြန်မာနိုင်ငံ၌ ရဟန္တာဟူ၍ ကျော်ကြားသော အချို့ ပုဂ္ဂိုလ်တို့သည် အများအားဖြင့် ဒကာ, ဒကာမတို့က ကြည်ညိုသော စိတ်ဓာတ်ကဲလွန်ကာရဟန္တာဖြစ် မှာပါဘဲ၊ ရဟန္တာပါ စသည်ဖြင့် ပြောဆိုကြ၊ သမုတ်ကြ သောကြောင့် ရဟန္တာဖြစ်နေသော ပုဂ္ဂိုလ်အချို့လည်း ရှိ ကြသည်။ ရဟန္တာဖြစ်ကြောင်း လက္ခဏာတို့ကို သိ၍ ပြော ဆိုသမုတ်ကြသည်ကား မဟုတ်ချေ။ ရဟန္တာဖြစ်မှာပါဘဲ၊ ရဟန္တာပါဘဲဟူ၍ ပြောဆိုသမုတ်ကြသော သူတို့ကား ကြား သိရသလောက်မှာ မာတုဂါမများပင်ဖြစ်ကြသည်။ ဓာပေ ဗဟုသုတမရှိ၊ အကြားအမြင်နဲပါး၊ အဆင်ခြင်ဉာဏ် ကင်းမဲ့ သော မာတုဂါမ တို့သည် ဉာဏ်ဖြင့် ဝေဖန်ခွဲခြားတတ်ကြ သည်မဟုတ်၊ မိမိတို့သဘောကျလျှင်၊ ကြည်ညိုလျှင် ရဟန္တာ ဖြစ်သည်အထိ မြှောက်စားတတ်ကြသည်။ အကြောင်း တစုံ တရာကြောင့် အကြည်ညိုပျက်သောအခါ၌မူကား မြှောက် စဉ်က ချီးကျူးသလောက် ချိုးဖွဲ့နှိမ်ချကာ အလဇ္ဇီ၊ ဒုဿီလ ဖြစ်အောင် ပြောတတ်ကြသည်။ ယခုခေတ်မှာပင် မာတုဂါ မတို့ ဗျာဒိတ်ပေး၍ ရဟန္တာဖြစ်နေကြသော ပုဂ္ဂိုလ်တွေထင် ရှားလျက်ပင်တည်း။ ဘုန်းတော်ကြီး ဦးသီလသည်ကား မာ တုဂါမ ဗျာဒိတ်ပေး၍ မြှောက်သော ရဟန္တာ မဟုတ်ပါ၊

ငါ့ရဟန္တာဖြစ်သည်ဟူ၍ ဝန်ခံသည်ဟူ၍လည်း မကြား၊ မသိရဘူးပေ။ သို့သော် ရဟန္တာမဟုတ်ဟူ၍လည်း မဆိုဝံ့ချေ။ ပုထုဇဉ်နှင့် အောက်,အောက် အရိယာတို့သည် အနုမာန သဘောဖြင့် အထင်မှလွဲ၍ အထက် အရိယာကို မသိကြပေ၊ ရဟန္တာအရှင်များသည် ကိလေသာကုန်ခမ်းသဖြင့် သန့်ရှင်းကြည်လင်သော ခန္ဓာအစဉ်ရှိသည်မှတပါး၊ ဝါသနာပင်ကင်းတော်မူခြင်း မရှိသောကြောင့် နေထိုင်ပြောဆိုမှု စသည်တို့၌ ပုထုဇဉ်တို့နှင့် ထူးလှသည်မဟုတ်ပေ။ ရုံ့ရင်းသော အမူအရာတို့ကား မရှိကြပေ။ သို့ကြောင့် အသိခက်လှသည်။

ရှေးအခါက တောရ ကျောင်းတကျောင်း၌ ရဟန္တာ မထေရ်တပါးသည် အဖော်တပည့် ရဟန်းကြီးတပါးနှင့်အတူ သီတင်းသုံး နေတော်မူသည်။ ဆွမ်းခံချိန်၌ ရဟန်းကြီးသည် ဆရာရဟန္တာ၏ သပိတ် သင်္ကန်းတို့ကို လွယ်လျက် နောက်က လိုက်ယင်း "ရဟန္တာဟူ၍သာပြောကြရတယ်၊ ယခုထိရဟန္တာကို မမြင်ဘူးသေးဘူး" ဟု ဆိုသတဲ့။ ထိုအခါ ဆရာ ရဟန္တာထေရ်က– "အေး....ငါ့ရှင် အချို့ပုဂ္ဂိုလ်များ ရဟန္တာ၏ နောက်ကလိုက်နေပေမဲ့ ရဟန္တာမှန်း မသိကြဘူး" ဟုမိန့်သဟဲ့။ ဤသို့ အသိခက်သည်၊ နေမှုစားမှုသည် မထူးလှသောကြောင့် ဖြစ်သည်။

ပုထုဇဉ် သီလဝန် သူတော်ကောင်း ရဟန်းတော်တို့သည်လည်း အများအပြား ရှိကြပါသည်။ ရှေးအခါ အချို့မထေရ်ကြီးများသည် သီလသိက္ခာ ပြည့်စုံကာ အမြဲတန်း တရားနှင့် မကင်းပဲ အားထုတ်တော် မူကြသဖြင့် ရာဂစသော ကိလေသာတို့ ခေါင်းပါးမှေးမှိန်အားနဲလျက် ရှိသည်ကို ရာဂစသော

ကိလေသာကုန်ခမ်း၍ ရဟန္တာဖြစ်ပြီဟု မိမိကိုယ်ကိုမိမိ ယူမှတ်ကြသောထုံးများ ရှိသည်။ ရူပရာဂစသော ကိလေသာ၏ အစာဖြစ်သော ရူပါရုံစသည်တို့နှင့် တွေ့ဆုံကြုံကြိုက်သော အခါမှ ရူပရာဂတည်းဟူသော ကိလေသာတို့ ထကြွသောင်းကျန်းလာသဖြင့် မိမိ၌ကိလေသာမကင်းသေးကြောင်း၊ကိလေသာမကုန်သေးကြောင်းကို သိတော်မူကြသည်။ ဆေးကြောင့် ငုတ်နေသော ရောဂါကဲ့သို့ ဝိပဿနာဆေးကြောင့် အားသေးကာ ကိလေသာအနာ ငုတ်နေခြင်းဖြစ်သည်။ (ဤသည်ကို အဓိမာနဟုဆိုသည်)၊

န ဟိ ခီဏာသဝါ နာမ ပစ္စယပဋိသံယုတ္တ ကထံ ကထေန္တိ ဟူသော ကျမ်းဂန်လာ စကားအရ ရဟန္တာတို့သည် လောဘတည်းဟူသော ကိလေသာခမ်းခြောက် ငြိမ်းအေးတော်မူကြပြီ ဖြစ်သောကြောင့် ပစ္စည်းလာဘ်လာဘနှင့်စပ်သော စကားမျိုးကို မပြောဆိုကြကုန်ဟု ဆိုသဖြင့် ဘုန်းတော်ကြီး ဦးသီလသည် ပစ္စည်းနှင့်စပ်သော စကား၊ အလှူခံစကားများကို ပြောတော်မူလေ့ မရှိခြင်းစသော အခြင်းအရာတို့ ထင်ရှားရှိတော်မူသဖြင့် ရှင်လူအများတို့ ကြည်ညိုမြတ်နိုးစွာ မှတ်စွဲယူဆကြသည့်အတိုင်း ရဟန္တာမဟုတ်ဟူ၍လည်း မဆိုဝံ့ချေ။ မြန်မာနိုင်ငံတော် အောက်ပိုင်း၌ ပြဆိုခဲ့သည့်အတိုင်း ရဟန္တာတဆူအဖြစ်ဖြင့် လူသိများ၍ လေးစားမြတ်နိုးကြည်ညိုခြင်းကို ခံယူတော်မူရသော ဘုန်းတော်ကြီး ဦးသီလ ဖြစ်လေသည်။

ဘုန်းတော်ကြီး ဦးသီလ၏ အတ္တုပ္ပတ္တိအကျယ်ကို ကြည့်ရှုကြည်ညိုလိုကြသော ပုဂ္ဂိုလ်တို့သည် ညောင်လေးပင်တောရဆရာတော် ရေးသားအပ်သော ဘုန်းတော်ကြီး ဦးသီလ၏

ထေရုပ္ပတ္တိကိုကြည့်ရှုကြရန် ညွှန်ကြားလိုက်ရတော့သည်။ ဤသမိုင်း၌ကား ဘုန်းတော်ကြီးဦးသီလဟုဆိုလျှင်အဘယ်ပုဂ္ဂိုလ်မြတ်ဖြစ်သည်ဟု သိသာရုံမျှသာ ဖော်ပြလိုက်ရသည်။

**ရွှေကျင်ဆရာတော်နှင့် ဘုန်းတော်ကြီးဦးသီလ ဆုံမိခြင်း**

သက္ကရာဇ် ၁၂၅၅-ခုနှစ်တွင် ဘုန်းတော်ကြီးသည် ခရွဲ တောင်ပေါ် အရှေ့အခိုက်ရှာ တောရကျောင်း၌ ဝါကပ်သည်။ သီတင်းကျွတ်သောအခါ မန္တလေးမြို့မှရွှေကျင်ဆရာတော်ကြီးသည်အောက်ပြည်ရာမညတိုင်းတလျှောက် စုံဆင်း၍ လှည့်လည်ကာ တရားဟောတော်မူသည်။ပဲခူးသို့ရောက်သောအခါ ရွှေမော်ဓောစေတီတော်ကြီး အရှေ့ဘက် ဝါးရုံတော၌ သီတင်းသုံးတော်မူကာ တရားဟောတော်မူ၏။ ဘုန်းတော်ကြီး ဦးသီလ၏ ဂုဏ်သတင်းကို ကြားသိပြီးဖြစ်၍ တွေ့လိုကြောင်း အမိန့်ရှိ၏။ ဘုန်းတော်ကြီး ဦးသီလသည်လည်း မကြာမီ လာရောက် ဖူးမျှော်လေသည်။ အလိုရှိရာတရားစကားတို့ကို ဆွေးနွေးမိကြသောအခါ ရွှေကျင်ဆရာတော်ကြီးသည် အလွန် နှစ်သက်တော်မူသဖြင့် ရံခါတရားပွဲ၌ ဘုန်းတော်ကြီးဦးသီလကိုတရားဟောစေ၍ မိမိကိုယ်တိုင် ရိုသေစွာ တရားနာတော်မူသည်။ မထေရ်ငယ်က တရားဟောသည်ကို မထေရ်ကြီး ရိုသေစွာ တရားနာခြင်း၌ ရှင်နန္ဒတရားဟောသည်ကို ဘုရားရှင် ကိုယ်တော်တိုင် တည်ဥ္စပတ်လုံး ရိုသေစွာ တရားနာခြင်းဖြင့် ပုံစံပြတော်မူဘူးပြီ။ ဓမ္မဂရုနော ဟိ တထာဂတာ–ဘုရားရှင်တို့သည်တရားကို အလေးအမြတ် ပြုတော်မူကြကုန်၏။

**အုတ်တွင်းဆရာတော်**

**တောဂိုဏ်းနှင့် ရွှေကျင်ဂိုဏ်း**

မန္တလေးမြို့မှ ရွှေကျင်ဆရာတော် ဘုရားကြီးသည် ၁၂၅၅-ခုနှစ်တွင် နောက်ပါ သံဃာများနှင့်တကွ ပဲခူးမြို့သို့ ကြွရောက် တော်မူလာ၏။ ထိုအခါ ပဲခူးတောရ သံဃာများနှင့် တွေ့ဆုံနှီးနှော၍ အစေ့အစပ်ဖြစ်လေ၏။ ပဲခူး, ရွှေကျင်, ဝမ်းပတော, သထုံ, မော်လမြိုင် စသော မြို့နယ်တို့၌ ပြန့်နှံ့လျက်ရှိသော အောက်ပြည် တောရဂိုဏ်းသည်၎င်း၊ အထက်ပြည်၌ နှံ့လျက်ရှိသော ရွှေကျင်ဂိုဏ်းသည်၎င်း ရည်ရွယ်ချက်ချင်း ဆန္ဒချင်းတူမျှကြလေ၏။ ဝိနည်းကိုပမာနထား၍ သီးသန့်ခြင်း၊ ဂိုဏ်းတပါးနှင့် အဆက်အဆံ မရှိခြင်းအားဖြင့် အယူသီလ တူမျှသောကြောင့် ဂင်္ဂါရေနှင့် ယမုနာရေရောသကဲ့သို့ တသဘောတည်း ရောနှောဆက်ဆံမိကြလေ၏။ ရွှေကျင်ဂိုဏ်းဂုဏ် အောက်ပြည်နှံ့၊ တောရဂိုဏ်းဂုဏ် အထက်ပြည်နှံ့လေ၏။

**မော်လမြိုင်နတ်ရေတွင်းဆရာတော် အရှင်အရိယ**

အထက်ပါစာ ၂-ပိုဒ်သည် ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိမှထုတ်ယူခြင်းဖြစ်၏။ ဤစာပိုဒ်တို့ဖြင့် ရွှေကျင် ဂိုဏ်းနှင့် တောရဂိုဏ်း အယူသီလတူမျှ၍ ပူးပေါင်းမိခြင်းကို ပြလိုရင်းဖြစ်၏။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံအထက်ပိုင်း၌ ရွှေကျင်ဂိုဏ်းဟူ၍၎င်း၊ အောက်ပိုင်း အရှေ့ဘက်နယ်တခွင်၌ တောရ ရွှေကျင်ဂိုဏ်းဟူ၍၎င်း ထင်ရှားကာ ရွှေကျင်ဂိုဏ်း ပြန့်ပွား၊ တောရဂိုဏ်း ကျယ်ဝန်းလျက် သိက္ခာသီလကို လေးစားသော ပုဂ္ဂိုလ်များဖြင့် သာသနာတော် အသားတက်လျက် ရှိလေသည်။ ဘုန်းတော်ကြီး ဦးသီလ၏ သတင်း ဂုဏ် မှာ လည်း စုံဆန် ထက်အောက်၌ ပိုမိုကြိုင်သင်း၍ ထင်လင်းခဲ့လေသည်။

ထိုအချိန်၌ ညောင်တုန်း မြို့သူမြို့သား သာသန မာမက ဒကာ ဒကာမတို့သည် ဘုန်းတော်ကြီး ဦးသီလကို ဖူးမြော်လိုကြသည်။တရားပေစာကြားနာလိုကြသည်။ဘုန်းတော်ကြီးက လက်ခံချီးမြှောက်တော်မူပါလျှင် ပရိယတ္တိ စာသင်တိုက် တည်ထောင်၍ ညောင်တုန်းမြို့၌ နှစ်ရပ်သော သာသနာတော်ကိုလည်း တည်ရှိစေလိုသည်။ မြို့နယ်အဝှမ်းရှိ လူထုဗိုလ်ခြေ အပေါင်းကိုလည်း သာသနာတော်၏ အမွေအနှစ်ကိုရယူစေလိုကြသည်။ သာသနာတော်ကို တည်ထောင် ပြုစုရာ၌လည်း အပ္ပပုည ဒုဿီလဟုဆိုအပ်သော ဘုန်းကမ်နည်း၍ သီလကျဲသောသူတို့ စွမ်းဆောင်နိုင်သော အရာ မဟုတ်သော ကြောင့် သတင်းကျော်ကြား၍ ထင်ရှားစွာသော ဘုန်းတော်ကြီး ဦးသီလကဲ့သို့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ သည်သာလျှင် ဆောင်ရွက်နိုင်ရာသော ကိစ္စဖြစ်ပေသည်ဟု ဗဟုသုတပြည့်စုံ၍ အမြော်အမြင်ရှိကြသော ညောင်တုန်း မြို့သူ မြို့သားတို့သည် ဘုန်းတော်ကြီး ဦးသီလကို ညောင်တုန်းသို့ပင့်ဆောင်ရန် စိုင်းပြင်းစီမံကြကုန်၏။

**ရန်ကင်း စံရာသို့ ကြွလာ၍ ပင့်လျှောက်ခြင်း**

သက္ကရာဇ် ၁၂၆၂-ခုနှစ် ပြာသိုလတွင် ညောင်တုန်းမြို့ တဘက်ကမ်းဖြစ်သော ရန်ကင်းစံရာရွာကြီး တောရကျောင်းသို့သိမ်သမုတ်ရန်ဘုန်းတော်ကြီးဦးသီလ ကြွရောက်တော်မူရာ ညောင်တုန်းမြို့သို့လည်း ကြွရောက် ၍ အဖူးအမြော် အပူဇော်ခံရန် ပင့်လျှောက်ကြ၏။ ထိုအခါ ဘုန်းတော်ကြီး ဦးသီလက ငါတို့ကြွခြင်းကြောင့် သာသနာတော် အရှည်သဖြင့်အကျိုးရှိမှသာသင့်လျော်မည်၊အချည်းနှီးပစ္စည်း အပူဇော်ခံရုံသာဖြစ်လျှင်ကား မကြွလိုဟု ‑မိန့်တော် မူသည်

ဟူ၏။ ဒကာများက သာသနာတော် အဓွန့်ရှည် တည်စေခြင်း သာသနာတော်ဘက်ဆိုင်ရာ မြို့ရွာ၌ ကြက်သရေမင်္ဂလာရှိခြင်းကို လိုလား တောင့်တ၍ ပရိယတ္တိစာသင်တိုက်တတိုက်ဖြစ်ထွန်း ပေါ်ပေါက် စေရန်ကိုလည်း တပည့်တော် များတောင့်တကြပါသည်။ ဘုန်းတော်ကြီးဘုရား ကြွရောက် ချီးမြှောက်တော်မူပါလျှင် သိမ်သမုတ်ရန်လည်းဆန္ဒရှိကြပါသည်ဟု လျှောက်ကြကုန်၏။ ယင်းသို့ဖြစ်မူကား စာသင်တိုက်တည်ဘို့မြေနေရာ သိမ်သမုတ်ရန် နေရာတို့ကို စီမံ၍ပြီးစီးကြသဖြင့် အသင့်ဖြစ်သောအခါ၌ လာလှည့်ကြဟု မိန့်တော်မူ၍ရန်ကုန်သို့ ပြန်ကြွကာ ကျိုက္ကစံ တောရကျောင်း၌ သီတင်းသုံးတော်မူလေသည်။

**ညောင်တုန်းမြို့သို့ကြွခြင်း** ညောင်တုန်းမြို့သူ မြို့သား ဒကာဒကာမတို့သည် ဘုန်းတော်ကြီး ဦးသီလ ထံမှ ပဋိညာဉ်ရ၍ ဝမ်းသာ အားရ ဖြစ်ကြ လျက်ကျောင်းတိုက်တည်ရန် မြေနေရာကိုကြည့်ရှုကြရာ၊ ရွှေဟင်္သာကုန်းနှင့် ဆက်စပ်လျက် ရှိသော မြူနီစီပါယ် စက္ကရိတေရီဦးမောင်မောင်ပိုင် ဥယျာဉ်ခြံမြေကို အကြိုက် ညီကြ၍ ၎င်းဥယျာဉ်ကိုပင် ရွေးချယ်ကြကုန်၏။ သိမ်ရာ ကျောင်းရာတို့ကိုလည်း သတ်မှတ်စီစဉ်၍ တဲကျောင်းများကိုလည်း အသင့်ဆောက်လုပ်ပြီးစီးကြသောအခါ ဘုန်းတော်ကြီး ဦးသီလထံသို့ သွားရောက်ပင့်လျှောက်ကြကုန်၏။ ဘုန်းတော်ကြီး ဦးသီလသည် စာသင်တိုက်ကို ကြီးမှူးအုပ်ချုပ်၍ အရှည်တည်တန့်စည်ပင် ကြီးပွားရေးအတွက် ဦးစီးဆောင်ရွက်ရန် ရန်ကုန်မြို့ကျောင်းတော်ရာ ဆရာတော်အား လွှဲအပ်တော်မူသည်။ သိမ်

သမုတ်ရေးကိစ္စကိုမူကား ပုသိမ်မြို့ သင်္ဘောကျင်း တောရဆရာတော်အား တာဝန်လွှဲအပ်တော်မူသည်။ ထိုအခိုက်၌ ဟံသာဝတီခရိုင် ဥက္ကံရွာကြီး၌ တိုက်သူကြီး ဦးဘိုးအို ရှေ့ဆောင်ပြုလုပ်သော ဝိနည်းစာပြန်ပွဲအပြီးနှင့် ကြုံကြိုက်လျက်ရှိသောကြောင့် အသင့်ရောက်ရှိတော်မူကြကုန်သော မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးနှင့်တကွ သံဃာ ၅၅- ပါးကို စီစဉ်ကာ ပင့်လေသည်။ ပင့်သော သံဃာ ၅၅-ပါးတို့တွင် ပဓာနဖြစ်သော ဆရာတော်များမှာ မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး, မြန်အောင် ဂူ ၄-လုံးဆရာတော်,ပုသိမ် သင်္ဘောကျင်း တောရဆရာတော်, ရန်ကုန် ကျောင်းတော်ရာ ဆရာတော်, မြေနီကုန်း ဆရာတော် ဦးအာစယတို့ ဖြစ်တော်မူကြသည်။ သက္ကရာဇ် ၁၂၆၂-ခုနှစ်တပေါင်းလဆန်း ၁၂-ရက်သောကြာနေ့တွင် သံဃာတော် ၅၅-ပါးတို့သည် သင်္ဘောဖြင့် ညောင်တုန်းမြို့သို့ ကြွတော်မူကြကုန်၏။

**ရွှေဟင်္သာတောရတိုက်တည်၍ သိမ်သမုတ်ခြင်း**

၅၅-ပါးသော ဆရာတော် သံဃာတော်များသည် ညောင်တုန်းမြို့သို့ ရောက်တော်မူကြလျှင် အသင့်ဆောက်လုပ်ထားပြီးသောတဲကျောင်းငယ်များ၌ အသီးအသီးသီတင်းသုံးတော်မူကြ၍ တပေါင်းလဆန်း ၁၃ရက်နေ့တို့၌ သိမ်နှုတ်တော်မူကြသည်။ တပေါင်းလပြည့် တနင်္ဂလာနေ့၌ သိမ်သမုတ်တော်မူကြသည်။ (သို့ကြောင့် ဤနေ့ကို ရွှေဟင်္သာတောရတိုက်စတည်သောနေ့ဟူ၍ အသိအမှတ် ပြုအပ်ပေသည်)။ တပေါင်း လပြည့်ကျော် ၁ရက်နေ့၌ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး အစရှိသော

သံဃာတော်အချို့ ပြန်ကြွတော်မူကြသည်။ ဘုန်းတော်ကြီး ဦးသီလသည်ကား ဆယ်ရက် သီတင်းသုံးတော်မူ၍ ကျောင်း တိုက် တာဝန်ကို ကျောင်းတော်ရာ ဆရာတော်အား အပ်နှင်း တော်မူကာ ပြန်ကြွတော်မူသည်။ ကျောင်းတော်ရာ ဆရာ တော်ဘုရားသည် ရန်ကုန်မှ ကြွမလာမီ ကပင်လျှင် ပရိယတ္တိ စာသင်တိုက် တာဝန်ကို လက်ခံခဲ့ပြီးဖြစ်၍ ထိုအခါ ကပင် ဦးဝါယမ စသော တပည့်သံဃာ ၂၀-ကျော်ကို ညောင်တုန်း မြို့သို့လိုက်၍ သာသနာပြုရန် ကြိုတင် စီစဉ်ထားပြီး ဖြစ်သည့် အတိုင်း ညောင်တုန်းသို့ကြွလာစဉ်၌ ယင်းသံဃာ ၂၀-ကျော် လည်း ဆရာတော်နှင့် အတူတကွ လိုက်ပါလာကြသည်။ ထို သံဃာ ၂၀-ကျော်နှင့်အစပြု၍ပရိယတ္တိစာသင်တိုက်ကိုဖွင့်လှစ် တော်မူသည်။

**ရွှေဟင်္သာတောရအမည်** ကျောင်းတိုက်ဘွဲ့မည်ကို ရွှေဟင်္သာ တောရ သီရိမဟာ မင်္ဂလာ ရာမ တိုက်ဟူ၍ သမုတ်ခေါ်တွင် ကမ္ဗည်း တင်တော်မူသည်။ ရွှေ ဟင်္သာတောရဘွဲ့မည်ကို ဦးတည်၍ သမုတ်ခြင်း အကြောင်း မှာ ကျောင်းတိုက်တည်အံ့သော ဌာနသည် ဟင်္သာ ငှက်များ အုပ်နှင့် ချီ၍ လာ ရောက် ကျက် စား ရာ ဖြစ် သော ကြောင့် ကျောင်းတိုက်မတည်မီကပင် ဟင်္သာကုန်းဟူ၍ မြို့နယ်ရှိ လူ အပေါင်းတို့သည် အာရုံညွှတ်ကာ ပညတ် ခေါ်ဝေါ်ကြလေ သည်။ သို့ကြောင့် ရွှေဟင်္သာတောရဟု အစချီ၍ ကမ္ဗည်းတင် တော်မူခဲ့ကြသည်။

**ပုဗ္ဗနိမိတ်များ** ရွှေဟင်္သာ တောရတိုက် တည်လတံ့သော ကုန်းမြေသို့ ဟင်္သာအုပ်များ ဆိုက်ရောက်

ကျက်စားရာဖြစ်နေသည်ကိုကြားသိရ၍ ညောင်တုန်းမြို့အရှေ့ ပိုင်း၌ လောကီ လောကုတ် ဗဟုသုတ ရှိတော်မူသော ဘုန်း တော်ကြီး ဦးကြူးအား လျှောက်ထားကြရာ၊ ဤဌာန၌ သီလဝန္တပညာရှိ ပုဂ္ဂိုလ်များ ပေါ်ပေါက်ထွန်းကားအံ့သော အကောင်းနိမိတ်ဖြစ်သည်ဟု ဘုန်းတော်ကြီး ဦးကြူးက ဘတ် ကြားခဲ့ဘူးသည်တရပ်။

ညောင်တုန်းမြို့ 'ဥဿျစ်လဟာ စေတီတော်ကြီး အနီး၌ အုဌ်တိုက်ကျောင်းဟူ၍ ကျောင်းကြီးတကျောင်း ထင်ရှားရှိ ပေသည်။ ထိုအုဌ်တိုက်ကျောင်း၌ သီတင်းသုံးတော် မူသော ဆရာတော်ကြီး ဦးမေဓာသည် တနေ့သော ညနေချမ်း ဒကာ ၄-၅ ဦးနှင့် အလ္လာပ သလ္လာပ ပြောကြားနေစဉ် ရွှေဟင်္သာ တောရတိုက် တည်ဆောက်လတံ့သော အရပ်မှ မီးတောက် မီးလျှံကြီး၏ အရောင်အလင်းကဲ့သို့ ထင်ရှားသော အရောင် အလင်းတွေ့မြင်တော်မူသည်ဖြစ်၍ အချင်းဒကာတို့ ဤအရပ်၌ ဘုန်းတန်ခိုးအရှိန်အဝါကြီးစွာသော သူတော်ကောင်းပညာ ရှိများ ဆိုက်ရောက်မည့် ပုဗ္ဗနိမိတ်ပင် ဖြစ်သည်ဟုမိန့်ကြားခဲ့ ဘူးသည်တရပ်၊ ဤသို့လျှင် ပုဗ္ဗနိမိတ်များ မဆွကပင် ပေါ် ပေါက်ခဲ့ဘူးလေသည်။ ဤစကား ၂ရပ်ကို ညောင်တုန်းမြို့ သား ဆေးဆရာကြီး ဦးရိုးထံမှ မိမိ ရဟန်းငယ်အခါက ကိုယ် တိုင် မှတ်သားခဲ့ရဘူးသည်။

ပုဗ္ဗနိမိတ်နှင့်စပ်သော ဤစကားတို့သည် မြတ်စွာဘုရား စကားတော်နှင့်လည်း ညီညွတ်ပေသည်။ အကြောင်း မူကား မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် ဒေသစာရီ လှည့်လည်တော်မူသောအခါ ပါဋလိရွာသို့ ရောက်တော်မူ သည်။ ထိုအချိန်၌ ဝဿကာရ အမတ်ကြီးတို့သည် ပါဋလိ

ရှာ၌ တိုင်းကြပ်မှူး (ခံတပ်မှူး) တည်လျက် ရှိကြ၏။ အကြင်အရပ်၌ ဘုန်းတန်ခိုးကြီးကုန်သော နတ်များက နန်းတော်ရာ စသည်တို့ကို မှတ်သားကြကုန်၏။ ထိုအရပ်၌ ဘုန်းတန်ခိုးရှိကုန်သော မင်းအမတ်ကြီးတို့သည် စိတ်ညွှတ်ကြကုန်၏။အကြင်အရပ်၌ ဘုန်းတန်ခိုး အလတ်စား ရှိကုန်သော နတ်တို့က နန်းတော်ရာ စသည်တို့ကို မှတ်သားကုန်၏။ ထိုအရပ်၌ ဘုန်းတန်ခိုး အလတ်စား ရှိကုန်သော မင်း၊ အမတ်ကြီးတို့သည် စိတ်ညွှတ်ကြကုန်၏။ အကြင် အရပ်၌ ဘုန်းတန်ခိုး သေးငယ်သော နတ်တို့က နန်းတော်ရာ စသည်တို့ကို မှတ်သားကြကုန်၏။ ထိုအရပ်၌ ဘုန်းတန်ခိုး သေးငယ်သော မင်း အမတ်ကြီးတို့သည် စိတ်ညွှတ်ကြကုန်၏။ နတ်များမှတ်သားပြီးသော အရပ်၌ လူများက စိတ်ညွှတ်ကာ သက်ဆိုင်ရာ နန်းတော် စသည်တို့ ဆောက်လုပ်ကြသည်ဟူ၍ ရှင်အာနန္ဒာကို မြတ်စွာဘုရား ဟောတော်မူခဲ့သည်။

ရွှေဟင်္သာတောရတိုက်တည်မည့်ဌာနကိုလည်းဘုန်းတန်ခိုးကြီးသော နတ်များ လာရောက်မှတ်သားသည့်အခါ၌ ယင်းနတ်တို့၏ အရောင်အလင်းကို အုဋ္ဌတိုက်ကျောင်း ဆရာတော်ကြီး မြင်တော်မူသဖြင့် ပညာရှိပုဂ္ဂိုလ်ကြီး ဖြစ်တော်မူသည့်အတိုင်း နိမိတ်ဘတ်ကြားတော်မူသည်ဟု ဆိုရပေမည်။ စင်စစ်မူကား ရွှေဟင်္သာတောရ ဌာနသာမဟုတ် ရှင်လည်း ရှင်အလျောက် လူလည်း လူအလျောက် မင်းလည်း မင်းအလျောက် မိမိတို့ နေရန် အိမ် ကျောင်းနန်းတော် စသည် ဆောက်လုပ်သည့်အခါ၌ နတ်တို့က သိမ်းဆည်းရာထားပြီးသော ဌာန၌ စိတ်ညွှတ်ကာ ဆောက်လုပ်ကြရသည်သာ ဖြစ်သည်။

**ဟင်္သာငှက်များ ကျက်စားခဲ့ခြင်း** ဟင်္သာငှက်များသည် ရေရှိသောအရပ်၌သာ ကျက်စားလေ့ ရှိသည် မဟုတ်တုံလော၊ ရွှေဟင်္သာတောရတိုက်ကဲ့သို့သော ကုန်းအရပ်၌ကျက်စားပါမည်လောဟု စောကြောလိုက စောကြောကြပေလိမ့်မည်။ သံသယဖြစ်လိုက ဖြစ်ကြပေလိမ့်မည်။ ယင်းသံသယကို ကင်းရှင်းစေဦးအံ့။ ရွှေဟင်္သာတောရတိုက် မတည်မီအချိန်အတော်ကြာ လွန်ခဲ့သော နှောင်းအခါက ရွှေဟင်္သာ တောရတိုက်၏ အနောက်ဘက်၌ ကပ်လျက် ဧရာဝတီမြစ်သို့ ပေါက်သော ချောင်းကြီးတခု ရှိခဲ့သည်။ ၎င်းချောင်းအတွင်း၌ စပါးတင်သော ဖြတ်ပိုင်းခေါ် တုန်ကင်းများ ဝင်ထွက် သွားလာလျက် ရှိကြသည်။ ဆွမ်းစားကျောင်း၊ ရွှေနံ့သာကျောင်း စသော အနောက်ဘက်တန်းရှိ ကျောင်းများကို ချောင်း၏ ကမ်းနဖူး၌ ကျောခိုင်း၍ဆောက်လုပ်ထားကြသည်။ ထိုချောင်းကို မိုးဟုပ်ချောင်းဟူ၍ ခေါ်သည်။ ပန်းလှိုင်နှင့် ဧရာဝတီမြစ်ဆုံရာသို့ ပေါက်သွားသည်။ ညောင်တုန်းမြို့ ပထမ ရဲဌာန၊ ယခုဈေးသစ်ဌာနအနီး၌ မိုးဟုပ်ချောင်းဝဖြစ်သည်။ မြို့ကိုပြုပြင်သောအခါ ချောင်းဝကိုပိတ်၍ လမ်းဖောက်ကာ ရပ်ကွက် ပြုလုပ်ကြသောကြောင့် ချောင်းဝ ပျောက်ကွယ်သွားပေသည်။ တောဘက်သို့ ထွက်သွားသော ချောင်းမှာကား မိုးဟုပ်ရွာအလယ်မှဖြတ်၍ ငါးကြီးအိုင်သို့ ရောက်ကာ ၎င်းမှတဖန် မလက်တိုထနီးဘက်သို့ ရောက်၍ ဧရာဝတီမြစ်တိုင်အောင် ပေါက်သွားပြန်သည်။ ဤစာရေးသောဘုန်းကြီး သာမဏေဘဝ၊ ရဟန်းငယ်ဘဝက ရေကာတာကြီး မရှိသေးသောအခါဖြစ်၍ မိုးကာလ၌ တောဘက်မှ လျှံ၍ဝင်လာသော မြစ်ရေများသည် ရွှေဟင်္သာ

တောရတိုက် တိုင်အောင် ဝင်ရောက် လာသောကြောင့် ကျောင်းတိုက်အတွင်း အုဋ္ဌလမ်းပေါ်၌ တံတားများထိုး၍ သွားကြရသည်။ ဆွမ်းစားကျောင်းကြီးနှင့် ဒေါ်ဖွားဆွမ်းစားကျောင်းတို့သည် တောဘက်သို့သွားရာ လှေဆိပ်ဖြစ်နေတော့သည်။ ဟင်္သာကုန်းနှင့် တိုက်မကြီး အကြား၌လည်း ချောင်းငယ်တခုရှိ၍ အုဋ္ဌတံတားဖြင့် ကူးသွားကြရသည်။ မိုးဟုပ်ရွာက ဥပုသ်စောင့်လာကြသော လူများသည် ပုဗ္ဗာရုံကျောင်း စသည်တို့သို့ လှေဖြင့်လာကြသည်။ ယခုမူကား ပပျောက်သလောက် တိမ်ကောနေပေပြီ။ ယင်းသို့ဖော်ပြခဲ့သည့်အတိုင်း ချောင်းနှင့် ရေနှင့် ရေနှင့်ကုန်းနှင့်ရှိခဲ့ဘူးသောကြောင့် ဟင်္သာများ ပျော်မွေ့စွာကျက်စားရာဌာနဖြစ်ခဲ့ပေသည်ဟု မှတ်ကြရသည်။

**ဆရာတော်ကြီး သိတင်းသုံးခြင်း**

ရွှေဟင်္သာတောရတိုက်တည်ထောင်သော အချိန်၌ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်ကျောင်းတိုက်တွင်သံဃာ (၂၀၀) ကျော်ရှိသည်။ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးသည် သာသနာတော်အဓွန့်ရှည်စွာ တည်အံ့သည်ကို မြင်တော်မူ၍ ညောင်တုန်းမြို့နယ် ဒကာ, ဒကာမများကို ချီးမြှောက်တော်မူသောအားဖြင့်သက္ကရာဇ် ၁၂၆၂-ခုနှစ်မှစ၍ဆယ်ဝါတိုင်တိုင် ဥတု သုံးပါးလုံးပင် ညောင်တုန်းမြို့ ရွှေဟင်္သာ တောရတိုက်၌ သီတင်းသုံးတော်မူသည်။ ရန်ကုန်မြို့ကျောင်းတော်ရာ ရွှေကျင်တိုက်အတွင်း၌ မျက်မှန်ဦးဘိုးကြင်က ဆောက်လုပ်လှူဒါန်းသော တိုက်ကျောင်းကို ရေစက်ချရန် ပင့်လျှောက်သောအခါမှ ရန်ကုန်မြို့သို့ ကြွတော်မူသည်။ ထိုနောက်နှစ်တို့၌ကား

နယုန်လအတွင်း ညောင်တုန်းမြို့သို့ ကြွတော်မူ၍ တန်ဆောင်မုန်းလပြည့်ကျော်မှ ရန်ကုန်သို့ ပြန်ကြွတော်မူကာ ၅-နှစ်ခန့် အလှည့်အလည်နှင့် သီတင်းသုံးတော်မူသည်။ ဘုန်းတော်ကြီး ဦးသီလသည်လည်း သုံးကြိမ်တိုင် ရက်ရှည်ကြွတော်မူ၍ ရွှေဟင်္သာတောရတိုက် ဝေဠုဝန်စံကျောင်း၌ သီတင်းသုံးကာ ချီးမြှောက်တော်မူသည်။

**ပထမဦးဆုံး ကျောင်းကလေးများ**

ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၆၂-ခုနှစ် တပေါင်းလဆန်း ၁၂-ရက်နေ့ ညောင်တုန်းမြို့သို့ ကြွရောက်တော်မူစဉ်ကပင် သဒ္ဓိဝိဟာရိကငယ်တပည့်ရင်းဖြစ်သော ဦးဝါယမကိုတပါတည်းခေါ်ယူခဲ့၍ တိုက်အုပ်အဖြစ်ဖြင့် သံဃာများကို အုပ်ချုပ်စေကာ စာပေပို့ချစေတော်မူသည်။ ထိုအချိန်၌ ဦးဝါယမသည် သိက္ခာ ရှစ်ဝါမျှရှိသေးသည်။ ရန်ကုန်ကျောင်းတော်ရာတိုက်၌ နေစဉ်ရဟန်းသိက္ခာ ၄-ဝါကပင် ဦးဝါယမသည် စာချဘုန်းကြီးအဖြစ်ဖြင့် ချီးမြှောက်ခြင်းကို ခံယူရလျက် အဋ္ဌကထာကြီးများကို ပို့ချခဲ့ပေသည်။

ရွှေဟင်္သာတောရကျောင်းတိုက်၌ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရန် ဓမ္မာရုံအမည်ရှိ ၃-ခန်းပတ်လည် ၂-ဆောင် ပျဉ်ထောင် ပျဉ်ခင်း ဝါးကပ်မိုး တထပ်ကျောင်းကလေးကို လှူထောင် ဦးကျော်ဒွန်း-ဒေါ်ကြည်တို့က ဆောက်လုပ်လှူဒါန်းကြသည်။ တိုက်အုပ်ဘုန်းကြီး ဦးဝါယမနှင့် သံဃာများနေရန် ဟံသာဝတီ၊ သာယာဝတီအမည်ရှိ ၂-ခန်း, ၃-ခန်း ကျောင်းကလေး ၂-ကျောင်းကို အထည်

ကုန်သည် ဦးသာဖိုးနှင့် ကျောင်းအမ သားသမီးများက ဆောက်လုပ်လှူဒါန်းကြသည်။ မြတ်လေးရုံကျောင်းကလေးကို လှထောင် ဦးမှတ်နှင့် ကျောင်းအမသားသမီးများကဆောက် လုပ်လှူဒါန်းကြသည်။ ဤ ကျောင်း က လေး များ သည် ရွှေဟင်္သာတောရတိုက်၌ ပထမဦးဆုံးကျောင်းများဖြစ်သည်။ ကျောင်းကောင်း တိုက်ကောင်းတွေ ဆောက်လုပ်လှူဒါန်းကြ သည်တိုင်အောင် ထိုကျောင်းကလေးများ ရှိကြသေးသဖြင့် ဤစာရေးသော ဘုန်းကြီးတွေ့မြင်လိုက်ရသေးသည်။

**ပထမနှင့်ဒုတိယ တိုက်ကြပ်ဘုန်းကြီးများ** ကျောင်း တော် ရာ ဆ ရာ တော် ဘုရားကြီး၏ အ လုပ် အ ကျွေး ဥပဋ္ဌာက အဖြစ် ဖြင့် ရန်ကုန်မြို့မှ ဆရာတော်ကြီးနှင့် အတူပါလာသော ဦးဣန္ဒကကို ကျောင်း တော်ရာ ဆရာတော်ဘုရားကြီးက တိုက်ကြပ်အဖြစ် ခန့်အပ် တော်မူသည်။ တိုက်အုပ်တိုက်ကြပ်နှင့်တကွ စည်တီးဆရာတော် စသော စာချဘုန်းကြီးများသည်ပျို့မြစ်နုနယ် သန်မာခန့်ကျန်း သော အရွယ်ကောင်း ဖြစ်တော်မူကြသည့် အလျောက် စိတ် အားဉာဏ်အားရှိသမျှ ထက်ထက်သန်သန် စာပေပို့ချတော် မူကြသဖြင့် မကြာမြင့်မီ စာသင်သား သံဃာများ တိုးပွား၍ တရာ-တရာကျော် ရှိလာလေတော့သည်။ ၁၂၇၂ - ခုနှစ်၌ ရန်ကုန်မြို့ လတ္တာလမ်း (ယခု လသာလမ်း) မျက်မှန်ကုမ္ပဏီ ဦးဘိုးကြင်က ပင့်လျှောက်သောကြောင့် တိုက်ကြပ်ဘုန်းကြီး ဦးဣန္ဒကသည် ရန်ကုန်ကျောင်းတော်ရာရွှေကျင်တိုက်သို့ပြန်ကြွ ရသည်။ ထိုအခါတိုက်ကြပ်လစ်လပ်နေသဖြင့် အများလျှောက် ထားချက်အရ ကျိုက်ထိုဇာတိဖြစ်သော ဘုန်းကြီးဦးသုမနကို

ကျောင်းတော်ရာ ဆရာတော်ဘုန်းကြီးက တိုက်ကြပ်အဖြစ် ခန့်အပ်တော်မူလိုက်သည်။ တိုက်ကြပ်ဘုန်းကြီးဦးသုမနသည် တိုက်အုပ်ဘုန်းကြီးဦးဝါယမထက် သိက္ခာဝါကြီးသည်။ဒကာ, ဒကာမတို့အား အပြောအပြော ဆက်ဆံရေးကောင်းသည်။ အစီအမံကျွမ်းကျင်သည်ဟု သိရသည်။ သို့ဖြစ်၍ တိုက်ကြပ် အဖြစ်တင်မြှောက်ရန် ဒကာ,ဒကာမတို့ကပါ ဝိုင်း၍လျှောက် ကြသည်ဟု သိရသည်။

**ရွှေဟသ်ာတောရတိုက် ဒုတိယအဆင့်ကျောင်းများ** သက္ကရာဇ် ၁၂၆၃-၆၄-ခုနှစ် ကစ၍ ရွှေဟသ်ာတောရတိုက်၌ သံဃာအရေအတွက် များ ပြားလာသည် အားလျော်စွာ ဒကာ,ဒကာမတို့၏ သဒ္ဓါ, စေတနာ တိုးပွားလာကြသဖြင့် အလိုအလျောက် မိမိတို့သဘော အသိဉာဏ်အတိုင်းကျောင်းကြီး ကျောင်းကောင်းတွေဆောက် လုပ်လှူဒါန်းကြလေပြီ။ ထိုကျောင်းများမှာ (၁)ပိုးကုန်သည် ဦးဖျော်နှင့် ကျောင်းအမသားသမီးများက မင်္ဂလာစံကျောင်း၊ (၂)ဒေါ်နှင်းဦးနှင့် သားသမီးများက ရတနာမှန်ကျောင်း၊ (၃)ဒေါ်ရွှယ်နှင့် သားသမီးများက ဝေဇယန္တာကျောင်း၊ (၄)ဦးဖာနှင့် ကျောင်းအမ သားသမီးများက စွယ်တော် ကျောင်း၊ (၅)ဦးသာဂျန်နှင့် ကျောင်းအမ သားသမီးများက ပုပ္ဖာရုံကျောင်း၊ (၆)မြူနီစီပယ်စက္ကရီတေရီဦးမောင်မောင်နှင့် သားသမီးများက ဗောဓိကျောင်း၊ (၇)အင်စပက်တော်ဦးဘိုး စမာစ်နှင့် ကျောင်းအမ သားသမီးများက ဗိုလ်ကျောင်း၊ (၈)ကုန်သည် ဦးမြနှင့် ကျောင်းအမသားသမီးများကစမ္ပာယ် ရုံကျောင်း၊ (၉) ရန်ကင်း စံရာဒေါ်ရွှေဂုံးနှင့် သားသမီးများ

က ရွှေနံ့သာကျောင်း၊ (၁၀)ဒေါ်နှင်းဦး၏မောင် ဦးဘိုးမြ နှင့် သားသမီးများက လေးထပ်ကျောင်း၊ (၁၁) ပွဲစား ဦးဘိုးဆင့်၏အမ ဒေါ်ဖွားက ပထမဆွမ်းစားကျောင်း၊(၁၂) ကဇင်းတောရွာ ဦးထွန်းအေးနှင့် ဒေါ်နော်ဖိုး, ဦးစည်း စိမ်တို့က တိုက်ဦးကျောင်း၊ (၁၃)ရာဇဝတ်ဝန်ကြီး ဦးအောင် ဆန်းနှင့်ကျောင်းအမ သားသမီးများကမင်းကျောင်း၊ (၁၄) လှထောင် ဦးကျော်ဒွန်း-ဦးကျင်နှစ်ညီအစ်ကိုများကဇေတဝန် ကျောင်း (ဘုရားကျောင်း)၊ (၁၅) ဦးအဖျောက်,ဒေါ်အေး သာနှင့် သားသမီးများ ရွှေဟင်္သာကျောင်း၊ (၁၆) ဒေါ်သာ မယ်နှင့် သားသမီးများ ဂန္ဓာရုံကျောင်း၊ (၁၇) ပွဲစား ဦးလူ လေးနှင့် ကျောင်းအမ သားသမီးများ ဝေဠုဝန်စံကျောင်း၊ (၁၈) ဘုန်းတော်ကြီး ဦးသီလအမှူးပြု၍ သမုတ်သော သိမ် တန်ဆောင်းကို ပြာသာဒ်ဘုံဆင့်နှင့်တကွ ခမ်းနားစွာ ရွှာသစ် ဦးပေါ်လာနှင့် သားသမီးများက ဆောက်လုပ်လှူဒါန်းကြ သည်။

ညောင်တုန်းမြို့ ဈေးသူဈေးသားများက တနေ့လျှင်ပိုက်ဆံ ၂-ပြားစီစု၍ ဥပုသ်ဇရပ်ကြီးဆောက်လုပ်လှူကြသည်။ ၂-ပြား ဇရပ်ဟု အမည်တွင်သည်၊ ထို့နောက် ၎င်း ၂-ပြားဇရပ်ကြီး ကိုဖျက်၍ အုဋ်တိုက်ဇရပ်ကြီးဆောက်လုပ်ကြသည်၊ ၂-ပြား ဇရပ်အမည်ကား မပျောက်ပေ။ ထိုအချိန်က ကထိန်စသော အမှုကိစ္စတို့ကို ၂-ပြားဇရပ်ကြီး၌သာ ပြုလုပ်ကြသည်၊ ဦးကန်း နား, ဒေါ်သက်တို့က သီးခြားဇရပ်တဆောင်, လှကောင် ဦးကျော်ဒွန်း,ဒေါ်ကြည်နှင့်သားသမီးများကဇရပ်တဆောင်,

လှထောင် ဦးကျင်နှစ်က ဇရပ်တဆောင် ဆောက်လုပ်လှူဒါန်းကြသည်။

**တတိယဆင့် ကျောင်းများ** (၁) သက္ကရာဇ် ၁၂၇၅-နှစ်၌ ညောင်တုန်းမြို့ ၁၂-လမ်းကုန်သည်ကြီး,ဦးလူလေး ဒေါ်ထူးမ,ဒေါ်ပုနှင့် သားသမီးများက သိမ်ပိဋကတ်တိုက်ကျောင်း၊ (၂)သက္ကရာဇ် ၁၂၈၄-ခု နှစ်၌ ဦးလူလေး-ဒေါ်ကြင်တို့ကပင် သာသနပါလ တိုက်ကျောင်း၊ (၃) ၁၂၉၂-ခုနှစ်၌ ပွဲစားကြီး ဦးဘိုးဆင့်- ဒေါ်လေးနှင့် သားဦးဘသန်း သမီး ဒေါ်သိန်းညွန့်တို့က တသိန်းကျော်တန် သာသနဝံသာနုရက္ခ ၃-ထပ်တိုက်ကျောင်းကြီး၊ (၄)၎င်းနှစ်၌ပင် မော်လမြိုင်ကျွန်းမြို့ ဦးပေါ်-ဒေါ်မုန်းနှင့် သားသမီးများက တသိန်းသုံးသောင်းကျော်တန် သာသနာ လင်္ကာရတိုက်ကျောင်းကြီး၊ (၅) ညောင်တုန်းမြို့ ကျွန်းထိပ်ရပ်, ဦးရွှေဇင်-ဒေါ်ဒွန်းလှ သား- ဦးကျော်လှ-ဒေါ်လွန်းပြေတို့က သာသနဇောတိက ၂-ထပ်တိုက်ကျောင်း၊ (၆)ပွဲစားကြီး ဦးဘိုးဆင့်၏နှမ ဒေါ်ဖွားက လေးထပ်ကျောင်းကို အသစ်ပြင်၍ ဆောက်သည်၊ (၇) ရန်ကင်းစံရာ ဒေါ်ရွှေဂူးချေးမ- ဒေါ်ရှင်နှင့် သား‌သမီးများက ကံသာကျောင်း၊ (၈) ညောင်တုန်းမြို့-လဘက်ကုန်သည် ဒေါ်ညွန့်နှင့် မောင်-ဦးဘသက်တို့က ဝေဇယန္တာကျောင်းကို အသစ်ပြင်ဆောက်သည်၊ (၉) ညောင်တုန်းမြို့ အရှေ့ပိုင်း ဒေါ်ဇံက ကံ့ကော်ကျောင်း၊ (၁၀) ညောင်တုန်းမြို့ ကဇန်းရွာ-ဦးကျော်ဇံ-ဒေါ်ငြိမ်းခင်နှင့် သားသမီးများက စွယ်တော် ကျောင်းကိုပြင်၍ အသစ်ဆောက်သည်၊ (၁၁)စွယ်တော်ကျောင်းကိုပင်လျှင် ၁၃၂၁-ခု နှစ်၌

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

အထွေထွေ - ရန်ကုန်

ညောင်တုန်းမြို့ ဈေးဦးကျွန်း ဦးမိုး-ဒေါ်ညွန့်နှင့် သားသမီးများက ထပ်မံပြင်၍ ဆောက်ကြသည်၊ (၁၂) ကျောင်းဆရာ ရွှေ့နေ ဦးဘရင်-ဒေါ်အေးလှ နှင့် သားသမီးတို့က ဗိုလ်ကျောင်းကို အသစ်ပြုပြင်ဆောက်လုပ်ကြသည်၊ (၁၃) ညီမဒေါ်အေးခနှင့်တကွ ဦးဘရင်-ဒေါ်အေးလှတို့ကပင် ရွှေနံ့သာကျောင်းကို အသစ်ဆောက်ကြသည်၊ (၁၄)စံကျောင်းဆရာတော်ဘုရား သီတင်းသုံးတော်မူသော သာသနာနုဂ္ဂဟတိုက်ကျောင်း နှစ်ဆောင်တွင် တဆောင်ကို စစ်ချောင်းမြို့ဒေါ်ဥနှင့် သားဦးကျင်ရွှေ သားသမီးများကငှင်း၊ပန်းတနော်မြို့ ဆဲ့နှစ်ရွာကျောင်းအမကြီး ဒေါ်ခင်နှင့် သားသမီးများကငှင်း တဆောင်စီ ဆောက်လုပ်ကြသည်၊ (၁၅)ညောင်တုန်းမြို့ စဉ့်အိုးတန်း ရတနာကုန်သည် ဒေါ်ငွေရှင်က ၁၃၂၉-ခုနှစ်၌ မြတ်လေးရုံကျောင်းကို အသစ်ပြုပြင်ဆောက်လုပ်သည်၊ (၁၆)ညောင်တုန်းမြို့ ရေဝိုင်းပိုင်း မှတ်ပုံတင်အရာရှိဦးလူလေး၏ သားသမီးများဖြစ်သော ဒေါ်စိန်မေနှင့် ဦးမောင်လေး၊ ဒေါ်စိန်ငွေမိသားစုက မင်းကျောင်းကိုအသစ်ထပ်မံဆောက်လုပ်ကြသည်၊ (၁၇) ညောင်တုန်းမြို့ ၁၀-လမ်းထိပ် ရွှေရတနာတိုက် ဆိုင်ရှင် ဦးမောင်ညိမ်း- ဒေါ်သိန်းရင်နှင့် သား သမီးများက ဝေဠုဝန်စံကျောင်းကို အသစ်တဖန် ဆောက်လုပ်ကြသည်၊ (၁၈) ပန်းတနော်မြို့ ဆဲ့နှစ်ရွာ ဒေါ်ခင်နှင့် သားသမီးများကပင် ရတနာမှန်ကျောင်းကို အသစ်ထပ်မံဆောက်လုပ်ကြသည်၊ (၁၉)စစ်ချောင်း ဒေါ်ဥနှင့် သား ဦးကျင်ရွှေတို့က ဆွမ်းစားကျောင်းကြီးကို ပထမ အကြိမ် ပြင်ဆောက်ကြသည်၊ (၂) ဒုတိယအကြိမ်၌ ရွှေဟင်္သာကျောင်းအမ ဒေါ်ညွန့်-ဒေါ်မေတို့က ပြင်ဆောက်ကြသည်၊ (၂၁) ရွှေဟင်္သာ

၂၁၄၉၄

တောရကျောင်းတိုက်အတွင်း၌ သာသနဒီပ တိုက်ကျောင်းကို ညောင်တုန်းမြို့နယ်, တဇင်ရေကျော်ရွာ ဦးရှိန်-ဒေါ်မယ်ကြွေ တို့က ၁၃၃၆-ခု နယုန်လဆုတ် ၉-ရက် အင်္ဂါနေ့တွင် တည် ဆောက်၍ သံဃာတော်အား လှူဒါန်းပါသည်၊ ၁၃၃၆-ခု တပေါင်းလတွင် ပြီးစီးပါသည်။

**ရွှေဟင်္သာ ရေတွင်းများ** ကောင်းမှု ရှင် များ နှင့် တွဲ လျက် အကျဉ်း ပြ သွား မည်။ (၁) မှန်ကြောင်းရေတွင်း-ညောင်တုန်းမြို့ ဈေးပိုင်း ဆန် ကုန် သည် ဦးဘိုးခင်၊ (၂)ဝံသာနုကျောင်းတွင်း ညောင်တုန်းမြို့ စဥ့်အိုးတန်း ဦးချက်-ဒေါ်ဒွန်းအိုနှင့် သားသမီးများ၊ (၃) ဇရပ်တွင်း, ဦးကန်းနား ဒေါ်သက်၊ (၄)ဒုလ္လဘ ကျောင်းတွင်း, ပွဲစား ဦးလှပေါ်-ဒေါ်သွယ်(ညောင်တုန်းမြို့က ကောင်းမှုများသာ ဖြစ်၍ မြို့အမည်များ မထည့်ခြင်းဖြစ်သည်)၊ (၅)ပုပ္ဖာရုံကျောင်းတွင်း,ဦးသာဂျန်နှင့်သားသမီးများ၊(၆)မင်းကျောင်းတွင်း,ဒေါ်ညွန့်-ဒေါ်မေ၊ (၇)ဆွမ်းစားကျောင်း(က)အမှတ်တွင်း, မအူပင်မြို့ ယစ်မျိုးဆိုင်ထိုင်အရာရှိ ဦးဘတင်နှင့် ဒေါ်သိန်းလှ၊(ဂ) ခ-အမှတ်တွင်း,ညောင်တုန်းမြို့ ဦးရွှေလင်း-ဒေါ်စောမေ၊ (၉)ရွှေနံ့သာတွင်း ရန်ကင်း စံရာရွာ ဒကာများ၊ (၁၀)ဗိုလ်ကျောင်းတွင်း, အမိန့်တော်ရ ရှေ့နေ ဦးသီလ၊ (၁၁) စွယ်တော်ကျောင်းတွင်း, စွယ်တော်ကျောင်း ဒကာ ဦးလူ-ဒေါ်သားယာ၊ (၁၂)ဝေဇယန္တာ ကျောင်းတွင်း,ဒေါ်ရွှယ်၊ (၁၃) ဟင်္သာကုန်းတွင်း, ရွှေဟင်္သာကျောင်းအမများ၊ (၁၄) ဂန္ဓာရုံကျောင်းတွင်း, ဦးရွှေကြိုး-ဒေါ်ခင်၊ (၁၅) ကံ့ကော်တွင်း, အများကောင်းမှု၊(၁၆) ကုဋီကြီးအနီးတွင်း,

ကုဋီဒကာ ဦးရွှေဇင် - ဒေါ်ဒွန်းလှ၊ ပေါင်း ရေတွင်း ၁၆ တွင်းရှိသည်။ သက္ကရာဇ် ၁၃၂၇-ခုနှစ်၌ မိုးကုတ်မြို့ ကျောင်း အမကြီး ဒေါ်ခင်နှင့်သားသမီးများက ကျောင်းတိုက်တတိုက် လုံး အလုံအလောက် သုံးစွဲနိုင်အောင် အဝီစိ စက်ရေတွင်း စက်တိုင်ကီကြီး ၄-လုံးတင်သော တိုင်ကီစင်ကြီး စက်ရုံစသည် တို့ဖြင့် အပြည့်အစုံလှူဒါန်းကြသည်။

ရွှေဟင်္သာတောရတိုက်၌ ကျောင်းပေါင်း ၂၅၊ ဇရပ် ၃၊ ရေတွင်း ၁၆၊ စက်ရေတွင်းတို့ရှိ၍ ကျောင်းတိုက် အတွင်း၌ ကွန်ကရစ်လမ်းများ ခင်းလျက် စောင်းတန်း သွတ်မိုးတို့ကို လည်း ကျောင်းတိုက်တွင်း လမ်းအားလုံး၌ မိုးထားလေသည်။ ထို့ပြင် ကြီးကြီးငယ်ငယ် ဝစ္စကုဋီ ၆-လုံး၊ ပဿာဝကုဋီ ၁၅-လုံးရှိသည်။ သက္ကရာဇ် ၁၃၂၁-ခုနှစ်၌ သံဃာသုံး ကုဋီ ကြီးကိုခေတ်မှီရေသုံး ကြွေအိုး,ကြွေပြားခင်း၍အသစ်ဆောက် လုပ် လှူဒါန်းကြသည်။ ကုဋီကြီးအသစ်ဆောက်လုပ်သော အ ချိန်၌ တခန်းလျှင် တထောင်ကုန်သည်၊ အခန်းပေါင်း ၈-ခန်း ရှိသည်။ သံဃာကြီးများအတွက် သီးသန့် ၂-ခန်း ကုဋီကို လည်း ကြွေအိုး ကြွေခွက်နှင့် သန့်ရှင်းစွာ ဆောက်လုပ်လှူကြ သည်။

ရွှေဟင်္သာတောရတိုက် မြောက်ဘက်အဝင် တံတိုင်းကို ကျောင်းတကာကြီး ဦးလူလေး - ဒေါ်ကြင်တို့က မတည်၍ ဆောက်လုပ်လှူဒါန်းကြသည်။ တိုက်အဝင်မုခ်ဝနှင့် တံခါး ကိုရင်း, ဆွမ်းစားကျောင်း အနီးရှိ အုဋ်တိုက်ငယ်ကိုရင်း ကျောင်းအမကြီး ဒေါ်ဖွားက တည်ထားလှူဒါန်းသည်။

၁၃၂၈-ခုနှစ်၌ ဇေတဝန် (ဘုရားကျောင်း) သစ်သား ကျောင်းကြီးကို ကျောင်းဒကာ ဦးဘရင်နှင့် ဒေါ်အေးလှတို့က မတည်ကာ ကုန်ကျသမျှ တာဝန်ယူ၍ ကိုယ်တိုင်ကြပ်မတ်ကာ ၂-ထပ် တိုက်ကျောင်းကြီးအဖြစ်ဖြင့် ခေတ်မှီစွာဆောက်လုပ် လှူဒါန်းရာ တသိန်းကျော် ကုန်သည်ဟု သိရသည်။ ခမ်းနားကျယ်ဝန်း သပ်ယပ်လှပေသည်၊ ဝိနည်းစာတော်ပြန်ခြင်းကို ဤကျောင်းကြီး၌သာ ပြုလုပ်ကြသည်။

၁၃၂၈-ခုနှစ်၌ပင်လျှင် မိုးကုတ်မြို့-မြို့မရပ် ဦးညီညီ-ဒေါ်လှမေနှင့် သားသမီးများက ဓမ္မာရုံသိမ်တိုက်ကြီးကို ခမ်းနားတင့်တယ်စွာဆောက်လုပ်လှူဒါန်းကြသည်။တသိန်းကျော်ကုန်ကျသည်ဟု သိရသည်၊ ယင်းဓမ္မာရုံကြီး၌ ကထိန်ပွဲ,စာအောင်ပွဲနှင်းသဘင် အခမ်းအနားများကို ဆောင်ရွက်ကြသည်။

**ယနေ့တိုင်အားထုတ်လျက် ရှိကြသောဒကာများ** ရွှေဟင်္သာတောရတိုက်ကို တည်ထောင် သည်မှ စ၍ ကျောင်းတိုက်ကြီး ဖြစ် လာ သည် တိုင်အောင် ပြုစုပျိုးထောင်ခဲ့ကြသော ညောင်တုန်းမြို့-ဦးရွှေအိုး, ဦးလှလေး စသော ဒကာများနှင့်တကွ ယခု မျက်မှောက်၌ ထင်ရှားရှိဆဲ ကျောင်းဒကာ, သိမ်ဒကာ, ဇရပ်ဒကာ, ရေတွင်းဒကာ, နပ်လမ်းစောင်းတန်းဒကာ, ဆွမ်းဒကာ, ရဟန်းဒကာ, သာမဏေဒကာများ,စနေတိုင်လမ်း,ဘုရားကြီးလမ်း, တာကြီးတန်းစသည်အပါအဝင်ညောင်တုန်းမြို့သူမြို့သားများ,ရန်ကင်း စံရာ,ငါးမျက်နှာ, မိုးဟုတ်,လက်ပန်ချောင်း,ထိန်ကုန်း,ဈေးဦးကျွန်း, ရေလည်ကျွန်း, ကျွန်းကြီး, ရွှေဟင်္သာကျွန်း, သဲကုန်း,

ထူးချောင်း, ဝါးရုံစုန်း, ကွင်းကလေး, ကဇန်း, ကျောင်းစု, ရှမ်းစု စသော ရပ်ရွာရှိ ဒကာ ဒကာမ တို့သည် ယနေ့တိုင် အောင် သားသမီး မြေးမြစ် အဆက်ဆက် တို့သည် ရွှေဟင်္သာ တောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် သာသနာကို ကိုယ်ဖိ ရင်ဖိ အားတက်သရော ကိုယ်ရေးကိုယ်တာနှင့် မခြားပဲ အား ထုတ်ဆောင်ရွက်ဆဲပင်ရှိကြပေသည်။

အဆိုပါ ရပ်ကွက် ရပ်ရွာရှိ ဒကာ ဒကာမတို့သည် နေ့ရာ သီ၌ တလလျှင် ၂-ကြိမ်ကျ သံဃာ ၁၀-ဖြစ်စေ၊ ၂၀-ဖြစ် စေ ဆွမ်းခံပင့်၍ ကျောင်းတိုက်သံဃာကုန် တရက်စာလောက် အောင် ဆွမ်း,ဆွမ်းဟင်းများကို လောင်းလှူကြသည်၊ အချို့ အရပ်က,ဆွမ်ဟင်းအိုးကြီးချက်၍ လှူကြသည်၊ ဆွမ်းဟင်းအိုး ကြီးတလုံးလျှင် ခရမ်းချဉ်သီး ငါးစိတ် တတင်းခွဲနှင့် ရေမထည့် ပဲ ချက်သည်ဟု သိရသည်။ ဝတ္တုကမ်အသင်းက ဝယ်ယူပေး ထားသော လယ်မြေ ၁၃-ဧကကို လက်ပန်ချောင်းရွာသူ ရွာ သား ဒကာဒကာမများက မိမိတို့၏သဒ္ဓါစေတနာဖြင့် ကုသိုလ် ဖြစ် တနေ့တည်းအပြီး ထွန်ကာ, စိုက်ကာ, ရိတ်သိမ်းကာ, နယ် ကာ,လှေ့ကာဖြင့် အပြီးအစီး စုပေါင်းဆောင်ရွက်၍ စပါး ကျည်တွင်းသို့အရောက် မိမိတို့လှည်းများဖြင့် ပို့၍ သာသနာ နုဂ္ဂဟသမဂ္ဂဒါနဝေယျာဝစ္စကောင်းမှုကို ယူကြသည်။

အဝေးရောက် ညောင်တုန်းသူ ညောင်တုန်းသား တို့က လည်း အဝေးဒေသ ရန်ကုန်စသော ရောက်ရာအရပ်မှ အချို့ တလတကြိမ် အချို့တနှစ်တကြိမ် စသည်ဖြင့် စွမ်းနိုင်သမျှ ပို့ဆောင် လှူဒါန်းကြသည်၊ ကထိန် သင်္ကန်းကိုကား နှစ်စဉ် အမြဲလှူဒါန်းကြသည်။ အထူးသဖြင့် ရန်ကုန်မြို့၌ ရွှေဟင်္သာ

တိုက်ထွက် ပုဂ္ဂိုလ်များ ရွှေဆောင်၍ ရွှေဟင်္သာ သဟာယ အသင်းအမည်ဖြင့် အသင်းတည်ကာ ရွှေဟင်္သာတောရ သာ သနပါလ အသင်းက ကြီးမှူးကျင်းပသော ပရိယတ္တိစာမေးပွဲ ငယ်,လတ်,ကြီး,စာချတန်းတို့၌ အောင်မြင်သော သံဃာများ စာချပုဂ္ဂိုလ်များအား နှစ်စဉ် တပေါင်းလပြည့်နေ့ ဘွဲ့နှင်း သဘင်အခမ်းအနား၌ အသီးအသီးလှူဒါန်းကြသည်။

တပေါင်းလဆန်း ၁၂-ရက်နေ့မှ လပြည့်နေ့အထိ ပြုလုပ်သော ဝိနည်းစာပြန်ပွဲ၌ ဝိနည်း ၅-ကျမ်း ပြန်ဆိုအောင်မြင် သောပုဂ္ဂိုလ်အား ရန်ကုန်မြို့ နတ်မောက်လမ်း သံအမတ်ကြီး ဟောင်း ဦးကြင်နှင့် ဒေါ်မြမေတို့က ဝိနည်း တကျမ်းလျှင် တရာကျ,ဝိနည်း ၅-ကျမ်းတွက် နဝကမ္မအား ငါးရာ နှစ်စဉ် လှူဒါန်းရန် တာဝန်ယူ လျှောက်ထားကြသည်။ ဦးကြင်သည် ရံခါဒေါ်မြမေနှင့်တကွ၊ ရံခါ ဦးငွေ၊ ဦးကြင်၏နှမ ဒေါ်သန်း မြတို့ပါ တပေါင်းလ စာပြန်ပွဲသို့ နှစ်စဉ်လာရောက် ပူဇော် ကြည်ညို အားပေးကြသည်၊ ဦးကြင်သည် ကြည်ညိုရုံမျှသာ မဟုတ်၊ ဘွဲ့နှင်းသဘင်နေ့ ရှင်လူပရိသတ်အစုံအညီရှေ့၌ ပရိ ယတ္တိသာသနာရေးနှင့် စပ်သော စကား များ ကိုလည်း တက်တက်ကြွကြွ ပြောကြားလျှောက်ထားလေ့ရှိသည်၊ ဦးကြင် သည် ပွဲလယ်၌ စကားပြောကောင်းသူဖြစ်၍ ကြားနာရသူတို့ နှစ်သက်ကျေနပ်ကြသည်။

**ပဲခူးမြို့မှသတင်းကောင်း** ရွှေဟင်္သာ တောရသမိုင်းကို ဤစာ ရေးသော ဘုန်းကြီးသည် မြန်မာသက္ကရာဇ် ၁၃၁၆ ခုနှစ်၌ ရေးခဲ့သည်၊ ထိုခေတ်အခါ

အနေဖြင့် ပြည့်စုံတန်သမျှ ပြည့်စုံသည်ဟု ဆိုရသော်လည်း ကြွင်းကျန်သော အချက် အလက်များလည်း ရှိခဲ့သည် တကြောင်း၊ ယင်းနောက်မှ ယနေ့ အခြေအနေတိုင် တိုးတက်လျက်ရှိသည်တကြောင်း၊ ယင်းတို့ကြောင့် ဖြည့်စွက် ပြင်ဆင်သင့်သော အသစ်အဟောင်းအကြောင်းအရာတို့ကို ဖြည့်စွက်ပြင်ဆင်ရန် အစပျိုးကာ ရေးသားနေစဉ်၌ ပဲခူးမြို့မှ ၁၃၃၄ ခုဒုတိယဝါဆိုလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့၌ ဥက္ကဋ္ဌ-ဗိုလ်ဘုန်း(ခ) ဦးမြတ်စိုး၊ အတွင်းရေးမှူး ဦးကြိုင်လင်း, (ခ) ဦးကြိုင်ထွန်းတို့ ဦးဆောင်၍ ရွှေဟင်္သာ သဟာယအသင်း ဖွဲ့စည်းတည်ထောင်ကြ၍ ညောင်တုန်းမြို့ ရွှေဟင်္သာ တောရတိုက်အဓွန့်ရှည်စွာ တည်တံ့စေရန် ပစ္စယာနုဂ္ဂဟဖြင့် ထောက်ပံ့ကြမည် အကြောင်း အပြည့်အစုံကို အတွင်းရေးမှူး ထံမှလျှောက်စာသတင်းကောင်း ရသဖြင့် ဝမ်းမြောက် ဝမ်းသာသာဓုခေါ်ရပေသည်။ ရည်ရွယ်သည့်အတိုင်း အောင်မြင်ကြပါစေဟု မေတ္တာပို့ပါသည်။

၁၃၃၄ ခု၊ တော်သလင်း လဆန်း ၁၁-ရက်နေ့၌ ပဲခူးရွှေဟင်္သာသဟာယအသင်း အတွင်းရေးမှူး ဦးကြိုင်လင်း ထံမှသတင်းကောင်းကြားရပြန်သည်မှာ ပဲခူးရွှေဟင်္သာ သဟာယအသင်းကို တည်ထောင်ပြီး နောက်လမှစ၍ (တော်သလင်းလမှ စ၍) ဆွမ်းဟင်းအတွက် တလလျှင် ဝတ္ထုတရာ(၁၀ဝိ)ကို လစဉ်ကပ်လှူယထံ လှူအပ်လှူဒါန်းကြပါသည်၊ ၎င်းဝတ္ထုဖြင့်ကျောင်းတိုက်အစမ်းစာမေးပွဲ ပြုလုပ်သော လဆန်း ၉ ရက်၊ လဆုတ် ၉ ရက်နေ့တို့၌ ဆွမ်းဟင်းအိုးကြီး တကြိမ်လျှင်

ဝတ္ထု (၅ဝိ) တန်စီ တလ ၂ ကြိမ် လှူဒါန်းကြသည်ဟု သိရသဖြင့် သာဓုခေါ်ရပါသည်။

ပန်းတနော်မြို့ ဦးအောင်ချစ်ဖေ-ဒေါ်သောင်းကြည်တို့က လွန်ခဲ့သော ၁၃၂၇ ခုနှစ်ကစ၍ ဝါတွင်းအခါ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရတိုက်သံဃာများအား ရက်ဆက် ၇ ရက် ၁၅-ရက်၊ တလ ကိုယ်တိုင်လာရောက် ကိုယ်တိုင်ချက်ပြုတ်၍ နေ့စဉ်သံဃာကုန် ကျောင်းသားကပ္ပိယများပါ မကျန် ဆွမ်းကပ်ကြသည်။ ယခုနှစ် ၁၃၃၄-ခုနှစ်၌ ဒေါ်သောင်းကြည် ကောင်းစွာ မကျန်းမာသောကြောင့် ကိုယ်တိုင် မလာနိုင်ကြသဖြင့် တလအတွက် ဆွမ်းရေ ဆွမ်းဟင်းတန်ဘိုး ဝတ္ထုငွေ (၂,၅ဝဝိ) ယနေ့ပင်လာရောက်လှူဒါန်းပါသည်ဟု တိုက်အုပ်ဆရာတော်ထံမှ ၁၃၃၄ ခု၊ တော်သလင်းလဆန်း ၁ဝ-ရက်နေ့စွဲနှင့် စာရောက်လာသည်။ (မကြာမှီဒေါ်သောင်းကြည်ကျန်းမာစွာရှိသဖြင့် ယနေ့တိုင် ဆက်လက်လှူဒါန်းလျက် ရှိသည်)။

ထို့ပြင် ဦးအောင်ချစ်ဖေ- ဒေါ်သောင်းကြည်တို့ ကပင်ရှေ့ဆောင်၍ ရွှေဟင်္သာတောရတိုက် သံဃာများအတွက် တနှစ်စာအလုံအလောက် ငါးပိ ငန်ပြာရည်၊ ငြုတ်သီးတို့ကို လှူဒါန်းခဲ့သည်မှာ ၈-နှစ်ခန့်ရှိကြောင်းကိုလည်း သိရှိရသည်။

ရန်ကုန်မြို့ နတ် မောက် လမ်း၊ သံ အ မတ် ကြီး ဟောင်း ဦးကြင်-ဒေါ်မြမေတို့က ဆွမ်းအတွက် တနှစ်လျှင် ဝတ္ထုငွေ (၆ဝဝိ) လှူခဲ့သည်မှာလည်း ၈-နှစ်ခန့်ရှိသည်ကိုဂုဏ်း၊ ရန်ကုန်မြို့ ဘုန်းကြီးလမ်း ရှေ့နေကြီး ဦးဘကန်နှင့် ကွယ်လွန်သူ ဒေါ်မမမေ-ယခုထင်ရှားရှိသော ဒေါ်နုနုမေတို့ကလည်း တလ

(၁၀၀ိ) လှူဒါန်းသည့်အကြောင်းကိုရင်း သိရှိရ၍ ဝမ်းမြောက်ရပေသည်။

ကျောင်း ဒါယ ကာ ဦးဘရင်- ဒေါ်အေးလှ တို့သည် ညောင်တုန်းမြို့၌ရှိသော မိမိတို့ပိုင်သော တိုက်အိမ်ကို ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် သံဃာအားလှူဒါန်းထားပြီးဖြစ်သည်ကိုရင်း။

ရွှေဟင်္သာ ကျောင်းဒါယကာမများဖြစ်သော ဒေါ်ညွန့်နှင့် ဒေါ်မေတို့ကလည်း ညောင်တုန်းမြို့ ၉-လမ်း၌ ရှိသော မိမိတို့ပိုင်သော တိုက်အိမ်ကို ရွှေဟင်္သာ တောရတိုက် သံဃာအား လှူဒါန်းထားကြပြီးဖြစ်သည်ကိုရင်း။

ထိုတိုက်အိမ်တို့မှ ရရှိသော ဝတ္ထုငွေဖြင့် ရွှေဟင်္သာတောရတိုက် သံဃာအား လိုအပ်သောပစ္စည်းလေးပါးကို လှူဒါန်းရန်ဖြစ်သည်ကိုရင်း သိရှိရသောကြောင့် သာဓု ခေါ်ရ ပေသည်။

**ရွှေဟင်္သာတောရတိုက် မြေအကျယ်အဝန်း** ညောင်တုန်းမြို့ ရွှေဟင်္သာ တောရ ပါဠိတက္ကသိုလ် ကျောင်းတိုက်သည် အကျယ်အဝန်း အားဖြင့် ၂၂-ဧကနှင့် ဒသမ ၇၅-ကျယ်ဝန်းသည်ဖြစ်၍ သစ်ပင် မျိုးစုံတို့ဖြင့် စိမ်းစိုညို့မှိုင်းလျက် သာသာယာယာ မွေ့လျော်ဖွယ် ရှိလှပေသည်။ ရွှေဟင်္သာ တောရ ကျောင်းတိုက်ကြီးကို အဝေးမှ လှမ်းမျှော်ကာ ကြည့်ပါလျှင် တောအုပ်ကြီးသဖွယ် တွေ့မြင်ရသဖြင့် သူတော်ကောင်းတို့၏ စိတ်ဓာတ်ကို ဆွဲဆောင် ညွတ်ကိုင်းစေလေသည်၊ သာသနဝံသာနုရက္ခ တိုက်ကျောင်းကြီး,

သာသနာ့လင်္ကာရ တိုက်ကျောင်းကြီးကို တောအုပ်အထက် သစ်ပင်များအပေါ်မှ လှမ်းမိုးပေါ်ထွက်နေသည်ကို မြင်ကြရသည်မှာလည်း ကြက်သရေရှိလှသည်။ ကျောင်းတိုက်အတွင်းသို့ ရောက်သောအခါ နတ်လမ်းစောင်းတန်းများ, ကွန်ကရစ်လမ်းများဖြင့် တင့်တယ်၍ မိုးကုတ်ဓမ္မာရုံကြီး, ဇေတဝန်ကျောင်းတော်ကြီးတို့ကိုကြည်ညိုစွာ ရှုမြင်ရပြန်ကလည်း နှစ်မြို့အားရ ကြည်နူးကြရပြန်သည်။

**ဆွမ်းပြည့်စုံခြင်း** သက္ကရာဇ် ၁၂၆၂-ခုနှစ် ရွှေဟင်္သာတောရတိုက် တည်သည်မှစ၍ ၁၂၈၀-ပြည့်နှစ်တိုင်အောင် တရာကျော် သံဃာတော်နှင့် ကျောင်းသား ၃-၄ ဆယ်တို့အား နံနက်အရုဏ်ဆွမ်းကို သူဌေးဦးရွှေအိုးက ၆-လ တာဝန်ယူ၍ ဝေဇယန္တာကျောင်းအမကြီး ဒေါ်ရွှယ်က ၃-လ၊ ဗောဓိကျောင်း ဒါယကာ ဦးမောင်မောင်က ၃-လ အသီးအသီး တာဝန်ယူ၍ ဆွမ်းချက်ကြသည်၊ အခြားကျောင်း ဒကာ ဒကာမများက တလလျှင် (၁၀ိ-၂၀ိ) စသည်ဖြင့် ထည့်ဝင် လှူဒါန်းကြသည်၊ လိုအပ်သမျှကို တာဝန်ခံဒကာက ဖြည့်သွင်းလှူဒါန်းကာ ပြည့်စုံအောင် စီမံကြသည်၊ သို့ရာတွင် ဖြည့်သွင်းရသည်မရှိ၊ ပြည့်စုံ သည်သာ များပေသည်။ သက္ကရာဇ် ၁၂၈၁-ခုနှစ် နယုန်လသို့ ရောက်မှ နံနက်အရုဏ်ဆွမ်းအတွက် ဝတ္ထုငွေစုပေါင်း၍ ဝတ္ထုကမ်အသင်း တည်ထောင်ကြသည်၊ ၎င်းဝတ္ထုကမ် ငွေပင်ငွေရင်း၌ သူဌေး ဦးရွှေအိုးက ၁၀,၀၀၀ိ၊ သာသနပါလနှင့် သိမ်တိုက် ဒါယကာ ဦးလူလေး-ဒေါ်ကြင်တို့က ၁၀,၀၀၀ိ- မတည်ကာ လှူဒါန်းကြသည်၊ အခြားသော ကျောင်းဒကာ ဒကာမများနှင့်

မြို့နယ် ဒကာဒကာမတို့ကလည်း ၁၀၀၀ိ- ၇၀၀ိ-မှစ၍ စွမ်းနိုင်သမျှ ထည့်ဝင် လှူဒါန်းကြသောကြောင့် ဝတ္တုကြမ်းအသင်း တည်ထောင်စကပင် ၃၃,၀၀၀ိ-ကျော် မတည်မိလေသည်။ ထို့နောက် ထည့်ဝင်လှူဒါန်းသော ဒကာဒကာမများ တိုးပွားလာသဖြင့် မကြာမီ ၆၀,၀၀၀- ကျော် တိုင် အောင် ဖြစ်ထွန်းလာပေသည်။

ဝတ္တုကြမ်းအသင်း ဥက္ကဋ္ဌမှာ ဦးရွှေအိုး,ငွေထိမ်း ဦးလူလေး, အကျိုးဆောင် ဦးချစ်တီးတို့ ဖြစ်ကြသည်။ ဥက္ကဋ္ဌနှင့် ငွေထိမ်းအကျိုးဆောင် ဒကာတို့သည် အောက်သက် ကျကြသော ကုန်သည်များဖြစ်သည့်ပြင် ထက်သန်သော စေတနာ သဒ္ဓါတို့ဖြင့် ရွက်ဆောင်ကြသောကြောင့် ဝတ္တုကြမ်း ပစ္စည်းများသည် လစ်ဟင်းဆုတ်ယုတ်သည်မရှိ၊ တိုးပွားခိုင်မြဲလျက်ရှိလေသည်။ ငွေတရာလျှင် တလမှ ငါးမတ်တိုးမျှဖြင့် ရွှေစိန်လယ် ဥယျာဉ်ပစ္စည်းကိုသာ အပေါင်ခံ၍ ချေးငှားကြသည်၊ ဝတ္တုကြမ်းငွေမှရသော အတိုးအပွားဖြင့်သာ နံနက် အရုဏ်ဆွမ်းကို ကပ်လှူကြသည်၊ လခစား ကပ္ပိယ ၃-ယောက်တို့က ချက်ပြုတ်စီမံ၍ ကပ်ကြသည်၊ **နေ့ဆွမ်းအတွက်မှာ မူကား ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး တပါးတည်း ဆွမ်းခံတော်မူသော ဆွမ်း-ဆွမ်းဟင်းများဖြင့် သံဃာတော် တရာကျော်, ကျောင်းသား ၃၀-ကျော် လောက်င ပြည့်စုံလေသည်။** ကျောင်းတော်ရာ ဆရာတော်ကြီး ဆွမ်းခံကြွတော်မူရာ၌ ဆွမ်းနှင့် ငှက်ပျော,အုန်းစသော သစ်သီးများကို လှည်းနှင့် သယ်ယူရသည်၊ ဆွမ်းဟင်းများကို ကပ္ပိယ ၂-ယောက် ထမ်းယူကြရသည်၊ ဆွမ်းဟင်း ခွက်တရာကျော်, နှစ်ရာခန့် ရသည်၊

ဆွမ်းဟင်းထမ်း ကပ္ပိယ ၂-ယောက် သီးခြားလခပေး၍ ငှား ထားရသည်။ ဆရာတော်ဘုရားကြီး သီတင်း ဝါလကျွတ်၍ ရန်ကုန်သို့ ပြန်ကြွတော်မူသော အခါ၌ သံဃာထဲမှ သဒ္ဒါ တရားရှိသော ဘုန်းကြီး ၃-ပါးတို့သည် မြို့အရှေ့ပိုင်း၊ အလယ် ပိုင်း၊ အနောက်ပိုင်း တပါးစီ တာဝန်ယူ၍ ဆွမ်းခံကာ လှူဒါန်း ကြသည်။

**သတင်းကြီးသောချဉ်ဟင်းနှင့် ငံပြာရည်ချက်**

ရွှေဟင်္သာ တောရ တိုက်၌ သံဃာ အရေ အတွက် တိုး တက် များပြား လာ သော် လည်း အရုဏ်ဆွမ်းမှာ ငါးခူ နှစ်ပိဿာနှင့် ချက်သော ချဉ် ဟင်း၊ ဆီ၊ ပုဇွန်ခြောက် နိုင်နိုင်နှင့်ချက်သော ငံပြာရည်ချက်၊ ဟင်းချို၊ အတို့ပေါင်း လေးမျိုးတို့ဖြင့် ဝအောင် ငှအောင် နေ့စဉ်ကပ်လှူကြသည်၊ ရွှေဟင်္သာ တောရ ချဉ်ဟင်းနှင့် ငံပြာ ရည်ချက်သည် စာသင်တိုက်နယ်ပယ်၌ ကျော်ကြားလျက် ရှိခဲ့ သည်။ အရုဏ်ဆွမ်း အတွက် သက္ကရာဇ် ၁၂၈၁-ခု နှစ်၌ ဝတ္ထုကမ်အသင်းကို တည်ထောင်ကြသော်လည်း အသင်းကို ခိုင်မြဲစေရန် ၁၂၈၉-ခုနှစ်သို့ရောက်မှ မှတ်ပုံတင် ပြုလုပ်ကြ သည်၊ အသင်းအမည်ကို ညောင်တုန်းမြို့ ရွှေဟင်္သာ တောရ သီရိမဟာ မင်္ဂလာရာမတိုက် သာသနပါလ အသင်း- ဟူ၍ အမည်ပညတ်သမုတ်အပ်သည်။ (အထက်ပါ အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့ဖြင့် ပြည့်စုံကောင်းမွန်ပုံကို ပြဆိုခြင်းသည် ဤစာ ရေးသော ဘုန်းကြီး ရွှေဟင်္သာ တောရတိုက်၌ နေခဲ့စဉ် အ ခါ က အခြေ အနေ ကို ပြဆိုခြင်း ဖြစ်သည်၊ ယခု ခေတ် အခြေအနေနှင့်မူကား ဆွမ်း ဆွမ်းရေး ကိစ္စဘက်၌ ဆိုနှင့်ရေ

တမျှ ကွာခြားလှပေသည်။ အဘက်ဘက်က ဆုတ်ယုတ်သဖြင့် ရွှေဟင်္သာတောရ သံဃာများသည် ခန္ဓာကိုယ် မျှတရုံ နှလုံးသွင်းခြင်း, စာပေအားထုတ်နိုင်ရုံ နှလုံးသွင်းခြင်း ဟူသော ယောနိသော မနသိကာရဖြင့် တကယ်ပင် ပစ္စဝေက္ခဏာ ဆင်ခြင်၍ ဘုဉ်းပေးကာ အားဖြည့်တော်မူကြရရှာပေသည်၊ မြို့နယ်ရှိ ဒကာတို့နှင့်တကွ အဝေးရောက် ဒကာ ဒကာမတို့ကလည်း စွမ်းနိုင်သမျှ ထောက်ပံ့လှူဒါန်းအားပေးကြပါ၏၊ သို့အားပေးကြသော်လည်း သံဃာအရေအတွက်ကလည်း ယခင်ထက် ပိုမိုများပြားခြင်း, လက်ရှိအခြေအနေအရ ကုန်ဈေးနှုန်း ကြီးမြင့်ခြင်း, ပြည်သူတိုင်းရင်းသားများစားဝတ်နေရေး ကျဉ်းမြောင်းလာခြင်းတို့ကြောင့် ဝတ္ထုငွေကြေး အကုန်အကျများလျက် ဆွမ်းနှင့် ပတ်သက်သောကုန်ပစ္စည်း အရနည်းကာ ယခင် ခေတ်အခါကဲ့သို့ ပြည့်စုံကောင်းမွန်ခြင်း မဖြစ်ပဲ ရှိရပေသည်)။

**၁၂၇၂-ခုနှစ် ပထမခေတ်** ပထမ တိုက်ကြပ်ဘုန်းကြီး ဦးဇာနက သည် ရန်ကုန်မြို့သို့ ကြွရသောကြောင့် ကျိုက်ထိုဇာတိဖြစ်သော ဦးသုမနကို တိုက်ကြပ် တင်မြှောက်ခဲ့ကြောင်းကို နောက်က ရေးသားခဲ့ပြီ၊ တိုက်ကြပ် ဦးသုမနကို တိုက်အုပ်အဖြစ် တင်မြှောက်ရန် တဆင့် လျှောက်ထားကြရာတွင်မှ ကျောင်းတော်ရာ ဆရာတော်ကြီးက သံဃကိစ္စ၌ သံဃာများက သင့်တော်သည်ဟု စီမံထားသည်ကို ဒကာများ ဝင်ရောက်မစွက်ဖက်ကြရန် တရားပြ ဟောပြောသောအခါ ဒကာများ နားလည်သဘောကျကာ ကျေနပ်ကြသည်။

**ဒကာများသတိပြုရန်** သာသနာတော်၏ အကျိုး စီးပွားကို လိုလားသော သဒ္ဓါတရား အမှန်ရှိကြသော ဒကာဒကာမတို့သည် သတိပြုရန် သင့်လျော်သော အချက်မှာ ဒကာဒကာမတို့နှင့် လက်ပွန်းတတီး ရင်းနှီးစွာ ဆက်ဆံတတ်ကာမျှနှင့် သာသနာတော်ကို သန့်ရှင်း စည်ပင် အောင် ဆောင်ရွက်နိုင်ရာသည်ဟု မယုံကြည်သင့်ချေ။

**ရိုးရိုးနေတတ်သော တိုက်အုပ်ဘုန်းကြီးလေး** တိုက်အုပ် ဘုန်း ကြီး ဦး ဝါယမ သည် သိက္ခာ ငယ်သေး သည့် ပြင် တည်ကြည် ဖြောင့်မတ် ရိုးသား စွာ စကားနဲနဲ ကျေးဇူးရှင်ကျောင်းတော်ရာ ဆရာတော်ဘုရား ကြီး၏ ဩဝါဒနှင့် သိက္ခာပုဒ်ကိုသာ လေးစား၍ ပရိယတ်နှင့် တိုက်တာ ကိစ္စ တာဝန်ကိုသာ မှန်မှန်ဆောင်ရွက်ကာနေသော ကြောင့် ထိုအချိန်က တိုက်အုပ်ဘုန်းကြီး ဦးဝါယမ သည် တိမ်ဖုံးသောလအသွင် ရွှံ့နွံတွင် အောင်းနေသော ပတ္တမြား စစ်ကဲ့သို့ ပေါ်လွင် ထင်ရှားခြင်း မရှိလှသေးပေ၊ **ကျောင်း တော်ရာ ဆရာတော်ဘုရားကြီး၏ ရှေ့သို့လှမ်း၍ ကွက်ကျော် မြင်တော်မူသော ဉာဏ်မျက်စိတော်ဖြင့်** စံကျောင်း ဆရာ တော် လောင်းလျာ တိုက်အုပ်ဘုန်းကြီးလေး တည်းဟူသော သစ်ပင်ပျိုကို ရေလောင်းပေါင်းသင်၊ မြေတောင် တင်ခြင်း နှင့် အလားတူသော အားပေးချီးမြှောက် ထောက်ခံခြင်း၊ အသိဉာဏ်ရှိကြသော သံဃာနှင့် ဒကာများ၏ အား ပေး ထောက်ခံခြင်းတို့ဖြင့် သာလျှင် ဥတုအာဟာရ ဓာတ်သက် ပြည့်ဝ၍ သည်းခံကာ တည်တန့် နိုင်ခဲ့ပေသည်၊ တည့်တည့် ဆိုရပါလျှင် ထိုအချိန် ထိုအခါက တိုက်အုပ် ဘုန်းကြီးလေး၏

ဂုဏ်ကို များများ မမြင်ကြ, မသိကြသေးဟုပင် ဆိုရပေမည်။

တိုက်အုပ်ဘုန်းကြီးလေး ဦးဝါယမ၏ ဂုဏ်ကို မသိကြ, မမြင်ကြသေးသည်မှာ အနေအထိုင် မကောင်းသောကြောင့်လည်းမဟုတ်၊ ရဟန်းကျင့်ဝတ် သီလသိက္ခာ ချို့ငဲ့သောကြောင့်လည်း မဟုတ်၊ ဒကာ ဒကာမတွေနှင့် ထွေးလုံးရစ်ပတ် ရောနှောနေတတ်သောကြောင့်လည်းမဟုတ်၊ တိုက်တာစည်းမျဉ်း ဥပဒေသကို မလိုက်နာသောကြောင့်လည်းမဟုတ်၊ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုမနာမခံတော်လှန် သော ကြောင့် လည်း မဟုတ်၊ စာပေမတတ်သောကြောင့်လည်းမဟုတ်၊ **ဒကာ ဒကာမအချို့ ဂုဏ်ကို မသိမမြင်ကြသော အကြောင်းရင်းစစ်မှာမူကား ရဟန်းကောင်း ပီပီသမာဓိ ဂတိပြည့်ပြည့်နှင့် ပိပိယိယိ ရိုးရိုးကလေး နေတတ်သောကြောင့်သာ** ဘုန်းကြီးရိုးကလေးပဲ၊ ဘာမှပြောတတ် ဆိုတတ် မရှိရှာဘူး ဟူသော သဘောဖြင့် အမှတ်မဲ့နေကြခြင်းဖြစ်၏။ အပြင်အပ ပုဂ္ဂိုလ်များက ခေတ်မသိသေး၍ လူကြိုက် မများသေးသည်ကိုသာ ဆိုရသည်၊ အတွင်းသိ သံဃာများ၏ ကြည်ညိုလေးစားမှုကိုကား ခံယူရရှိပါသည်။

**၁၂၇၂ ခုနှစ်တိုင် ထိုခေတ် စာချဆရာတော်** ရွှေဟင်္သာ တောရ တိုက် တွင် ထိုအချိန်၌ စာပေ ပို့ချလျက်ရှိသော ဆရာတော် များမှာ ပုပ္ဖာရုံကျောင်း၌ ဆရာတော် ဦးသူရိယ, ဗောဓိ ကျောင်း၌ တော်ကူး ဆရာတော်, ရွှေနံ့သာ ကျောင်း၌ စည်တီးဆရာတော် ဦးကလျာဏ, ရတနာမှန်ကျောင်း၌ ဋီကာကျော် ယော

ဇနာ ကျမ်းပြုဆရာတော် ၊ ဦးဉာဏိန္ဒ, မင်္ဂလာ စံကျောင်း၌ တိုက်အုပ်ဆရာတော်တို့ဖြစ်ကြသည်။ ထို့ပြင်- နောင်အခါ၌ နိုင်ငံကျော် ဖြစ်လတံ့သော အရှင်အာဒိစ္စဝံသ, ပြွန်တန်ဆာ အဂ္ဂမဟာပဏ္ဍိတ-သောဘဏိကာရုံ ဆရာတော်ဖြစ်လတံ့သော အရှင်ဥာဏိန္ဒ, ရန်ကုန် နန္ဒဝန်ကျောင်း ဆရာတော် ဖြစ်လတံ့သော အရှင်မမွောဒယ, ပုသိမ်မြို့-ခါတော်မှီ ဆရာတော် ဖြစ်လတံ့သော အရှင်ကောဝိဒတို့သည်လည်း လက်ထောက် စာချ အဖြစ်ဖြင့် စာပေပို့ချလျက် ရှိတော်မူကြသည်၊ ထို ဆရာတော်များသည် စာပေပို့ချရင်းပင် ဟံသာဝတီ သတင်း စာ၌ ဘာသာရေးဆိုင်ရာ ဆောင်းပါးများကိုလည်း ရေး သားတော်မူကြသည်၊ ပါဠိအဋ္ဌကထာ ဋီကာတို့၌ ခဲရာခဲဆစ် အချက်အလက်များကို ကျမ်းဂန်အကိုးအကား အာဂမယုတ္တိ, သဘာဝယုတ္တိတို့ကို ထုတ်ဆောင်၍ အတုံ့အပြန် ရေးသားကြ သည်၊ အရှင်အာဒိစ္စဝံသက ပညာဝန် ဦးဘိုးစ အမည်ဖြင့်ရင်း, သောဘဏိကာရုံဆရာတော်အရှင်ဥာဏိန္ဒက ဦးတုံးချွန်အမည် ဖြင့်ရင်း, တိုက်ဦးကျောင်း ဘုန်းကြီး (ရန်ကုန်ကျောင်းတော် ရာ ရွှေကျင်တိုက်-မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဇောတ)က ပညာအုပ် ဦးထွန်းလင်း အမည်ဖြင့်ရင်း, ရန်ကုန်မှ ဦးဥက္ကလာပ, နတ်ရဟန်း, ဦးနတ်သားတို့နှင့်အပြိုင် ရေးကြသည်မှာ သူ့ခေတ်နှင့်သူဆိုသလို စာဖတ်သူတို့၌ ဓမ္မ သိင်္ဂါရရသ, ဟာဿရသ, ဝီရရသစသော စာအရသာများကို ခံစားကြရပေသည်၊ မြတ်စွာဘုရား၏ သန္တာန်တော်၌ သက္ကာ ယရှိ,မရှိကိုလည်း အကြီးအကျယ် ငြင်းခုံ ရေးသားကြသည်၊ ထိုပုဂ္ဂိုလ်တို့သည် ထိုအခါကပင် ထူးချွန်ခဲ့ကြသည်ကို ရင်း နှီးသော ပုဂ္ဂိုလ်ချင်း သိရှိခဲ့ကြပေသည်၊ ဆူးများသည်ကြီးမှ

ချွန်သည်မဟုတ်၊ ထွက်ပေါ်စကပင် ချွန်လျက်ပါရှိလာသည်ဟု အရှင်သာရိပုတ္တရာ မိန့်ကြားခဲ့သည်နှင့် ညီသော ပုဂ္ဂိုလ်များဖြစ်ကြပါပေသည်။

တော်ကူး ဆရာတော်သည် စာချကောင်းသည်ဟု သိရသည်၊ ညဝါဘက်၌သာ နိုင်နင်းတော်မူသည်ဟု သိရသည်၊ စံကျောင်းဆရာတော်သိက္ခာ ၉-ဝါရစဉ်က တော်ကူးဆရာတော်ထံ၌ ပဋ္ဌာန်းကုန်အောင် ဟောခဲ့ရသေးသည်၊ စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင်ဆရာကြီး (ယခုအသက် ၉၄ နှစ်ရှိ) ဒေါ်မာလာရီစသော သီလရှင်များသည် ငယ်စဉ်က ညောင်တုန်း ရွှေဟင်္သာတောရတိုက် ထရံကာ ဆရာကြီးထံ၌ စာနာကြဘူးသေးသည်ဟုသိရသည်၊ ထရံကာဆရာတော်လူထွက်-ဆရာကြီးသည် ရွှေဟင်္သာ တောရတိုက်၌ စာချခဲ့ဘူးသေးသည်။

ဋီကာကျော်ယောဇနာကျမ်းပြု အရှင်ဉာဏိန္ဒဆရာတော်သည် ထင်ရှားသော ဆရာတော်ဖြစ်သည်၊ မာဂဓ, သက္ကဋ စွယ်စုံကျမ်းကျင်တော်မူသော ဆရာတော် ဖြစ်သည်၊ အရှင်အာဒိစ္စဝံသသည် ဆရာတော်အရှင်ဉာဏိန္ဒ၏ တပည့်ဖြစ်သည်။

**စည်တီး ဆရာတော်** စည်တီးဆရာတော် ဦးကလျာဏသည် စာတော်သော ဂုဏ်အပြင် သီလ သိက္ခာ၌ လေးစားရိုသေသော ဂုဏ်နှင့်တကွ သိမ်မွေ့သော ကိုယ်နှုတ်အမူအရာရှိတော်မူသည်၊ တပည့်များကိုလည်းစကားနုံနုံနှင့် အဘိုးတန်သော ဩဝါဒကိုပေး၍ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သည်၊ ပျံလွန်တော်မူခါနီး ရောဂါဒဏ်ကို

ခံစားတော်မူနေရသော အချိန်၌ပင် ဤစာရေးသော ဘုန်းကြီး စစ်ကိုင်းသို့ ပြန်ရမည်ဖြစ်၍ စည်တီး ဆရာတော်အား ကန်တော့သောအခါ သာသနာတော်ကို ဆက်လက် စောင့်ရှောက်ရန်, သာသနာပြု, သာသနာစောင့် ပုဂ္ဂိုလ်ဟူကလည်း သည်းခံမှု တရားကို ကြီးကြီး ထားရသည်ဟု တိုတိုတောင်းတောင်း အနုဋ္ဌ ဩဝါဒကထာဖြင့် ချီးမြှောက်တော်မူလိုက်ပါသေးသည်။

ပဲခူးမြို့အနီး-စည်တီးရွာ၌ မူလဆရာဘုန်းတော်ကြီးပျံလွန်တော်မူ၍ ပင့်ကြသောကြောင့် ပဲခူးစည်တီး(အထက်စည်းတီးရွာ) ကျောင်း၌ သံဃာ ၃-၄-ဆယ်ကို စာပေပို့ချနေတော်မူစဉ်၌ ပဲခူးရွှေကျင် ဂိုဏ်းကြီးကို ကြီးမှူး အုပ်ချုပ်တော်မူသော ကျိုက္ကစံဆရာတော် ပျံလွန်တော်မူခြင်းကြောင့် ပဲခူးရွှေကျင်ဂိုဏ်း၏ ဗဟိုဌာန ပိနည်းစာပြန်ပွဲ ပြုလုပ်ရာဌာနဖြစ်သော ကြခတ်ဝိုင်းကျောင်းတိုက်၌ ဂိုဏ်းကို စောင့်ရှောက်ချီးမြှောက်သောအားဖြင့် သီတင်းသုံးတော်မူရန် ဂိုဏ်းသံဃာက ပင့်လျှောက်သဖြင့် ကြခတ်ဝိုင်းကျောင်းတိုက်သို့ ရွှေ့ပြောင်း သီတင်းသုံးတော် မူရပြန်သည်၊ ထို့နောက် ၁၂၇၉-ခုနှစ်၌ ပုပ္ပါရုံဆရာတော် ဦးသူရိယနှင့်အတူ ကျိုက္ခမီ တိမူလာရုံတောရကျောင်း၌ တပည့်မထား, ကပ္ပိယ လက်မခံပဲ၊ နှစ်ပါးတည်း သီတင်းသုံးတော်မူကာ ပိဏ္ဍပါတ်စသော ဓုတင်နှင့်တကွ ပဋိပတ် ကျင့်ဝတ်ကို သက်တော် အဆုံးတိုင် အားထုတ်တော်မူသည်။

တိမူလာရုံ တောရကျောင်း၌ မကျန်းမာတော်မူသဖြင့် ညောင်တုန်းက သွားရောက်ပင့်ယူကာ ဆေးဝါးကုသ၍ တတ်

နိုင်သမျှ ပြုစုကြပါသော်လည်း ရောဂါမှာ လွန်နေပြီ ဖြစ်၍ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်၌ပင် ၁၂၉၃-ခုနှစ်၊ နတ်တော်လဆန်း ၈-ရက်နေ့ ပျံလွန်တော်မူသည်၊ ၁၂-ရက်နေ့ သင်္ဂြိုဟ်ကြသည်၊ ၅-ရက်သာထား၍ နံ့သာ ထင်းပုံထက်သို့တင်ကာ အနိစ္စာဝတ-စသော သံဝေဂဂါထာများကို ရွတ်ဆို၍ အရိယာသူတော်ကောင်းတို့၏ ထုံးနည်းအတိုင်း ပူဇော်ခြင်းဖြင့် သင်္ဂြိုဟ်ပူဇော်လိုက်ကြသည်။ စည်တီးဆရာတော်၏ ရုပ်ကလပ်ကို မီးသင်္ဂြိုဟ်မည်ကို သိ၍ ဒကာ - ဒကာမတို့က နံ့သာထင်းတွေ လာရောက် လှူဒါန်းကြသည်မှာ အခြားထင်း မရောဘဲ နံ့သာထင်းဖြင့်သာ သင်္ဂြိုဟ်သော်လည်း မကုန်မခမ်းနိုင်အောင် များပြား ပိုလျှံနေသဖြင့် ဆေးအလှူငှာ သံဃာများအား ဝေ၍ လှူဒါန်းရသေးသည်ဟု သိရှိရသည်။

**ပုပ္ဖါရုံဆရာတော်** ပုပ္ဖါရုံ ဆရာတော် ဦးသူရိယသည်လည်း ဆရာနည်းကျ စာတတ်စာချ ဆရာတော်တပါး ဖြစ်တော်မူသည်၊ နှလုံးကောင်း ယဉ်ကျေးသိမ်မွေ့စွာဖြင့် သီလသိက္ခာကို အထူးလေးစားတော်မူသည်၊ နိဝါတနိမာနဂုဏ်နှင့်လည်း ပြည့်စုံတော်မူသည်၊ စံကျောင်းဆရာတော်ဘုရားသည် သိက္ခာဝါအကြီးဆုံးဖြစ်၍ သံဃာများအား နိဿယ အာစရိယဆရာ အဖြစ်ဖြင့် ချီးမြှောက်ရသောအခါ၌ ပုပ္ဖါရုံဆရာတော်သည်စံကျောင်းဆရာတော်အောက် တဝါမျှသာ ငယ်ပါလျက် စံကျောင်း ဆရာတော် ထံ၌ အများ သံဃာတော်နှင့် မခြား နိဿယည်း ယူ၍ ဩဝါဒ ခံယူကာ သီတင်းသုံးတော်မူသည်၊ စံကျောင်းဆရာတော်က ငြင်းပယ်၍ ခွင့်လွှတ်သော်လည်း တိုက်တွင်း၌

သီတင်းသုံးနေသမျှ နိဿယည်းတပည့်အဖြစ်ဖြင့်သာ နေတော်မူသည်၊ ၁၂၇၇-ခုနှစ်၌ ကျိုက္ခမီ တိမ္ဗူလာရုံ တောရသို့ ကြွရောက် သီတင်းသုံး၍ ရဟန်းတရားကို အားထုတ်တော်မူသည်။ စံကျောင်းဆရာတော် တိုက်တွန်း၍ တိမ္ဗူလာရုံတောရ၌ သီတင်းသုံးတော်မူစဉ် **မာနသာဘိမဒ္ဒနကျမ်း** စာတစောင် ရေးတော်မူသည်၊ ပုပ္ဖာရုံဆရာတော်သည် တိမ္ဗူလာရုံတောရ၌ပင် ၁၂၉၂-ခုနှစ် ကဆုန်လဆန်း ၇-ရက်နေ့၌ ပျံလွန်တော်မူသည်၊ ၉-ရက်နေ့၌ မီးသင်္ဂြိုဟ်ကြသည်၊ ပုပ္ဖာရုံ ဆရာတော် ပျံလွန်တော်မူခါနီး၌ စံကျောင်းဆရာတော်ထံ ကြေးနန်းဖြင့် ပင့်သောကြောင့် စံကျောင်းဆရာတော် ကိုယ်တော်တိုင် ကြွကာ ကြပ်မတ် သင်္ဂြိုဟ်တော်မူသည်၊ ဤနေရာ၌ ပုပ္ဖာရုံ ဆရာတော်ကို မီးသင်္ဂြိုဟ်ပုံနှင့်တကွ တိမ္ဗူလာရုံ တောရအကြောင်းကို စံကျောင်းဆရာတော်ဘုရား ကိုယ်တိုင် ချီးမြှင့်ရေးပို့တော်မူသော စာတဆောင်ကို ဖော်ပြလိုက်ပါသည်။

**စံကျောင်းဆရာတော်ထံမှ** ၉၂-ဆုန်- ဆန်း ၁၀၊
**စာမူအတိုင်း** မေတ္တာရှေ့ထား၍ ကြားသိစေအပ်သည်၊ ရွှေဟသာၤ ချောင်ဘုန်းကြီး၊ အကြောင်းမှာ· ဆရာသည် ပုပ္ဖာရုံဘုန်းကြီးမမာ၍ သေလိမ့်မည်ထင်သောကြောင့် ဒကာများက အမြန်လာရန် သံကြိုးရိုက်ကြသဖြင့် ကျိုက္ခမီသို့ တန်ခူးလဆုတ် ၁၁-ရက်နေ့က ရောက်၏၊ ပုပ္ဖာရုံ ဘုန်းကြီး သည် ကဆုန် လဆန်း ၇-ရက်နေ့က ပျံတော်မူ၏၊ ၉-ရက်နေ့၌ တလားလောင်တိုက်ပြာသာဒ်မပါ ကျောင်းတိုက်၏ တောင်ဘက်၌ သဲဖြူခင်း, ရာဇမတ်ကာ, ငှက်ပျောပင်စိုက်, ငှက်ချေးခံ တိုင် လေးတိုင်

စိုက်၍ ၎င်းအတွင်း၌ ပုံထားအပ်သော ထင်းပုံထက်သို့ တင်၍ ပန်းစသည်တို့ဖြင့် ပူဇော်လျက် မီးသင်္ဂြိုဟ်လိုက်၏၊ စည်တီး ဆရာတော်လဲ အတော်ပိန်နေ၊ မာလဲကောင်းကောင်းမမာ၍ ညောင်တုန်းက ဒကာများကလဲ ပင့်၏၊ ဆရာတော်ကလဲ လိုက်ဘို့ ဝန်ခံ၏။ သို့သော်လဲ တောကျောင်း၌ ဆရာသမားနေရာကို မပျက်မစီးအောင် စောင့်ရှောက်ဘို့ ပုဂ္ဂိုလ်မရှိပဲ ပစ်သွားရန် မလျော်သောကြောင့် ခေတ္တဆိုင်းနေ၏၊ ချလည်း ချပြီး ခါစဖြစ်၍ ဒကာများကို ပြောဘို့လဲ မကောင်းသေးသောကြောင့် အသာဆိုင်းနေ၏။

နေရာကလေးသည် မြို့နှင့်မနီးမဝေး၊ ဂမနာ ဂမနနှင့်လည်း ပြည့်စုံ၏၊ အရိပ်အာဝါသနှင့်လည်း ပြည့်စုံ၏၊ နေရာကုန်းကလေးကလည်းကောင်း၏၊ အလိုလိုပေါက် နေသော ဒညင်း, သစ်တို့, တောင်သလဲ, သစ်ချ, နတ်ကွမ်းသီး, စွန်ပလွန်ပင် စသည်တို့နှင့်လည်း ပြည့်စုံ၏၊ ရေတွင်းနှင့်လည်း ပြည့်စုံ၏၊ ဖင်လယ်ကမ်းခြေနှင့်မဝေးသောကြောင့် လေသန့်လေကောင်းလည်းတိုက်၏၊ အင်္ဂလိပ်များ ပင်လယ်ကမ်းခြေ၌ အဆောက်အဦ များစွာ ဆောက်လုပ်ထားကြ၏၊ ဆွမ်း ကွမ်းနှင့်လည်း ပြည့်စုံ၏၊ အသွားအပြန် တနာရီခန့်သာ ကြာ၏၊ ဆွမ်းသပိတ် ပြည့်ပြည့်ရ၏၊ နှစ်ပါးခံက ၂-သပိတ်၊ သုံးပါးခံက ၃-သပိတ်ရ၏၊ ကျောင်းဒကာများလဲ ဘောဂဗလနှင့် ပြည့်စုံကြ၏၊ တောကျောင်းဆိုသော်လည်း အကယ်၍ သံဃာမွေးလိုက သံဃာအစိတ် သုံးဆယ် မွေးရန် ခဲယဉ်းလိမ့်မည်မထင်၊ ဆရာတို့လဲ နေဘို့ အလွန်ဆန္ဒရှိသော်လဲ နေဘို့ရန် အလွန်ခဲယဉ်း၏၊စည်တီးဆရာတော်လဲခန္ဓာကိုယ်က မခန့်သည့်

အတွက်ကြောင့် တပါးတည်းနေဘို့ရန် ခဲယဉ်း၏၊ သည်နေရာမျိုးမှာ ဆရာသမားနှင့် စိတ်စပ်၍ ဒကာ ဒကာမ၏ သဒ္ဓါတရားကို စောင့်ရှောက်ရန် တတ်နိုင်သောသူတို့နှင့်သာ သင့်တော်၏၊ ကျိုက္ခမီကလူများလည်း စိတ်နှလုံး ကောင်းကြ၏၊ ရိုးဖြောင့်ကြ၏၊ ဆိုဆုံးမအပ်သောစကားကို နာယူလွယ်၏၊ သည်နေရာမျိုးမှာ နေရလျှင် စိတ်နှစ်လုံးများစွာ ချမ်းသာလိမ့်မည်ထင်၏၊ ဆရာဖြင့် စစ်ကိုင်းတောင်ထက် သဘောကျ၏၊ကျောင်းတိုက်ပတ်လည်၌တောသာရှိ၍ အလွန်ဆိတ်၏၊ ဆရာဖြင့် သည်မှာနေဘို့ များစွာစိတ်ကူးမိ၏၊ သည်ကျိုက္ခမီကို ရောက်ကတည်းကတပည့်ရွှေဟင်္သာဘုန်းကြီးဖြင့်တ ပါးတည်း နေရတာ အင်မတန် စိတ်ချမ်းသာလိမ့်မည်ဟူ၍ အောက်မေ့မိ၏၊ ဆရာလဲ ယခုဆွမ်းခံလိုက်နေ၏၊ တပည့်၏ကျန်းမာရေးကိုလည်း သိလိုသည်၊ စာရောက်လျှင် ရောက်ချင်း ကျန်းမာချမ်းသာကြောင်း စာတစောင်လောက် ပေးလိုက် စေလို၏၊ ဆရာလဲ တဆယ့် ငါးရက် လောက်တော့ အနည်းဆုံး နေရလိမ့်မည်။

စံကျောင်းဆရာတော်

ခေတ္တကျိုက္ခမီ တိမ္ဗုလာရုံတောရ။

စည်တီးဆရာတော်, စံကျောင်းဆရာတော်, ပုပ္ဖာရုံ ဆရာတော် ဤဆရာတော် သုံးပါးတို့သည် အစဉ်အတိုင်း တဝါကြီး တဝါငယ်သာ ဖြစ်တော်မူကြသော်လည်း အချင်းချင်း၌ ဂရုဂါရဝ အလွန်ရှိတော်မူကြသည်၊ ပျံလွန်တော်မူကြသည် တိုင်အောင် ရင်းနှီးခင်မင်ကြ၍ သမသီလာ, သမစိတ္တာ, သမ

ခေတု ဖြစ်တော်မူကြသည်- ကောသမ္ဗကခန္ဓက ပါဠိတော်လာ ဘုရားရှင်လက်ထက်တော်အခါ ပါစိနဝံသ(အရှေ့ ဝါးတော)၌ အရှင် အနုရုဒ္ဓ, အရှင်နန္ဒိယ, အရှင်ကိမိလ တို့သည် မိမိတို့၏ စိတ်ကို ဖယ်ထား၍ ကျန်နှစ်ပါး၏ စိတ်အလိုကျဖြင့်သာ အညီအညွတ် သမဂ္ဂသမ္မောဒါနအနေဖြင့် သီတင်းသုံးတော်မူကြသည်နှင့် တူလှပေသည်။

**တိမူလာရုံ၌ သီတင်းသုံးတော်မူကြပုံ** ကျိုက္ခမီ တိမူလာရုံတောရ၌ စည်တီး ဆရာတော်နှင့် ပုပ္ဖာရုံ ဆရာတော်တို့ သီတင်းသုံးတော်မူသော အခြင်းအရာကို နည်းယူ တုပလိုသော သူတော်ကောင်းရဟန်းယော်များ အလို့ငှာ မိမိသိရှိသမျှဖော်ပြပါဦးအံ့။

ဆရာတော် ၂-ပါးသီတင်းသုံးတော်မူရန် သရက်, ပိန္နဲစသော ပင်မျိုးစုံဥယျာဉ်ကြီးကို တိမူလာရုံတောရ အမည်ဖြင့် လှူဒါန်းကြသည်၊ ကျိုက္ခမီမြို့-ဦးဘိုးဆင့်, ဦးညိုလှ, ဦးဘိုးဇာစသော ဒကာတို့သည် မူလရင်း ဒကာများ ဖြစ်ကြသည်၊ တပါးလျှင် ကျောင်းငယ် တကျောင်းစီ အပြင် ဆွမ်းစားကျောင်းငယ်ကိုလည်း ဆောက်လုပ်လှူဒါန်းကြသောကြောင့် ဆရာတော် ၂-ပါးသည်တကျောင်းတပါးစီ ဧကစာရီသီတင်းသုံးတော်မူကြသည်၊ နံနက် ဆွမ်းခံကြွချိန်၌ အချက်ပေးသံကို အမှတ်ပြု၍သင်္ကန်းသပ္ပာယ်တော်မူကြပြီးလျှင်ရွာတွင်းသို့ဆွမ်းခံကြွတော်မူကြသည်၊ ဆရာတော်များ ဆွမ်းခံကြွနေသည့် အချိန်၌ ကျောင်းဒကာများ ကိုယ်တိုင် ချိုးရေ,သုံးရေ,သောက်ရေများကို ရေစစ်ဖြင့်စစ်၍ ထည့်လောင်းကြသည်၊ နေရာခင်း

ကြ, တံမြက် လှည်းကြသည်၊ ဝေယျာဝစ္စ ပြုကာ ကုသိုလ် ယူကြသည်။

ကျောင်းအာရာမ်တွင်း၌ ဇရပ် ဆောက်ခွင့် မပြုသော ကြောင့် အာရာမ်ပြင်ဘက်၌ ဒကာများအတွက်ဇရပ်တဆောင် ဒကာမများအတွက် ဇရပ်တဆောင်ဆောက်လုပ် ထားကြ သည်၊ ထိုဇရပ်များ၌နေ၍ ဝတ်ပြုခြင်း, ဥပုသ်သီတင်းစောင့် ခြင်းကို ပြုကြရသည်၊ ဆရာတော်များ ဆွမ်းခံပြန်ကြွလာကြ လျှင် ဆွမ်းစားကျောင်း၌ သပိတ်များကိုထား၍ ရေသုံးသပ် ပြီးနောက်မှ ဆွမ်းဘုဉ်းပေးတော်မူကြသည်၊ ကိစ္စတာဝန်နည်း နိုင်သမျှ နည်းစေခြင်းငှာ ဆွမ်းဘုဉ်း ပေးရာ၌ထွေးခံကိုပင် မထားကြပဲ ပြူတင်းတံခါးပေါက်အနီး၌ဆွမ်းဘုဉ်းပေးတော် မူကြ၍ အလှယ်တကူ သပိတ်ဆေးရေကို စွန့်တော်မူကြသည်၊ ဆွမ်းစားကျောင်းနေရာမှာ ကုန်းစောင်းကလေး ဖြစ်၍ သွန် ပစ်သောရေသည် ရှိုထဲသို့ စီးဆင်း သွားပေသည်။

ဆွမ်းကိစ္စပြီးလျှင် မိမိတို့သပိတ်ကို မိမိတို့ကိုယ်တိုင် ဆေး ကြောသန့်စင်စေတော်မူပြီးလျှင် အသီးအသီး သီတင်းသုံးရင်း ကျောင်းငယ်များသို့ ကြွတော်မူကြသည်၊ အချည်းနှီးစကား, တိရစ္ဆာနကထာများကို အချင်းချင်းခပ်သိမ်းပြောဆိုမှု မပြုကြပေ၊ ညနေ ၅-နာရီခန့်၌ တခုသောနေရာတွင် ၂-ပါး ဆုံတော်မူ ၍ ဓမ္မသာကစ္ဆာ တည်းဟူသော တရားစကားကိုသာ ဆွေး နွေးတော်မူကြသည်၊ တနာရီခန့်မျှ ဆွေးနွေးတော် မူကြပြီး လျှင် သီတင်းသုံးရင်း ကျောင်းသို့ တပါးချင်းကြွ၍ ဘုရား ဝတ်ပြုပြီးကာလ တရားနှလုံးသွင်းကာ အချိန် ကုန်စေတော် မူကြသည်၊ ရပ်ဝေးမှ တပည့် သံဃာများ, ဒကာ ဒကာမ

များလာကြလျှင် ကျောင်းအာရာမ် အပြင်ဘက်၌ ရှိသော ဇရပ်များ၌သာ နေကြရသည်၊ ဆွမ်းခံကြွချိန်၌ ဇရပ်မှာပင် ခေတ္တအဖူးအမြော်ခံတော်မူ၍ ထိုက်သင့်သော ဩဝါဒတရားစကားအနည်းငယ်မျှကိုသာ မိန့်တော်မူကြသည်၊ ကျိုက္ခမိက ဒကာ, ဒကာမများ သီတင်းနေ့၌ ဖူးမြော် ကန်တော့ကြရန် သီလတောင်းယူဆောက်တည်ရန် လာကြသောအခါ၌လည်း အာရာမ် ပြင်ဘက် ဇရပ်၌သာ နေကြရသည်၊ ရွာတွင်းသို့ ဆွမ်းခံရန် ကြွတော်မူသောအခါ ဇရပ်၌ ခေတ္တရပ်တန့်တော်မူကြ၍ သီလပေးတော်မူကာ တိုတိုတုတ်တုတ် ဓမ္မဒေသနာဖြင့် ချီးမြှင့်တော်မူကြပြီးလျှင် ဆွမ်းခံကြွတော် မူကြသည်၊ ထို့နောက် နေ့စဉ်အားထုတ်မြဲ ပဋိပတ်ကိုသာအချိန်မှန်အားထုတ်တော် မူကြသည်၊ ငါတို့ဘာတရားကို အားထုတ်သည်၊ ဘယ်ဓုတင်ကို ဆောင်ကြသည်၊ ဘယ်အာရုံကို ရနေကြပြီစသည်ဖြင့် အရိပ်အရောင်မျှ ပြသ မိန့်ဆိုခြင်း မရှိကြကုန်၊ အကဲခတ်၍သာ သိကြရသည်မှာ မျက်မြင်ပိဏ္ဍပါတ်ဓုတင်နှင့် တကွ နိသဇ်ဓုတင်, ရုက္ခမူဓုတင်, အဗ္ဘောကာသိက ဓုတင်စသည်ဖြင့် အချို့ဓုတင်အမြဲ, အချို့ ရံခါ, ရနိုင်သမျှ ဓုတင်တို့ကို ဆောက်တည်တော်မူကြဟန်ရှိသည်၊ မေတ္တာသုတ်ကျင့်စဉ်နှင့် ညီညွတ်လှ၍ အလွန်လေးမြတ် ကြည်ညိုထိုက်သော ရဟန်းစစ် ရဟန်းကောင်း ဆရာတော်များ ဖြစ်ကြပါပေသည်။

**တိမ္ဗုလာရုံတောရ** ကျိုက္ခမိ တိမ္ဗုလာရုံ ရွှေဟင်္သာ တောရကျောင်းကို ၁၂၇၇-ခုနှစ်၌ ပုပ္ဖါရုံ ဆရာတော်တည်တော်မူသည်၊ သီးကွင်းဆရာတော် ဦးသုဇာတ

ဆရာတော် ဦးစိတြတို့နှင့်တကွ သုံးပါးစ၍ သီတင်းသုံးရာဌာန ဖြစ်သောကြောင့် တိမ္မလာရုံဟူ၍ သမုတ် အပ်သည်၊ ဦးသု ဇာတ, ဦးစိတြတို့သည် တဝ ါမျှသာ နေကြသည်၊ ပုပ္ဖါရုံဆရာ တော်ကား ၁၂၉၂-ခုနှစ် ပျံလွန်တော်မူသည်တိုင်အောင် ၁၃ နှစ် သီတင်းသုံးတော်မူသည်၊ စည်တီးဆရာတော် မကျွန်းမာ ၍ ညောင်တုန်းသို့ကြွရသဖြင့် တိမ္မလာရုံတောရကိုစံကျောင်း ဆရာတော်အား လွှဲအပ်တော်မူသည်၊ စံကျောင်းဆရာတော် က မိမိ၏ တပည့်ရင်းတပါးဖြစ်သော ဦးနန္ဒဝံသ (ယခုဇ္ဈာနိယ ဗာရာဏသီဆရာတော်)အား လွှဲအပ်၍စောင့်ရှောက်စေတော် မူသည်၊ ဦးနန္ဒဝံသသည် ငါးဝါမျှ သီတင်းသုံးခဲ့ရာ သံဃာ ၂၀-၂၅ အထိ စည်ပင်လာပေသည်၊ ထို့နောက် ဦးနန္ဒဝံသ သည်ကျန်းမာရေးကို ဖြည့်စွက်ရင်းသက္ကတစာပေဆည်းပူးရင်း ဗာရာဏသီသို့ ကြွတော်မူသည်မှာ ယခု သက်တော် ၇၀- ကျော်တိုင် ဗာရာဏသီ၌ ကျောင်းထိုင်ကာ သာသနာ ပြုနေလေသည်။

ဘုန်းကြီး ဦးနန္ဒဝံသ ဇ္ဈာနိယကြွသဖြင့် စံကျောင်း ဆရာ တော်ဘုရားက ယခုလက်ရှိဘုန်းတော်ကြီး ဦးနိမ္မလကိုစောင့် ရှောက်စေတော်မူပြန်သည်၊ ဦးနိမ္မလကား မြဲလျက်ရှိသည်၊ ယခုအခါတိမ္မလာရုံရွှေဟင်္သာတောရ၌ ကျောင်း ၅-ကျောင်း ဇရပ် ၂-ဆောင် ရှိ၍ ကျောင်းအာရာမ် မြေမှာ ၁၁-ကေ ကျော်ရှိသည်၊ ရေကောင်း, လေကောင်း, ဥတုရာသီကောင်း ၍ မွေ့လျော်ဖွယ် ရှိသည်၊ ဘုန်းတော်ကြီး ဦးနိမ္မလသည် အပြော အဟောကောင်း ဖြစ်သည်၊ အရာ အား လျော် စွာ အချက်အလက် အကွက်ကျကျ ပြောဆိုတတ်သည်၊ သာ

သနာစိတ်, ရွှေဟင်္သာ တိုက် စိတ် ထက် သန် ၍ ဆရာသမား များ၏ ဝါဒလည်း ခိုင်မြဲလှသည်၊ ညောင်တုန်း ရွှေဟင်္သာ တောရ ပ-ဒု စံကျောင်းဆရာတော်များ၏ တပည့်ရင်း ပီသ သည်၊ အဝေးရောက်တပည့်များ အနက် ရွှေဟင်္သာ တောရ တိုက်၏ အစီးပွားကို အလိုလားဆုံး ပုဂ္ဂိုလ်တို့တွင် ရွှေတန်း က ပါဝင်သော ပုဂ္ဂိုလ်ဖြစ်သည်၊ ယခု ရွှေဟင်္သာ တောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်- တိုက်အုပ်ဆရာတော် ဦးဝိမလ ပိုင်သော စစ်ကိုင်း တောင်ရိုး သုမနာရာမ ကျောင်းကိုလည်း ကျိုက္ခမိ တိမ္မူလာရုံတောရ ဘုန်းတော်ကြီး ဦးနိမ္မလသည်ပင် တာဝန်ယူ၍ စောင့်ရှောက်လျက် ရှိသည်။

**၁၂၇၃-ခုနှစ် ဒုတိယခေတ်** စည်တီး ဆရာတော်များ ပဲခူးမြို့သို့ ကြွ သွားတော်မူပြီးနောက် တိုက်ဦးကျောင်း၌ ဆရာတော် ဦးဇောတ (ယခု ရန်ကုန်မြို့ ကျောင်းတော်ရာတိုက် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ တိုက် အုပ်ဆရာတော်), စမွယ်ရုံကျောင်း၌ ဆရာတော် ဦးယုဂန္ဓရ, စွယ်တော်ကျောင်း၌ ဆရာတော် ဦးမာနဝ, မှန်ကျောင်း၌ ဆရာတော် ဦးကလျာဏ, ဗိုလ်ကျောင်း၌ ဆရာတော် ဦးဓမ္မ သာမိတို့ကို အသီးအသီး စာချ ဆရာတော်များ အဖြစ်ဖြင့် ကျောင်းတော်ရာ ဆရာတော် ဘုရားကြီးက ချီးမြှောက်၍ စာပေပို့ချကာ တိုက်တာ၏ တာဝန်ကို ဆောင်တော်မူကြ သည်၊ စံကျောင်းဆရာတော်သည် သိက္ခာ ဝါတော် ၂၀-ရ ရှိ၍ဆရာတော်ဘုရားကြီး၏ ဩဝါဒ နိဿျည်းကိုမှီကာ ကာလ, ဒေသ,ပုဂ္ဂလအားလျော်စွာ ပဋိသန္ထာရဉာဏ် ခတ်ခံရှိတော်မူ သည့်အလျောက် ရွှေဟင်္သာ တောရတိုက်ကြီးကို ပျက်စီး

ဆုတ်ယုတ်မှုမရှိရလေအောင် သံဃာတော်များ အပေါ်၌ မေတ္တာ,ကရုဏာ ရှေ့ထား၍ အုပ်ချုပ်ခြင်း,မကင်းရာမကင်းကြောင်း ရောက်ရှိလာသော ရှင်,လူ ပရိသတ်တို့ကို အရာဌာန အားလျော်စွာ ဆက်ဆံဆောင်ရွက် စီမံခြင်း, အကြံဉာဏ်ပေးခြင်း, နည်းကောင်းညွှန်ကြားခြင်း, ဩဝါဒမိန့်ခွန်းမြွက်ကြားခြင်း စသည်တို့ကြောင့် တိုက်တာ သံဃာ တပည့် ကြီးငယ် အပေါင်းတို့သည် ငြိမ်ဝပ်ပိပြား သာယာအေးချမ်းစွာ စည်းလုံးညီညွတ်မှုရှိကြလျက် လိုအပ်သော ပရိယတ္တိဓမ္မကို အငြိုအငြင် အပင်အပန်းမရှိ ဖိ၍အားထုတ်ကြရပေသည်။

ဒကာ ဒကာမတို့သည်လည်း စံကျောင်း ဆရာတော်ဘုရား၏ ဂုဏ်တော်များကို တနေ့တခြားတိုးတက်၍ ကြည်ညိုမှုများလာရုံသာမက သာသနာတော်နှင့် တကွ ရွှေဟင်္သာ တိုက်တာအရေး၌ လေးစားအားထား ဦးညွတ် ခစားလာကြလေပြီ၊ ဤအရာ၌ စာရေးသော ဘုန်းကြီးသည် **ဥပမာတခု ထင်မြင်လာပေသည်။ ထင်မြင်ပုံမှာ-မိုးဥတုအခါ မိုးရေခေတ်ကြောင့် မြက်ပင်ဟု ဆိုအပ်သော အနှစ်အသား မရှိသော ပေါင်းပင်တို့သည် တဟုန်ထိုး တခဏာခြင်းကြီးပွား ဖြစ်ထွန်း၍ မြေပေါ်၌ ရှုတ်ထွေးစွာ ပေါက်ရောက်ကြသော်လည်း မိုးခေတ်ကုန်၍ နေအဟုန်တောက်ပ အပူခေတ်ကျ ထိလျက် အပေါ်လျှံမြေလွှာ ခြောက်သွေ့လာသောအခါ ထိုမြက်ပင် ပေါင်းပင်တို့သည် တဖြည်းဖြည်း ညှိုးကျကွယ်ပျောက် သေကျေပျက်စီးခြင်းသို့ ရောက်ကြကုန်၏၊** ထို မြက်ပင် တို့၏ အကြား၌ ဥယျာဉ်မှူးက အထူး စောင့်ရှောက်၍ စိုက်ပျိုးအပ်သော သရက်, ပိန္နဲ စသော အနှစ်အသားပြည့်လျှံ အဘိုးတန်

သစ်ပင်တို့သည် ပင်စည်ကိုင်းခက် အရွက်အလက်တို့ဖြင့် စိမ်းစို ဝေဆာစွာ ပေါ်တက် ကြီးပွားလာသကဲ့သို့ စံကျောင်းဆရာတော်ဘုရားသည် တပည့်သံဃာ တရာကျော် အခြံအရံဖြင့် သိုက်မြိုက်တင့်တယ်စွာ ထင်ပေါ်ကာလာလေတော့သည်။

ပကတိအနေတည်ခြင်း, ဆရာတော်ဘုရားကြီး၏ ဩဝါဒ မိန့်ခွန်းကို တစွန်းတစမကျန် တော်လှန်ငြင်းဆန်မှုမရှိ ရိုသေလေးစားစွာလိုက်နာတော်မူခြင်း, သီလသိက္ခာကို စောင့်စည်းခြင်း, ရဟန်းကျင့်ဝတ်နှစ်ပါး၌သာ စိတ်ကိုချထားတော်မူ၍ တနေ့လျှင် စာဝါ ၄-၅-ဝါ ပို့ချတော်မူခြင်း, ဗာဟိယကိစ္စ နဲပါးခြင်း, လမ်းမှန်ခြင်း, ခမာစသော နာယက ဂုဏ် ၆-ပါး, သင်္ဂဟတရား ၄-ပါး, အဓိပတိတရား ဆယ်ပါးတို့နှင့် ပြည့်စုံတော်မူခြင်း စသော ဂုဏ်အရည်အသွေးတို့သည်လည်း ဆေးကြောပွတ်တိုက်အပ်သော တွင်းထွက်ပတ္တမြား ရတနာအနှစ်ကဲ့သို့ ထွန်းသစ်ပွင့်လင်းကာ ခေတ်ပြောင်း၍ လာခဲ့လေပြီ။

**မှန်ကျောင်းဘုန်းကြီးကလေး** ဤအချိန်၌ စံကျောင်းဆရာတော်ဘုရား၏ တပည့်ကြီးများစွာတို့တွင် မှန်ကျောင်းဘုန်းကြီးကလေး ဦးကလျာဏသည် တပါးအပါအဝင်ဖြစ်သည်၊ မှန်ကျောင်း ဘုန်းကြီး ဦးကလျာဏသည် အစိုးရပထမပြန် စာမေးပွဲ၌ ပထမကြီးတန်းကို ဖြေဆိုအောင်မြင်တော်မူ၍ သိက္ခာ ၅-ဝါမျှဖြင့် ဒုတိယ စာချ မှန်ကျောင်းဘုန်းကြီးအဖြစ်ဖြင့် ချီးမြှောက်ခြင်းကို ခံယူရသည်၊ ထိုစဉ်က အရပ်ရပ်၌ပင် ပထမကြီးအောင်မြင်သော ပုဂ္ဂိုလ် ရှားပါးသေးသောအခါဖြစ်ရာ ရွှေဟင်္သာ တောရ

တိုက်၌လည်း ဦးကလျာဏတပါးသာ ပထမကြီး အောင်ပြီးရှိသေးသည်၊ ဦးကလျာဏသည် နိုးကြားထကြွလုံ့လဝီရိယ အလွန်ရှိတော်မူသည်၊ ဆင်းရဲပင်ပန်းမှုကို မငြီးမငြူသည်းခံတော်မူတတ်သည်၊ တပည့်တို့အား ယဉ်ကျေးလိမ္မာအောင်,စာပေ၌စိတ် ဝင်စား အောင်, သဒ္ဓါ,စေတနာ ထက်သန်အောင် အပြောအဟော ဆုံးမသွန်သင်မှု ကောင်းလှသည်၊ ဆောင်ရွက်ထိုက်သော ကိစ္စတာဝန် မှန်သမျှတို့၌ မျက်နှာလွှဲခဲပစ်မရှိ၊ ကိုယ်ဖိရင်ဖိ ကိုယ်တိုင်ရှေ့ဆောင်၍ ပြုလုပ်တော်မူတတ်သည်၊ အများ၏အကျိုးစီးပွားကို လိုလားသော ဆန္ဒဓာတ်ရှိသည်။ အအိပ်အနေနဲသည်၊ အစားအသောက်၌ ခုံခုံမင်မင်မရှိ၊ အများနှင့် တန်းတူ ရသမျှနှင့် ရောင့်ရဲတော် မူ တတ် သည်၊ လဘက်ရည် ကြမ်းဝိုင်းစသည်ဖွဲ့၍ အချိန်ဖြုန်းလေ့မရှိ၊ လဘက်ရည်ကြမ်းကိုလည်း အချော်းခပ်သိမ်းသောက်လေ့မရှိ၊သစ်သီး, မုံ့ပဲ, နွားနို့ စသည်ကို အတော်အသင့် ဘုဉ်းပေးရလျှင် ဆွမ်းကိစ္စပြီးနိုင်သည်၊ တပည့်များက ပြုစုရသည်မှာ သက်သာလွယ်ကူ၍ စိတ်ချမ်းသာကြရသည်၊မေတ္တာသုတ်လာ သုဘရဂုဏ်နှင့် ပြည့်စုံတော်မူပါပေသည်။

(ရေးရမည်ဆိုလျှင် မဆုံးနိုင်အောင် ရှိသေးသော်လည်း ရပ်လိုက်ရဦးမည်)။

မှန်ကျောင်းဘုန်းကြီး ဦးကလျာဏသည် စံကျောင်းဆရာတော်ဘုရား၏ ကိစ္စကြီးငယ်တို့၌လည်း စံကျောင်းဆရာတော်ဘုရား၏ ဆန္ဒတော်နှင့်အညီ အဘက်ဘက်မှ ကူညီဆောင်ရွက်တော်မူလေ့ရှိသည်၊ စာပေကိုလည်း မလစ်မလပ် ပို့ချတော်မူသည်၊ ရောက်လာသော ဒကာ,ဒကာမများကိုလည်း ကိစ္စ

အားလျော်စွာ တိုတိုကျဉ်းကျဉ်းနှင့် ကျေနပ်အောင် ရှင်းလင်း ပြတ်သားစွာ ပြောဟောတော်မူတတ်သည်၊ စီမံခန့်ခွဲတော်မူ တတ်သည်၊ အသံတော်မှာလည်း အောင်မြင်သည်၊ ယင်းသို့လျှင် စံကျောင်းဆရာတော်ဘုရား၏ ကိစ္စတာဝန်တို့၌ ကူညီ ဆောင်ရွက်ခြင်း, တိုက်တာသံဃကိစ္စတို့၌ ဆောင်ရွက်ခြင်း တို့ကို အားထုတ်ပြုလုပ်သည်မှာ စေခိုင်းတိုက်တွန်းရခြင်း, အာမိသဖြင့် ချီးမြှောက်ခြင်းတို့ကြောင့်မဟုတ်၊ ပကတိ စိတ် ဓာတ်ကိုက ဆရာသမား၏ အကျိုးစီးပွားကို လိုလားတတ် သောသဘော, တိုက်တာ၏ အကျိုးစီးပွားကို လိုလား၍ စည် ပင် တိုးတက်စေလိုသော သဘော, သံဃာများ ချမ်းသာ၍ ခုရ နှစ်ထွေ၌ ပြည့်စုံစေလိုသော သဘောတို့ကြောင့်သာလျှင် အားထုတ်ဆောင်ရွက်တော်မူခြင်းဖြစ်သည်။

**တိုက်ကြပ်ဖြစ်ခြင်း** ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ= ကောင်းစွာ ပြုကျင့် အားထုတ် အပ် သော အကြောင်းတရားသည် ကောင်းကျိုးချမ်းသာကို ပေး ဆောင်တတ်သည်ဟူသော ဒေသနာတော်အရပင် နောက်က ရေးသားဖော်ပြခဲ့ပြီးသော နည်းတို့အတိုင်း ပင်ပန်းသည် ဆင်းရဲသည် စသည်ဖြင့် မငြီးမတွား စေတနာ သဒ္ဓါတရားနှင့် ဆောင်ရွက်လာခဲ့ရာ သိက္ခာတော် ဆယ့်ဝါ ရရှိသောအခါ တိုက်သား သံဃာနှင့်တကွ တိုက်ကိုဦးညွှတ်ဆည်းကပ်ကြသော ဒကာ, ဒကာမတို့သည် အလိုအလျောက် မှန်ကျောင်း ဘုန်း ကြီး ဦးကလျာဏကို တိုက်ကြပ်ဘုန်းကြီး, တိုက်ကြပ်ဘုန်းကြီး ဟူ၍ သမုတ်ခေါ်ဝေါ်ကြတော့သည်၊ တိုက်သားသံဃာများ ကြည်ညို လိုလားသောပုဂ္ဂိုလ်ကိုသာ တိုက်အုပ် တိုက်ကြပ်

စသည်ဖြင့် တင်မြှောက်ကြမြဲ အစဉ် အလာ ရှိသည် ဖြစ်၍ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးနှင့် စံကျောင်းဆရာ တော်ဘုရားတို့သည် သံဃာကိုထောက်လှမ်း စုံစမ်းမှု မပြုရ လောက်အောင်ပင် သံဃာ၏ဆန္ဒအာဘော်ကို သိရှိတော်မူကြ ပြီးဖြစ်၍ သက္ကရာဇ် ၁၂၇၅-ခုနှစ် ဝါခေါင်လဆန်း ၁၀- ရက် တနင်္လာနေ့၌ သိက္ခာ ၁၀-ဝါရပြီးသော မှန်ကျောင်း ဘုန်းကြီး ဦးကလျာဏကို ညဘက်ဘုရားဝတ်ပြုအပြီး သံဃာ့ ပရိသတ်အလယ်၌ မှန်ကျောင်းဘုန်းကြီး၏ ဂုဏ်ပုဒ်များကို ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ချီး ကျူး မြှက်ကြား၍ တိုက်ကြပ်အဖြစ် ခန့်အပ် တင် မြှောက် တော်မူသည်။

**မျက်နှာကြီးငယ် မကြည့်သင့်သောကိစ္စ** ဤကိစ္စမျိုး၌ စာဖတ်သူတို့သတိပြုရန် ကောင်းလှ၍ အနည်းငယ် ပြဆိုပါဦး အံ့၊ ဥပမာ-မြို့အုပ်,ဝန်ထောက်, ဆရာ ဝန်,စသည်ဖြင့် ရာထူးတင်မြှောက် ခံရအံ့သော ပုဂ္ဂိုလ်သည် မြို့အုပ်, ဝန်ထောက်, ဆရာဝန် ဖြစ်ပြီးသော်မှ သက်ဆိုင်ရာ အရည် အချင်းနှင့် ပြည့်စုံစေရမည်လော၊ သို့တည်းမဟုတ်၊ မြို့အုပ်, ဝန်ထောက်, ဆရာဝန် ဖြစ်ထိုက်သော အရည်အချင်း ဂုဏ်အင်္ဂါနှင့် များသောအားဖြင့် ပြည့်စုံပြီးသော ပုဂ္ဂိုလ်ကို သာမြို့အုပ်, ဝန်ထောက်,ဆရာဝန်အဖြစ်ခန့်အပ်မည်လော၊စင် စစ်သော်ကား အရည်အချင်းနှင့်ပြည့်စုံသူဖြစ်ပါသည်ဟု ကြား သိရပြီး ဖြစ်သည်တိုင်အောင် စမ်းသပ် စစ်ဆေးပြီးကာလမှ ထိုက်တန်သောရာထူး၌ ချီးမြှောက်ခန့်အပ်ရမြဲ ဖြစ်ပေသည်၊ အရေးကြီးသော ရာထူးဌာနန္တရ ဖြစ်မှုကား အရေးကြီးသ

လောက် အထူးသဖြင့် စိစစ်ရွေးချယ်၍ ခန့်အပ်ရမည်ကို သတိပြုအပ်လှပေသည်၊ တိုက်ကြပ် ဘုန်းကြီး ဦးကလျာဏ သည် ဆရာတော်ကြီးများက တိုက်ကြပ်ရာထူး ဂုဏ်ထူးဖြင့် အတည်ပြု၍ မချီးမြှောက်မီကပင်လျှင် တိုက်ကြပ်၏ အရည်အချင်းနှင့် တင်းတင်းကြီး ပြည့်စုံလျက်ရှိသောကြောင့်သာ မျက်နှာ ကြီးငယ်မလိုက်ပဲ သာသနာတော်နှင့် တိုက်တာ အဓွန့်ရှည်ကြာစွာ တိုးတက်စည်ကားကြီးပွားရေးကို ရှေးရှုတော်မူ၍ ဆရာတော်ကြီးများက ချီးမြှောက်ခန့်အပ်တော်မူကြပေသည်။

**ထေရဝိဒူ ဆရာတော်ကြီး** တိုက်အုပ်ဘုန်းကြီးနှင့် တိုက်ကြပ်ဘုန်းကြီး တို့၏အရည်အသွေးကို ကြိုတင်သိမြင်တော်မူသော အင်္ဂဝိဇ္ဇာ ထေရဝိဒူ ဖြစ်တော်မူသော ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးကိုလည်း အံ့သြထောမနာထိုက်လှပေသည်၊ တိုက်ကြပ်ရာထူးဖြင့် မှန်ကျောင်းဘုန်းကြီးဦးကလျာဏကို ချီးမြှောက်သောနှစ် ၁၂၇၅-ခုနှစ် ၌ပင် တိုက်အုပ်ဘုန်းကြီး ဦးဝါယာမကိုလည်း စံကျောင်းတိုက်အုပ်ဆရာတော်ဟူသော ဘွဲ့မည်ဖြင့် တဆင့်တက်၍ ချီးမြှောက်တော်မူပြန်သည်၊ တိုက်အုပ်ဆရာတော် သိက္ခာ ၁၂-ဝါ ရရှိတော်မူစဉ်ကပင် ဆရာတော်ကြီးက မင်္ဂလာစံကျောင်း၌နေရာချထားတော်မူသောကြောင့် စံကျောင်းတိုက်အုပ် ဆရာတော်ဟု ပညတ်တော်မူခြင်းဖြစ်သည်၊ တနေ့သောအခါ စံကျောင်းဆရာတော်အဖြစ်ဖြင့် သာသနာတော်၌ ထင်ရှားစွာ သာသနာတော်ကို စည်ပင်ထွန်းကား စေလိမ့်မည်ကို မြင်တော်မူသော ဉာဏ်တော် ရှင်ပါတကား။

ကွဲပြားမှုမရှိကြ ရွှေဟသ်ာတောရကျောင်းတိုက် သာသန်
တာ ဝန်ကြီး ကို ဆောက်ရွက် သည်ပိုး
တော်မူကြရာ၌ တိုက်အုပ်ဆရာတော်နှင့် တိုက်ကြပ်ဆရာတော်
သည် အချီအချ အတိုင်အဖောက်အလွန်ညီလှပေသည်၊ဆရာ
တပည့်ရင်းဖြစ်တော်မူသည်ကတကြောင်း,တပည့်ဒကာခွဲခြား
မှုမရှိသည်ကတကြောင်းကြောင့် တပါး၏အစီအမံကိုတပါးက
အနှောင့် အရှက်မပြု၊ ဖျက်ဆီးကန့်ကွက်မှု မရှိရုံသာမဟုတ်၊
တတ်နိုင်သမျှ ကူညီအားပေးတော် မူကြခြင်း, အချင်းချင်း
ငဲ့ကွက်တော်မူကြခြင်းဖြင့် သက်တော်ရှည်သမျှကာလပတ်လုံး
အရေးကြီးသော ကိစ္စဟူသမျှတို့၌ တသဘောတည်းသာ ဖြစ်
တော်မူကြသည်၊ **တပည့်အသီးအသီးတို့ နည်းယူဖွယ်ကောင်း
သည်မှာ ဆရာတော် ၂-ပါးသည် သူ့တပည့် ငါ့တပည့်ဟူ၍**
ခွဲခြားမှုမရှိ၊ ရောက်ရှိလာသမျှ ကြီးငယ်မရွေး၊ ကျောင်းသား
ငယ်ပင်ဖြစ်စေ ဆရာတော်၏တပည့် ဖြစ်စေသည်၊ ဆရာတော်
ကလည်း တိုက်ကြပ်ဆရာတော်ထံသို့ လွှဲအပ်လိုက်ကာ အုပ်
ထိန်းတော်မူကြသည်၊ တပည့်ကြီးငယ် အားလုံးတို့၏ စိတ်၌
လည်း ဆရာတော် ၂-ပါးတို့၏ တပည့်ဟူ၍သာ အမှတ်ပြု
လျက် ဆည်းကပ်ကြသည်၊ ဆရာတော် ၂-ပါးက နေရာချ
ထား၍ ဟိုကျောင်း သည်ကျောင်း၌ နေကြရစေကာမူ ဆရာ
တော် ၂-ပါးတို့၏ တပည့်အဖြစ်ဖြင့်သာ တကျောင်းတည်း၌
အတူနေကြသကဲ့သို့ အာရုံပြုလျက်ရှိကြသည်။

ဒကာ ဒကာမ ဆိုလျှင်လည်း ဆရာတော် ၂-ပါးလုံးသည်
သူ့ဒကာ ငါ့ဒကာ မခြားနား၊ ဆရာတော်နှင့် တကွသော
တကျောင်းတိုက်လုံး၏ ဒကာများဟူ၍ အမှတ်ပြုတော်မူကြ

သည်၊ မိမိတို့၏ ပုဂ္ဂလိကအဖို့အတွက် ဒကာ ဒကာမများထံ၌ ပစ္စည်းလေးပါးကို အလှူခံယူခြင်း မရှိသလောက် နည်းပါးတော်မူကြသည်၊ သံဃာများအတွက်သာလျှင် ဖြစ်စေတော်မူကြသည်၊ရွှေဟင်္သာတောရတိုက်နှင့်စပ်သော ဒကာ ဒကာမတို့သည်လည်း အများအားဖြင့် ကျောင်းတိုက် သံဃာကိုသာ အာရုံပြုကာ အားပေးထောက်ပံ့လှူဒါန်းတတ်ကြ၏၊ ပုဂ္ဂလိကကြည်ညိုသောဒကာ ရှားလှ၏၊ဒကာများသည် ဤသို့သံဃာကို အာရုံပြုသော အာရုံညွတ်သောဉာဏ်အမြင်ဖြင့် ကျောင်းတိုက်ကို ပစ္စည်းအားလူအားဖြင့် အားပေးကြည်ညို ထောက်ပံ့မှုတို့ကြောင့်လည်း ရွှေဟင်္သာတောရ ကျောင်းတိုက်ကြီးသည် ယနေ့တိုင် ခိုင်မြဲ တည်တံ့လျက် ရှိသည်ဟု ဆိုသင့်ပေသည်။

သာသနာတော်ကို ကြည်ညိုအားပေးသော ဒကာ,ဒကာမတို့တွင် ရွှေဟင်္သာတောရတိုက် ဒကာများကဲ့သို့သော ဒကာမျိုးကိုလည်း တွေ့မြင်ရခဲ့ပေသည်၊ ဤအချက် တို့သည် ရွှေဟင်္သာတောရတိုက်၏ ထူးခြားသောဂုဏ်ပုဒ်များဖြစ်ကြသည်၊ မူလက တဦးဦးသော ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ကျောင်းတိုက်သို့ ဆည်းကပ်လာသော ဒကာဖြစ်စေကာမူ ထိုပုဂ္ဂိုလ်ကပင် ဆရာတော်မှတဆင့် သံဃာ၏ဂုဏ်ကျေးဇူးကို မှန်ကန်သောအတိုင်း ဟောပြောညွှန်ပြခြင်းကြောင့် ထိုဒကာသည် တိုက်ဒကာ သံဃာ့ဒကာအဖြစ်သို့ ရောက်လေတော့သည်၊ ဒကာသည်လည်း သံဃာကိုအာရုံပြုကာ သာသနာတော်ကို အားပေးပူဇော်ရသဖြင့် ကျေးဇူးများသော ကောင်းမှုကုသိုလ်တို့ကို တိုးပွားကာ ရရှိပေသည်၊ အကယ်၍ ထိုဒကာကြည်ညို

ရင်းစွဲပုဂ္ဂိုလ်သည် အရပ်တပါးသို့ ကြွသွားဦးတော့ ဒကာသည် အခြေမပျက် ဆရာတော် သံဃာတော်များကို ဆက်လက်အားထား၍ ကောင်းမှုပွားများခွင့်ကို ရရှိနိုင်ပေသည်။

**ပုဂ္ဂလိကကျောင်း မရှိခြင်း** ရွှေဟင်္သာတောရတိုက်သည် စာသင်တိုက်များအနက် စည်းကမ်းဥပဒေများသော ကျောင်းတိုက် တတိုက်ဖြစ်ရာ ရွှေဟင်္သာတောရတိုက်အတွင်း၌ ပုဂ္ဂိုလ်တဦးတယောက်အား သီးခြားလှူသော ပုဂ္ဂလိကကျောင်းဟူ၍ မရှိစေရ စည်းမျဉ်းလည်းရှိသောကြောင့် ဆရာတော်အားဖြစ်စေ, စံကျောင်း ဆရာတော်အားဖြစ်စေ ပုဂ္ဂလိက အဖြစ် ဖြင့် လှူ ဒါန်း သောကျောင်းမျိုးကို လက်ခံတော်မမူကြပဲ၊ သံဃိကအလှူ၏ ကျေးဇူးများပုံ အကျိုးကြီးမားပုံကို ဒကာအား နားလည်အောင် ဟောပြောညွှန်ပြ၍ သံဃိကအဖြစ်သာ ရေစက် သွန်းချကာ လှူဒါန်းစေတော်မူသည်ဖြစ်သောကြောင့် ရွှေဟင်္သာ တောရတိုက်ကြီးကို အဆက်ဆက်အုပ်ချုပ် စောင့်ရှောက်တော်မူကြသော ဦးစီးနာယက ပဓာနမထေရ်ကြီးကသာ တိုင်ပင် သင့်သောပုဂ္ဂိုလ်များနှင့် တိုင်ပင်၍ ထိုထိုကျောင်းတို့၌ သင့်လျော်မည်ဟု ယုံကြည်ရသော ထိုထိုပုဂ္ဂိုလ်တို့ကို နေရာချထား ချီးမြှောက်တော်မူလေ့ရှိသည်။

**နိကာယ်ကွဲဖြစ်ရန်မရှိခြင်း** သံဃိက ကျောင်း အဖြစ်ဖြင့် ထိုထိုကျောင်း တို့၌ သီ တင်း သုံး နေ ကြသော ပုဂ္ဂိုလ်များအတွက် ကောင်းလှသော စည်းမျဉ်းပင်ဖြစ်သည်၊ မိမိနေသော ကျောင်းတည်းဟူသော ပစ္စည်းပေါ်၌

ကပ်ငြိစွဲလမ်းမက်မောခြင်း နိကန္တိ မရှိနိုင်ခြင်းကြောင့်တည်း။ အကြောင်းမူကား-ဥပမာဆိုရလျှင် အရှင် ဦးတိဿကို ပဓာန နာယကချုပ် ဆရာတော်က မြတ်လေးရုံကျောင်း၌ ကျောင်း ဘုန်းကြီးအဖြစ် တင်မြှောက်ထားသော်လည်း ၂-နှစ် ၃-နှစ် ကြာသောအခါဖြစ်စေ, ၃-၄-နှစ် ကြာသောအခါ ဖြစ်စေ အကြောင်းအားလျော်စွာ ဦးတိဿကို စမွာယ်ရုံ ကျောင်းသို့ ရွှေ့ပြောင်းပေးတတ်လေသည်။

ဦးတိဿတပါးကိုသာမဟုတ်၊ အခြား ပုဂ္ဂိုလ်တို့ကိုလည်း ရံခါရံခါ အကြောင်းအလျောက် ရွှေ့ပြောင်းပေးတတ်သော ကြောင့် ကျောင်းဘုန်းကြီးများသည် ငါ့ကျောင်း ငါ့ပရဝုဏ် စသည်ဖြင့် ငါစွဲနိကန္တိမှကင်းသဖြင့် တနည်းအားဖြင့် ချမ်းသာ ခွင့်တမျိုးကိုရရှိကြပေသည်၊ စံကျောင်းဆရာတော်ဘုရားသည် ပင်လျှင် တိုက်အုပ်ဘုန်းကြီးကလေးဖြစ်စဉ်အခါက ဟံသာဝ တီ,သာယာဝတီ ကျောင်းငယ်များ၌ သီတင်းသုံးခဲ့ရသည်၊ စံကျောင်း တိုက်အုပ်ဆရာတော် ဖြစ်သောအခါ မင်္ဂလာ စံကျောင်း၌ သီတင်းသုံးတော်မူခဲ့ရသည်၊ စံကျောင်း ဆရာ တော်ဖြစ်သောအခါ မင်းကျောင်း၌ နှစ်အတော်ကြာသီတင်း သုံးတော်မူသည်၊ ထို့နောက် ပျံလွန်တော်မူသည် တိုင်အောင် သာသနာနုဂ္ဂဟကျောင်း၌ သီတင်းသုံးတော်မူသည်၊ ဒုတိယ စံကျောင်းဆရာတော်သည်လည်း ရတနာမှန်ကျောင်း, သာ သနပါလ တိုက်ကျောင်း, သာသနာလင်္ကာရ တိုက်ကျောင်း, ဝေဇယန္တာကျောင်း, သာသနာနုဂ္ဂဟကျောင်းတို့၌ သီတင်း သုံးတော်မူခဲ့သည်၊ ယခုခေတ်၌မူကား အခြေ အနေ အရ ကြည့်၍ ဆောင်ရွက်ကြရသည်ဟု သိရသည်။

**ပုဂ္ဂလိကသစ်ပင်မရှိခြင်း** ထိုထိုကျောင်းတို့၌ နေကြသော ကျောင်းဘုန်းကြီးနှင့်တကွ သံဃာ ငယ်များသည် ဆာယတ္တာယ ဝနတ္တာယ=အရိပ်အာဝါသဖြစ် စေခြင်း, တောဖြစ်စေခြင်းအလို့ငှာ ဝါသနာပါရှိ၍ သစ်ပင် စိုက်ပျိုးလိုပါက အတားအမြစ်မရှိ စိုက်ပျိုးနိုင်ကြ ပေသည်၊ သို့ရာတွင် သူ့အပင်ငါ့အပင်ဟူ၍ မထားကြရ၊ အရွက်အပွင့် အသီးတို့ကို မည်သူမှမခူးမဆွတ်ရဟူ၍ မတားမြစ်ရ၊ အလိုရှိသူ တိုင်း ခူးဆွတ်ခြင်းကို ခွင့်ပြုနိုင်မှသာလျှင် စိုက်ပျိုးကြရသည်၊ ထို့ကြောင့် ရွှေဟင်္သာတောရတိုက်တွင်း၌ ပုဂ္ဂလိကကျောင်း သာလျှင် မရှိသည်မဟုတ်၊ ပုဂ္ဂလိကသစ်ပင်လည်း မရှိချေ။

**သံဃိကသစ်ပင်များ** သစ်ပင်အကြောင်းအစရ၍ ဆက်ရဦး မည်၊ စံကျောင်း ဆရာတော် ဘုရား သည် သံဃာများ၏အကျိုးစီးပွား, နောင်လာ နောက်သား တို့၏ အကျိုးစီးပွားကို လိုလားတော်မူသော ဝါသနာစိတ် မြတ်ရှိတော်မူသည်ဖြစ်ရာ အယုတ်ဆုံးအားဖြင့် နောက်ကာ လ အဆက်ဆက်သော တပည့်သံဃာများ သစ် ဝါး ထင်း တို့အတွက် ဆင်းရဲမှုမှ ကင်းလွတ်စေခြင်းငှာ ရေမနေ, သစ် ရာ, ပျဉ်းကတိုး မျိုးစေ့များကို ထိုထိုအရပ်ရှိ တပည့်များ ထံ မှာယူကာ တကန့်စီစိုက်ပျိုး သိထား စေတော် မူသည်၊ ဝါးအမျိုးမျိုး ကိုလည်း စိုက်ပျိုး သိထားစေတော် မူသည်၊ ထင်းဖြစ်စေရန် ကုက္ကို စသောအပင်များကို စိုက်ပျိုး သိထား တော်မူသည်၊ ထင်းနှင့် သစ်သားအဖြစ် အသုံးပြု နိုင်သော မအူစသော သစ်ပင်များကိုလည်း စိုက်ပျိုး သိထားစေတော်မူ သည်၊ ကျောင်း အရာမ် မြေကလည်း ကျယ်ဝန်း သဖြင့်

ကျောင်းများနှင့်ဝေးသော မြေကွက်တို့၌ အမျိုးမျိုးများစွာသော သစ်ပင်တို့ကို စိုက်ပျိုးသိထားစေတော်မူရာ ယခုထင်ရှားရှိသော သံဃာတော်များသည် သစ်ဝါးအချို့ကို သုံးစွဲကြရပြီဖြစ်၍ ကုက္ကိုဗသော သစ်ပင်များကိုကား စံကျောင်းဆရာတော်ဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် လုံလောက်အောင် သုံးစွဲကြရလေပြီ၊ အပြင်အပမှ ထင်းကို ဝတ္ထုကြမ်းအသင်းက ဝယ်ယူကာ လှူဒါန်းရသောအခါက တနှစ်အဖို့ ဝတ္ထု ၄-၅-ရာဘိုးဝယ်ယူရသည်၊(ဤစာရေးသော ဘုန်းကြီး သာမဏေဘဝ-ရဟန်းငယ်ဘဝ ထင်းပေါသောအခါကာလ တန်ဘိုးကို ဆိုသည်)၊ ထိုထင်း ၄-၅-ရာဘိုးမှာ ဆွမ်းစားကျောင်း၌ သုံးသောထင်းမျှသာ ဖြစ်သည်၊ ကျောင်း အသီးအသီးတို့ ရေနွေးကြိုမှု, ပိန္နဲကြိုမှု စသော အတွက်ကိုမူကား ကျောင်းတိုက်၏ပတ်ဝန်းကျင်၌ အလေ့ကျပေါက်သော တောခြုံသစ်ပင်တို့မှ မိမိတို့ဘာသာ ရှာမှီး၍ သုံးစွဲကြရသည်။

ယခုအခါ စံကျောင်း ဆရာတော်ဘုရား သိထားတော်မူသော ရေမနေ့,သစ်ရာ, ပျဉ်းကတိုးပင်များသည် အစီအရီနှင့် စိမ်းစို ညိုမှိုင်းကာ ရွှေဟင်္သာ တောရတိုက်၏ ကြက်သရေကို ဆောင်လျက် သစ်ပင်ကြီးများ ဖြစ်နေကြလေပြီ၊ ထနောင်း, ဘမာ, ရှား, ဆူးပုပ်ကလေး စသော မျိုးစေ့တို့ကို မှာကြားတော်မူ၍ ဤစာရေးသောဘုန်းကြီးသည် စစ်ကိုင်းတောင်ရိုးမှ စုဆောင်း၍ ပို့လှူလိုက်ရသည်၊သို့ရာတွင် အောက်အရပ်ဒေသ၏ဥတုနှင့် သပ္ပါယမဖြစ်သော သစ်စေ့များဖြစ်၍ မဖြစ်ထွန်းကြလှပေ၊ ဆူးပုပ်ကလေးများမှာ မိုးနဲသော စစ်ကိုင်းကဲ့သို့သောအရပ်၌ အပင်အကြီးမမြန်အညွန့်ထွက်မမြန်ပဲ ပုပြတ်ပြတ်

နှင့်မိုးရွာတိုင်း အညွန့်အဖူးကလေးများ ထွက်တတ်၍ ဆူးပုပ်ရွက်မပြတ် ရနိုင်သော်လည်း စံကျောင်း ဆရာတော်ဘုရား သိထားစေသော ဆူးပုပ်ပင်များမှာ မိုးကောင်းသော ဒေသဖြစ်၍အညွန့်အတက်တွေ သန်မာရှည်လျားလျက် ရွက်နုအညွန့်အဖူးနဲ့ပြီး ခြုံကြီး ဖြစ်နေလေတော့သည်။

ဤစာရေးသော ဘုန်းကြီးသည် သက္ကရာဇ် ၁၂၇၉-ခုနှစ်ကစ၍ ကျန်းမာရေးကို အကြောင်းပြုကာ စစ်ကိုင်းတောင်ရိုး၌ နေသော်လည်း နှစ်စဉ်သော်၎င်း, တနှစ်ခြားသော်၎င်း, ရွှေဟင်္သာတောရ တိုက်သို့ တမင်သွား၍ ဆရာတော်များအား ဖူးမြော် ကန်တော့လေ့ ရှိသည်၊ ဆရာတော်များ ပျံလွန်တော်မူပြီးနောက် ၁၃၁၃-ခုနှစ်၌ တကြိမ် ရောက်သွားရာ ဆရာတော်များ သီတင်းသုံးတော်မူသော ကျောင်းနှင့် နေရာကို ဦးတိုက်ရှိခိုး၍ ဆရာတော်ဘုရား များ၏ သပိတ်, သင်္ကန်း, တောင်ဝှေး စသော ပရိဘောဂများကို ဆရာတော်များ ကိုယ်စား အာရုံပြု၍ လေးမြတ်စွာ ကြည့်ရှု ဖူးမြော် ရသည့်ပြင် ဆရာတော်ဘုရားများစိုက်ပျိုးစေ, သိစေသော သစ်ပင်များကို ကြည့်ကာ ဆရာတော်များအား ထင်ယောင် မြင်ယောင်ရှိလှသည်၊ သစ်ပင်များကပင် ဆရာတော် ဘုရားများကို တဆင့်လျှောက်ထားကြတော့မည် လိုလို၊ ဆရာတော်များကား ဤကျောင်းတိုက်ကြီး၌ ထင်ရှား မရှိတော့ကြပြီဖြစ်၍ သစ်ပင်များပင် အားငယ်ပျင်းရိနေတော့သလိုလို၊ သစ်ပင်များကပင် ဆရာတော်များတော့ လွန်တော်မူကြပါပြီ၊ ဆရာတော်များ၏ လက်ရာအဖြစ် အထိမ်းအမှတ် အဖြစ်နှင့် တပည့်တော်တို့သာ လျှင် ရှိရစ်ကြပါတော့သည်ဟု ပြောကြားကြသလိုလို ရှိ၍၊ စိတ်ကို အာရုံပြောင်းလွှဲလိုက်ရပေသည်။

ဆရာတော်ဘုရားများ သက်တော် ထင်ရှား ရှိတော်မူကြစဉ်အခါက မိမိသည် ကျောင်းတိုက်သို့ ရောက်သွားသည့်အခါ ရောက်လျှင်ရောက်ချင်း ဦးစွာ စံကျောင်းဆရာတော်ဘုရား၏ ခြေတော်စုံကို လက်အုပ်ချီမိုး ရှိခိုးဦးတိုက် ကန်တော့ရသည်၊ ထို့နောက်(ဒု-စံကျောင်းဆရာတော်ဖြစ်လတံ့သော) တိုက်အုပ်ဆရာတော်၏ခြေတော်စုံကို လက်စုံမိုး၍ ရှိခိုးဦးတိုက်ရသည်၊ ဆရာတော်ဘုရားများ၏ မျက်နှာတော်တို့မှာ တပြုံးပြုံးနှင့် ဝမ်းမြောက်၍ မဆုံးသလောက်၊ ကျန်းမာရေး, ချမ်းသာရေးနှင့် လမ်းခရီး၌ ပင်ပန်းမှုမရှိရေးကို မေးမြန်းတော်မူကြမြဲ ဖြစ်သည်၊ ဆရာတော်များ ပျံလွန်တော်မူကြပြီးနောက် ကျောင်းတိုက်သို့ ရောက်သောအခါ စိတ်၌ဟာတာတာ ပေါ့ပျက်ပျက်နှင့် အားမရှိသကဲ့သို့ ဖြစ်ရပေသည်။

မှန်လှပေသည်၊ ဆရာတော်ဘုရားများ၏ ခြေတော်ရင်းရွှေဟင်္သာတောရတိုက်၌ နေစဉ်က ရံခါ ဆရာတော်များ ရပ်ဝေးသို့ ခရီးဒေသစာရီကြွတော်မူကြလျှင် ကျောင်းတိုက်၌ သံဃာတရာ့လေးငါးဆယ်ရှိနေသော်လည်း တိတ်ဆိတ်ခြောက်သွေ့နေသကဲ့သို့ ထင်မိသေးရာ၊ ယခုမူကား ဆိုရန် မရှိတော့ချေ၊ ဆရာတော်ဘုရားများအပေါ်၌ အလွန်ကြည်ညိုမြတ်နိုးလေးစားသောအားဖြင့်သာ မိမိစိတ်၌ ထင်မြင်ပုံ အခြင်းအရာကို ပြောဆိုခြင်း ဖြစ်သည်၊ ရွှေဟင်္သာတောရ ကျောင်းတိုက်ကြီး မှာမူကား သာယာစိုပြေ စည်ကားကြီးပွားလျက် ရှိပါသည်၊ ယခု လက်ရှိ ထင်ရှားစွာ တိုက်တာကို အုပ်ချုပ်တော်မူသော ဆရာတော်နှင့်တကွ တိုက်အုပ်ဆရာတော် အရှင်ဝိမလ, တိုက်ကြပ်ဆရာတော် အရှင်ဉာဏဝံသ, စာချဘုန်းကြီး, ကျောင်း

ဘုန်းကြီးတို့သည် ဤစာရေးသောဘုန်းကြီးနှင့်သမာနာစရိယ ဆရာတူ တပည့်များ ဖြစ်၍ ငယ်စဉ်ကပင် ခင်မင်ရင်းနှီးစွာ အတူနေခဲ့ကြသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်၊ သို့ကြောင့် မိမိ ကျောင်းတိုက်သို့ရောက်သွားသည့်အခါ ဝမ်းမြောက်ဝမ်းသာ တတ်နိုင်သမျှ ချမ်းသာအောင် ပြုစုကြပါပေသည်၊ နှစ်စဉ်လာ စေလိုသော ကြီးမားသောဆန္ဒဖြင့် စိတ်ပါလက်ပါ ဘိတ် ကြွားလေ့ရှိကြသည်၊ သို့ဖြစ်၍လည်း ဆရာတော်များ ရှိစဉ်က တနှစ်ခြားနှစ်နှစ်ခြားမှ တခေါက်ရောက်စေကာမူ ဆရာတော် များကိုယ်စားသဖွယ် အားပေးသော စေတနာမေတ္တာများကို ရှေ့ထားလျက် နှစ်စဉ် တပေါင်းလစာပြန်ပွဲ စာမေးပွဲချိန်၌ ယခုတိုင် မပျက်မကွက် သွားရောက်လျက်ရှိရပေသည်။

**စာမေးပွဲခေတ် ၁၂၇၂-ခုနှစ်ခန့်ကစ၍** ရွှေဟင်္သာတောရတိုက်၏ ပဓာနကိစ္စ မှာ ပရိယတ်အလုပ်ဖြစ်ရာ၊အသီးအ သီးသော ကျောင်းဘုန်းကြီး စာချ ဘုန်းကြီး တို့နှင့်တကွ တိုက်အုပ်ဆရာတော်, တိုက်ကြပ် ဆရာ တော်တို့သည် စာဝါများကို အားထုတ်၍ ပို့ချတော်မူကြပေ သည်၊ပထမပြန်စာမေးပွဲကို အင်္ဂလိပ်အစိုးရကမြန်မာမင်းများ အစဉ်အလာ ချီးမြှင့်ခဲ့သည့်နည်းတူ နှစ်စဉ်နယုန်လ (အင်္ဂလိပ် ဇွန်လတရက်နေ့) ၌ ကျင်းပ၍ ဗုဒ္ဓဘာသာ ပါဠိဘာသာကို အားပေးသည်ဆိုရရုံမျှ ပြုလုပ်ပေးရာ၊ မြန်မာနိုင်ငံအတွင်း၌ မန္တလေး မစိုးရိမ်တိုက်, ညောင်လေးပင် တောရတိုက် စသော အချို့သောကျောင်းတိုက်များမှ ငယ်,လတ်,ကြီး စာအောင် ပုဂ္ဂိုလ်အများဆုံး ထွက်သောအချိန် ဖြစ်လေသည်၊ အခြား အခြားသော ကျောင်းတိုက် များမှာမူကား စာမေးပွဲသို့

ဝင်ရောက်ဖြေဆိုစေကာမူ စာမေးပွဲကိစ္စအလို့ငှာ သီးသန့်သင်ပြပို့ချကြသည်မဟုတ်ပဲ ရှေးထုံးစဉ်လာအရ ချပို့မြဲချပို့ကြ၍ စာမေးပွဲက ပြဋ္ဌာန်းထားသောကျမ်းဂန်တို့ကို သင်ယူပြီးသောအခါ၌သာ သွားရင်း ဟန်လွှဲဆိုသလို စာမေးပွဲသို့ဝင်ရောက်ဖြေဆိုကြပေသည်၊ သို့ဖြစ်၍ထိုအချိန်က စာမေးပွဲအောင်မြင်ခဲ့ကြသော ပုဂ္ဂိုလ်များသည် ဂုဏ်နှင့်ဂုဏ် လိုက်လျော၍ အောင်မြင်သည်နှင့်အညီ စာတတ်အဖြစ် သို့လည်းရောက်ကြပေသည်။

စာပင်တတ်သော်လည်း စာမေးပွဲမအောင်မြင်က ဂုဏ်မရှိ၊ အသိအမှတ် မပြုကြသကဲ့သို့ ခေတ်ပြောင်းလာသည်ဖြစ်၍ ရွှေဟင်္သာတောရတိုက်ရှိ စာသင်သား သံဃာတော်များသည်လည်း စာမေးပွဲဝင်လိုသောဆန္ဒ, အောင်မြင်လိုသောဆန္ဒက ထက်သန်လာကြသည်ကို သိရှိတော်မူသောဆရာတော်များသည် ခေတ်ကိုမလွန်ဆန်နိုင်,သံဃဆန္ဒကိုမငြင်းဆန်လိုကြသဖြင့် စာမေးပွဲဝင်မှုကို ခွင့်ပြုတော်မူကြရသည်၊ တိုက်ကြပ်ဆရာတော် ဦးကလျာဏသည် တစုံတခုသော အလုပ်ကိစ္စကို ဆောင်ရွက်မိပါလျှင် ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုသော စကားပုံနှင့်အညီ ဆောင်ရွက်တော် မူတတ်သောကြောင့် စာမေးပွဲကိစ္စ၌ စိတ်ဝင်စားတော်မူလာသည့်အချိန်မှစ၍ တပည့်သံဃာများကို သဘောဝါဒတည်းဟူသော ကြိမ်တို့၏ အားစိုက်ခွန်စိုက်နှင်လေတော့သည်၊ ယခင်ကရေးသားခဲ့သည့်အတိုင်း နိုင်ငံအဝှန်း၌ပင် စာမေးပွဲ အောင်မြင်ပြီးသောပုဂ္ဂိုလ်များ ရှားပါးခဲ့သေး သဖြင့် ရွှေဟင်္သာတောရတိုက်၌လည်း ပထမကြီး အောင်ပြီး တိုက်ကြပ်ဆရာတော်

တပါးနှင့် ပထမလတ်အောင်ပြီး တပါးတလေသော ရှိသေးရာ ပထမကြီးအောင်ပြီး ပုဂ္ဂိုလ် ၆-ပါးလောက် အနည်းဆုံး ထွက်ပေါ်စေရမည်ဟူသော ဇွဲလုံ့လဖြင့် အားထုတ်တော်မူသည်၊ ၁၂၈၈-ခုနှစ် လောက်မှာပင် ပထမကြီး တန်းကို အောင်မြင်ကြသည်မှာ ၆-ပါးမက ၈-ပါး ပေါ်ပေါက်လာပေသည်။

ရဟန်းကိစ္စကုန်ပြီ တိုက်ကြပ် ဆရာတော်သည် စာမေးပွဲကိစ္စ၌ မည်မျှ စိတ်ဝင်စား၍ မည်မျှ လောက် အားပေးတော်မူသည်ကို ဤဆိုလတံ့သော အခြင်းအရာဖြင့် ထင်ရှား သိရှိနိုင်ပေသည်။

ထိုအခါက ပထမပြန်စာမေးပွဲ၌ စာချတန်းဟူ၍ မရှိ၊ ပထမကြီးတန်း၌ တန်းဆုံးလျက် ပထမကြီးတန်းသည် ပထမပြန် စာမေးပွဲလောက၌ အမြင့်ဆုံး ထိပ်တန်းဖြစ်၍ စာမေးပွဲကိစ္စတာဝန် ပြီးဆုံးသော အတန်းဖြစ်ရာ တခုသော နှစ်၌ စာမေးပွဲ ဂေဇက်ထွက်၍ ပထမကြီးတန်း အောင်စာရင်းကို သိရသောအခါ ရွှေဟင်္သာတောရတိုက်မှ ပထမကြီး အောင်မြင်သော တပည့်များကို ချီးကျူးတော်မူသည်မှာ ယခုခေတ်သည် ပရိယတ်ခေတ် စာမေးပွဲခေတ်ဖြစ်၏၊ ပရိယတ်စာမေးပွဲတွင် စာသင်သားများအဘို့ ပထမကြီးတန်းသည် အမြင့်ဆုံး ထိပ်တန်း ဖြစ်သောကြောင့် ပထမကြီး အောင်မြင်ပြီးသောပုဂ္ဂိုလ်သည် ရဟန်းကိစ္စ ကုန်ပြီဟု ဆိုလိုက ဆိုထိုက်ပေသည်ဟု ညဘက်ဘုရားဝတ်ပြုအပြီး သံဃပရိသတ်အစုံအညီ၌ မိန့်ခွန်းမြွက်ကြားတော်မူဘူးလေသည်၊ ဤမိန့်ခွန်းဖြင့် ပထမကြီး အောင်မြင်ပြီးသော ပုဂ္ဂိုလ်ကိုလည်း ချီး မြှောက် ရာ

ရောက်၍ တက်လတံ့သော ပုဂ္ဂိုလ်များကိုလည်း အားပေးရာ ရောက်ပေသည်။ ရွှေဟင်္သာ တောရတိုက်၌ တိုက်ကြပ်ဆရာတော် ဦးကလျာဏမှတပါး ပထမအကြိမ် ပထမကြီးတန်းအောင်မြင်ကြသောပုဂ္ဂိုလ်များမှာ ဦးအာလောက (စာပြင်မှူး မြန်မာဝေါဟာရ ကော်မတီအဖွဲ့ဝင် ကျမ်းပြု ဆရာဦးအုန်းရွှေ), ဦးနန္ဒဝံသ(ယခုဗာရာဏသီဆရာတော်), ဦးအာစယ(ယခုထားဝယ်မြို့-တောင်စဉ်ကျောင်း ဆရာတော်), ဦးဝိမလ(ယခု ရွှေဟင်္သာတောရတိုက်အုပ် ဆရာတော်)တို့ ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်တို့သည် ပထမကြီးအောင်မြင်ကြပြီးနောက် အထက်အောက် ထင်ရှား ကျော်ကြားသော စာသင်တိုက်အချို့သို့ အခိုက်အတန့်သွားရောက်ကာ စာပေပို့ချပုံ နည်းနိသျတို့ကို လေ့လာဆည်းပူးကြပြီးနောက် ရွှေဟင်္သာတောရတိုက်သို့ ပြန်လည်ရောက်ရှိလာကြပြီးလျှင် စာပေပို့ချကြကုန်၏။

**၁၂၈၀-ပြည့်လောက်မှစ၍ တခေတ်ပြောင်းခြင်း** အကြောင်းအလျောက် တိုက်ဦးကျောင်း ဆရာတော် ဦးဇောတ (ယခု အဂ္ဂမဟာပဏ္ဍိတ မန်းဦး ဆရာတော်), စမွယ်ရုံကျောင်း ဆရာတော် ဦးယုဂန္ဓရ, စွယ်တော်ကျောင်း ဆရာတော် ဦးမာနဝ, ဗိုလ်ကျောင်းဆရာတော် ဦးဓမ္မသာမိ (ပန်းတနော်ဆိပ်ကြီးတိုက်ဆရာတော်)တို့သည် ရန်ကုန်စသော ထိုထိုအရပ်သို့ ရွှေ့ပြောင်း ကြွသွားတော်မူကြရာ စာရင်းပါ ပထမကြီးအောင်ပြီး ပုဂ္ဂိုလ်များနှင့်တကွ တိုက်ဦးကျောင်း ဘုန်းတော်ကြီး (ယခုရွှေဟင်္သာတောရ ဆရာတော်ကြီး), ဂန္ဓာရုံကျောင်း

ဘုန်းတော်ကြီး(ရှာသစ်ဆရာတော်), ဝေဇယန္တာ ကျောင်း ဘုန်းတော်ကြီး(ကျွန်းကုန်းဆရာတော်), မြတ်လေးရုံကျောင်း ဘုန်းတော်ကြီး (ကျိုက်ထို ဦးဥတ္တမ ဆရာတော်), ဤစာရေးသော ဘုန်းကြီး စသောပုဂ္ဂိုလ်များသည် ဆရာတော် ၂-ပါး တို့၏ ညွှန်ကြားတော်မူသည်ကို ဦးတည်၍ စာပေပို့ချခြင်း စသော တိုက်တာကိစ္စ တာဝန်တို့ကို စွမ်းနိုင်သမျှ ဆောင်ရွက်ကြရပေသည်။

စံကျောင်းဆရာတော်ဘုရားမှာမူကား သက်တော် ယွယ်တော် ထောက်လာပြီ ဖြစ်သည်တကြောင်း, နားရောဂါ ကပ်ငြိခြင်းကြောင့်တကြောင်း, သက္ကတစာ တဝါမျှလောက်သာ ပို့ချတော်မူ၍ အရေးကြီးသော ကိစ္စတို့၌သာ ကိုယ်တိုင်ဆောင်ရွက်တော်မူကာ စာကြည့်ခြင်း, ကျမ်းစာရေးခြင်းတို့ဖြင့်၎င်း၊ တရားနှလုံး သွင်းခြင်းဖြင့်၎င်း သီတင်းသုံးတော်မူသည်။ ဝါတော် ၂၀-ခန့်က ရေးသားတော် မူပြီးသော ဩဝါဒ ဒီပနီကျမ်း, စေတိယဝိနိစ္ဆယကျမ်းတို့ကို ထွက်ပေါ်စေပြီးနောက် ကံ့ ဉာဏ် ဝီရိယ အဖွင့်, မင်္ဂလာအဖွင့် စသော ကျမ်းတို့ကို တကျမ်းပြီးတကျမ်း ရေးသားတော်မူရာ မြန်မာနိုင်ငံ၌ ကျေးဇူးများသော ကျမ်းများ, လူကြိုက်များသော ကျမ်းတို့ဖြစ်၍ ထင်ရှား ကြပေသည်၊ပဋိပတ်နှင့် စပ်၍လည်း ကျမ်းဂန်တတ်, မတတ် သူတော်ကောင်းတို့ ကျင့်စဉ်လမ်း တိမ်းပါးချွတ်ချော်မှု မရှိကြစေရန် ကမ္မဋ္ဌာနဝိနိစ္ဆယ စသော ကျမ်းများကို ရေးသားတော်မူသည်၊ လောကကျင့်ဝတ်နှင့် စပ်၍ လောကနီတိအဖွင့် စသော ကျမ်းများကို ရေးသားတော်မူသည်၊ လောကကြီးပွားရေးနှင့်စပ်၍သမ္ဘဒါအဖွင့်, အ

ပရိဟာနိယအဖွင့် စသော ကျမ်းများကို ရေး သားတော်မူသည်၊ ဝိနည်းနှင့်စပ်၍ ပရိဝါသမာနတ္တာဒိဝိနိစ္ဆယ စသော ကျမ်းများကို ရေးသားတော်မူသည်။

ဤကျမ်းကို ဂိုဏ်းဂဏမရွေး သံဃာများ နှစ်သက်တော်မူကြသည်၊ ပရိယတ်သမား သံဃာများအဘို့အတွက် အလင်္ကာနိဿယသစ်, ပါဠိ-မြန်မာ အကွဲရာဝဠ် အဘိဓာန်ကြီးတို့ကို ရေးသားတော်မူသည်၊ (အဘိဓာန်မှာ စာအုပ်အဖြစ် မရိုက်ရသေး)၊ အကြမ်းပြီးရုံမျှ ရှိသေးသည်။ ၁၃၀၇ ခုနှစ်၌ ကန်တော့ပူဇော်ရန် ဤစာရေးသော ဘုန်းကြီး ညောင်တုန်းသို့ ရောက်သွားစဉ် အဘိဓာန်အကြောင်း လျှောက်ထားရာ "အကြမ်းတော့ ပြီးပါပြီကွာ၊နေ့စဉ်ရက်တိုင်း,ဥပုသ်နေ့တိုင်း ရက်အားမရှိအောင် သံဃာတွေ စာမေးပွဲအတွက် အားထုတ်နေကြသောကြောင့် သူတို့ကို အားနာ၍အချောမရေးခိုင်းရသေးသဖြင့် အချော မပြီးသေးဘူးကွ၊ မင်းမပြန်မီ ကြည့်နိုင်သလောက်ကြည့်၍ နိဒါန်းလဲ ရေးခဲ့စမ်းပါကွာ" ဟု မိန့်တော်မူသည်၊ စစ်ကိုင်းသို့ ပြန်ရက်နီးနေပြီဖြစ်၍ အနည်းငယ်သာ ကြည့်ရသည်၊ စစ်ကိုင်းပြန်ရောက်မှ နိဒါန်းရေး၍ ဆက်ကပ်လိုက်ရသည်။

**ဒကာများအံ့သြချိန်** မင်္ဂလာ အဖွင့်, ကံ ဉာဏ် ဝီရိယအဖွင့် စသောလူများနှင့် သက်ဆိုင်ရာစာအုပ်များ ပေါ်ထွက်လာ၍ ဒကာများကြည့်ရှု ကြရသောအခါ၌ "အစ္ဆရိယံ ဝတ ဘော, အဗ္ဘုတံ ဝတ ဘော=အို-ဟင် ဟာ စံကျောင်းဆရာတော်ကို အလျှင်က လောကရေးရာဆိုလျှင်

ဘာမှ နားမလည်ရှာပေဘူး၊ဘုန်းကြီးရိုးကလေး၊လောကုတ္တရာ ပိဋကစာပေမျှကိုသာလေ့လာတတ်မြောက်သည်၊သီလသိက္ခာ ကိုသာ လေးစားကာ ဘာသိဘာသာ အေးအေး နေတော်မူ သည်ဟု မှတ်ထင်ခဲ့ကြတယ်ပေါ့၊တို့တတွေသာလျှင် အမှုမဲ့အ မှတ်မဲ့နေကြရာ ရောက်နေပါပကော၊ ရှက်ပုန်းသီးပမာကြည့် ကြစမ်းပါဦး၊ ဒီစာအုပ်တွေထဲမှာ ဆရာတော် ရေးသားလိုက် တာတွေ လောကဥ္စ လိမ္မာရေး, ယဉ်ကျေးရေး, ကျန်းမာရေး, ချမ်းသာကြီးပွားရေး,ဆက်ဆံပေါင်းသင်းရေး, ပြောရေး ဆို ရေး, ကိုင်းကျွန်း လယ်ယာလုပ်ကိုင်ရေး, ရောင်းဝယ် ဖောက် ကားရေး,ဒုစရိုက်နည်းပါးပပျောက်ရေး,နိုင်ငံရေး, နိုင်ငံခြား ရေး, ခေတ်သာသနာရေး စသည်တို့ဖြင့် လိုလေသေးမရှိ ညွှန် ကြားပြသဩဝါဒပေးလျက် ရေးထားတော်မူလိုက်တာတွေ ဘယ်အချိန်ကများ ဆည်းပူး ရှာမှီးခဲ့သည် မသိနိုင်အောင်ရှိ တော့သည်”ဟု အချင်းချင်းတအံ့တသြအားရဝမ်းသာချီးမွမ်း ပြောဆို ကြရသောအခါ ပိုမိုလေးစား ညွတ်တွားကြည်ညို အားထား လာကြသောအခါသို့ ရောက်လာလေတော့သည်။

(စံကျောင်းဆရာတော်ဘုရား၏ ကျမ်းစာများအကြောင်း ကို အကျယ်တဝင့် သိရှိလိုပါက ရန်ကုန်မြို့ နတ်မောက်လမ်း ၈၆ - သံအမတ်ကြီးဟောင်း ဦးကြင် လျှောက်ထား၍ ဤ စာရေးသော ဘုန်းကြီးရေးသားအပ်သော “စံကျောင်းဆရာ တော်ဘုရား၏ ကျမ်းစာများ” အမည်ရှိ စာအုပ်ငယ် ကို ကြည့်ပါ)။

စံကျောင်းဆရာတော်ဘုရားသည် စာပေရေးရာ၌ ရှင်းရှင်း ပြတ်ပြတ်ရေးတော်မူတတ်သည်၊ ‘ကာလေန ဝက္ခာမိ၊ နော

အကာလေန၊ ဘူတေန ဝဏ္ဏာမိ၊ နော အဘူတေန၊ သစ္စေန ဝဏ္ဏာမိ၊ နော ဖရုသေန၊ အတ္ထသဉှိတေန ဝဏ္ဏာမိ၊ နော အနတ္ထသဉှိတေန၊ မေတ္တစိတ္တေန ဝဏ္ဏာမိ၊ နော ဒေါသန္တရေန ပါဠိတော်လာသည့်အတိုင်း မိန့်ကြားသင့်သောအခါ၌ မှန်ကန်သောစကား၊ အကျိုးစီးပွားရှိသောစကားများကို မေတ္တာကရုဏာရှေ့ထား၍ ရေးသားတော်မူတတ်သည်၊ ရပ်ဝေးနေ တပည့်တပန်းများထံသို့ အလှည့်နှင့် အလှည့်နှင့် စာရေး၍ ဩဝါဒအနုသာသနီ အဆုံးအမပေးတော်မူလေ့ရှိသည်၊ ယင်းသို့သောစာတို့၌လည်း စာတစောင်တလေသော စာ၌သော်လည်း အချည်းနှီးသောစကားလုံးမပါ၊ အကြောင်းကိစ္စနှင့် စပ်သော စကားများကိုသာ ရေးသားတော်မူလေ့ ရှိသည်။ ဤစာရေးသောဘုန်းကြီးစစ်ကိုင်းတောင်ရိုး၌နေမှ စံကျောင်းဆရာတော်ထံမှ ချီးမြှင့် ပေးသနားတော်မူသောစာများကို အကြိမ်ကြိမ် ဖတ်ရှုပြီးလျှင် တရိုတသေ အလေးအမြတ်ပူဇော်၍ သိမ်းဆည်းထားသည်မှာ စာစောင်ပေါင်း(၆၀)ကျော်ရှိလေသည်။

ထို စာများကို ရံခါရံခါ ဖတ်နိုင်သမျှ ဖတ်၍ ဆရာတော်ကို အာရုံပြုလျက် သက်တော်ထင်ရှားကြွရောက်ကာ ဩဝါဒအသစ် ပေးတော်မူနေသကဲ့သို့ အားရှိဝမ်းသာ ဖြစ်ရသည်၊ ဆရာတော်၏လက်ရေးမှာ အလွန်လက်ရေးသေသည်၊ရှင်းရှင်းလေးနှင့် တင့်တယ်လှပသည်။ တိုက်အုပ်ဆရာတော် (ဒုတိယ စံကျောင်းဆရာတော်) ချီးမြှောက်သော စာများသည်လည်း (၅၀) အောက်မနည်း ရှိသည်၊ သို့ရာတွင် သတိရ၍ သိမ်းဆည်းမိသောစာမှာ (၂၀) စောင်မျှသာ ရှိတော့သည်။

စံကျောင်း ဆရာတော် ဘုရားသည် စာရေးမှု၌သာလျှင်

ကောင်းသည် မဟုတ်၊ ရှင်လူပရိသတ်၌ ဩဝါဒ ပေးတော်မူသည့်အခါလည်း ကောင်းမွန်လှပါသည်၊လပြည့် လကွယ်နေ့ သံဃဥပုသ် ပြုအပြီး၌ရင်း, ဝါဆိုနေ့, ပဝါရဏာနေ့တို့၌ရင်း သံဃာများအား ဩဝါဒမိန့်ခွန်း မြွက်ကြားလေ့ရှိရာ မှတ်သား၍အားမရ, နာကြား၍တင်းမတိမ်အောင် ရှိလှပေသည်။

ဥပုသ်နေ့တိုင်း ဥပဇ္ဈာယ် လာယူကြသော သာမဏေများကိုလည်း သာမဏေများနှင့် တော်တန်သောဩဝါဒကို ပေးတော်မူသည်၊ သက္ကရာဇ် ၁၃၀၁-ခုနှစ်၊ တပေါင်း လပြည့် သံဃဥပုသ်ပြုအပြီး၌ မိန့်ကြားတော်မူသော ဩဝါဒကထာမှာ လေးနက်၍ ဩဇာအရသာ အရှိဆုံးဖြစ်သည်ဟု စိတ်၌ စွဲမိသည်၊တပေါင်းလဆန်း ၁၀-ရက်, ၁၁-ရက်မှစ၍ပြုလုပ်သော ငါးမြို့နယ် အပါအဝင် ဝိနည်းစာပြန်ပွဲကြီးအပြီး စာပြန်ပွဲသို့ ကြွရောက်တော် မူလာ ကြသော စံကင်း ဆရာတော်ဘုရား (နောက်အခါ ရွှေကျင်နိကာယ ဓမ္မ သေ နာ ပတိ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သက် တော် ရှည် စံကင်း ဆရာတော်ဘုရားကြီး) အစရှိသော အဝေးမှကြွရောက်လာကြသော သံဃာကြီးငယ်နှင့်တကွ နှစ်ရာကျော်သော သံဃပရိသတ်၌ မိန့်တော်မူရာ ပရိသတ်မှာ လေးစားအပ်သလောက်, ဩဝါဒကထာမှာလည်း လေးနက်ကောင်းမွန်လှသည်၊ ရေးထားပြီးသော စာကိုဖတ်၍ မိန့်ကြားခြင်းမဟုတ်၊ စာလွတ်လက်တမ်း မိန့်မြွက်ခြင်း ဖြစ်သည်၊ ၁၃၀၁-ခု၊ တပေါင်း လပြည့်ကျော် ၁-ရက်နေ့၌ ရွှေကျင်မြို့သို့ ကြွရောက်၍ အရညဝါသီ ဧကစာရီ သီတင်းသုံးတော်မူသည်၊ တောထွက်ခါနီး မိန့်ကြားသော ဩဝါဒကထာဖြစ်၍ သာလွန် လေးနက်သည်

ဟု သဘောရသည်၊ ရွှေကျင်မြို့၊ ရွှေဟင်္သာတောရကျောင်း၌ တဝါမျှသာ သီတင်းသုံးတော်မူရသည်၊ တိုက်အုပ်ဆရာတော် ကိုယ်တိုင် ရွှေကျင်တောရကျောင်းသို့တိုင်အောင် လိုက်ပင့်၍ ပြန်ကြွတော်မူခဲ့သည်။

**တလ ၂-ကြိမ် စည်းဝေးခြင်း** ရွှေဟင်္သာတောရတိုက် စည်းမျဉ်း၌ ကျောင်း ဘုန်းကြီး, စာချဘုန်းကြီးတို့သည် လဆန်း ၉-ရက်၊ လဆုတ် ၉-ရက်နေ့တိုင်း ညဘက် ဘုရားဝတ်ပြုအပြီး၌ ဆရာတော်ထံသို့ အညီအညွတ်သွားကြ၍ တိုက်တာအရေးကိစ္စတို့ကို တိုင်ပင် ဆွေးနွေးကြရသည်၊ အစည်းအဝေးတိုင်း၌ စံကျောင်းဆရာတော်ဘုရားသည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ရှေးဦးစွာ ဩဝါဒ အနည်းငယ်မိန့်ကြားတော်မူလေ့ရှိသည်၊ ၎င်းသည် ရှည်သည် နည်းသည် များသည်မဟုတ်၊ မိန့်ကြားသမျှသည် မှတ်သားလောက်သောစကားတို့သာ ဖြစ်သည်။

**ရွှေရေးကိုမြင်ခြင်း** သံဃာသာမဂ္ဂီအသင်းတွေ အစအဦးဆုံးဖွဲ့စည်းစ အခါက သံဃာသာမဂ္ဂီ၏ ရည်ရွယ်ချက် ၁၄-ချက်ကိုစာရွက်စာတမ်းရိုက်၍ အနှံ့အပြားဝေကြသဖြင့် ဤစာရေးသော ဘုန်းကြီးသည် ရဟန်းငယ်ဘဝ ရဟန်းဖြစ်စ၌ စာတရွက်ကိုရရှိ၍ ကြည့်ရှုရာ မိမိ၌ အကြားအမြင်အတွေ့အကြုံ သုတနဲ့ပါးသေးသည်အားလျော်စွာ ၎င်းစာပါ ရည်ရွယ်ချက်တို့ကို အလွန်သဘောကျမိ၏၊ ဝံသာနုစိတ်, မျိုးချစ်စိတ်ကလည်းရှိ၏၊ သာသနာတော် ကောင်းကျိုးကို လိုလားသောစိတ်ကလည်းရှိ၏၊ ရည်ရွယ်ချက် ၁၄-ချက်မှာ

လည်း အမျိုးဘာသာ သာသနာကောင်းစားရေးတွေ ဖြစ်၍ ၎င်းစာကို ကောင်းလှ၏ဟု စွဲလမ်းမိ၏။ တနေ့သောအခါ စံကျောင်းဆရာတော်ဘုရားထံ ဆည်းကပ်ခွင့် ရောက်သဖြင့် စကား အလျဉ်းသင့်သောကြောင့် သံဃာသာမဂ္ဂီ၏ ရည်ရွယ်ချက်တွေကောင်း၍ သဘောကျမိကြောင်း, အဖွဲ့ဝင် အဖြစ်ဝင်၍ အားပေးရလျှင် သင့်မည်ထင်ပါကြောင်းနှင့် လျှောက်ထားမိပါသည်။ဆရာတော်က အမိန့်ရှိတော်မူသည်မှာ "မောင်ပဏ္ဍိတရဲ့ စာသား ကောင်းတာပါ၊ မင်း စောင့်ကြည့်စမ်းပါ၊ တော်တော်ကြာတော့ စာတမျိုး အလုပ်တမျိုး ဖြစ်လာပြီး သာသနာတော်ကို ထိခိုက်၍ သာသနာတော် ညစ်နွမ်းမည့်ပြင် ပိုဆိုးလာဘို့သာ ဖြစ်ပါလိမ့်မည်၊ မြှောက်ပင့်ပေးနေတဲ့ ဒကာတွေလဲ တနေ့တော့ အဲဒီ ဘုန်းကြီးတွေကို ထိန်းမရ သိမ်းမနိုင်ဖြစ်ပြီး စိတ်အပျက်ကြီး ပျက်ကုန်ကြလိမ့်မည်" ဟု မိန့်တော်မူပါသည်။

(မြှောက်ပေးသော ဒကာတွေ-ဟူသည်မှာ အဘိုးနဲ့ဝန်ပါ ဘုန်းကြီးများကို အသုံးပြုသော နိုင်ငံရေးသမားများကိုဆိုလိုပါသည်။)

ထို့နောက် ရွှေဟင်္သာတောရကျောင်းတိုက်ကြီးကို ကိုယ်တိုင် တောခုတ်ခြုံထွင်၍ ကျောင်းတိုက် အာရာမ်မြေကို ပထမဦးဆုံး ရေစက်သွန်းချ လှူဒါန်းသော အသက်ထက်ဆုံး ရွှေဟင်္သာတောရတိုက်တာ သာသနာကို အားပေးချီးမြှောက်သော မြူနီစီပါယ် စက္ကရီတေရီ ဦးမောင်မောင် သည်လည်း သံဃာသာမဂ္ဂီကို သဘောကျလာပြန်သည်ဖြစ်၍ ဆရာတော်ထံသို့ လာလျှောက်သည်မှာ "ညောင်တုန်းမြို့ရှိ သံဃာအချို့နှင့်

တကွ ထိုထိုမြို့ရွာတို့မှ သံဃာတော် များသည် သံဃာသမဂ္ဂီ အသင်းသို့ ဝင်ကြပါပြီ၊ ဆရာတော်ဘုရား ကျောင်းတိုက်က လည်း ခေတ်အလျောက် ဝင်ဘို့သင့်တော်မည် ထင်ပါသည်" ဟု လျှောက်ထားလေသည်။ ဤစာရေးသော ဘုန်းကြီးတို့ သည် ဆရာတော်အနီး၌ နားထောင်လျက်ရှိနေကြ၏။ ဆရာ တော်မိန့်တော်မူပုံမှာ-"ဒကာ သူတပါး သံဃာသမဂ္ဂီထဲ ဝင် တိုင်း ဒို့ဝင်ကြရမလား၊ အကျိုး ရှိ,မရှိကိုသာကြည့်၍ ဘုရား အဆုံးမတော်နှင့် ရွှေကျင်ဂိုဏ်းစည်းမျဉ်းနှင့် မဆန့်ကျင့်လျှင် တတ်နိုင်သမျှ ကူညီဆောင်ရွက်ဘို့မှာကား အသင့်ပင် ဖြစ် သည်၊ ဘုန်းကြီးတို့အမြင် အမှန်စင်စစ်မှာကား ရည်ရွယ်ချက် များအတိုင်း ကောင်းအောင်ပြုလုပ်နိုင်မည်မဟုတ်ပေ၊ သာ သနာတော်ထမ်း ရဟန်းသံဃာများ ပရိယတ်,ပဋိပတ် အလုပ် ပျက်ပြား၍ သာသနာတော်မှေးမှိန် ယုတ်လျော့ကြောင်းသာ ဖြစ်ပေလိမ့်မည်၊ သို့ကြောင့် ဒို့တိုက်ကတော့ ဝင်ကြမည် မဟုတ်"ဟု မိန့်ကြားတော်မူသည်။

သို့မိန့်ကြားတော် မူလျက် ဦးမောင်မောင်က ဤတွင် မရပ်သေးဘဲ"အရှင်ဘုရားက သဘောမကျသော်လည်း အ ရှင်ဘုရား၏ တိုက်ထဲက အချို့သံဃာကတော့ သဘောကျနေ ကြပါသည်"ဟု ရင်းနှီးသောဆရာဒကာဖြစ်သည့်အလျောက် ပြုံးရွှင်ကာဖြင့် ဆက်လက် လျှောက်ထားပြန်သည်။

"ဒကာမောင်မောင်- ငါတို့ တိုက်က သံဃာသာ မဟုတ်၊ သာသနာတော် တရပ်လုံးရှိ သံဃာကုန် သံဃာသမဂ္ဂီအသင်း သို့ ဝင်ကြစေကာမူ သာသနာတော်၌ရင်း, လောက၌ရှင်း

အကျိုးမဖြစ်၊ အပြစ်သာဖြစ်လိမ့်မည်ဟု ထင်မြင်နေသော ကိစ္စ၌ ငါတို့မပါဝင်ပါဘူး၊ ငါတပါးတည်းကျန်ရစ်ပေစေ၊ မပါဝင်ပါဘူး”ဟု ရှင်းရှင်းတိတိ မိန့်တော်မူလိုက်၏၊ ဦးမောင်မောင်သည်လည်း ရိုသေစွာဝတ်ပြုကာ ပြန်သွားလေ၏။

ဤစာရေးသော ဘုန်းကြီးသည် ဆရာတော် ပြတ်ပြတ်ရှင်းရှင်း မိန့်တော်မူလိုက်သည်ကို အားနာမိ၏၊ ဘယ်လိုဒကာပဲဟူ၍ အားနာမှု လိုက်လျောမှု မရှိပဲ မိန့်တော်မူလိုက်၏၊ သာမန်ပုဂ္ဂိုလ်များ ဤသို့ မိန့်ဆိုစံ ပါမည်လော၊ အကြောင်း မှန်လာလျှင် ဤထုံးကဲ့သို့သာ ဒကာသော ပစ္စည်းသော ရင်းသော ဖျားသော ငဲ့ကွက်မှုမရှိ ရဲရင့်စွာ ပြုတော်မူတတ်ပါသည်၊ ယင်းသို့လျှင် စံကျောင်းဆရာတော် ဘုရား၏ နောင်အရှည်ကို ကျော်လွှမ်းကာ မြင်တော်မူသော ဉာဏ်အမြင် အစွမ်းသတ္တိဖြင့် ငြင်းဆံခုခံ တွန်းဖယ်ကာ ဣန္ဒြေရရ စောင့်ထိန်းအုပ်ချုပ်တော်မူခဲ့သောကြောင့် ရွှေဟင်္သာတောရတိုက်ကြီးသည် ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး အခြေသို့ တိုးတက်ရောက်ရှိလျက် သာသနာတော်၌ ပရိယတ္တိပဒေသာ ပင်ကြီးပမာ ထင်ရှားတည်တန့် စည်ကားစွာ တည်ရှိနေခြင်း ဖြစ်ပေသည်၊ ဤစာရေးသော ဘုန်းကြီးသည်လည်း လမ်းမှားခြင်း, ပျက်စီးခြင်း, နစ်မွန်းခြင်းဘေးမှ လွတ်ကင်း၍ ယနေ့ အခြေသို့ ရောက်ရပေသောကြောင့် ကျေးဇူးရှင် စံကျောင်း ဆရာတော်ဘုရား၏ ကျေးဇူးတော်အနန္တတို့တွင် ဤကျေးဇူး တရပ်မျှဖြင့်ပင် ကျေးဇူးတင်၍မဆုံးနိုင်အောင် ရှိပါတကား-ဟု နေ့စဉ်ဦးခိုက်နေရတော့သည်။ စံကျောင်း ဆရာတော်

ဘုရားတပါးသာ ရှေ့က လမ်းကောက်လမ်းတိမ်းသွားပါလျှင် နောက်နောက်သော တပည့်သားမြေး အဆက်ဆက် တို့သည် ချောက်ကျ၍ အတောမသတ်နိုင်အောင် ရှိပေတော့မည်။

စံကျောင်းဆရာတော်ဘုရား ရှေ့ဆောင်ကောင်းမွန်တော်မူသောကြောင့် ဤစာရေးသောဘုန်းကြီးသည် ယနေ့ ဤစာကို ဒုတိယအကြိမ်ပြင်ဆင်ရေးသော ၁၃၃၄-ခုနှစ်ဝါတွင်း၌ ရဟန်းသိက္ခာဝါ(၆၀)ရသည်အထိ သာသနတာဝန်ကို စွမ်းသမျှဆောင်ရွက်ရပေသည်၊ ရွှေဟင်္သာတောရ ကျောင်းတိုက်တည်းဟူသော ပဒေသာပင်ကြီးမှ အပွင့်အသီးပေါင်းများစွာ တို့သည်လည်း ၁၃၃၃-ခုနှစ်ထိ ပထမကြီးအောင် ၃၆၉-ပါး, စာချတန်းကြီးအောင် ၁၅၃-ပါး ပွင့်သီးကြကုန်ပြီ။

**၁၂၈၄-ခုနှစ် ဂုဏ်ထူး တိုးခြင်း** တိုက်အုပ်ဆရာတော်နှင့် တိုက်ကြပ်ဆရာတော်တို့ သမစိတ္တ,သမဆန္ဒ,သမာခေတု ဖြစ်တော်မူကြလျက် ရွှေဟင်္သာတောရ တိုက်ကြီးကို စီးနင်းအုပ်ချုပ်အားထုတ် ဆောင်ရွက်တော်မူခဲ့ကြရသည်မှာ တိုက်အုပ်ဆရာတော်သည် သိက္ခာဝါတော် (၃၀)ရှိ၍ တိုက်ကြပ်ဆရာတော်သည် သိက္ခာဝါတော်(၂၀) ရရှိတော်မူကြလေပြီ၊ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးသည် ညောင်တုန်းမြို့သို့၁၂၈၄-ခုနှစ်၌ ကြွတော်မူ၍ တိုက်ရှိသံဃာတရာကျော်နှင့်လူပရိသတ်တို့အစုံအညီ မျက်မှောက်၌ ဆရာတော် ၂-ပါးတို့၏ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ပြောကြားတော်မူကာ တိုက်အုပ်ဆရာတော် မောင်ဝါယာမကို ယနေ့ကစ၍ စံကျောင်းဆရာတော်ဟူ၍ ခေါ်ဝေါ် သုံးစွဲ

ကြရမည်၊ တိုက်ကြပ်ဆရာတော် မောင်ကလျာဏကို ယနေ့ ကစ၍ တိုက်အုပ်ဆရာတော် ဘွဲ့မည်ရာထူးဖြင့် ချီးမြှောက် တော်မူသည်၊ တိုက်အုပ်ဆရာတော်ဟူ၍ခေါ်ဝေါ်သုံးစွဲကြရ မည်ဟု မိန့်တော်မူကာ ရာထူးဂုဏ်ထူးတို့ဖြင့်တိုးမြှင့်ချီးမြှောက် တော်မူသည်။ စံကျောင်းဆရာတော် သိက္ခာဝါ ၁၈-မျှ ရှိ တော်မူစဉ်ကပင် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးက စံကျောင်းဆရာတော်အားကျောင်းတိုက်ကို လွှဲအပ်တော်မူပြီး ဖြစ်သည်၊စံကျောင်းဆရာတော်ကလည်း တိုက်အုပ်ဆရာတော် သိက္ခာဝါ ၂၀-ရရှိသောအခါ ကျောင်းတိုက်ကို လွှဲအပ်တော် မူသည်။

**စံနစ်ထုံးနည်းရှိပုံ** ရွှေဟသ်ာတောရတိုက်၌ ကျောင်းဘုန်း ကြီး, စာချဘုန်းကြီး, တိုက်ကြပ်, တိုက် အုပ် ရာထူး ဂုဏ်ထူးဖြင့် ချီးမြှောက်ခြင်း တို့၌ ဖြစ်စေ, စံကျောင်းဆရာတော်ဟူ၍ သမုတ်တင်မြှောက်ခြင်း၌ ဖြစ်စေ, မြန်မာဘုရင်မင်းများက မင်း,မှူးမတ်တို့ကို ရာထူးဂုဏ်ထူး တိုး တက်ချီးမြှောက်သော အစဉ်အလာ, သာသနာဘက် ဆိုင်ရာ၌ ဒုတိယစာချ, ပထမစာချ,ရာဇဂုရုတံဆိပ်တော် ကပ်လှူပူဇော် ချီးမြှောက်သော အစဉ်အလာအတိုင်း,ခန့်အပ်ချီးမြှောက်မည့် ပုဂ္ဂိုလ်၏ဂုဏ်ပုဒ်များကိုနှုတ်ဖြင့်မိန့်ကြားပြီးလျှင်ခန့်အပ်သော စာတမ်းကို ဌာန်ကရိုဏ်းကျနစွာ ပြတ်ပြတ်သားသား ဖတ်စွမ်း နိုင်သော သံဃာတပါးကို ဖတ်ကြားစေ၍ အခမ်းအနားဖြင့် ချီးမြှောက်မြဲဖြစ်သည်။ ကျောင်းတော်ရာ ဆရာတော်ဘုရား ကြီး ပျံလွန်တော်မူပြီး နောက်၌လည်း အဆက်ဆက်သော

ဆရာတော်များသည် ဤထုံးနည်းမပျက် ဆောင်ရွက်တော်မူကြသည်။

**တိုက်ကြပ်ဘုန်းတော်ကြီး ဦးသူရိယ**

တိုက်ကြပ်ဆရာတော် ဦးကလျာဏကို တိုက်အုပ်ဆရာတော် အဖြစ်သို့ တဆင့်တိုး၍ ချီးမြှောက်တော်မူလိုက်သဖြင့် တိုက်ကြပ် ရာထူး လစ်လပ်လျက် ရှိသောကြောင့် ဇာတိပဲခူးမြို့ အထက် စည်တီးသားဖြစ်သော ရွှေနံ့သာကျောင်း ဦးသူရိယကို တိုက်ကြပ်တင်မြှောက်တော်မူ၍ သိမ်ပိဋကတ်တိုက်ကျောင်းသို့ ရွှေ့ပြောင်းအပ်နှင်းတော်မူကြသည်။ ဘုန်းတော်ကြီးဦးသူရိယသည် ရွှေနံ့သာကျောင်းအမကြီး ရန်ကင်းစံရာ ဒေါ်ရွှေဂုံး၏ရဟန်းဖြစ်၍ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိကတပည့်, စံကျောင်းဆရာတော်, တိုက်အုပ် ဆရာတော်တို့၏ အန္တေဝါသိကတပည့်ရင်း ဖြစ်တော်မူသည်၊ ရိုးသားတည်ကြည်၍ စိတ်ကောင်းရှိသည်၊ သီလသိက္ခာ၌ လေးစားသည်၊ ဆရာတော်များကို အလွန်ကြောက်ရွံ့ရိုသေတတ်သည်၊ ဆရာတော်များ၏ ဩဝါဒကို စေတနာဖြင့် လွန်ကျူး ဖောက်ဖျက်သည် မရှိအောင် နာယူစောင့်ရှောက်တတ်သည်။ တိုက်တာ၏ အစီး အပွားကိုလည်း လိုလားတတ်သည်၊အသံဝါ အသံကောင်းဖြစ်၍ အမြဲတန်း ရဟန်းလောင်းဆုံးမရန် ဆရာတော်များက တာဝန်ချထား ချီးမြှောက်တော်မူသည်၊ ဤစာရေးသော ဘုန်းကြီးသည် တိုက်ကြပ်ဘုန်းကြီး ဦးသူရိယထံ၌ ရဟန်းလောင်းဆုံးမနည်းကို လေ့လာ၍ ၆-နှစ်ခန့် ရဟန်းလောင်း ဆုံးမခဲ့ရသည်၊ တနှစ်လျှင် ဆယ်ကြိမ်ခန့် ဆုံးမရသည်၊ မိမိကား အသံ

ကောင်းသည်မဟုတ်၊ ရဟန်းများနှင့်သက်ဆိုင်သော ကမ်ကြီး ကမ်ငယ် ကိစ္စတို့၌ ကျွမ်းကျင်ရုံ,မရှိက သုံးနိုင်ရုံမျှ ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်၏။ သံဃဥပုသ်ကမ်၌လည်း အမြဲတန်း ပါတိမောက်ရွတ်ခဲ့သည်မှာ ၂၂-နှစ်ခန့်ဖြစ်၏၊ တိုက်ကြပ်ဘုန်း တော်ကြီး ဦးသူရိယသည် တိုက်ကြပ်ဖြစ်ပြီးနောက် မကြာမီ စည်တီးရွာသို့ အလိုအလျောက် ကြွ၍ သီတင်းသုံးတော်မူ သည်၊ ဘုန်းကံမူကား နည်းတော်မူရှာသည်။

**ရွှေနံ့သာကျောင်းဘုန်းကြီး ဦးဒီပ** ရွှေနံ့သာကျောင်း,ကျောင်း အမကြီး ဒေါ်ရွှေဂုံး သည် ပင် ဒါယကာပြု၍ ရဟန်း အဖြစ်သို့ရောက်သော ဘုန်းကြီးမှာ ရွှေနံ့သာကျောင်းဘုန်း ကြီး ဦးဒီပဖြစ်သည်၊ ဦးဒီပသည် ဇာတိပဲခူး စည်တီးသား ဖြစ်သည်၊ ဦးဒီပနှင့် ဦးသူရိယတို့သည် စည်တီးဆရာတော်၏ ငယ်တပည့်များဖြစ်ကြသည်၊ ဦးဒီပသည်လည်းကျောင်းတော် ရာ ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိကတပည့် စံကျောင်း ဆရာတော်, တိုက်အုပ်ဆရာတော်တို့၏ အန္တေဝါသိကတပည့် ကြီးပင်ဖြစ်သည်၊ ယခုရန်ကုန် ကျောင်းတော်ရာရွှေကျင်တိုက် သုံးထပ်ကျောင်း နာယက ဆရာတော်ကြီး ဦးသီလက္ခန္ဓ, ဘုန်းကြီး ဦးဒီပ, ဘုန်းကြီးသူရိယတို့နှင့် ဤစာရေးသော ဘုန်းကြီးသည် ညီရင်းအကိုပမာ ခင်မင်ကြသည်၊ ဆရာတော် ဦးသီလက္ခန္ဓသည်လည်း ကျောင်းတော်ရာ ဆရာတော်ဘုရား ကြီး၏ သဒ္ဓိဝိဟာရိက၊ စံကျောင်းဆရာတော်, တိုက်အုပ် ဆရာတော်တို့၏အန္တေဝါသိက တပည့်ကြီးတည်း၊ ဤပုဂ္ဂိုလ် ကြီး ၃-ပါးကို ဒုတိယစံကျောင်းဆရာတော်၏ တူတော်သော

ဦးဝိလာသ, ကွယ်လွန်ပြီးသော ဦးနန္ဒနှင့် ဤစာရေးသော ဘုန်းကြီးတို့က အစ်ကိုကြီးများအဖြစ်၌ ထားကြ၏၊ ပုံျတော် မူသည့်တိုင်အောင် သုံးထပ်ကျောင်းဆရာတော် ဦးသီလက္ခန္ဓ ကို အစ်ကိုကြီး နောင်တော်ကြီးဟူ၍ ခေါ်ကြ၏။ ငယ်စဉ်စာ သင်သားဘဝ ရွှေဟင်္သာတောရတိုက်၌ ရွှေဟင်္သာတောရ တိုက်သားတပည့်ကြီးများအဖြစ်ဖြင့် ပျော်ရွှင်စွာနေခဲ့ကြရ၏၊ တတ်နိုင်သည့်ဘက်က တိုက်တာ သာသနာရေးကို အောက် လက်နောက်ပိုင်းကနေ၍ ဆောင်ရွက်ခဲ့ကြ၏။

တိုက်အုပ်ဆရာတော်ကြီး ဦးကလျာဏသည် မှန်ကျောင်း ဘုန်းကြီး, တိုက်ကြပ်ဘုန်းကြီး, တိုက်အုပ်ဆရာတော် ဟူ၍ ရာထူးဂုဏ်ထူးအဆင့်ဆင့် ရောက်သည်တိုင်အောင် နံနက် ၄- နာရီအချိန်၌ နေ့စဉ်ကုဋီကြီးရှိ သံဃာသုံး ကနုတံ များကို ကိုယ်တိုင်ဆေးကြောတော်မူရာ၌ရွှေနံ့သာကျောင်းဘုန်းကြီး ဦးဒီပသည် အမြဲပါဝင်၍ ၂-ပါး ဆေးတော်မူကြသည်။ (ထိုအခါက ရေသုံးကုဋီမဟုတ်သေး)၊ တိုက်အုပ်ဆရာတော် သည် စာပေပို့ချမှုနှင့် အရေးကြီးသော ကျောင်းတိုက် တာဝန်ကိုသာ ဆောင်ရွက်တော်မူသည် မဟုတ်သေးပါ၊ ကနု တံ ဆေးကြောခြင်းနှင့် ဘုရားကျောင်းရှိ ဘုရားရေတော်အိုး ဆယ်လုံးမျှကိုင်၎င်း, စာအံကျောင်း၌ သံဃာများသောက်ရန် ရေအိုးများကို၎င်း ကိုယ်တိုင်နေ့စဉ် ခတ်ကာထမ်းကာဖြင့် လှူဒါန်းတော်မူသည်၊ အရှင်မရှိသောသင်္ကန်းဟောင်း,သင်္ကန်း စုတ်များကိုတွေ့လျှင် ကိုယ်တိုင်ကောက်ယူဖွတ်လျှော်ပြီးမှ ရေ ချိုးတော်မူသည်၊ ရေချိုးပြီးမှ နံနက်အရုဏ်ဆွမ်း ဘုဉ်းပေးသ ဖြင့် နေ့စဉ်ဆွမ်းစားနောက်ကျလေသည်၊ အရှင်မရှိ၍ကောက်

ယူဖွတ်လျှော်ထားသော သင်္ကန်းဟောင်း, သင်္ကန်းအစုတ်များကို ဂိလာနပုဂ္ဂိုလ်များကိစ္စမှစ၍ သင်္ကန်းစုတ်သုံးစွဲရမည့်ကိစ္စတို့၌ အသုံးပြုတော်မူသဖြင့် နေရာနှင့်နေရာ(သူ့နေရာနှင့်သူ) ကျေးဇူးများလှပေသည်၊ ရွှေနံ့သာကျောင်း ဘုန်းကြီးဦးဒိပနှင့်ညီတော်ဘုန်းကြီးဦးကောသလ္လတို့သည်အသံကောင်းအရွတ်အဆိုကောင်းများ ဖြစ်ကြသည်၊ ရွှေဟင်္သာတောရတိုက်၌နေစဉ်က ရပ်ရွာအတွင်း၌ အန္တရာယ်ကင်း ပရိတ်ရွတ်ကြရလျှင် ပရိတ်မှန်းခြင်း, အနက်ရွတ်ခြင်း, ကထိန်သြဘာစာ, စာပြန်ပွဲ သြဘာစာ ဖတ်ခြင်းတို့ဖြင့် တိုက်တာ၏တာဝန်ကို တစွန်းတစက ဆောင်ကြပေသည်။

**တိုက်ကြပ်ဂုဏ်အင်္ဂါများ** တိုက်တာအတွင်း၌ ဆယ်ဝါထက်အလွန်နေထိုင်ဘူးခြင်း၊

တိုက်တာအကျိုး,ဆရာသမားအကျိုးကို လွန်မင်းစွာ လိုလားတောင့်တသော သမာဆန္ဒရှိခြင်း၊

ပထမလူကြီးများနှင့် ဆန့်ကျင်ဘက်မပြုပဲ ဒိဋ္ဌ,သုတ, ပရိသင်္ကိတအရာ ဖြစ်ပေါ်လာလျှင် ပြောဆို ဆုံးမသည့်အခါလိုက်နာလွယ်ခြင်း၊

သောဝစဿတာမင်္ဂလာဂုဏ်နှင့် ပြည့်စုံခြင်း, ပရိတ်ကြီးနှင့် ဒွေမာတိကာများကို အာဂုံဆောင်နိုင်ခြင်း၊

ရဟန်းရှင်လူတို့အား သဒ္ဓါတရားဖြစ်ပေါ်လောက်အောင်တရားပြသဟောပြောဆုံးမနိုင်ခြင်း၊

သာသနာတော် တိုးတက်စည်ပင်စေရန် ရည်သန်တောင့်တ၍ ဓုရနှစ်ပါးကို အားထုတ်လိုသော မဟာဗျာသယရှိခြင်း၊

သဂါရဝ,သပ္ပဋိဿဂုဏ်နှင့် ပြည့်စုံခြင်း၊
အစိုးရပထမပြန်စာမေးပွဲ၌ ပထမကြီးအောင်မြင်ခြင်း၊
ပထမကြီး မအောင်စေကာမူ ပထမကြီးတန်းအောက် မလျော့ပဲ ပါဠိ,အဋ္ဌကထာ,ဋီကာတို့ကို ချပို့နိုင်ခြင်း၊ ဤသို့ စသော ဂုဏ်ထူးများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို တိုက်ကြပ် အရာဌာနန္တရဖြင့် အများသဘောတူ တင်မြှောက်ကြရမည်၊ တင်မြှောက်ကြစတမ်း၊ အများသဘောတူ တင်မြှောက်သည့် နေ့မှစ၍ ၎င်းပုဂ္ဂိုလ်ကို **တိုက်ကြပ်ဘုန်းကြီး** ဟူသောအမည် နာမဖြင့် ခေါ်ဝေါ် သုံးစွဲကြရမည်၊ ၎င်းစာကို တိုက်အုပ် ဆရာတော်က သံဃာ့အလယ်မှာ သူတပါး နားလည်လောက် အောင် ဖတ်နိုင်သောပုဂ္ဂိုလ်ကို ဖတ်စေလိုကြောင်း။

**ကျောင်းတော်ရာဆရာတော်**
**ညောင်တုန်းမြို့၊ရွှေဟင်္သာတောရ**
**သီရိမဟာမင်္ဂလာရာမတိုက်**
**၁၂၇၅-ခုနှစ်၊ ဝါဆိုလဆုတ် ၁၄-ရက်နေ့။**

**တိုက်ကြပ်ဌာနန္တရ ခန့်အပ်စာ** မှန်ကျောင်းဘုန်းကြီး ဦးကလျာဏကို တိုက်ကြပ်အရာ ဌာနန္တရဖြင့် ချီး မြှောက်ခြင်းကို သဘောတူပါကြောင်း နှင့် စံကျောင်းတိုက်အုပ်ဆရာတော်, ပုပ္ပါရုံဘုန်းကြီး, ဗိုလ် ကျောင်းဘုန်းကြီး, ဗောဓိကျောင်းဘုန်းကြီး, စမုယ်ရုံ ကျောင်းဘုန်းကြီး, ဂန္ဓာရုံကျောင်းဘုန်းကြီး, စွယ်တော် ကျောင်းဘုန်းကြီး စသောတပည့်ကြီးငယ်တို့က လျှောက်ထား ကြသောကြောင့် လျှောက်ထားကြသည့်အတိုင်း တိုက်ကြပ်

အရာဌာနန္တရဖြင့် ချီးမြှောက်သင့် ချီးမြှောက်ထိုက်သော ဂုဏ် ထူးဝိသေသနှင့် ပြည့်စုံသော မှန်ကျောင်းဘုန်းကြီး မောင်က လျာဏကို ၁၂၇၅-ခုနှစ်၊ဝါခေါင်လဆန်း ၁၀-ရက်တနင်္လာ နေ့၌ တိုက်ကြပ်အရာဌာနန္တရဖြင့် အများသဘောတူ ချီး မြှောက်ကြရမည်၊ ချီးမြှောက်ကြစတမ်း၊ ချီးမြှောက်ကြသည့် နေ့ကစ၍ **မှန်ကျောင်းတိုက်ကြပ်ဘုန်းကြီး** ဟူသော အမည် နာမဖြင့် ခေါ်ဝေါ်သုံးစွဲခြင်းကို ပြုကြစတမ်း။

**ကျောင်းတော်ရာဆရာတော်**
**ညောင်တုန်းမြို့**
**ရွှေဟင်္သာတောရသီရိမဟာမင်္ဂလာရာမတိုက်**
**၁၂၇၅-ခုနှစ် ဝါခေါင်လဆန်း ၁၀-ရက်နေ့၊**

**တိုက်အုပ်ဂုဏ်အင်္ဂါများ** ၁။ ပိဋကတ်သင် ရိုး ပေါက် ခြင်း၊
၂။ ပိဋက အဋ္ဌကထာ, ဋီကာ တို့ကို နိုင်နင်းစွာပို့ချနိုင်ခြင်း၊
၃။ ပရိတ်နှင့်တကွ ဝိနည်းလေးစောင်ကို နှုတ်တက် အာဂုံဆောင်ခြင်း၊
၄။ အရာဌာနအားလျော်စွာ ရှင်,လူ,ရဟန်း တို့ အား တရားဟောပြောနိုင်ခြင်း၊
၅။ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်ရှိခြင်း၊
၆။ သိက္ခာပုဒ်ဖြင့် အစွပ်အစွဲ မခံရခြင်း၊
၇။ စွပ်စွဲခြင်း ခံရသော်လည်း ယုံကြည် လောက် သောသုဒ္ဓိဝိနိစ္ဆယကို ရခြင်း၊
၈။ တိုက်တာအတွင်းအာပတ္တာဓိကရုဏ်း,ဝိဝါဒါဓိက

ရဏ်း ဖြစ်ပေါ်လာသောအခါ တရားနှင့်အညီ ဆုံးဖြတ်နိုင်ခြင်း၊

၉။ မောဟာဂတိကိုချန်လှပ်၍ဆန္ဒာ,ဘယာ,ဒေါသာဂတိမစွန်းငြိရခြင်း၊

၁၀။ အထက်ဆရာကြီးနှင့် ဆန့်ကျင်ဘက် စကားကို မပြောမိအောင် သတိဆောင်ရခြင်း၊

၁၁။ ရဟန်း,ရှင်,လူတို့ ကြည်ညိုဖွယ်ရှိအောင် ဣန္ဒြိယသံဝရသီလကို အထူးစောင့်ထိန်းရခြင်း၊

၁၂။ မည်သည့်အခါမဆို သေဝိတဗ္ဗတရား ၄-ပါး, အသေဝိ တဗ္ဗတရား ၄-ပါးနှင့်တကွ ရဟန်းလောင်းဆုံးမရန် ကမ္မဝါကိုလေ့လာ၍ ချောမောပြေပြစ်စွာ ဆုံးမနိုင်ခြင်း၊

၁၃။ ခမာ, ဇာဂရိယ,သံဝိဘာဂ,ဒယာ, ဣက္ခဏာဂုဏ်တို့နှင့် ပြည့်စုံခြင်း၊

၁၄။ အထက်ဆရာကြီးထံ ရံဖန်ရံဖန်ဆည်းကပ်၍ ဩဝါဒခံယူခြင်း၊

၁၅။ နေ့စာ ၃-ဝါ, ညစာ ၂-ဝါ နေ့စဉ် ပို့ချခြင်း၊

၁၆။ သီတင်းနေ့တိုင်း သဒ္ဒါငယ်တဝါ ပို့ချခြင်း၊

၁၇။ သံဃသင္ဂြု သံဃဖာသု ဖြစ်စေခြင်းငှာ ကျောင်းဘုန်းကြီးများနှင့် တိုင်ပင်၍ နိဂ္ဂဟာရဟပုဂ္ဂိုလ်တို့ကိုနိုင်နင်းအောင် နှိပ်ကွပ်၍ ပဂ္ဂဟာရဟပုဂ္ဂိုလ်တို့ကိုချီးမြှောက်ရခြင်း၊

၁၈။ တိုက်တာအတွင်း သီတင်းကြီးများ ရောက်လာသည့်အခါ ခရီးဦးကြိုဆို၍ ပဋိသန္ထာရပြုရခြင်း၊

၁၉။ လောကဓမ္မ မတော်, မလျော်သည် များကို သူ
တပါး မြင်ကြား၍ လျှောက်ထားသည့် အခါ
ဆန့်ကျင်ဘက်စကား မပြောကြားဘဲ သော၀
စဿတာ မင်္ဂလာနှင့်အညီ ပြောဆိုဆုံးမ လွယ်ကူ
ခြင်း၊ ကြီးငယ်မဆို ဤအင်္ဂါ ၁၈-ပါးနှင့်ပြည့်စုံ
သော ပုဂ္ဂိုလ်သည်သာလျှင် သာ သ နာ တော်
စည်ပင်ပြန့်ပွား အသားတက်အောင်ရဟန်းရှင်လူ
တို့ အကျိုးစီးပွား များအောင် ဆောင်ရွက်နိုင်
မည်ဖြစ်၍ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ
သီရိမဟာ မင်္ဂလာရာမတိုက်အတွင်း သီတင်းသုံး
နေကြသော ပုဂ္ဂိုလ်များအနက် ဤဆိုခဲ့ပြီးသော
အင်္ဂါ ၁၈-ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ရွေး
ကောက်၍ တိုက်အုပ်အရာ ဌာနန္တရဖြင့် အများ
သဘောတူ တင်မြှောက်ခန့်ထားကြရမည်၊ ခန့်
ထားကြစတမ်း(အင်္ဂါ ၆-နှင့် ၇-ကို ပေါင်းသ
ဖြင့် ၁၈-ပါး ဖြစ်သည်)။

ကျောင်းတော်ရာ ဆရာတော်
ညောင်တုန်းမြို့
ရွှေဟင်္သာတောရသီရိမဟာမင်္ဂလာရာမတိုက်
၁၂၆၃-ခုနှစ်။

**တိုက်အုပ်ခန့်စာ** အကြောင်း အင်္ဂါ ၁၈-ပါးနှင့် ပြည့်စုံ
သော ပုဂ္ဂိုလ်ကို ထောက်လှမ်း စုံစမ်းရာ
မင်္ဂလာ စံကျောင်းဘုန်းကြီး ဦးဝါယာမသည် အင်္ဂါ ၁၈-ပါး

နှင့် ပြည့်စုံလုံလောက်သော ပုဂ္ဂိုလ်ဖြစ်၍ တိုက်အုပ်အရာ ဌာနန္တရဖြင့် ချီးမြှောက် သင့်ပါကြောင်းနှင့် ရွှေနံ့သာ ကျောင်းဘုန်းကြီး ဦးကလျာဏ စသော(စည်တီးဆရာတော်) သံဃာကြီးငယ်တို့က လျှောက်ထားကြသောကြောင့် ၎င်း လျှောက်ထားချက်အတိုင်း သံဃသုဋ္ဌုသံဃဖာသုဖြစ်စေခြင်း ငှာ သံဃာတော်များနှင့် သဘောတူ ကျောင်းတော်ရာ ဆရာ တော် ဘုရားကြီးက ၁၂၆၃-ခု နယုန်လဆန်း ၄-ရက် တနင်္လာနေ့၌ သံဃာတော်တို့ အလယ်ဝယ်မင်္ဂလာစံကျောင်း ဘုန်းကြီးဦးဝါယာမကိုတိုက်အုပ်အရာဌာနန္တရဖြင့်ချီးမြှောက် သင့်သောပုဂ္ဂိုလ် ဖြစ်သည်နှင့် အညီ ရွှေဟသ်ာတောရ သီရိ မဟာမင်္ဂလာရာမတိုက်၌ တိုက်အုပ် ခန့်ထားတော် မူသည်၊ ယနေ့ကစ၍ မင်္ဂလာစံကျောင်း တိုက်အုပ် ဘုန်းကြီးဟူသော အမည်နာမဖြင့် ခေါ်ဝေါ်သုံးစွဲကြရမည်၊ သုံးစွဲကြစတမ်း။

**ကျောင်းတော်ရာဆရာတော်**
**ရွှေဟသ်ာတောရသီရိမဟာမင်္ဂလာရာမတိုက်**

**ညောင်တုန်းမြို့**
**၁၂၆၃-ခု နယုန်လဆန်း ၄-ရက် တနင်္လာ။**

**ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး** ကျောင်းတော်ရာ ဆရာတော်ဘုရား ကြီးဟူသည်မှာ သာမန်ဆရာတော် မဟုတ်ချေ၊ ရွှေဘိုမင်း လက်ထက် သက္ကရာဇ် ၁၂၀၅ - ခုနှစ်၌ အမရပူရမြို့တွင် ဖွားမြင် တော်မူသော ခရိုင် အုပ်မင်း ဦးဖေ - ဒေါ်စမွယ် တို့၏ ဒုတိယမြောက် သားတော်ဖြစ်သည်။ သာသနာပြု


ရှမ်းကလေးကျွန်း ဆရာတော်ထံ၌ သူတော်ငယ် အဖြစ်ဖြင့် နေစဉ် ပဉ္စမသင်္ဂါယနာတင် ဘုရင်မင်းတုန်း မင်းတရားကြီး၏ တောင်နန်းမတော် စကြာဒေဝီ မိဖုရားခေါင်ကြီးက ရှင်သာမဏေဒါယိကာအဖြစ် ခံယူ၍ ပစ္စည်းပရိက္ခရာတို့ဖြင့် လှူဒါန်းကာ သာသနာပြု ရှမ်းကလေးကျွန်း ဆရာတော် ကိုယ်တိုင် ဥပဇ္ဈာယ်ဆရာပြု၍ချီးမြှောက်တော်မူသဖြင့် ရှင်သာမဏေဘုံသို့ ရောက်လေသည်၊ ယင်းသို့ မိဖုရားခေါင်ကြီးနှင့် ရှမ်းကလေးကျွန်း ဆရာတော်တို့က ချီးမြှောက်တော် မူသည်မှာ သာမဏေလောင်းလျာ သူတော်ငယ်၌ နေ့စဉ် ဆယ်ပါးသီလကို ထိန်းသိမ်းစောင့်ရှောက်ခြင်း, အနေအထိုင် သေဝပ်ပိပြားခြင်း, အရွယ်နှင့် မတန်အောင် စာပေ ပေါက်ရောက်ခြင်း, ဆရာ၌ပြုအပ်သောကျင့်ဝတ်နှင့်ပြည့်စုံခြင်း စသည်တို့ကြောင့် သာသနာပြု ရှမ်းကလေးကျွန်း ဆရာတော်ဖုရားကြီး နောက်တော်က နန်းတော်သို့ ပါရှိသွားရာ၊ မိဖုရား ခေါင်ကြီးက တွေ့မြင်ကြည်ညို၍ အနီးသို့ခေါ်ကာ မေးမြန်းနေစဉ် ရှမ်းကလေးကျွန်းဆရာတော်ကြီးက သူတော်ငယ်၏ ဂုဏ်ကျေးဇူး စကားများကို မိန့်တော်မူသောအခါ၊ ကြည်လင် တိုးတက်သော သဒ္ဓါစေတနာတို့ဖြင့် ခရိုင်အုပ်မင်းနှင့် ဒေါ်စမွယ်တို့ထံ၌ တောင်းယူ၍ ရှင်သာမဏေ ပြုပေးခြင်းဖြစ်သည်၊ ရှမ်းကလေးကျွန်းဆရာတော်ကြီး ပျံလွန်တော်မူသောအခါ သာမဏေရှင်သာသနသည် ရွှေကျင်ဆရာတော်ဘုရားထံသို့ရောက်ရှိဆည်းကပ်မိလေသည်၊ သူတော်ငယ်ဘဝကပင် ဆရာသမားတို့၏ ကြည်ညို ချစ်ခင် ချီးမြှောက်ခြင်းကို ခံယူခဲ့ရအောင် ပရိယတ်, ပဋိပတ် နှစ်ရပ်သော ဓုရနှင့် ပြည့်စုံလျက်ရှိသော သာမဏေ ဖြစ်သောကြောင့် ရွှေကျင် ဆရာတော်ဘုရားကြီး

သည်လည်း အဘိုးတန် ကျောက်မျက်ရတနာကို ကောက်ယူ ရရှိသော ယောကျာ်းကဲ့သို့ ရှင်သာသန တည်းဟူသော သာ မဏေရတနာကို ရရှိတော်မူ၍ အားရနှစ်သက်ခြင်း ဖြစ်တော် မူသည်။

သက္ကရာဇ် ၁၂၂၄ ခုနှစ်၊ဝါဆိုလဆန်း ၄-ရက်၊တနင်္ဂနွေ နေ့ ၄-ချက်တီးအချိန် သာသနာပြု ရွှေကျင်ဆရာတော်ဘုရား ကြီးက ဥပဇ္ဈာယ်ဆရာ၊ ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတုန်း မင်းတရားကြီး၏ သမီးတော် တပင်တိုင် စလင်းမင်းသမီးက ရဟန်းဒါယိကာမ အဖြစ်ဖြင့် ချီးမြှောက် အားပေးကြသည် ဖြစ်၍ မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမ ရွှေကျင် တိုက်မအတွင်း ခဏ္ဍသိမ်တော်၌ ရဟန်းမြတ်အဖြစ်သို့ ရောက် တော်မူခဲ့သည်၊ ရှင်မဏေဘဝ၌ မိဖုရားခေါင်ကြီးက တလ လျှင် (၁၅၀) တန် အပ်သော ပစ္စည်းကို လှူသည်၊ ရဟန်း ဖြစ်သောအခါ တပင်တိုင်စလင်းမင်းသမီးက တလလျှင် ၃၀ တန် အပ်သောပစ္စည်းကို လှူသည်၊ဦးသာသနသည် သာမဏေ ငယ်, ရဟန်းငယ်အခါကပင် ပစ္စည်းလေးပါးတို့၌ ထူးကဲစွာ ပြည့်စုံခဲ့သည်၊ ပစ္စည်းလေးပါး ပြည့်စုံသည်နှင့်အမျှ ပေးကမ်း ဝေဘန်လှူဒါန်းမှု၌လည်း သဒ္ဓါစေတနာ ထက်သန်တော်မူလှ သည်၊ ရဟန်းအဖြစ်၌လည်း ဆရာသမား သီတင်းသုံးဖော်တို့ ၏ ကြည်ညိုမြတ်နိုးလေးစားခြင်းကို ခံယူရသည်၊ပရိယတ်နှင့် ပဋိပတ် ကျင့်ဝတ်တို့၌လည်း ထက်သန်သော ဇွဲလုံ့လဖြင့် အားထုတ်တော်မူလေ့ ရှိသည်၊ သို့ကြောင့် ဥပဇ္ဈာယ်ဆရာရင်း ဖြစ်တော်မူသော ရွှေကျင်ဆရာတော်ကြီးက **တပည့်တထောင် တွင် တစ်ခေါ်လောက်သော တပည့် ဖြစ်သည်** ဟု မိန့်မြွက် တော်မူဘူးလေသည်။

ဦးပဥ္စင်း ဦးသာသနသည် ဓုရ နှစ်ပါးလုံးကို အားထုတ်တော်မူသော်လည်း ပဋိပတ္တိဓမ္မဝိပဿနာဓုရ၌ သာလွန်ထက်သန်သော ဝါသနာအဟုန် ရှိတော်မူသဖြင့် ဆုတောင်းပြည့်တောရ, အုန်းတစည် တောရ, နတ်လယ်ကူး တောရ စသော ထိုထိုတောရကျောင်းများသို့ ထွက်တော်မူကာ ပဋိပတ်သက်သက်ကို အားထုတ်တော်မူလေ့ရှိသည်၊ ထိုအတွင်း၌ ရွှေကျင်ဆရာတော်ဘုရားက ပြန်ခေါ်တော်မူ၍ တိုက်တွင်းသို့ပြန်ကာ စာပေပို့ချနေရသည်၊ ထိုစဉ်သိက္ခာဝါတော် ၁၁-ဝါအရ၌ ဒုတိယစာချ ဂဏဝါစကဘွဲ့ဖြင့် မင်းတရားကြီး၏ ချီးမြှောက်ပူဇော်သည်ကို ခံယူရသည်။ သိက္ခာ (၁၆) ဝါတွင် သီပေါမင်းက ပထမစာချဂဏဝါစကဘွဲ့ဖြင့် တိုးဆင့်၍ ပူဇော်ခြင်းကို ခံယူရသည်။ ရန်ကုန်မြို့၌ ရှိသော ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး လှူဒါန်းသော ကျောင်းတော်ရာတိုက်ကို ဥပဇ္ဈာယ် ဖြစ်တော်မူသော ရွှေကျင်ဆရာတော် ဘုရားကြီးက ဂရုဘာဏ် လဟုဘာဏ်အာရာမ်ပစ္စည်းနှင့် တကွ အပ်နှင်းတော်မူ၍ သက္ကရာဇ် ၁၂၄၂-ခုနှစ်၌ လက်ခံကာ ရွှေ့ပြောင်း၍ သီတင်းသုံးတော်မူရသည်။

သက္ကရာဇ် ၁၂၄၇-ခုနှစ်၊ ရဟန်းသိက္ခာ ဝါတော် (၂၃)ဝါအရတွင် သီတင်းကျွတ် လပြည့်ကျော် (၄) ရက် အင်္ဂါနေ့၌ အမိန့်တော်စာချွန်နှင့်တကွ မာရ်အောင် ရဘနာ စေတီတော် ဒါယကာ သီပေါမင်းသည် **သာသနာလင်္ကာရ သဒ္ဓမ္မာ ဘိဝံသကဝိဇေမဟာဓမ္မရာဇာဓိရာဇဂုရု** ဘွဲ့ တံဆိပ်တော်ကို ကပ်လှူပူဇော်သည်၊ ထိုအခါမှစ၍ ရန်ကုန် မြို့ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဟူ၍ ထင်ရှားတော်မူခဲ့သည်။



ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီး
(၁၂၀၅-၁၂၈၇)

ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီးသည်လည်း ကျောင်းပေါင်း ၃၀-ကျော် သံဃာတော် ၂၀၀- ကျော်ဖြင့် စည်ကားခဲ့ပေသည်၊ ဤမျှဖြင့် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး ဟူသည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်ဟူ၍အကျဉ်းအားဖြင့် သိရှိကြရပေပြီ၊ ပိုမို၍ အကျယ်တဝင့် သိရှိလိုသောဆန္ဒရှိကြပါမူကား- ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးပျံလွန်တော်မူ၍ သင်္ဂြိုဟ်ပူဇော်အပ်သော သာဓုကီဠနပွဲ၌ စံကျောင်းဆရာတော်ဘုရား စေခိုင်းတိုက်တွန်းတော်မူ၍ ဓမ္မပူဇာပူဇော်သော အားဖြင့် ဤစာရေးသောဘုန်းကြီး ရဟန်းသိက္ခာ ၁၂-ဝါအရွယ်၌ရေး၍ စာအုပ်အဖြစ် ရိုက်နှိပ်လှူဒါန်းသော ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဖွင့် ထေရုပ္ပတ္တိ၊ ယခု-ရွှေဟင်္သာ တောရတိုက်အုပ် ဆရာတော် ဦးဝိမလရေးသော ကျောင်းတော်ရာထေရုပ္ပတ္တိ၊ ယခုမြန်မာစာ ဝေါဟာရ ကော်မီတီ အဖွဲ့ဝင် စာပြင်မှူးချုပ်ကျမ်းပြုဆရာ ဦးအုန်းရွှေ ရေးသားသော သာသနာ့ဝင်၊ အမျိုးသား ပညာဝန် ဦးဘိုးကျား ရေးသော ထေရုပ္ပတ္တိတို့ကိုကြည့်ပါလေ၊ ဤသမိုင်း၌ကား ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်ကို အစအဦး တည်တော်မူ၍ စံကျောင်း ဆရာတော်ဘုရားအား တိုက်တာကို လွှဲအပ်တော်မူသော ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးသည် သာမန် ဆရာတော်ကြီးမဟုတ်သည်ကို သိစေလိုသောဆန္ဒဖြင့် အကျဉ်းမျှသာ ဖော်ပြလိုက်ရသည်။

**ဆရာ့စကား မြေသို့ မကျ** စံကျောင်း ဆရာ တော် ဘုရား၌
သော၁၀ စဿတာမင်္ဂလာရှိတော်

မူပုံမှာ မှတ်လောက် သားလောက်ရှိပါပေသည်၊ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးက "မောင်ဝါယာမစာတတ်ချင်လျှင် လဖက်မစားနှင့်"ဟု ဆုံးမတော်မူသော နေ့ကစ၍ လဖက်စားမှုကို ပယ်လိုက်၏၊ လဖက်ရည်မသောက်နှင့် ဆိုလျှင်လည်း လဖက်ရည်သောက်ခြင်းမှ ရှောင်ကြဉ်လိုက်၏၊ နေ့လယ် မအိပ်နှင့်ဆိုလျှင်လည်း နေ့အိပ်မှုကို ပယ်လိုက်၏၊ ဤသို့စသည်ဖြင့် ဆရာတော်၌ ဆုံးမပဲ့ပြင်တော်မူသမျှ မြစ်တားတော်မူသမျှတို့ကို ငြင်းဆံသည်မရှိ၊ အတိအကျလိုက်နာတော်မူလေ့ရှိသည်၊ အအိပ်အနေအလွန် နည်းတော်မူသည်၊ တပည့်များက ခုတင်,ခြင်ထောင်, ခေါင်းအုံး တို့ဖြင့် ဆရာတော်အတွက် အိပ်ရာနေရာ ခင်းကျင်းထားသော်လည်း ဖွင့်ထုတ်၍ ဘယ်ကဲ့သို့မှ အမိန့်မရှိပဲ အမှတ်မဲ့သာ နေလေ့ရှိတော်မူသည်၊ ရွှေဟင်္သာ တောရတိုက်၌ စံကျောင်းဆရာတော်ဘုရားသည် ခုတင်,ခြင်ထောင်, လဲသွတ် ခေါင်းအုံး တို့ဖြင့် ကျိန်းစက်သည်ကို မမြင်ရဘူးပေ၊ တပည့်များကိုပင် အသိမပေးမူ၍ အာနာပါန စသော သမထနှင့် ဝိပဿနာအလုပ်ကိုလည်း အားထုတ်တော် မူလေ့ ရှိသည်ကို အရိပ်အကဲကြည့်၍ သိကြရသည်။

ရွှေဟင်္သာတောရတိုက်၌ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးမှအစ စာချဘုန်းကြီးများအထိ ထိုခေတ်က လဲသွတ်ခေါင်းအုံးများကို အသုံးမပြုကြပဲ သစ်သားခေါင်းအုံးမျှကိုသာ သုံးဆောင်တော် မူကြသည်။ သွားလေရာ၌ နေရာထိုင်ခင်းကို ပုခုံးတင်ကာ သွားတတ်ကြသည်၊ အထူးသဖြင့် ဘုရားဝတ်ပြုသွားသော အခါ, စာတက် စာအံ သွားသောအခါ,

ဆွမ်းစားသွားသောအခါတို့၌ ယူဆောင်ကာ သွားကြသည်၊ ရောက်ရာ၌ ခင်းကြသည်၊ ရွှေ့ဆောင်ဖြစ်သော ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး ကိုယ်တိုင်က သန့်ရှင်းသပ်ယပ်စွာ နေတော်မူတတ်သည်မှတပါး ခမ်းခမ်းနားနား ကော်ဇော ကမ္ဗလာ အခင်းအကျင်းနှင့် နေတော်မူလေ့မရှိ၊ ဖဲပိုးကတ္တီပါသက်န်းများကို ဝတ်ရုံတော်မူလေ့မရှိသောကြောင့် ဒိဋ္ဌာနုဂတိအားဖြင့် စံကျောင်းဆရာတော်တိုက်အုပ် ဆရာတော်တို့မှစ၍ သံဃာတော်များသည် ကော်ဇော ကမ္ဗလာ ခင်းကျင်းခြင်း၊ အိပ်ရာနေရာကောင်းအောင် ပြုပြင်ခြင်း၊ ပိုးဖဲ ကတ္တီပါသင်္ကန်းများ ဝတ်ရုံခြင်းမရှိကြ၊ ရိုးရိုး သန့်သန့်သာ လျှင် နေလေ့ရှိတော်မူကြသည်။

စံကျောင်းဆရာတော်ဘုရားသည် သိက္ခာတော် (၃၀) ကျော်အထိ စံကျောင်း ဆရာတော်ဟူသော ဘွဲ့ထူးကို ခံယူရသည်တိုင်အောင် စာပေပို့ချခြင်း၊ ကျမ်းစာ ရေးသားခြင်း၊ ဩဝါဒပေးခြင်း၊ ဖြစ်ပေါ် လာသော တိုက်တာ သာသနကိစ္စတို့ကို အကြောင်းအလျောက် ပြီးပြေငြိမ်းအေး စေခြင်း၊ ပိဋက၊ဂရု၊ဘာဝနီယ၊ဝတ္တာ ဝစနက္ခမ၊ ဂမ္ဘီရကထံကတ္တာ၊ နော စဋ္ဌာနေ နိယောဇက၊ဂုဏ်အရည်အချင်းတို့နှင့် တင်းတင်း ပြည့်စုံတော်မူခြင်း၊ အထူးအားဖြင့် ဖြောင့်စင်းသော စိတ်နှလုံးရှိတော်မူခြင်း၊တပည့်သားတို့အား ငဲ့ညှာ သနားတတ်သော သဘောရှိတော်မူခြင်း၊ မျက်နှာကြီးငယ်မလိုက် ချီးမြှောက်ထိုက်သော ပုဂ္ဂိုလ်ကို ချီးမြှောက်တော်မူခြင်း စသည်တို့ကြောင့် စံကျောင်းဆရာတော်ဘုရားအား တပည့်တိုင်းက ကြည်ညိုလေးစားမြတ်နိုးကြသည်၊ တပည့်ငယ်တဦးသည် တစုံ

တရာသော အပြစ်ရှိခဲ့လျှင် ရေဒဏ်အစိတ် ထမ်းကွ ငါးဆယ် ထမ်းကွ ဟု ဒဏ်ပေးတော်မူသည်၊ ဒဏ်မထမ်းရမီပင် ဆယ်ခေါက်ပဲ ထမ်းပါကွာ၊ ၂၅-ခေါက်ပဲ ထမ်းပါကွာဟုလျှော့တော် မူတတ်သည်။

ထို့နောက် ကဲကွာ သနားပါတယ် မထမ်းပါစေနဲ့တော့ ဟု ခွင့်လွှတ်တော်မူတတ်သည်၊ ဤသို့လျှင် တပည့်များ အပေါ်၌ ကရုဏာရှိတော်မူပါသည်။

သည်းခံခြင်း သည်း ခံ တော် မူ နိုင် ခြင်း ဘက် ၌ လည်း စံကျောင်းဆရာတော်သည်စံတင်လောက်ပါပေသည်၊ အစားအသောက်နှင့် စပ်လျှင်လည်း ဘယ်ဟာကောင်းသည်,ဘယ်ဟာမကောင်း,ဘာကိုရှာပါဦး၊ဘာကိုကပ်ပါဦးဟူ၍ မိန့်ဆိုဘူးသည်မရှိ၊အလုပ်အကျွေး တပည့်များက ကပ်သမျှဖြင့်သာရောင့်ရဲမျှတကာ သည်းခံတော်မူသည်၊ မိမိသည် ငယ်စဉ်ကဤမျှမစဉ်းစားမိခဲ့ပါ၊ အသက်အရွယ်ကြီးလာခါမှ ထိုအခါက စံကျောင်းဆရာတော်ဘုရား ဘုဉ်းပေးတော်မူရပုံ၊ဒုတိယဆရာတော်ဘုဉ်းပေးတော်မူရပုံကို ပြန်လည်ဆင်ခြင်မိပါသည်၊ ဆရာတော် ၂-ပါးလုံး ဘုဉ်းပေးတော်မူရသည်မှာ သနားစရာပင်ကောင်းပါသည်၊ ရွှေဟင်္သာ တောရတိုက်သည် အနီးအနား၌ လယ်တဲ ခြံသမားအချို့ ရှိသောကြောင့် တောရစစ်စစ်ရသည်ကားမဟုတ်ပေ၊သို့သော် မြို့နှင့်မူကား မိုင်ဝက်ခန့်ကွာလေသည်၊ မြို့နှင့်ဝေး၍ အိမ်နှင့် ကွာသော တောရကျောင်းဖြစ်သောကြောင့် ဒကာဒကာမတို့က သဒ္ဓါတရားရှိ၍ ဆွမ်းပူပူကလေး,ဟင်းရေပူပူကလေးကပ်လှူလို

ကြစေကာမူ ကျောင်းဝေး၍ မကပ်နိုင်ကြ၊ ဘုန်းကြီး သိရသလောက်ဆိုလျှင် ဆရာတော်များအတွက် သပ္ပါယဖြစ်အောင် သီးခြားဆွမ်းအုပ် ပို့လှူသည်ဟူ၍လည်း မရှိပါ၊ သံဃာတော်များအားလုံးအတွက်ဆွမ်းခံရသည်အထဲကဆွမ်းစားကျောင်းဘုန်းကြီးက ကြည့်ရှုပြင်ဆင်၍ ကပ်သောဆွမ်း, ဆွမ်းဟင်းတို့ဖြင့်သာ မျှတတော်မူကြရရှာပါသည်၊ အစား အသောက်နှင့်စပ်၍ ဤသို့သည်းခံတော်မူကြပါသည်။

**သည်းခံခြင်းတမျိုး** ရွှေဟင်္သာ တော ရ ကျောင်း တိုက်အလယ် ကွက်လပ်ကြီး ဗဟိုတည့်တည့်၌ အုတ်ခုံပြုလုပ်၍ စံကျောင်းဆရာတော်ဘုရားကိုယ်တိုင်ညောင်ပိန္နဲပင်တပင် သိထားစေသည်၊ ၎င်းညောင်ပိန္နဲပင်သည် မကြာမီ တရပ်တသူမက ကြီးပွား လာလေတော့သည်၊ နွေရာသီတခုသော သီတင်းနေ့၌ စံကျောင်းဆရာတော်, တိုက်အုပ်ဆရာတော်နှစ်ပါးလုံး ရပ်ဝေးသို့ ခရီးကြွတော်မူဆဲအခါ ကျောင်းတိုက်စည်းမျဉ်းအရ သီတင်းနေ့နံနက်ဘက်၌ တနာရီခန့် သံဃာများ အမှိုက်သရိုက် သုတ်သင် ရှင်းလင်းကြရသည်၊ ကျောင်းဘုန်းကြီးများက ကြည့်ရှု စီမံကြရသည်၊ ယင်းသို့ ရှင်းလင်းစဉ် ဤစာရေးသော ဘုန်းကြီးက ဤညောင်ပိန္နဲပင်ကြီးသည် မကြာမီ အေရာမ အပင်ကြီး ဖြစ်လာလိမ့်မည်၊ ကျောင်းအလယ်ဗဟို၌ မသင့်လျော်ကြောင်း, ယခုကဲ့သို့ ငယ်စဉ်ကပင် ရှင်းလင်းသင့်ကြောင်းကိုပြောရာ အခြားဘုန်းကြီးများကလည်းသဘောတူကြ၏၊ သို့သော် ဆရာတော်စိုက်ထားသောသစ်ပင်ဖြစ်၍ ရှင်းလင်းရန် မဝံ့ကြပေ၊ ပုပ္ပါရုံကျောင်းဘုန်းကြီး ဦးဉာဏဗလက စွယ်တော်ဘုန်းကြီး ရှင်းစေလိုလျှင်

ရှင်းလိုက်မည်ဟု ဆို၏၊ တပည့်တော်ကတော့ ရှင်းစေလိုပါ သည်၊ သည်အပင်ကြောင့် ကျေးဇူးမများရှိသာမက သည် အပင် ကြီးပွားလာလျှင် အနှောင့်အယှက်ပေးလျှင်သာ ပေး ပါလိမ့်မည်ဟု ပြောသောကြောင့် ဘုန်းကြီး ဦး ဥာဏဗလ သည် သာမဏေတပါးကို ခေါ်၍ ရှင်းလင်းပစ်လိုက်တော့ သည်။

၂-ရက်, ၃-ရက် ကြာသောအခါ စံကျောင်းဆရာတော် ပြန်ကြွလာတော်မူလျှင် နေ့စဉ် နံနက် တကြိမ် ညနေ တကြိမ် သာမဏေတပါး သော်၎င်း, ကျောင်းသား တယောက်သော် ၎င်း နောက်ပါခေါ်၍ အညောင်းပြေ ကျောင်းတိုက်ကို လှည့်လည်ကာ ကြည့်ရှုတော် မူလေ့ရှိသည့် အလျောက် နောက်တနေ့၌ လှည့်လည် ကြည့်ရှုတော်မူသည်၊ ညောင်ပိန္နဲ ပင်ကိုမမြင်၍ နောက်ပါသာမဏေကို မေးတော်မူ၏၊ သာ မဏေက ဘုန်းကြီး ဦးဉာဏဗလရှင်းလိုက်ပါသည်ဟု လျှောက် ၏၊ သို့ကြောင့် ဘုန်းကြီးဦးဉာဏဗလကို ခေါ်စေ၏၊ ရှေ့တော် သို့ ဘုန်းကြီး ဦးဉာဏဗလရောက်လာလျှင် “မောင်ဉာဏဗလ ရေ့ သစ်ပင်များကို ရှင်းလင်းသင့်က ရှင်းမှ ကောင်းသဟေ့၊ ငါ့ညောင်ပိန္နဲပင်ကိုဘယ်သူများရှင်းပစ်လိုက်သလဲကွ”၊ဘုရား တပည့်တော် ရှင်းလိုက်ပါသည်ဘုရား၊ “အော် ဖြစ်မှဖြစ်ရလေ ကွာ၊အရိပ်ရပါစေတော့လို့ ငါက တမင်သိထားစေပါသည် ကို ရှင်းပစ်လိုက်သကိုးကွ၊ မောင်ဉာဏဗလ ရေဒဏ် (၅၀) ထမ်းကွ”ဟု ဒဏ်ပေးတော်မူ၏၊ ထိုအခါ ဘုန်းကြီးဦးဉာဏ ဗလက တပည့်တော်ရှင်းတယ်ဆိုသော်လဲ စွယ်တော်ကျောင်း ဘုန်းကြီးက အမိန့်ပေး၍ ရှင်းလိုက်ရပါသည်ဟု လျှောက်

သတတ်၊ "ဒါဖြင့် စွယ်တော်ကျောင်းဘုန်းကြီးပါ ရေဒဏ် (၅၀) ထမ်းပေစေ"ဟု ပထမအမိန့်တော်ရှိသည်ဟူ၏၊ ထို့နောက် ချက်ချင်းပင်လျှင် "စွယ်တော်ကျောင်း ဘုန်းကြီးကို ဒဏ်မထမ်းပါစေနှင့်တော့၊ သူအကျိုးမြင်၍ ရှင်းစေခြင်းဖြစ်ပါလိမ့်မည်၊ စိတ်ဆင်းရဲနေပါ့မယ်ကွာ၊ မင်းလဲမထမ်းပါနှင့်" ဟု ပြုံးကာမိန့်တော်မူလိုက်သည်ဟု သိရသည်။

စံကျောင်းဆရာတော်ဘုရား၏ ယောနိသောမနသိကာရဖြင့် သည်းခံတော်မူနိုင်ပုံမှာ ဤနည်းနှင်နှင်တို့သာ ဖြစ်ပါသည်၊ကျောင်းတိုက်တတိုက်၏ အဓိပတိဆရာတော်ကြီးတပါးသည် ဤကိစ္စမျိုးကြုံပါလျှင် ဤသို့ သည်းခံရည်ရှိနိုင်ဘို့မှာ ခဲယဉ်းလှဘိတောင်း၊ သို့ရာတွင် ကျောင်းတိုက် ဥပဒေနှင့် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး၏ အမိန့်အာဏာကို ကျူးလွန်ကျော်နင်းပါမူကား ၃-ကြိမ်တိုင်ဆုံးမပဲ့ပြင်၍ မရပါက ပြတ်ပြတ်သားသား အပြစ်ပေး စီရင်တော်မူတတ်ပါသည်။

**စကားချပ်** ညောင်ပိန္နဲမျိုးဟူသည် ကြီးမားသော သစ်ပင်ကြီးမျိုးဖြစ်၏၊ အကိုင်းအခက်စည်ကားဝေဆာ၍ အရိပ်အာဝါသကောင်းတတ်၏၊ နယ်ကျယ်တတ်၏၊ အပင်ကြီးမားလာလျှင် နတ်ဆိုးဖြစ်စေ, နတ်ကောင်းဖြစ်စေ မှီနေတတ်၏၊ သူရဲတစ္ဆေ ခေါ်သော ပြိတ္တာမျိုးလည်း ခိုကိုးနေတတ်၏၊လူရှင်တို့ကို အန္တရာယ်ပြုတတ်၏၊ ဤသို့သော အပြစ်ကို မြင်သောကြောင့်တကြောင်း, ကျောင်းတိုက်ကြီး၏ အလယ်ဗဟို၌ ဤအပင်မျိုး မရှိသင့်သောကြောင့်တကြောင်း

စွယ်တော်ကျောင်းဘုန်းကြီးက ရှင်းစေလိုကာမူ ဆရာတော်ဘုရားကိုယ်တိုင် သိထားစေသော သစ်ပင်ဖြစ်သောကြောင့် ဆရာတော်ဘုရားအား အကျိုးအကြောင်း ကြိုတင်လျှောက်ထားပြီးအခွင့်အမိန့် ရသော်မှ ရှင်းလင်းထိုက်ပေသည်၊ ဆရာတော်ဘုရားအား မလျှောက်ထားပဲ ရှင်းလိုက်သည်မှာကား သတိကင်းသော ချို့ယွင်းမှုပင် ဖြစ်ပေသည်၊ စွယ်တော်ကျောင်း ဘုန်းကြီးဆိုသောပုဂ္ဂိုလ်မှာ အခြားမဟုတ်၊ ဤစာရေးသောဘုန်းကြီးပင် ဖြစ်သည်။

ညောင်ပိန္နဲပင် ရှင်းလိုက်သောဌာန ကျောင်းတိုက် ဗဟိုကွက်လပ်ကြီး၌ မကြာမီပင် မော်လမြိုင်ကျွန်းမြို့နေ ဦးပေါ်ဒေါ်မုန်းနှင့် သားသမီးများက တသိန်း သုံးသောင်း ကျော်ကုန် သုံးထပ် တိုက်ကျောင်းကြီး ဆောက်လုပ် လှူဒါန်းကြသည်၊ တိုက်ကျောင်းကြီး တည်ဆောက်မည့် မြေနေရာ၌ ပနက်မချမီတရက် ညနေဘက်၌ ပရိတ်ရွတ်ရာ စံကျောင်းဆရာတော်ဘုရား, တိုက်အုပ်ဆရာတော် ဘုရား, ဤစာရေးသော ဘုန်းကြီး (စွယ်တော်ကျောင်း ဘုန်းကြီး) ဤ သုံး ပါး ကို ကျောင်းဒကာများက ပရိတ်ရွတ်ပင့်၍သင်္ကန်းတစုံစီ လှူကြ၏၊ စံကျောင်း ဆရာတော်ဘုရားသည် အုဋ်မြစ် ချသော အခါ ပထမဆုံးအုဋ်ချပ်ကို စွယ်တော်ကျောင်းဘုန်းကြီးကို ချစေ၏၊ ၎င်းပြင် ကပ္ပိယကာရကဖြစ်အောင်လည်း စွယ်တော် ကျောင်း ဘုန်းကြီးကိုပင် ဆောင်ရွက်စေတော်မူသည်။

**ဂိလာနတို့အား စောင့်ရှောက်ခြင်း** စံ ကျောင်း ဆရာ တော်, တိုက်အုပ် ဆရာ တော် ၂-ပါး လုံးပင် တိုက်တွင်း၌ ဂိလာန ပုဂ္ဂိုလ်ရှိလျှင် ရောဂါ

ကြီးလျှင် ကြီးသလို ငယ်လျှင် ငယ်သလို၊ စွမ်းနိုင်သလောက် ဆေးဝါးဓာတ်စာ ဆရာသမားတို့နှင့် စောင့်ရှောက်ကုသတော်မူကြပါသည်၊ ကိုယ်တိုင်လဲ ကြည့်ရှုပြုစုတော်မူတတ်ကြသည်၊ ပကတိအားဖြင့် သန့်ရှင်းစွာ နေတော်မူတတ်ကြသော်လည်း ဂိလာနအား ပြုစုသောအခါ ဂိလာနက ရုတ်တရက် ထွေးအံလိုက်ပါလျှင် ထွေးခံအနီးအနားဌ အသင့်မရှိပါက လက်ခုပ်ဖြင့် ခံယူလိုက်ကြသည်ကို ကိုယ်တိုင် တွေ့မြင်ခဲ့ရဘူးပါသည်၊ ဝမ်းရောဂါဖြစ်နေသော ဦးပဉ္ဇင်း တပါးကို ရောဂါလွန်၍ ပုံ့လွန်သည်အထိ အညစ်အကြေးတို့အကြား၌ မရွံမကြောက် ပြုစုတော်မူကြသည်ကိုလည်း တွေ့ကြုံရဘူးပါသည်၊ ဆေးဝါးအကူအညီသာမက အနီးမှထိုင်၍ ပရိတ်မေတ္တာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့်၎င်း, ပန်းဆီမီး ရေချမ်းစသည်တို့ကို ဖန်တီး၍လှူစေခြင်း, အနီးအနားမှ သီတင်းသုံးကာစိတ်ရွှင်လမ်းချမ်းသာဖွယ်တရားစကားများကို ပြောကြားခြင်းဖြင့်၎င်း ဖေးမစောင့်ရှောက် ပြုစုတော်မူကြသည်၊ သို့ကြောင့် ဤစာရေးသောဘုန်းကြီး တောင့်တဘူးသည်မှာ ပြောပလောက်အောင် မကျန်းမမာဖြစ်ခဲ့လျှင် ဆရာတော် ၂-ပါးတို့အနီးအပါး၌သာ ဖြစ်ပါစေဟု တောင့်တမိဘူးသည်။

ဤစာရေးသော ဘုန်းကြီးတဦးတည်းကိုပင် ဆရာတော်များ တော်တော်ပြုစုကုသပေးတော်မူကြရရှာသည်၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်၌ နေစဉ်က ချူချာ၍ ရောဂါများလှသည်၊ စစ်ကိုင်း တောင်ရိုး ရောက်ခါမှ တဖြေးဖြေးကျန်းမာ၍ ဤရောဂါပါးလာတော့သည်၊ ရွှေဟင်္သာတောရ

 တိုက်၌သာမဏေဘဝက အနာမီး အနာစက်တွေ တကိုယ်လုံး

ပေါက်ဘူးသည်၊ အိပ်ရာမှ မထနိုင်အောင် ပြည်စေးများသည် သက်နှင့်ကပ်၍ အိပ်ရာပေါ်၌ လှဲ၍သာနေရသည်၊ တဘက်မှ တဘက်သို့ စောင်းလိုလျှင် ပြည်စေးများနှင့် ကပ်နေသော သင်္ကန်းကို ဆင်းရဲစွာခွာပြီးမှ စောင်းရ,လှည့်ရ, ထိုင်ရသည်၊ စံကျောင်းဆရာတော်ဘုရားသည် တနေ့လျှင် ၄-၅-ကြိမ် ကြွလာကာ ကိုယ်တိုင် ရေနွေးနှင့်ဆွတ်၍ ပြည်စေးကပ်နေသော သင်္ကန်းကိုခွာ၍ ဖန်ရေဆေးပေးတော်မူသည်၊ ဆေးလိမ်းပေးသည်၊ ဆေးတိုက်သည်၊ ရေချိုးပေးတော် မူသည်၊ ချွေးအောင်းပေးတော်မူသည်၊ ဤမျှလောက် ဂိလာနများကို စောင့်ရှောက်တော်မူသည်၊ ဆရာတော်များ၏ အချိုပွဲ၌ နွားနို့ တဖန်ခွက် ပါရှိရာ ဆရာတော်များ ဘုဉ်းပေးတော် မူကြရသည်မရှိ၊ ဂိလာနတို့ကို ပေးလိုက်သည်ကိုသာ တွေ့မြင်ရပေသည်။

**တပည့်များနှင့်ဆက်ဆံပုံ** အချို့သော ဆရာ တော် များသည် တပည့်တပန်း များ တို့နှင့် ဆက်ဆံရာ၌ သိက္ခာလုပ်လွန်း, တင်းမာလွန်း၍ တပည့်များ အနားသို့ မကပ်ဝံ့၊ အကြောင်းရှိ၍မှ မလျှောက်ထားဝံ့ ရှိတတ်သည်၊ စာရေးသော ဘုန်းကြီး၏ ကျောင်းသား ဘဝ က ဆရာရင်းဖြစ်တော်မူသော လေးမျက်နှာမြို့ မိကျောင်းရဲ ကျောင်း ဆရာတော်ကြီးသည် ဂုဏ်ကြီးတော်မူလှသည်၊မျက်နှာထား တင်းတော်မူလှသည်၊ ထန်သောစိတ်လည်း ရှိတော်မူသောကြောင့် တပည့်များ အလွန်ကြောက်ကြသည်၊အနား မကပ်ဝံ့ကြ၊ မလျှောက်ဝံ့ကြ၊ ကျောင်းက ထွက်သွားသော ကျောင်းသားသည် ၃-၄-နှစ်ကြာမှ ဖူးမြော်ကန်တော့

ရန် လာဝံ့ကြသည်၊ စံကျောင်း ဆရာတော်နှင့် တိုက်အုပ် ဆရာတော်များမှာကား ဤသို့မဟုတ်ချေ၊ ဆုံးမသွန်သင်ခွင့် ထိုက်သင့်သောအချိန်၌ ဆရာပီပီဣန္ဒြေရရ, လေး နက် သော ဩဝါဒစကားများကို မြွက်ကြား၍ပိပြားသေဝပ်အောင် စနစ် တကျဆုံးမတော်မူကြသည်၊အခြားသောအချိန်အခါ၌မူကား လျောက်ထားခွင့်,မေးမြန်းခွင့်, ဆည်းကပ်ခွင့်ကိုပေး၍ ကဏ္ဍ သုခ,ပီယဝါစာ ချိုသာသော,စကား,ရွှင်ပြသော မျက်နှာဖြင့် လက်ခံတော်မူကြသည်၊ စာမေးပွဲနီးကပ်၍ စုပေါင်းသင်ပြ ပေးသောအချိန်မျိုးတို့၌ တိုက်အုပ်ဆရာတော်သည် အလွန် ဖော်ရွေသောအမူအရာဖြင့် သင်ပြတော် မူတတ်သည် ဖြစ်၍ တပည့်များသည် စိတ်,ဉာဏ်ပွင့်လင်း ရွှင်လန်းခွင့် ရကြလေ သည်၊ စံကျောင်းဆရာတော်ဘုရားသည်လည်း တစုံတခုသော ကျမ်းစာ၌ ခက်ခဲသည်ဟု ထင်မှတ်၍ စိတ်အား လျော့ကာ အားငယ်နေသော တပည့်ကို အားငယ်နေကြောင်း သိတော် မူလျှင် ဒီစာအတွက်တော့ ဘာမှ မကြောင့်ကြနှင့် မခက်စေ ရဘူး ငါ့တာဝန်ထားလိုက်စသည်ဖြင့် အားပေးတော်မူလေ့ ရှိသည်၊ ရံခါ နဝကမ္မကိစ္စပေါ်ပေါက်၍ တိုက်ရှိသံဃာများ စုပေါင်းကာ ဆောင်ရွက်ရပြန်လျှင် တိုက်အုပ် ဆရာတော် ကိုယ်တိုင် ပါဝင်စီမံခန့်ခွဲသည့်ပြင် သံဃာများနှင့်အတူ ရယ် ကာမောကာ ပြောကာဆိုကာနှင့် သာမန် လူငယ် တဦးကဲ့သို့ အများနှင့်ဆက်ဆံတော်မူတတ်သည်၊ တောရွာများ သို့မဟုတ် ရေလယ်ကျွန်း စသော ခရီးဝေးသို့ ကုန်းကြောင်းခရီး ခြေ လျင်သွားကြရသောအခါ၌ မှတ်သားဖွယ်ရာစကားများ,စာ စကားများကို အစဖော်၍ တပည့် သံဃာများနှင့် အပြန် အ လှန် ငြင်းခုံကာ စိတ်လက်ရွှင်ပြစွာ သွားတော်မူတတ်သည်၊

တပည့်များ၏ ဉာဏ်ကို ထုတ်ဖော်သောသဘော, လျှောက်ရဲပြောရဲရှိစေသောသဘောဖြင့် စာပေနှင့်စပ်၍ အခြေ အတင်ပြောရန် လမ်းဖွင့်ပေးတော်မူလေ့ရှိသည်၊ ခရီးသွားလျှင် နှုတ်မဆိတ်ရဘူးကွ၊ ဗဟုသုတရအောင် တွေ့တာမြင်တာမေးမြန်းရတယ်၊ စုံစမ်းရတယ်ဟုလည်း သတိပေးတော်မူသည်၊ တပည့်သံဃာများသည် ဆရာတော်နှင့် အတူ ခရီးသွားကြရလျှင် အညောင်းပြေကာ ဗဟုသုတလည်းရ စိတ်လည်း လန်းဆန်းသဖြင့် နှစ်သက်ဝမ်းမြောက်ကြသည်။

**အခွင့်သာပုံ** ဆရာတော် ၂-ပါးသည် တပည့်များ အပေါ်၌ အလွန်သက်ညှာစွာ အခွင့်အရေးပေးတော်မူကြသည်။ တစုံတရာ လျှောက်ထားရန် ရှိလျှင်ဖြစ်စေ, စာပေမေးလျှောက်လိုလျှင်ဖြစ်စေ ကိုယ်တိုင်လျှောက်လိုက လျှောက်နိုင်ခွင့်ပြုသည့်ပြင် စာနှင့်လျှောက်ခွင့်လည်းပြုတော်မူကြသည်၊ စာနှင့်လျှောက်ရာတွင်လည်းစာရွက်ကောင်းမှ ကြီးမှ ခွင့်ပြုသည်မဟုတ်။ ရေးဖြစ်လျှင်ပြီးစေ၊ တဘက်လှဘယ်လိုစက္ကူနှင့်ရေးရေး အခွင့်ပေးတော်မူကြသည်။ တပည့်များမသိနိုင်သော အဓိပ္ပာယ်များ ရှာမတွေ့သော စာများကိုလည်း မေးလျှောက်နိုင်ကြသည်၊ များသောအားဖြင့်လည်း မေးလျှောက်ကြသည်၊ မေးလျှောက်တိုင်း ဖြေကြားတော်မူကြသည်၊ မတွေ့ဘူးသေးသောစာများ, ရှာမရသောစာများ, မေ့နေသောစာများကို (နိကာယ်ငါးရပ်နှင့်တကွ အဋ္ဌကထာဋီကာတို့ကို ဆိုလိုသည်) စံကျောင်း ဆရာတော်ဘုရားအား မေးလျှောက်ကြသည်က များ၏။ အမေးသမား၌ ခဲယဉ်းနေသလောက် အဖြေ လွယ်တော်မူလှသည်၊ ဘယ်ပါဠိတော်,

ဘယ်အဋ္ဌကထာ, ဘယ်ဋီကာ စာမျက်နှာဘယ်မျှ၌ ရှိလေရဲ့. လွှယ်လွှယ်ကြည့်လိုလျှင် ဘယ်စာအုပ်ထဲမှာ ပါသေးသည်၊ ကြည့်လေ စသည်ဖြင့် ပြန်ကြားတော်မူတတ်သည်၊ စာပေ မေးလျှောက်သည့်အခါ၌ အပြစ်တင်စကား, မြည်တွန်စကား များကို အချင်းခပ်သိမ်းပြောတော်မူလေ့မရှိကြ၊ အေး-ဒို့လဲ မသိတုန်းက မသိကြဘူး၊ မေ့ဒါလဲ မေ့ဘူးတယ်၊ တခါတခါ အတော်ရှာရတယ်-စသည်ဖြင့် မေးလျှောက်သူ အားရှိအောင် သက်သာရာရအောင် မိန့်တော်မူတတ်ကြပါသည်၊ ရွှေဟင်္သာ တောရတိုက်တွင်းမှာ အတူ နေလျက်ရှိသော တပည့်များ အား စာနှင့်ရေး၍ မေးလျှောက်ခွင့် ပြုထားသည်မှာ ဆရာ တော်များရော တပည့်များပါ အချိန်ကုန် သက်သာ၍ ကောင်းမြတ်လှသောအချက်တရပ်ဖြစ်လေသည်။

**ဉာဏ်ကောင်းပုံ** စံကျောင်း ဆရာတော်ဘုရားသည် သဘောဉာဏ်, မှတ်ဉာဏ် နှစ်ပါးလုံး ကောင်းတော်မူသည်၊ အချို့ပုဂ္ဂိုလ်သည် မှတ်ဉာဏ် ကောင်း သည်၊ သဘောဉာဏ်မကောင်းလှ၊ သဘောဉာဏ် ချို့တဲ့၏၊ အချို့ ပုဂ္ဂိုလ်သည် သဘောဉာဏ် ကောင်း၏၊ မှတ်ဉာဏ် မကောင်းလှ ချို့ငဲ့၏၊ စံကျောင်းဆရာတော်၏ မှတ်ဉာဏ် ကောင်းပုံမှာ တူသူရှားပါလိမ့်မည်၊ ငယ်စဉ်ကျောင်းတော်ရာ တိုက်၌ ညအခါ စာအံကျောင်း၌ စာအံပြီး၍ အိပ်သော ကျောင်းသို့အပြန် လမ်း၌ ခေတ်မီးတိုင်တခု ထွန်းထားလျက် ရှိသည်၊ (ခေတ်မီးတိုင်ဆိုသော်လည်း ထိုအခါက ရန်ကုန်နှင့် တကွ မြန်မာနိုင်ငံတခုလုံး၌ လျှပ်စစ်ခေတ်မီးမရှိသေး၊ ရေနံဆီ မီးအိမ်ကို တိုင်ထိပ်၌ မှန်အကာအိမ်ဖြင့် ထွန်းသောမီးကိုပင်

ခေတ်မီးတိုင်ဟု ခေါ်နေကြ၏။) ထိုခေတ်မီးတိုင်၌ ရပ်၍ ရပ်၍ စာကျက်ခြင်းဖြင့် တနေ့ ၁၅-ဂါထာရ၍ ခေတ္တတ္ထသင်္ဂဟကျမ်းပါဠိ အကုန်, မာဂဓပါဠိအဘိဓာန် အကုန် နှစ်စောင်လုံး ရတော်မူသည်ဟု မိန့်ကြားဘူးပါသည်။

၎င်းစာရေးသောဘုန်းကြီးသည် စာသင်သားငယ်အခါက စာကျက်ဉာဏ်နှင့်စပ်၍ ဆရာတော်ဘုရားကြီးအား မေးလျှောက်ဘူးသဖြင့် ပြောကြားတော်မူသည်မှာ—မာဂဓအဘိဓာန်လို ဂါထာနှင့်စာကိုကျက်လျှင် တနာရီကိုဂါထာ ၃၀-တော့ ရပါတယ်ကွာဟု မိန့်ပါသည်၊ ကျက်၍ရပြီးသောစာကို မပြန်မသရဇ္ဈာယ်ပဲ ပစ်ထားလျှင် မမေ့ဘဲဘယ်မျှတည်မြဲပါသလဲဟု ထပ်မံမေးလျှောက်ပြန်ရာ တခါကျက်မှတ်ထားသောစာသည် ၃-နှစ်လောက်တော့မမေ့ပါဘူးကွာဟု မိန့်တော်မူသည်ကို ဝမ်းသာအားရ အံ့သြစွာဖြင့် မှတ်သားလိုက်ရပါသည်၊ စံကျောင်းဆရာတော်ဘုရား စာကြည့်တော်မူသောအခါ အနားဥ္စာအုပ်များများမရှိတတ် အနည်းငယ်သာရှိတတ်သည်၊ ထူးခြားသောအချက်တရပ်မှာ ကျမ်းစာရေးတော်မူသောအခါ၌ အနီးအနား၌ စာအုပ်များများမထား၊ စာအုပ်များများမရှိပေ၊ ဆိုင်ရာဆိုင်ရာ ထည့်သွင်းရေးသားသင့်သောစာများကို စိတ်၌မှတ်သားပြီး ဆောင်ထားပြီးဖြစ်သောကြောင့်ဖြစ်၏၊ သို့ဖြစ်၍ အနား၌ စာအုပ်များများမထားရခြင်းဖြစ်၏၊ စာကြည့်သောအခါ တအုပ်တည်းသာကြည့်ခြင်းသည်လည်း မှတ်မှတ်သားသားအဓိပ္ပာယ်ပေါ်အောင်ကြံစည်လေ့လာ၍ ကြည့်ရှုသောသဘောဖြစ်၏၊ မန်လည်ဆရာတော်ဘုရားကြီးများ စာကြည့်သည်မှာလည်း ၎င်း

နည်းနှင့်နှင့်ပင်ဟုကြားသိရဘူးသည်၊ စာတမျက်နှာကို အကြာကြီးကြည့်တတ်သည်ဟုလည်း ကြားရဘူးသည်၊ စံကျောင်းဆရာတော်ဘုရားသည် မှတ်ဉာဏ်ကောင်းသလောက် သဘောဉာဏ်ဘက်၌လည်းကောင်းလှသည်၊ နက်နဲသည်၊ စူးရှသည်၊ သိမ်မွေ့သည်၊ ပါဠိဆရာကြီး ဆရာဉာဏ်သည် ဟံသာဝတီပုံနှိပ်တိုက်၌ စာပြင်မှူးဖြစ်စဉ်က အချို့အချို့ နက်နဲခက်ခဲသောအချက်များကို စံကျောင်းဆရာတော်ဘုရားထံ စာနှင့်လှမ်း၍ မေးလျှောက်လေ့ရှိ၏၊ စံကျောင်းဆရာတော်ဘုရားကြီး၏အဖြေကို ရရှိသောအခါ တအံ့တဩ ဂမ္ဘီရဗုဒ္ဓိအရှင်နက်နဲသိမ်မွေ့စူးရှသောဉာဏ်ထူးရှိတော်မူပါပေသည်၊ အဋ္ဌကထာဆရာကြီးများနှင့်အလားတူတော်မူပါပေသည်ဟု ရင်သပ်အံ့ဩ ထောမနာပြုသည်ကို ကြားလိုက်ရသည်၊ စံကျောင်းဆရာတော်ဘုရားသည် ဤသို့လျှင် မှတ်ဉာဏ်, သဘောဉာဏ်ထက်သန်ကောင်းမွန်တော်မူပါသည်။

**အာဂုမ်ဆောင်စာများ** စကျောင်းဆရာတော်ဘုရား ငယ်စဉ်က အာဂုမ်ဆောင်ခဲ့သော စာများမှာ-များပြားလှသည်၊ နောက်ပိုင်း၌လည်းသရုပ်ထုတ်၍ပြလတံ့ဖြစ်သည်၊ စာသင်သားများ စာချဆရာများရသင့်ဆောင်သင့်သော သဒ္ဒါဆိုင်ရာ, အဘိဓမ္မာဆိုင်ရာ, ဝိနည်းဆိုင်ရာများကိုအားလုံးပင်ကျက်ဆောင်တော်မူခဲ့သည်၊ ထို့ပြင်စာပြန်ပွဲ, စာမေးပွဲတို့၌ ဝင်ရောက်ပြန်ဆိုခြင်းဖြေခြင်းမပြုခဲ့သော်လည်း ဝိနည်းပါဠိတော် ၅-ကျမ်းကိုလည်း ဆောင်ခဲ့သေးသည်၊ ဝိနည်း ဝိဘင်းပါဠိတော်တို့ကို အခါမရွေးရပါသည်ဟု မိန့်တော်မူဘူးသည်၊

ပါဠိတော်နှင့် အဋ္ဌကထာကြီးများ, ကင်္ခါအဋ္ဌကထာ နှင့် ဋီကာကျော်တို့ကို ရှေ့ပလ္လင် နောက်ပလ္လင်ပေါက် စနစ်တကျ လှည့်ကာလှည့်ကာနှင့် ကုန်အောင် ပေါက်ရောက်ခဲ့ကြောင်း၊ ညောင်တုန်းသို့ရောက်မှ ဋီကာကျော် ယောဇနာကျမ်းပြု မှန်ကျောင်း ဆရာတော်ထံ၌ သက္ကတကို ပေါက်ရောက်အောင် လေ့လာခဲ့ကြောင်း မိန့်သည်၊ စံကျောင်းဆရာတော်ဘုရားသည် ပိဋက စာပေဘက်၌ သာလျှင် လေ့လာဆည်းပူးခဲ့သည်ဟု ဤစာရေးသော ဘုန်းကြီးနှင့် တကွအများကပင် ထင်မှတ်ကြဘူးသည်၊ အကြောင်း အခွင့်ဆိုက်၍ ပြောရေးဆိုရာ ကြုံသောအခါတို့၌ ဆရာတော်ဘုရား၏ ဗဟုသုတပြည့်စုံပုံကို သိရှိကြရသည်၊ မြန်မာစာပေဘက်, ဆေးကျမ်း ဓာတ်ကျမ်းဘက်, ဟူးရားဗေဒင်, ရာဇဝင် သာသနာဝင်, သင်္ချာ,အင်္ဂလိပ်စာ,သက္ကတ,ဟိန္ဒီစသော ဘာသန္တရဗဟုသုတများထင်ရှားစွာ ထွက်ပေါ် လာတတ်ပါသည်၊ လောကနီတိစကားအရ စည်ကြီးနှင့်တူလှ၍ တီးတိုင်းမြည်,စမ်းတိုင်းတွေ့,ထိတိုင်းရှုဟု ဆိုလောက်ပါသည်၊

**သီလသိက္ခာ၌လေးစားခြင်း** စံကျောင်း ဆရာတော် ဘုရားသည် ဗဟုသုတ အရာ၌ သာထူးချွန် ထင်ရှားသည်မဟုတ်သေးပါ၊ သီလသိက္ခာ ရှိသေလေးစားမှု၌လည်း အထူးထင်ရှားလျက်ပင် ရှိသည်ဟုဆိုရပေမည်၊ သိလျက်ကြူးလွန် ကျော်နင်းမိသော အာပတ်မျိုးမရှိဟု ဆိုထိုက်အောင် စောင့်စည်း ထိန်း သိမ်း တော် မူလေ့ ရှိသည်၊ ဘိနပ်မစီး,ထီးမဆောင်းထိုက်သောအန္တရဃရ မြို့တွင်းရွာတွင်းတို့၌ အဘယ်အခါမှ ဘိနပ်စီးခြင်း, ထီးဆောင်းခြင်း



ရွှေဟင်္သာတောရ, စံကျောင်း ဆရာတော်ဘုရားပုံတော်
(၁၂၃၅-၁၃၀၉)

ပြုတော်မမူ၊ မည်မျှလောက်နေပူပြင်း၍ အောက်က မြေပူနေစေကာမူ ဘိနပ် မစီးပဲသာ ကြွတော် မူသည်၊ သက္ကရာဇ် ၁၂၈၄ ခုနှစ်၌ မန္တလေးသို့ သာသနကိစ္စ ဂိုဏ်းကိစ္စနှင့် ပင့်၍ ကြွတော်မူလာပါသည်၊ လမှာ နယုန်လဖြစ်၍ ပူပြင်းသော လပင်ဖြစ်၏၊ ဒေသ ဥတုအားဖြင့်လည်း အောက်အရပ်ဒေသထက် ပူပြင်း၏၊ ပူပြင်းသောရာသီ ပူပြင်းသောဒေသဖြစ်ရာတွင် အချိန်မှာ နေ့တချက်တီးအချိန်တွင် မန္တလေးမြို့ စိန်ပန်းရပ်၊ အဘယာရာမရွှေကူတိုက်မှ ဝိသုဒ္ဓါရုံတိုက်သို့ နေပူကျဲကျဲထဲ၌ ဘိနပ်မစီး ထီးမဆောင်းပဲ ကြွတော်မူသည်၊ ခြေလျှင်ကြွခြင်းဖြစ်သည်။

တိုက်အုပ် ဆရာတော်ဘုရားသည်လည်း စံကျောင်းဆရာတော်နည်းတူပင် သီလသိက္ခာကို လေးစားတော် မူပါသည်၊ ၂-ပါးလုံးသည် အနည်းငယ်သော ဒုက္ကဋ်, ဒုဗ္ဘာသီအာပတ်ဖြစ်သော်လည်း အပြစ်ကြီးကဲ့သို့ မြင်ကာ ရှောင်ကြဉ်တော်မူကြသည်။ အပ္ပကာနမ္ပိ ပါပါနံ ပဘာဝံ နာသယေ ဗုဓော ဟူသော အလင်္ကာကျမ်းလာ စကားကဲ့သို့ သေးငယ်သော မကောင်းမှုကို ဖြစ်စေ မကျူးလွန် မကျော်နင်းမူ၍ ပယ်ဖျောက်သန့်ရှင်းစေတော်မူကြသည်၊ နိဿဂ္ဂိယပစ္စည်းများကိုလည်း လက်မခံ၊ ရှောင်ကြဉ်တော်မူကြသည်။ ကုလဒူသက အနေသနတို့ဖြင့် ဖြစ်ပေါ်လာသည် ထင်သော ပစ္စည်းများကို အလွန် စက်ဆုပ်တော် မူကြသည်၊ ဘယ်အခါမှ အလှူမခံကြကုန်၊ အခြားကဘုန်းကြီးပျံပင့်လာလျှင် လိုက်လေ့လိုက်ထမရှိကြ၊ ဘုန်းကြီးပျံက လှူလာသော ပစ္စည်းများလည်း မသုံးကြ၊ ကပ္ပိယများကို စွန့်တော်မူလိုက်ကြသည်၊ အကြောင်းမှာ

များသောအားဖြင့် ဉာတိ ပဝါရိတမဟုတ်သော ဒကာ၊ ဒကာမတို့ထံ၌ လှည့်လည်တောင်းခံ၍ ဘုန်းကြီးပျံပွဲကိုပြုလုပ်တတ်ကြသောကြောင့် မိစ္ဆာပရိယေသနကိစ္စဖြင့် မတရားရသော နိဿဂ္ဂိယပစ္စည်းများဖြစ်သောကြောင့် အသုံးမပြုကြခြင်းဖြစ်သည်၊ ရွှေးသူတော်ကောင်း ရဟန်းမြတ်တို့သည် ရဟန်းများ ဆော်အော စီမံဆောက်လုပ်သောကျောင်း, ရေတွင်း, ရေကန်များကိုပင် မသုံးဆောင်ကြ၊ ရုပ်ပွား, ဆင်းတု, စေတီ ပုထိုးများကိုပင် ရှိမခိုးကြဟု သိရသည်၊ ဆရာတော်ဦးဗုဓ်ကျောင်းအခမ်းအတွင်း၌ ရဟန်းတပါးဆေးလိပ်သောက်နေသည်ကို မဟာဒဏ်ဝန်က မြင်တွေ့၍ ဆရာတော်ဦးဗုဓ်ကို လျှောက်ထားသောအခါ ငါ့ကျောင်းက ဦးပဥ္စင်းဆေးလိပ်သောက်တာဟာ မင်းတို့သာသနာပိုင်အရပ်မှာ ဘုရားတည်တာလောက် အပြစ်မရှိပါဘူးဟု ပြောကြသည်ကို တဆင့်ကြားသိရဘူး၏၊ ဤသို့လျှင် သူတော်ကောင်းများ စက်ဆုပ်ရွံရှာသော အမှုတို့မှလည်း ဆရာတော် ၂-ပါးလုံး ရှောင်ကြဉ်တော်မူကြသည်။

> ဒူရာသန္နေသု ဒူရာနံ၊ ပသာဒေါ သုကရော ဘဝေ။
> ဒုက္ကရော အာသန္နာနံ တု၊ တေ ဟိဿစရိတညုနော။

အဝေးနေ အနီးနေပုဂ္ဂိုလ်တို့တွင် အတွင်းကျကျ ကိုယ်ကျင့်တရားကို မသိကြရသောကြောင့် အဝေးနေပုဂ္ဂိုလ်တို့ကြည်ညိုရန် လွယ်ကူကြမဲ့ဖြစ်၏၊ အတွင်းသိဖြစ်သောကြောင့် အနီးနေပုဂ္ဂိုလ်ကို ကြည်ညိုနိုင်ခဲ၏၊ စံကျောင်းဆရာတော်နှင့် တိုက်အုပ်ဆရာတော်တို့သည်ကား နီးလေ ကြည်ညိုလေးစားခံကြရလေ, နီးလေရိုသေမြတ်နိုးမှုကို ခံယူကြရလေဖြစ်ကုန်၏၊

ဘုရားမြတ်၏တရားတော်သည် အကြည့်ခံနိုင်သည်၊ စုံစမ်းခံနိုင်သည်၊လာကြည့်စမ်း၊ လာလေ့ လာအားထုတ်စမ်းဟုဆိုဝံ့သည်ခေါ်ဝံ့သည်- စိန်စစ်နှင့်အလားတူသော တရားတော်အစစ်၊ ဝိနည်းသိက္ခာပုဒ်တော်အစစ်ကိုအသက်ပမာစောင့်ထိန်းလျက် ဖြူစင်သန့်ရှင်းစေကာ ရဟန်းကောင်းပီပီ ရဟန်းတရားနှင့် မကင်းမကွာ နေတော်မူကြသော ဆရာတော်များသည်လည်း နီးနီးကပ်ကပ် အကြည့်ခံတော်မူနိုင်ကြသည်၊ စုံစမ်းခံတော်မူနိုင်ကြသည်၊ နီးနီးကပ်ကပ် လာရောက်ကြည့်လေ၊ စုံစမ်းလေ အမှန်ကိုသိ၍ ကြည်ညိုလေးမြတ်ကြလေ ဖြစ်သည်၊ ဆရာတော်များ၌ ထူးခြားသော ကြည်ညိုဖွယ်တရပ်ရှိသေးသည်မှာ ဟန်မလုပ်တတ်ခြင်းဖြစ်၏၊ ဒကာ၊ ဒကာမ ကြည်ညိုစေရံ့ အနေအထိုင်မှစ၍ အဝတ်အရုံမှစ၍ ဟန်လုပ်မှု၊ ပြင်ဆင်မှုရှိတော်မမူကြကုန်၊ မိမိတို့ကိုယ်တိုင်သာမဟုတ်၊ စာလာပေလာဘုရား ပညတ်တော်ဒေသနာအရ ဆုံးမပဲ့ပြင်သည်မှ တပါး တပည့်တပန်း ရဟန်းသာမဏေများ ဟန်လုပ်မှုကိုလည်း စက်ဆုပ်တော်မူတတ်ကြကုန်၏။

**ဂိုဏ်းနှင့်ဆိုင်သော ဂုဏ်များ:** စံကျောင်း ဆရာတော် ဘုရားသည် ၁၂၇၅-ခုနှစ်၌ ရွှေကျင်နိကာယ ဥပဒေပြု ဂဏပါလက ဖြစ်တော်မူသည်၊ ၁၂၉၄-ခုနှစ်၌ ရွှေကျင် နိကာယ မဟာနာယက ဖြစ်တော်မူသည်။ ၁၂၉၇-ခုနှစ်၌ နယ်လှည့် သာသနာပြု ဖြစ်တော်မူသည်၊ ၁၃၀၈-ခုနှစ်၌ ရွှေကျင်နိကာယ ဗဟိုဌာန တွဲဘက် ဥပဥက္ကဋ္ဌမဟာနာယက ဖြစ်တော်မူသည်၊ထို့ပြင် ၁၂၉၉-ခုနှစ်၌ အဂ္ဂမဟာပဏ္ဍိတဘွဲ့ အလှူခံယူတော်မူရသည်၊ ဤရာထူး

ဘွဲ့ထူးတို့ကြောင့် မြတ်သော စံကျောင်းဆရာတော် ဖြစ်တော်မူသောကြောင့်သာ ဤရာထူးဘွဲ့ထူးတို့ကို ရရှိတော်မူသည်။

ဝပုမာပိ န စ ထဒ္ဓေါ၊
ဒက္ခိဏော န စ နဋ္ဌဝေါ။
တေဇသီ န စ နက္ခန္တော၊
ကတ္တာပိ န စ ဝိမှိတော။


ခန္ဓာကိုယ်ရှိသော်လည်း ခက်ထန် ကြမ်းကြုတ်ခြင်း မရှိ၊ လိမ္မာပါးနပ်သော်လည်း ကောက်ကျစ် စဉ်းလဲခြင်းမရှိ၊ တန်ခိုးကြီးသော်လည်း သည်းခံတတ်၏၊ ပြုလုပ်နိုင်သော စွမ်းရည်ရှိသော်လည်း ကြွားဝါမှုမရှိ။

စံကျောင်းဆရာတော်ဘုရားသည် သိက္ခာတော် ၁၄-ဝါ ရတော်မူစဉ်က သီဟိုဠ်ကျွန်း (သီရိလင်္ကာ) သို့ ကြွ၍ နှစ်လ ကြာမျှ စွယ်တော်နှင့်တကွ စေတီပုထိုးတော်များကို ဖူးမြော်တော်မူသည်၊ အပြန်တွင် ဆရာတော် ဦးဝိနယာလင်္ကာရနှင့် ဆရာတော် ဦးဇယန္တတို့က သီဟိုဠ်သား သာမဏေ အပါး (၂၀) ကို ထည့်အပ်လိုက်သဖြင့် ခေါ်ဆောင် လာခဲ့ကာ ရွှေဟင်္သာတောရတိုက်၌ ကျွေးမွေးစောင့်ရှောက်၍ စာပေ ပညာသင်ကြားပေးတော်မူသည်၊ အချို့လည်း အသက် ၂၀ ပြည့်၍ ရဟန်းအဖြစ်ရောက်အောင် ရဟန်းဒါယကာနှင့်တကွ ချီးမြှောက်တော်မူသည်၊ ရဟန်း ဖြစ်ကြသော ပုဂ္ဂိုလ်တို့တွင် အချို့ မြန်မာနိုင်ငံ၌ရှိ၍ အချို့ သီဟိုဠ်သို့ပြန်ကာ ကျောင်းကန်နှင့် ကြီးပွားနေကြသည်၊ ပါဠိပါမောက္ခ ဆရာညဏ်သည် စံကျောင်းဆရာတော် သီဟိုဠ်မှခေါ်ဆောင်ခဲ့၍ စာပေပညာ

သင်ပေးသော သာမဏေတပါး ဖြစ်သည်၊ ရွှေဟင်္သာတောရ တိုက်တွင်း၌ သာသနဇောတိက တိုက်ကျောင်း ဒါယကာ ဦးရွှေဇင်-ဒေါ်ဒွန်းလှ၊ သား ဦးကျော်လှ-ဒေါ်လွန်းပြေ တို့သည် ဆရာညဏ်ခေါ် ဦးဝဇီရဉာဏ၏ ရဟန်း ဒါယကာများဖြစ်ကြသည်။

**ဝါကိုဋ္ဌမျိုး** စံကျောင်းဆရာတော်နှင့် တိုက်အုပ်ဆရာတော်တို့သည် အမျိုးအားဖြင့် ဝါကိုဋ္ဌမျိုး ဖြစ်ကြသည်၊ စံကျောင်းဆရာတော်သည် ပဲခူးမြို့နယ် ကျောက်တန်းရွာကြီး၌ထင်ရှားသောလှေသူကြီး ဦးအောင်လှ-ဒေါ်အောင်တို့၏ သားရတနာဖြစ်တော်မူသည်၊ဦးအောင်လှ-ဒေါ်အောင်တို့၏ သားသမီး (၈) ယောက်တွင် သတ္တမမြောက်ဖြစ်သည်၊ သက္ကရာဇ် ၁၂၃၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀-ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် စက် ၄-နာရီ ၁၂-မိနစ်၊ မြန်မာနာရီ ၃-ချက်တီး ၃-နာရီတပါဒ် ၃-ဗီဇနာအချိန် ဘရဏီနက္ခတ်နှင့်ယှဉ်၍ ဖွားမြင်တော်မူသည်။

**စံကျောင်းဆရာတော်၏ဇာတာပုံ**



လှေသူကြီး ဦးအောင်လှသည် ကျောက်တန်းအရပ်၌ ပစ္စည်းဥစ္စာ ပြည့်စုံခြင်း, ရိုးသားဖြောင့်မတ် တည်ကြည်ခြင်း, အများ၏ အကျိုးစီးပွားကို လိုလားခြင်း စသော ဂုဏ်တို့ကြောင့် ထင်ရှား၍ ရပ်သူရွာသားတို့ ရိုသေလေးစားအပ်သော လူကြီးလူကောင်းတယောက်ဖြစ်သည်။

ဒေါ်အောင်သည် ရုပ်ရည်ချောမော ပြေပြစ်၍, ကဏ္ဍသုခ, ပီယဝါစာဖြစ်အောင်, နားဝင်အောင်, ယဉ်ကျေးဖွယ်ရာ စကားပြောတတ်သည်၊ သူတပါးအား ညှာတာသနားတတ်သည်၊ ပေးကမ်းစွန့်ကြဲတတ်သည်၊ အလှူအတန်း ဝါသနာရှိသည်၊ ဤသည်တို့ကြောင့် လူတိုင်းက ခင်မင်သော အမျိုးကောင်းသမီးတယောက် ဖြစ်၏၊ မိကောင်း ဘကောင်းကုန်သည်မျိုးရိုးမှ ပေါက်ဖွားခဲ့ပြီးလျှင် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးတည်းဟူသော သပ္ပုရိသနိဿယ မှီရာကောင်းကို ရရှိကာ မှီခိုလိုက်ရသောကြောင့် ဇာတိ အရည်အချင်းရှိသလောက် သာသနာတော်၌ အဘိုးအနဂ္ဃ ထိုက်တန်သောဆရာတော်ကြီးတပါး ဖြစ်တော်မူခဲ့ပေသည်၊ စံကျောင်းဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးတော်များကို ခရေစေ့တွင်းကျ အသေးစိတ်ရေးရလျှင် ကုန်နိုင်ဖွယ် မရှိရာ။

**စံကျောင်းဆရာတော်**
**ကျောင်းတော်ရာဆရာတော်ကြီးထံ**
**ရောက်ပုံ**

စံကျောင်း ဆရာတော်သည်အသက် ၇-နှစ် အရွယ်, ဘုန်းကြီးကျောင်း၌နေ စဉ် မင်္ဂလသုတ်, ပရိတ်ကြီး, နမက္ကာရ, လောကနီတိ, ဇာတ်အဋ္ဌကထာ, သဒ္ဒါ,

ကိုးကြောင်း,ဗိုလ်, မကာရန္တဗေဒင်တို့ကို သင်ကြားခဲ့ရသည်၊ အသက် ၁၄-နှစ်၌ မိဘဆွေမျိုးများ သဘောတူ ပို့အပ်၍ ရန်ကုန်မြို့၊ ပုဇွန်တောင် အစိုးရအင်္ဂလိပ်ကျောင်းသို့ ပြောင်း ကာ ခေတ်စာပေကို သင်ကြားရသည်၊ အသက် ၁၇-နှစ်သို့ ရောက်သောအခါ ရှင်ဂေါတမသည် သံသရာ၏အစကို မသိ သောကြောင့် ဘုရားမဟုတ်ဟု ရေးထားသော ရွှေချိန်ခွင် ခေါ်စာအုပ်ငယ်ကို တွေ့ရှိ ဖတ်မိရာမှ စ၍ ကြံစည်စဉ်းစား လာရာ၊ တစထက်တစ ဘာသာရေးဘက်၌ စိတ်ဝင်စားလျက် သံဝေဂဉာဏ်များလည်း တဖွားဖွား ပေါ်ပေါက် လာလေ သည်၊ သာသနာတော်တွင်းသို့ဝင်၍ ရှင်ရဟန်း ပြုလိုသော နိက္ခမဇ္ဈာသယဓာတ်တို့သည် မပြတ်မလပ်ဆိုသလို ထက်သန် အားကြီး လာသောကြောင့် မိဘများကို ထုတ်ဖော် ပြော ကြားကြရတော့သည်၊ မိဘများနှင့် အစ်ကိုဦးကြံပွင့်-ဒေါ်ပို တို့က ရှင်ဒါယကာခံယူချီးမြှောက်ကြ၍ ရှင်သာမဏေအဖြစ် သို့ ရောက်လေသည်၊ မိဘနှင့် ဆွေမျိုးတို့ကမူကား ၇-ရက် လောက် သာမဏေဝတ်ပြီးလျှင် လူထွက်လိမ့်မည် မှတ်ထင် ကြ၏၊ တလလွန်သော်လည်း မထွက်သဖြင့် ထွက်ရန်ဝိုင်းဝန်း ပြောဆိုဆွဲဆောင်ကြ၏၊ လူထွက်စေရန် အကြိမ်ကြိမ်တလှည့် စီ ပြောဆို နှိုးနှပ်ကြသော်လည်း ကိုရင်ဉာဏ်ကား မထွက် ချေ၊သို့နှင့် ကျောက်တန်း ရွာလယ်ကျောင်း၌ တဝါ ရပေ သည်၊ တဝါအတွင်း၌ သင်ကြားရသမျှ ကစ္စည်းသဒ္ဒါကို သင်ကြားရသည်။

သဒ္ဒါပဗ္ဗဇ္ဇိတအဖြစ်ဖြင့် သာသနာတော်တွင်းသို့ ရောက် လာသော ကိုရင်ဉာဏ်ခေါ် ရှင်ဝါယာမသည် ဉာဏ်,ဝီရိယ

ထူးချွန်သူဖြစ်ရာ အနည်းအကျဉ်းမျှသာ စာပေသင်ကြားရသည်ကို ဥာဏ်,ဝီရိယတည်းဟူသော ခြေလက်တို့ မဆန့်သာ မတန်းသာသကဲ့သို့ အားမလို အားမရ ရှိနေစဉ်အတွင်း၌ ရန်ကုန်မြို့၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ စာပေသင်ကြားနေရာမှ ဇာတိရွာ ကျောက်တန်းသို့ ခေတ္တ ပြန်လာသော ဦးပဥ္စင်း ဦးကုမာရသည် ကျောင်းတော်ရာ ရွှေကျင်တိုက်နှင့် ကျောင်းတော်ရာ ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူး များကို စေတနာရင်းဖြင့် ရှင်ဝါယာမအား ပြောပြရာ ရှင်ဝါယာမသည် အလွန်နှစ်သက် အားရရွှင်ပြကာ ဆရာဘုန်းတော်ကြီးနှင့် မိဘများကိုပန်ကြား၍ ဦးကုမာရအပြန်တွင် ကျောင်းတော်ရာ ဆရာတော်ထံသို့ လိုက်ပါကာ ဆည်းကပ်နေတော့သည်။

ကျောင်းတော်ရာ ဆရာတော်ဘုရားသည် ရှင်သာမဏေဝါယာမ၏ ရုပနိကာယ် စသည်ကို အကဲခတ်တော်မူရာ သာသနာတော်၌ သူတော်ကောင်း ပညာရှိတဦး အဖြစ်ဖြင့် ထွန်းကားလျက် သာသနာတော်ကို ဆက်လက်ဆောင်ရွက်နိုင်မည့် ရှင်သာမဏေဖြစ်တန်ရာ၏ဟု မြင်ကာ ဆုံးဖြတ်တော်မူ၍ စာပေကျမ်းဂန် အသင်အပြ အပို့အချ ကောင်းသော မိမိ၏တပည့် ယွန်းကျောင်းဆရာတော် အရှင်ဇောတ ထံ၌ ဆရာတော်ကြီးက အပ်နှံ၍ စာပေသင်ကြားရသည်၊ ထိုနှစ်အတွင်း၌ ရရှိပေါက်ရောက်သောစာများမှာ (၁) သုတ်နက် ၈-စောင်၊ (၂) ကစ္စည်းသဒ္ဒါပါဠိ ၈-စောင်၊ (၃) ပုဒ်စစ်, သုတ်စစ်,သဒ္ဒါစစ်,နည်းလေးဆယ်,သံဝဏ္ဏနာ, ဒွေမာတိကာပါဠိတို့ကို ကျေပွန်စွာရ၍ အနက်အဓိပ္ပါယ်ကိုလည်းဆရာ့ထံ၌ ပေါက်ရောက်အောင် သင်ကြားပြီးခဲ့သည်။

**ရဟန်းဖြစ်ခြင်း** ရှင်ဝါယာမသည်အသက်၁၉-နှစ်ကျော်၍ သက္ကရာဇ် ၁၂၅၅-ခုနှစ်၊ ပထမ ဝါဆို လဆန်း ၁၃-ရက် အင်္ဂါနေ့ ညနေ ၃-နာရီ အချိန်တွင် မိဘများကပင် ရဟန်းဒါယကာခံယူ၍ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးက ဥပဇ္ဈာယ်အဖြစ်ဖြင့် ချီးမြှောက်တော်မူခြင်း, ၄၆-ပါးသော သံဃာတော်တို့က ကမ္မဝါစာ ဆရာအဖြစ် ကာရကသံဃာအဖြစ်ဖြင့် ချီးမြှောက်တော် မူခြင်းတို့ကြောင့် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် ခဏ္ဍသိမ်တော်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊ ဥပသမ္ပဒကမ်ဆောင် သိမ်ဝင်သံဃာတော်များအား အသီးအသီး သင်္ကန်းစသော ဒါတဗ္ဗဝတ္ထု ကပ္ပိယပစ္စည်းများကို မိဘတို့က ကပ်လှူပူဇော်ကြသည်။

**ရဟန်းဖြစ်စဉ် အာဂုံဆောင်စာများ** ဦးဝါယာမသည် ရဟန်း ဖြစ် ပြီးနောက် စာပေ ဆက် လက် သင်ကြားခဲ့ရာ အာဂုံဆောင်သော စာများမှာ—

၁။ မာဂဓ အဘိဓာန်စောင်လုံး၊

၂။ ဝုတ္တောဒယဆန်း၊

၃။ သုဗောဓာလင်္ကာရ၊

၄။ ဓာတွတ္ထ သင်္ဂဟပါဠိ၊

၅။ ခုဒ္ဒသိက္ခာ၊

၆။ မူလသိက္ခာ၊

8 ၇။ သဒ္ဒတ္ထဘေဒစိန္တာ၊

၈။ ကစ္စာယနသာရ၊
၉။ ကေက္ခရကောသ၊
၁၀။ ဝစ္စဝါစက၊
၁၁။ ဝိဘတျတ္ထ၊
၁၂။ နေတ္တိဟာရအကောက်၊
၁၃။ သမ္ဗန်ခြောက်ပါး၊
၁၄။ ဘုရားကြီးနိဿယ၊
၁၅။ ဟိစပနနိဿယ၊
၁၆။ အာချာတ်သာမိနိဿယ၊
၁၇။ တွင်းကြီးနိဿယ၊
၁၈။ ဓမ္မပဒစောင်လုံး၊ ဆန်းအလင်္ကာမှစ၍ အားလုံးပင် စောင်လုံးရရှိကာ အာဂုမ်ဆောင်ခဲ့သည်။

**စံကျောင်းဆရာတော်၏ ရုပ်လက္ခဏာပုံတော်**

စံ ကျောင်း ဆရာ တော် ၏ ရုပ် လက္ခဏာ ပုံတော်မှာ အရပ်တော် မနိမ့်, မမြင့်, မဆူ လွန်း, မကြုံ လွန်း, အသားတော် ဖြူစင်သည်၊ ကိုယ် လုံး ကိုယ် ပေါက် တင့်တယ်သည်၊ ဦးခေါင်းတော် မကြီးလွန်း, မငယ်လွန်း, နှာရွက်တော် ပြန့်၍ တင့်တယ်သည်၊ သတ္တုဿဒလက္ခဏာတော်နှင့် ပြည့်စုံသဖြင့် ပခုံး ၂-ဘက်, လက်ဖမိုး, ခြေဖမိုး, ဇက်ပိုးတို့ ပြည့်ဖြိုးတော် မူသည်၊ လက်ချောင်း ကလေး များသည် ဖယောင်းတိုင်ကလေးများကို စီထား သကဲ့သို့ ပြေပြစ် သွယ်ပျောင်းလျက် ရှိကုန်၏၊ လက်မောင်းတော်သည်လည်း ဆင်


နှာမောင်းကဲ့သို့ ပြေပြစ် သွယ်တန်းလျက်ရှိသည်၊ မျက်လုံးတော် ကြည်သည်၊ လက်ဖဝါး, ခြေဖဝါး, နှုတ်ခမ်းတော်များ ဆေးမဆိုးရပဲ နီမြန်းသော သွေးရောင်ထွန်းလျက် ရှိကြသည်၊ မယ်တော် ဒေါ်အောင်၏ ရုပ်လက္ခဏာနှင့် များသောအားဖြင့် တူပုံရသည်။

**အရှင်သံကိစ္စ** စံကျောင်းဆရာတော်ဘုရား၏ ရင်းချာသော တူ, တူမ, မြေး စသော ဆွေမျိုးတို့သည် ရန်ကုန်မြို့၌ရင်း, ကျောက်တန်း၌ရင်း, ပဲခူးမြို့၌ရင်း များစွာ ရှိကြသည်၊ အကိုရင်း, အမရင်း, ညီရင်းတို့ကို ဘုန်းကြီး ကိုယ်တိုင် သိဘူးမြင်ဘူးပါသေးသည်၊ စံကျောင်းဆရာတော်၏ အမ ဒေါ်ငြိမ်းမယ်၏ သားတော်ဖြစ်သော ဘုန်းတော်ကြီး ဦးသံကိစ္စသည် ရွှေဟင်္သာတောရတိုက်၌ ကျောင်းသားအဖြစ်ကစ၍ နေခဲ့ရာ ဆရာတော်ကြီး တပါးဖြစ်၍ ပဲခူး အရှေ့ ကျိုက်လှရွာ၌ ကျောင်းထိုင်ကာ စာပေပို့ချလျက် ရှိသည်၊ ကျိုက်လှ ဆရာတော် ဦးသံကိစ္စသည် အနေကောင်း, စာတော်, အင်္ဂလိပ်,သက္ကတ, ဘာသန္တရဝိဒူဖြစ်သည်၊ (ဒုတိယ အကြိမ် ဤစာကို ရေးသားသော အချိန်၌ကား နံ ဆရာတော် ဦးသံကိစ္စ ပျံလွန်တော်မူပါပြီ)။

တိုက်အုပ် ဆရာတော် ဘုရားသည် (ဒု-စံ ကျောင်း ဆရာတော် ဦးကလျာဏကို ဆိုလိုသည်) သက္ကရာဇ် ၁၂၄၄-ခု တပေါင်းလဆန်း ၇-ရက် တနင်္လာနေ့ နေ့မွန်းလွဲ စက်နာရီ ၂-နာရီ၊ မြန်မာနာရီ နေ့ ၂-ချက်တီးကျော် ၅-နာရီပါဒ်ပြည့် အချိန်တွင် ထားဝယ်မြို့ ကျောက်မော်ရပ်၌ ဖွားမြင်တော်မူ

သည်၊ ခမည်းတော် ဒါယကာကြီးမှာ ဦးဘိုးတူ၊ မယ်တော် ဒါယိကာမကြီးမှာ ဒေါ်ချော ဖြစ်သည်၊ သားသမီး ၄-ယောက် ရှိသည်တွင် တိုက်အုပ်ဆရာတော်သည် သားကြီးသြရသ ဖြစ်တော်မူသည်။

တိုက်အုပ် ဆရာတော်၏ ဇာတာပုံ




စဉ်နက္ခတ်

၀

၀

၇

တိုက်အုပ် ဆရာတော်၏ ဒါယကာကြီး ဦးဘိုးတူ သည် ထားဝယ်မြို့၌ ထင်ရှားသော လူဂုဏ်တန်တယောက် ဖြစ်သည် အားလျော်စွာ ခြံ, လယ်,မနိတော စသည်တို့ကို ပိုင်ဆိုင်သော မြေပိုင်ရှင် ကုန်သည်ကြီးတယောက် ဖြစ်သည်၊ အရာရာ၌ အ လွန်စေ့စပ်သေချာသည်၊ တိုပြတ်ပြောလေ့ရှိသည်၊ စိတ်ထက် သည်၊ သားသမီးများအပေါ်၌ စည်းကမ်း ပေးပုံ, စောင့် ရှောက်ပုံ, ချီးမြှင့်ကြည့်ရှုပုံတို့မှာ နည်းစနစ်ကောင်းလှသည်၊ မိဘကောင်းတို့၏ သားသမီးများဖြစ်ကြသောကြောင့် သား သမီးတိုင်း ထွန်းကားကြီးပွားကြသည်။

ဦးဘိုးတူသည် တိုက်အုပ်ဆရာတော် ထားဝယ်သို့ပြန်ကြွ၍ စာသင်တိုက်တည်ကာ ပရိယတ္တိသာသနာ စည်ပင်ထွန်းကားစွာ ပြုနိုင်စေခြင်းငှါ ၎င်း မိမိနှင့်တကွ သားသမီးဆွေမျိုးဉာတိမှစ၍ ထားဝယ်မြို့နယ်ရှိ ဒကာ ဒကာမ တို့သည် သာသနာတော်၏အမွေအနှစ်ကို ရရှိစေခြင်းငှါ ၎င်း ထားဝယ်မြို့ ညောင်ရမ်းတောအရပ်၌ ခြံမြေ ၅-ဧက ဝယ်ယူ၍ ယာယီကျောင်းတဆောင်ကို ရှေးဦးစွာဆောက်၏၊ ၎င်းနောက် ဘုရား၊ သိမ်၊ တန်ဆောင်း အုဋ်တိုက်ဆောက်၏၊ ၎င်းနောက် သိမ်ဒါယကာခံယူ၍ သိမ်သမုတ်ခါ သိမ်တိုက်ဆောက်၏၊ တိုက်အုပ်ဆရာတော် ပစ္စည်းလေးပါး ချမ်းသာစေရန် ဝတ္ထုကမ်မြေများကိုလည်းလှူ၏၊ ဦးဘိုးတူ တည်ထောင်သော ကျောင်းကို ကံသာကျောင်းဟု ကမ္ပည်းတပ်၏၊ ကျောင်းမြေ ဝယ်ပြီးသည်ကစ၍ ဘုရားသိမ်တိုက်ရေစက်ချ သိမ်သမုတ်ကိစ္စတို့၌ တိုက်အုပ်ဆရာတော်ကိုသာ ပင့်လျှောက် အပ်နှင်းသောကြောင့် ရွှေဟင်္သာတောရ သံဃာများသာလျှင် သိမ်သမုတ်ခြင်း စသောကိစ္စကို ဆောင်ရွက်ကြသည်၊ တိုက်အုပ်ဆရာတော်ဘုရားသည် ရံခါကြွရောက် သီတင်းသုံးတော်မူ၍ သင့်တော်သော တပည့်များကိုသာ စေလွှတ်ကာ စောင့်ရှောက်စေတော် မူရသည်၊ မိမိကြီးပမ်းအားထုတ်ဆောင်ရွက်ဆဲဖြစ်သော ညောင်တုန်း ရွှေဟင်္သာတောရတိုက်၏ကျေးဇူးကိုလည်း လျစ်လျူမရှုနိုင်၊ စံကျောင်းဆရာတော်ဘုရားကလည်း ထားဝယ်၌ အမြဲသွားနေရန် ခွင့်ပြုတော်မမူသောကြောင့် ထားဝယ် ကံသာကျောင်း သာသနာကို ခမည်းတော်ဒါယကာကြီး မှန်းထားသည့်အတိုင်း မပြုနိုင်ရှာပဲ ညောင်တုန်းရွှေဟင်္သာတောရတိုက်၏ သာသနာရေးနှင့်သာလျှင် တဘာဝရပ်စဲတော်မူရရှာသည်။

**အရှင်ဝဇီရဗုဒ္ဓိ** တိုက်အုပ်ဆရာတော်၏နှမအကြီးဒေါ်မြခိုင်၏သားတော် ဦးဝဇီရဗုဒ္ဓိသည် ဦးရိုးတော် တိုက်အုပ်ဆရာတော် အထံသို့ ရောက်ရှိကာ ရွှေဟင်္သာတောရတိုက်၌ ငယ်, လတ်, ကြီး, ဂုဏ်ထူးနှင့် တကွ စာချတန်းကို အောင်မြင်ပြီးနောက် စစ်ကိုင်း, မန္တလေး စသည်တို့၌ ဗဟုသုတနည်းနိဿယများကို ဆည်းပူးပြီးကာလ သီဟိုဠ်သို့သွား၍ အင်္ဂလိပ်, သက္ကတ, ဘာသန္တရ တို့ကို လေ့လာသည်၊ ၁၃၁၆-ခုနှစ်၌ ခေတ္တ မြန်မာနိုင်ငံသို့ ပြန်လာသည်၊ ထို့နောက် ဣန္ဒိယသို့တဖန်ထွက်ခွါသွားကာ ဗာရာဏသီမြို့ ဟိန္ဒူယူနီဗာစီတီသို့တက်၍ ပညာဆက်လက်ဆည်းပူးရာ ၁၉၆၁-ခုနှစ်၌ ဣန္ဒိယတပြည်လုံးတွင် တစ်စွဲ၍ သက္ကတဂုဏ်ထူးနှင့် အမ်·အေဘွဲ့ကို ဆွတ်ခူးလိုက်လေသည်၊ ထို့နောက် ဒေါက်တာဘွဲ့ယူရန် ဘုံဘေ၌အားထုတ်ရင်း ဇာတ်နိမ့် ဟိန္ဒူဗုဒ္ဓဘာသာဝင်များကို တရားဟောနေကြောင်း ကြားသိရသည်။

သဒ္ဓေ သဒ္ဓေ သုနိဿာယ၊
သန္တာ သန္တာ သုဝတ္တရေ။
သန္တာ သန္တာ သုဝတ္တန္တာ၊
သဒါ ဇောတေန္တိ သာသနံ။

ရှေးရှေးသူတော်ကောင်း ဆရာမြတ်တို့ကို အမှီပြုကြကုန်သောကြောင့်နောက်နောက်သော သူတော်ကောင်း ပညာရှိတို့သည် အသစ်အသစ် ပေါ်ထွန်းလာကြကုန်၏၊ နောက်နောက်၌ ပေါ်ပေါက်သော ပညာရှိသူတော်ကောင်းတို့သည် မြတ်စွာဘုရား၏ သာသနာတော်ကို အမြဲအစဉ်မပြတ် ထွန်း

လင်းတောက်ပစေကြ ကုန် ၏-ဟု ဥဒါန်း ကြူးရင့် ထိုက်လှ သတည်း။

**ရွှေဟင်္သာတောရတိုက် သံဃာတော်များကျင့်စဉ်** (ဘုရားကျောင်း၌) ရွှေဟင်္သာတောရတိုက်ရှိ သံဃာတော်များသည် နေ့စဉ် နေ့တိုင်း နံနက်စောစော ၄.နာရီအချိန် မင်္ဂလာစံကျောင်းမှ တုံးကြီးခေါက်လျှင် အသီးအသီးအိပ်ရာမှထ၍ ဘုရားကျောင်းသို့ ဘုရားဝတ်ပြုရှိခိုးရန် သွားကြရသည်၊ တကျောင်းလျှင် ကျောင်းစောင့်တပါးစီနှင့် ဂိလာနရှိလျှင် ဂိလာနပုဂ္ဂိုလ်, သံဃကိစ္စကို ရွက်ဆောင်နေဆဲ ပုဂ္ဂိုလ်များကိုသာ ချန်၍ သံဃာ အားလုံးဝတ်တက်လိုက်ကြရသည်၊ ဘုရားဝတ်တက်သွားသော သံဃာများသည် ဘုရားကျောင်း၌ မိမိတိုက်သားအဖြစ် ရောက်စကသော်၎င်း, တနှစ်တကြိမ် ဝါဆိုလပြည့်ကျော် ၁-ရက်နေ့ဖြစ်သော ဝါဆိုနေ့၌သော်၎င်း တိုက်အုပ်ဆရာတော်က ချထားသတ်မှတ်ပေးထားသော ထေရ်စဉ်ဝါလိုက်အတန်းနှင့် နေရာ၌သာ နေရသည်၊ တိုက်အုပ်ဆရာတော်က နောက်တကြိမ်နေရာပြောင်းမပေးသမျှ နေရာမရွေ့ရ၊ မပြောင်းရပေ၊ ဘုရားရှိခိုးဝတ်ပြုကြသောအခါ ရှေ့ဆုံးတန်း၌ ဘုန်းကြီးများ နေကြရသည်၊ နောက်တန်းများ၌ ထေရ်စဉ်အလိုက် တတန်းစီ သာမဏေငယ်များတိုင်အောင်နေကြရသည်၊ ဘုရားဝတ်ပြုရှိခိုးပြီးကြလျှင် သံဃာအမည်စာရင်းကို သမ္မုတိရသောပုဂ္ဂိုလ်တပါးက ကျောင်းစဉ်နှင့် ဝါစဉ်အတိုင်း ဘွဲ့ကိုဖတ်၍ ခေါ်ရသည်၊ မိမိဘွဲ့ကို ခေါ်သောအခါ မိမိ ဘုရားဝတ်တက်ပါသည်ဖြစ်က "ပါပါသည်"ဟု ပြန်ကြားရသည်၊ ကျောင်းစောင့်အလှည့်ကျ

သောပုဂ္ဂိုလ်အတွက်လိုက်ပါသောပုဂ္ဂိုလ်တပါးက "ကျောင်းစောင့်ပါဘုရား" ဟုပန်ကြားရသည်၊အကြောင်းမဲ့ ဘုရားဝတ်တက်မလိုက်ပါလျှင် ရေဒဏ် ၃-ခေါက်ထမ်း၍ ညဘက်ဘုရားဝတ်တက်အပြီး၌"ဘုရားတပည့်တော်(တိဿ)နံနက်က ဘုရားဝတ်တက် မပါသည့်အတွက် ရေဒဏ် ၃-ခေါက် ထမ်းပြီးပါပြီ သံဃာတော် အရှင်မြတ်တို့ဘုရား" ဟု မိမိဘွဲ့ကို ထုတ်ဖော်၍ သံဃာအား လျှောက်ရသည်၊ ဘုရားဝတ်တက် ပြီးသောအခါ တိုက်အုပ်ဆရာတော်က"ကြွတော်မူကြပါ"ဟု အခွင့်ပြုမှဘုန်းကြီးတန်းက မကြွရသေးဘဲ ဒုတိယတန်းက စ၍ ကြွရသည်၊ ယင်းသို့ကြွရာ၌လည်း မကြွမီ တတန်းလုံး မတ်တတ်ရပ်ကာ သင်္ကန်းကိုအဝန်းညီအောင် ပြုပြင်ပြီးမှ အစဉ်လိုက် တပါးနှင့် တပါး လေးတောင်ကွာလောက် ခြား၍ ဆင်းကြရသည်၊ တတန်းဆင်း၍ အောက်လှေကားရင်းသို့ရောက်မှ နောက်တန်းက ရှေးနည်းအတိုင်း ဆင်းကြရသည်၊ နောက်ဆုံး သာမဏေငယ်များဆင်းပြီးမှ ကျောင်းဘုန်းကြီးများ ဆင်းကြရသည်။

**ဆွမ်းစားကျောင်း၌** နံနက် ဘုရားဝတ်တက်ပြီး မကြာမီ အရုဏ်တက်လျှင် ဆွမ်းစားကျောင်းက ဆွမ်းစားတုံးခေါက်သည်၊ ဆွမ်းစားတုံးခေါက်ပုံမှာ ပထမအကြိမ် ၆-ချက်ခေါက်လျှင် စာသင်သား ရဟန်းတော်များသာ ကြွကြရသည်၊ ဒုတိယအကြိမ် ၅-ချက်ခေါက်လျှင် သာမဏေများ ကြွကြရသည်၊ တတိယအကြိမ် ၄-ချက် ခေါက်လျှင် ကျောင်းဘုန်းကြီး စာချဘုန်းကြီးနှင့်တကွ တိုက်အုပ်တိုက်ကြပ် ဆရာတော်များ ကြွကြရသည်၊ ကျောင်းတိုက်ရှိ သံဃာအားလုံး ဆွမ်းစားကျောင်းကြီး တကျောင်းတည်း၌

သာလျှင် တပေါင်းတစုတည်း ဆွမ်းစားကြရသည်၊ ဂိလာန ပုဂ္ဂိုလ်မှတပါး အခြား ပုဂ္ဂိုလ်များသည် မိမိတို့ ကျောင်း၌ ခွဲခြား၍ ဆွမ်းမစားကြရ၊ ဆွမ်းစားကျောင်းသို့ ဆွမ်းစားကြွ ကြရသောအခါ ၂-ပါး ၃-ပါး ရင်ဘောင်တန်းတွဲ၍ စကား ပြောမသွားကြရ၊ ဆွမ်းစားကျောင်းပေါ်သို့ ရောက်၍ ပြန် ဆင်းလာသည့်အချိန်အတွင်း စကားလုံးဝ မပြောကြရ၊ ဆွမ်း စားနေစဉ် ဆွမ်းလိုက်ပါ, ဟင်းလိုက်ပါ စသည်ဖြင့် မပြောရ, မတောင်းရ၊ ဆွမ်းစားကျောင်းဘုန်းကြီးနှင့် ဆွမ်းလိုက်သော သာမဏေများ, ကျောင်းသားများက မလစ်လပ်စေရအောင် ဆွမ်းဝိုင်းများ အကြားအကြားမှ လျှောက်ကြည့်၍ ပြည့်စုံ အောင် လိုက်စေသည်၊ ဆွမ်းစားစဉ် ဇွန်းသံ, ပန်းကန်သံမမြည် စေရ၊ ဟင်းရေကို ရှူးရှူးမြည်အောင်မသောက်ရ၊ဆွမ်းလုတ်ကို အဝန်းညီအောင် ပြုပြင်၍ စားကြရ၏၊ လက်ကို, နှုတ်ခမ်းကို လျက်၍ မစားရ၊ တောင်ကြည့်မြောက်ကြည့်မစားရ၊ ဣန္ဒြေ ရရ သန့်ပြန့် သပ်ယပ်စွာ ဆွမ်းစားကြရသည်။

လူစိမ်းပြင်ပ ပုဂ္ဂိုလ်တဦး တယောက်သည် သံဃာများ ဆွမ်းစားကျောင်း၌ ဆွမ်းစားနေသောအခါ အကယ်၍ ဆွမ်း စားကျောင်းအနီးမှ ဖြတ်သန်း၍ သွားငြားအံ့၊ ထိုပုဂ္ဂိုလ် သည် ဆွမ်းစားကျောင်းပေါ်၌ သံဃာ ၁၅၀-ကျော် ဆွမ်း စားနေသည်ဟု သိမည်မဟုတ်ပေ၊ ဤမျှပင် ငြိမ်သက် တိတ် ဆိတ်စွာ ဆွမ်းဘုန်းပေးတော်မူကြရသည်၊ တိုက်သား သံဃာ အဖြစ်သို့ရောက်သော ပုဂ္ဂိုလ်သည် ဆွမ်းစားကျောင်း ဘုန်း ကြီးက ညွှန်ကြားချထားပေးသော ဆွမ်းဝိုင်းနှင့် ချထားပေး သောနေရာ၌သာလျှင် အမြဲထိုင်၍ ဆွမ်းစားကြရသည်၊ မိမိ

သဘောနှင့် ဝိုင်းမပြောင်းရ၊ နေရာမပြောင်းရ၊ အာဂန္တုက ပုဂ္ဂိုလ်ငယ်ရောက်လျှင် ဆိုင်ရာကျောင်းရှိ သံဃာ တပါးက ဆွမ်းစားကျောင်းဘုန်းကြီးထံသွား၍အကြောင်းကြားထားရ သည်၊ ဆွမ်းစားကျောင်း၌ အာဂန္တုက ဆွမ်းဝိုင်း သီးခြား ပြင်ထားသည်၊ အာဂန္တုမထေရ်ကြီး ဖြစ်လျှင် အာဂန္တုက ကျောင်းသို့ ဆွမ်းကိုယူ၍ ကပ်ခွင့်ပြုသည်။

**စာအံချိန်** နံနက်အရုဏ်ဆွမ်းစားပြီး ၆-နာရီခွဲ ၇-နာရီက စ၍ အသီးအသီး စာတက် စာချ ပြုကြ တော့ သည်၊ နံနက် ၇-နာရီကစ၍ ည ၉-နာရီ အထိ မင်္ဂလာ စံ ကျောင်းမှ နာရီသံချောင်းကို နာရီကျတိုင်း ခေါက်ရသည်။ ၎င်းနာရီဖြင့် စာတက်, စာချပြုကြရသည်၊ နံနက် ၁၀-နာရီ ထိုးလျှင် တတိုက်လုံး စာတက်, စာချ,စာအံ,ရပ်နား၍ ရေချိုး ကြရသည်၊ ၁၁-နာရီခန့်၌ ဆွမ်းစားကျောင်းမှ နေ့ဆွမ်းစား ခေါက်သည်၊ နံနက်က နည်းတူ သွားကြရ, စားကြရ သည်၊ နေ့ ၁၂-နာရီမှ နေ့ ၁-ချက်ထိုးအတွင်း ကျယ်ကျယ် လောင် လောင် အသံမပြုကြရ၊ ခေတ္တကျိန်းလိုသူများ ကျိန်းနိုင်ကြ သည်၊ စာကြည့် စာရေးလိုသူတို့လည်း ငြိမ်သက်စွာ ကြည့်ရ ရေးရ၏၊ နေ့ ၁-နာရီရှိသောအခါ သံချောင်းမခေါက်ပဲ တုံး ကြီးကို ဂုဏ်တော် ၉-ပါးကိုရည်၍ ၉-ချက် ခေါက်ရသည်၊ ဘုရားဝတ်တက်ချိန်၌ ပဋ္ဌာန်း ပစ္စယုဒ္ဒေသ ၂၄-ပစ္စည်းကို ရည်၍ ၂၄-ချက်ခေါက်ရသည်၊ တနည်းအားဖြင့် ဘုရား ဂုဏ် တော် ၉-ပါး, တရားဂုဏ်တော် ၆-ပါး, သံဃာ့ ဂုဏ်တော် ၉-ပါး၊ ပေါင်း ဂုဏ်တော် ၂၄-ပါးကို ရည်ညွှန်း၍ ၂၄-ချက် ခေါက်သည်၊ နေ့ ၁-နာရီ တုံးခေါက်ကစ၍ စာတက်, စာချ

ပြန်ကောက်ကြသည်၊ ညနေ ၅-နာရီ သံချောင်းခေါက်လျှင် စာတက်, စာချ, စာအံရပ်ကြ၍ သောက်ရေ, သုံးရေ, ဒဏ်ရေ စသည်တို့ကို ခတ်ကြသည်၊ အဘိတ်နေ့ညနေ ၅-နာရီ၌ တုံးကြီးကို ၇-ချက်ခေါက်လျှင် ကျောင်းတိုင်းကျောင်းတိုင်း မိမိတို့၏ ကျောင်းနယ်နိမိတ် အတွင်း၌ တံမြက်လှည်းကြရ, ရှင်းလင်းကြရသည်၊ နေ့ရာသီ ဥပုသ်နေ့ နံနက်ဘက်၌ တနာရီခန့်အများနှင့်သက်ဆိုင်သော မြေကွက်များ၌သုတ်သင်ရှင်းလင်းကြရသည်၊ နေ့စဉ်ညနေ ၆ နာရီ၊ ၆-နာရီခွဲအချိန်တုံးကြီးခေါက်လျှင် ဘုရားကျောင်း၌ စုပေါင်း၍ ဘုရားဝတ်ပြု ရှိခိုးကြရသည်၊ ဘုရားဝတ်တက်ပြီးလျှင် ည၀ါ ဟောကြ, ပို့ချကြ, စာပြန်သရဇ္ဈာယ်ကြရသည်၊ ၁၀-နာရီမှ အိပ်ကြရသည်၊ စာမေးပွဲနီးသောလများ၌ ၁၁-နာရီ ၁၂-နာရီတိုင်အောင် စာပြန်ကြသည်၊ ဥပုသ်နေ့ဖြစ်လျှင် ညဘက်ဘုရားဝတ်တက်ပြီးက ဘုရားကျောင်း၌ ကျောင်းစဉ် အလှည့်ကျ တရား ဟောကြရသည်၊ တိုက်အုပ်ဆရာတော်သည် အကြောင်းရှိလျှင် ရှိသလို ဘုရားဝတ်တက်အပြီး အပြီး၌ ရံခါရံခါ ဩ၀ါဒ ပေးတော်မူသည်၊ ဥပုသ်နေ့ ညတရားဟောပြီးလျှင် ဆရာတော်, တိုက်အုပ်ဆရာတော်,တိုက်ကြပ်ဆရာတော်,ကျောင်းဘုန်းကြီး, အာမခံဘုန်းကြီးများထံသို့ အလှည့်ကျအလှည့်ကျ တသီတင်းလျှင် ၂-ပါး ၃-ပါးစီသို့ သွား၍ ဝတ်ပြုကြရ, ဩ၀ါဒနာယူ ကြရသည်၊ ဤသို့လျှင် ရွှေဟင်္သာ တောရတိုက် သံဃာများသည် နေ့စဉ်လိုက်နာပြုကျင့်နေထိုင်ကြရသည်။

**ရှာတွင်းဆွမ်းစား** သံဃာ ၁၅၀-ကျော် ၂၀၀-ခန့် အမြဲသီတင်းသုံးသော ကျောင်းတိုက်ကြီးဖြစ်

သောကြောင့် မြို့တွင်းရွာတွင်းက ၁၅-ပါး ၂၀-စသည်ဖြင့် ဆွမ်းစား ပင့်ကြသည်မှာလည်းနေ့စဉ်ကဲ့သို့ရှိတတ်သည်၊ ဆွမ်းစား ပင့်သောဒကာသည် မည်သည့်ပုဂ္ဂိုလ်နှင့် စပ်သောဒကာဖြစ်စေ၊ တိုက်အုပ်ဆရာတော်ထံသို့သွား၍ ပင့်ကြရသည်၊ ပင့်သောဒကာက မသိလျှင် စပ်ရာသံဃာက တိုက်အုပ်ဆရာတော်ထံသို့ ပို့ရသည်၊ သို့ရာတွင်များသောအားဖြင့်ဒကာများကိုယ်တိုင် ကျောင်းတိုက် စည်းမျဉ်းကို နာလည်သိရှိနေကြသည်၊ တိုက်အုပ်ဆရာတော်က ဆွမ်းစားပင့်သည်ကို လက်ခံ၍ ဆွမ်းညွှန်း ဘုန်းကြီးထံ စာနှင့်ရေး၍ အကြောင်းကြားလိုက်သည်၊ ပုဂ္ဂလိက ပင့်သော ပုဂ္ဂိုလ်ပါလျှင်လည်းပါသလို ထည့်ရသည်၊ ဒကာကမည်သည့်ပုဂ္ဂိုလ်ကိုမျှ အသီးအခြား ပင့်လိုကြောင်းမလျှောက်သော်လည်း ထိုဒကာနှင့် စပ်သောပုဂ္ဂိုလ်, ထိုဒကာကြည်ညိုသောပုဂ္ဂိုလ် အပါအဝင် ထည့်၍ ကျောင်းစဉ်အတိုင်း ဆွမ်းညွှန်းဘုန်းကြီးက ပင့်ရသည်၊ ဆွမ်းစားကြွရမည့် သံဃာများသည် နံနက် ၅-နာရီအချိန် မင်္ဂလာစံကျောင်းကတုံးယော်ကလေးခေါက်လျှင် သင်္ကန်းရုံကာ တိုက်ဦးကျောင်းရှေ့ နတ်လမ်းသို့ကြွ၍ ထေရ်စဉ်အလိုက် နေကြရသည်၊ ဆွမ်းညွှန်းဘုန်းကြီးသည် ပင့်စာနှင့်တကွ မရှေးမနှောင်း ရောက်လာသည်၊ တိုက်အုပ်ဆရာတော် သည်လည်း ကြွရောက် လာပြီး လျှင် သံဃာ အရေအတွက် စစ်ဆေးသည်၊ ပင့် စာ ရင်း အ တိုင် သံဃာ ပြည့်စုံသောအခါ တိုက်အုပ်ဆရာတော်က ဘယ်ရပ်ကွက်, ဘယ်လမ်း, ဘယ်ဒကာအိမ်သို့ ကြွရမည်ကိုရင်း,သွားပုံ, စားပုံ စည်းမျဉ်းတကျ ကြည်ညိုဖွယ် ရှိအောင် သတိပြုရန် စသည်ကိုရင်း ဩဝါဒပေးတော်မူသည့်ပြင် သီလပေး, ရေစက်ချ, တရားဟောရန် ဒကာက လျှောက်လျှင် ဘယ်ပုဂ္ဂိုလ်က

ဆောင်ရွက်ရမည်ကိုလည်း ညွှန်ကြားတော်မူလိုက်သည်၊အလှူ အတန်း မ သာ အ သု ဘ ပင့်ရာတို့၌လည်း ဤနည်းအတိုင်း ဆောင်ရွက်ကြရသည်။ယခုအခါ၌ တိုက်အုပ်ဆရာတော် ကိုယ်စားတိုက်ကြပ်ဆရာတော်က ရွက်ဆောင်လျက်ရှိသည်ဟု သိရသည်။

**သီလပေး** ဝါတွင်း ဝါပဥပုသ်နေ့တို့၌ ကျောင်းတိုက်တွင်းရှိ ကျောင်းဇရပ် အသီးအသီး တို့၌ လာရောက်၍ ဥပုသ်စောင့်သော ဒကာဒကာမတို့က သီလပေး ပင့်သည်ဖြစ်စေ, မြို့ရွာတွင်းရှိ ဓမ္မာရုံ, ဥပုသ်ဇရပ်တို့က သီလပေးပင့်သည် ဖြစ်စေ တိုက်အုပ်ဆရာတော်က သင့်တော်သောပုဂ္ဂိုလ်များကို စေလွှတ်တော်မူသည်၊သီလပေးရာမှ လှူကြသော သီလပွဲအလှူပစ္စည်းတို့တွင် စားဖွယ် သောက်ဖွယ် မုန့်သမျှကို ဆွမ်းစားကျောင်းသို့ ပို့စေရသည်၊ ဖရောင်းတိုင်, မီးခြစ်, ဆပ်ပြာ, သင်္ကန်း စသည် ပါမူကား သီလပေးသောပုဂ္ဂိုလ်အား လှူစေသည်၊ဤစနစ်မျိုး ထားရှိသောကြောင့်စားသောက်မှုအကွဲအပြားမရှိသည့်ပြင် ဆွမ်းစားကျောင်း၌လည်း ပြည့်စုံလုံလောက်သဖြင့် သံဃာအားလုံး ချမ်းသာကြရသည်၊ ဤစာရေးသော ဘုန်းကြီး ရွှေဟင်္သာ တောရတိုက်၌ နေစဉ်က ဝါတွင်းဥပုသ်နေ့များ၌ ဆွမ်းဟင်းချိုချဉ်ပေါများသဖြင့်ဆွမ်းစားကျောင်း ဘုန်းကြီးက ကပ္ပိယများနှင့် ကောင်းမွန် သန့်ပြန့်စွာ ချင်းချန်စီမံပေးမှုကြောင့် ဥပုသ်ထွက်တရက်နေ့ အရုဏ်ဆွမ်း၌ ဟင်းလေးဟင်းပေါင်းမှာ အလွန်ကောင်းလှသည်။

**သီးခြားဆွမ်းခံမစားရ** ရွှေဟင်္သာတောရတိုက်၌တပါးချင်း နှစ်ပါးချင်း မိမိတို့ဘာသာ ဆွမ်းခံ

၍ သီးသန့်ခွဲခြား မစားကြရ၊ ဤစာရေးသော ဘုန်းကြီးများ ငယ်စဉ်က မိမိတို့ကျောင်း၌ လဘက်ရည်ကြမ်းကိုပင် တည်၍ မသောက်ရ၊ တခါတရံ ဥပုသ်နေ့၌ ပုန်းရှိုး ကွယ်ရှိုး ရေအိုး ဟောင်းနှင့် ရေနွေးတည်, ရေတည်ခွက်နှင့် လဘက် ခြောက် ခတ်၍ ကောင်းသည်, မကောင်းသည်မသိရ၊ လဘက်ရည်ပူပူ ဟူ၍သာ အာရုံပြု၍ သောက်ကြရသည်၊ စာအံချိန်၌ စား သောက်ခြင်းကိုလည်း ခွင့်မပြု၍ မစားမသောက်ကြရ၊ ဒကာ ဒကာမများက ကျောင်းတိုက်ရှိ သံဃာအားလုံးကို ဆွမ်းစား ကျောင်းသို့ပင့်၍ ကပ်လျှင်သာ စာအံချိန် ဖြစ်သော်လည်း ဒကာဒကာမတို့၏ သဒ္ဒါစေတနာကိုငဲ့၍ ကြွရောက်ဘုဉ်းပေး ကြရသည်၊ဤစည်းမျဉ်းတို့ကြောင့် ယနေ့ထိ ရွှေဟင်္သာတောရ တိုက်သည် တစည်းတလုံးတည်း တည်တန့်၍ အကွဲအပြဲမရှိ ဆင့်ကဲတိုးတက် ကြီးပွားခြင်း ဖြစ်သည်၊ သို့ဖြစ်၍ ထေရာနု ထေရ, သိဿာနုသိဿ, နောက်အဆက်ဆက်သော ရွှေဟင်္သာ တောရ သံဃာများသည်လည်း မိမိတို့၏ ကျောင်းတိုက်ကြီး အဓွန့်ရှည်ကြာစွာ ခိုင်မြဲတည်တန့် စည်ပင်ကြီးပွားစေမည်ဟူ သော မနသိကာရကို အစဉ်ထားကြလျက် ဆရာတော်ဘုရား ကြီးများတည်ထားပြုစုခဲ့သော စည်းမျဉ်းထုံးနည်းတို့ကို ရိုသေ လေးစားစွာ စောင့်ရှောက် လိုက်နာနိုင်ကြပါစေသတည်း။

**သံဃာလက်ခံပုံ** ညောင်တုန်းမြို့၊ ရွှေဟင်္သာ တောရတိုက်သို့ စာသင်ကြွလာလိုသော ပုဂ္ဂိုလ်သည်အမှတ် မဲ့ သာမည လာခြင်းဖြင့် နေထိုင်ခွင့်မရပေ၊ ဆိုင်ရာဆရာသမား များကိုယ်တိုင်သော်လည်းပို့ ကာအပ်နှံရသည်၊သို့ပင်ပို့ ရောက် အပ်နှံစေကာမူ အပ်နှံတိုင်း လက်ခံသည်မဟုတ်၊ သံဃာစာရင်း

ပိတ်ပြီးပါမူကား လက်မခံတော့ပေ၊ သံဃာစာရင်းကိုကဆုန်, နယုန်လလောက်က ပိတ်လိုက်ရသည်ကများသည်၊ ယင်းသို့သံဃာ စာရင်းပိတ်လိုက်ရခြင်းမှာ စာသင်သား သံဃာများကို ဆွမ်းမခံစေပဲ အရုဏ်ဆွမ်း, နေ့ဆွမ်း ကျွေးနေသောကြောင့် ဖြစ်သည်၊ မူလဆရာသမားများကိုယ်တိုင် တာဝန်ခံ၍ သံဃာ စာရင်းမပိတ်မီ ပို့အပ်သော်မှ လက်ခံကြရသည်မှာ (ပရိသုဒ္ဓါ စာရသံဃာ) သံဃာ့ပရိသတ် သန့်ရှင်းစေခြင်းငှါရင်း, အခြေပါရှိသော ပုဂ္ဂိုလ် ဖြစ်စေခြင်းငှါရင်း ဖြစ်သည်၊ နေလိုသော ပုဂ္ဂိုလ်တိုင်း, ရောက်လာသော ပုဂ္ဂိုလ်တိုင်းကို လက်ခံပါမူ ရွှေဟင်္သာတောရတိုက်၌ အိပ်ရာနေရာမရှိလောက်အောင် စာသင်သားသံဃာ စည်ကားမြားမြောင်မည်မှာ မလွဲပေ၊ အလွန်စိစစ်၍ လက်ခံနေလျက်ပင်လျှင် ကဆုန်လက ကြိုတင်၍ စာရင်းပိတ်ရသည်၊ တခါတရံ တပေါင်း, တန်ခူးက ပိတ်ရသည် လည်းရှိခဲ့သည်၊ ကျောင်းတိုက်စည်းမျဉ်းဥပဒေကလည်း များသည်ဖြစ်ရာ ပေါ့ပေါ့ဆဆ နေလိုသောပုဂ္ဂိုလ်များ နေနိုင်ကြရန်လည်း မလွယ်ကူကြကုန်။

စာသင် ကျောင်းတိုက်များနှင့် စပ်လျဉ်းသောဂုဏ်သည် နှစ်မျိုးနှစ်စားရှိလေသည်၊ ထိုနှစ်မျိုးတွင် တမျိုးမှာ သံဃာများသောဂုဏ်ဖြစ်သည်၊ အခြားတမျိုးမှာ ရှိသမျှသံဃာသည် သန့်ရှင်း သေဝပ် ပိပြားစွာနှင့် ကျင့်ဝတ် ပဋိပတ်နှင့်တကွ စာပေ ပရိယတ် အသားတက်အောင်အားထုတ်သောဂုဏ်ဖြစ်သည်၊ထိုဂုဏ်နှစ်မျိုးတို့တွင် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရတိုက်သည် ဒုတိယဂုဏ်ထူးနှင့် ပြည့်စုံသောကျောင်းတိုက်ဖြစ်သည်။

တိုက်ကြပ်ဘုန်းတော်ကြီး ဦးသူရိယသည် ပဲခူးစည်တီးသို့ ကြွသွားပြီးနောက် တိုက်ကြပ်ဘုန်းကြီး လစ်လပ်လျက် ရှိရာ ၁၂၈၅-ခုနှစ်၌ တိုက်ဦးကျောင်းဘုန်းတော်ကြီး ဦးဇာဂရကို တိုက်ကြပ်အဖြစ် တင်မြှောက်တော်မူသည်၊ တိုက်ကြပ် ဘုန်းတော်ကြီး ဦးဇာဂရသည် ဇာတိအားဖြင့် ထားဝယ်သား ဖြစ်၏၊ အေးအေး နေတတ်၏၊ ဆရာတော်များ၏ အမိန့်ကို တသဝေမတိမ်း လိုက်နာလေ့ရှိ၏၊ အစိပ္ပါယ် မပြောပဲ စာ ပေါက်ချလေ့ရှိ၏။

**တခေတ်ပြောင်းခြင်း** သက္ကရာဇ် ၁၂၉၀-ပြည့်နှစ်လောက်က စ၍ ရွှေဟင်္သာ တောရတိုက် အခြေ အနေသည် တစတစနှင့် အနည်းငယ် ပြောင်းလဲလာကာ စာ မေးပွဲကိစ္စကို ရှေးကထက် ပိုမိုပြီး စနစ်တကျ အားထုတ်လာ ကြသည်၊ ပထမကြီး အောင်မြင်သူများ တိုးတက်လာရုံမျှမက စာချတန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သော ပုဂ္ဂိုလ်တို့သည် ပင်လျှင် များစွာ ထွန်းကားလာလေပြီ၊ မန္တလေး သကျသီဟ ပရိယတ္တိစာချတန်း, ရန်ကုန်စေတိယင်္ဂဏ ပရိယတ္တိစာချတန်း များ အောင်မြင်ကြ၍ အဘိဝံသ ဘွဲ့ရ ပုဂ္ဂိုလ် တွေ လည်း ပေါက်ပွားခဲ့လေပြီ၊ ပထမကျော်အောင် ပုဂ္ဂိုလ်သည်လည်း ၄-ပါး ထွက်ပေါ်လာလေပြီ။

မဟန္တံ ဥပနိဿာယ၊
ခုဒ္ဒကောပိ မဟာဘဝေ။
ဟေမပဗ္ဗတံ နိဿာယ၊
ဟေမပက္ခီ ဘဝန္တိ တေ။

မဟန္တ-သီလသမာပညာအားဖြင့် ကြီးမားသော ဆရာမြတ်ကို၊ ဥပနိဿာယ-အားကြီးစွာ အမှီပြုကြရ၍၊ ခုဒ္ဒကောပိ-သီလသမာ,ပညာမကြီး အားနည်းသေးသော တပည့်ကောင်းသည်လည်း၊ မဟာ-သီလသမာ, ပညာပွားစီး, တိုးတက် ကြီးပွားသည်၊ ဘဝေ-ဖြစ်၏။

ယေပက္ခီ-အကြင်ငှက်တို့သည်၊ ဟေမပဗ္ဗတံ- စိတ္တကူဋ်ရွှေတောင်ကို၊ နိဿာယ-အမှီပြု၍၊ ဝသန္တိ- နေကြ ကုန် ၏။ တေပက္ခီ-ထိုငှက်တို့သည်၊ ဟေမပက္ခီ-ရွှေငှက်တို့သည်၊ ဘဝန္တိ-ဖြစ်ကြပေကုန်တော့သတည်း။

သက္ကရာဇ် ၁၃၁၃-ခုနှစ်၊ ဒုတိယ စံကျောင်း ဆရာတော်ဘုရား လက်ထက် ရွှေဟင်္သာတောရပါဠိတက္ကသိုလ် ကျောင်းတိုက် ဥပဒေကို ပါဠိတက္ကသိုလ်ခေတ်နှင့် သင့်လျော်စေရန် ပြုပြင်တန်သမျှပြုပြင်၍ ဥပဒေသစ် ရေးသားတော် မူသည်၊ ၎င်းဥပဒေစည်းမျဉ်းအတိုင်း အုပ်ချုပ်လျက် လိုက်နာလျက်ရှိကြသည်။

လောကရေးရာ၌ဖြစ်စေ, သာသနာရေးရာ၌ဖြစ်စေ,အချိန်ဟူသမျှကို အချည်းနှီး မကုန်လွန်စေပဲ အချိန် ဟူသမျှကို အကျိုးဖြစ်ထွန်းစေခြင်းဖြင့်သာလျှင် အချိန်ကို အသုံးပြုကြသောပုဂ္ဂိုလ်တို့သည် အများအားဖြင့် ရောဂါဝေဒနာ ကင်းလွတ်ခဲ့သည်၊ အသက်ရှည်ကြာစွာ နေရခဲ့သည်မှာ လောက၏ သဘောဓမ္မတာပင် ဖြစ်ပေသည်။ စက်အစရှိသော လူတို့၏ အသုံးအဆောင် အရာဝတ္ထုတို့သည် . အသုံးပြုခြင်းများပါက အကုန်များ, အပျက်များမြဲ ဖြစ်ပေသည်၊ စံကျောင်း ဆရာ

တော်ဘုရား၏ ရုပ်နာမ်ခန္ဓာတော် တည်းဟူသောစက်ကိုလည်း အလုပ်မဲ့အငြိမ်းထားသည်ဟူ၍မရှိ၊ အတ္တတ္ထ ပရတ္ထ တည်းဟူသော မိမိသူတပါးကောင်းကျိုးရှိရာ ရှိကြောင်း စာပေပို့ချခြင်း၊ ကျမ်းစာရေးသားခြင်း၊တရားစကား ဟောပြောခြင်း၊ ရဟန်းတော်များနှင့် စပ်သော သိမ်သမုတ်ခြင်းစသော ကမ်ကြီး ကမ်ငယ်တို့ကို ဆောင်ရွက်ခြင်း၊ သာသနကိစ္စဖြင့် ပင့်လျှောက်ရာတို့သို့ ကြွရောက်ဆောင်ရွက်ခြင်းစသော ကိစ္စတို့ကို နိစ္စတစေ ဆောင်ရွက်တော်မူခြင်း စသည်ဖြင့် ဆောင်ရွက်တော်မူလာခဲ့ရာ–

အနန္တာဒီနဝေါကာယော၊
ဝိသရုက္ခသမူပမော။
အာဝါသော သဗ္ဗရောဂါနံ၊
ပုဉ္စော ဒုက္ခဿ ကေဝလော။

အတိုင်းမသိ အပြစ်အာဒီနဝရှိသော ခန္ဓာကိုယ်၊ သေစေတတ်သော အဆိပ်ပင်နှင့်တူသော ခန္ဓာကိုယ်၊ ရောဂါဝေဒနာအပေါင်းတို့၏ နေရာအိမ်ဖြစ်သော ခန္ဓာကိုယ်၊ဒုက္ခ အစုအပုံသက်သက်ဖြစ်သော ခန္ဓာကိုယ် ဖြစ်သည့် အလျောက်၊ ဆောင်ရွက်ဆဲ သာသနကိစ္စတာဝန်၌ စိတ်ဝင်စားစွာ ဇွဲသန်သန်နှင့် ဆောင်ရွက်သောဒဏ်ကို နှစ်ရှည်လများ မခံနိုင်တော့သည်ဖြစ်၍၊ ရောဂါဝေဒနာတို့သည် တစတစ စုဝေး ပေါ်ပေါက်လာရောက်ကြလေကုန်ပြီ။

အယသာဝ မလံ သမုဋ္ဌာယ၊
တတုဋ္ဌာယ တမေဝ ခါဒတိ။

သံချေးဟူသည့် သံမှပင် ဖြစ်ပေါ်၍ မိမိ၏တည်မှီရာ သံကိုပင် ပြန်၍စားသဖြင့် ပျက်စီးစေသကဲ့သို့ ထို့အတူ ရောဂါဝေဒနာတို့သည်လည်း ခန္ဓာကိုယ်ကိုပင် ပျက်စီးစေတတ်သော သဘောရှိသည်နှင့်အညီ စံကျောင်းဆရာတော်ဘုရား၏ ခန္ဓာသန္တာန်မှ ဖြစ်ပေါ်လာသော ဒူလာ,ဝမ်းရောဂါစသော ရောဂါ ၄-၅-မျိုး တို့သည် စံကျောင်း ဆရာတော်ဘုရား၏ ခန္ဓာကိုယ်ကိုပင်ပြန်၍နှိပ်စက်ကြလေရာ တပည့်ကြီးငယ် ရှင်လူအပေါင်းတို့သည် ကောင်းသည်ဆိုသမျှ သမား ဆေး ဝါး ဓာတ်စာတို့ဖြင့် အနည်းနည်း ပြုစုကုသကြပါသော်လည်း အားကြီးသော ရောဂါအစိုင်အခဲကို ဖြိုခွဲခြင်းငှာ မစွမ်းနိုင်ကြသည်ဖြစ်၍ သံချေးတည်းဟူသော ရောဂါ, အဆိပ်တည်းဟူသော ရောဂါတို့ကသာ ဖိကာဖိကာ တိုးတက်လွှမ်းမိုးလာခဲ့သည်ဖြစ်၍ သက္ကရာဇ် ၁၃၀၉-ခုနှစ် ဝါခေါင် လပြည့်ကျော် ၁-ရက် စနေနေ့နံနက် ၄-နာရီ မိနစ် ၂၀- အချိန်တွင် ဇီဝိတိန္ဒြေ ချုပ်ငြိမ်းတော်မူလေသည်။

ထိုအခါ စံကျောင်းဆရာတော်ဘုရား တည်းဟူသော နေမင်းကြီးတဆူကွယ်ပျောက်တော်မူသဖြင့်တပည့်ဒကာ,ဒကာမအပေါင်းတို့၏ သန္တာန်၌ လောကကြီးတရပ်လုံး အမှောင်တိုက်ကြီး ဖုံးလွှမ်းသွားဘိသကဲ့သို့ ယူကျုံးမရ တသဝမ်းနည်းခြင်းကြီးစွာ ဖြစ်ကြရသည်၊ ဝါခေါင်လ မိုးနှင့်ယှဉ်၍ မျက်ရည်များ စီးကျ,ပရိဒေဝဖြစ်ကြရသည်၊ သို့သော် ပူဆွေးဝမ်းနည်းခြင်းဖြင့်သာ ကိစ္စပြီးမည်မဟုတ်သေးသဖြင့် စျာပနကိစ္စကို သင့်လျော်အောင် ကျင်းပဆောင်ရွက်ကြရန် တိုင်ပင်စီစဉ်ကြရပြန်သည်၊ စံကျောင်း ဆရာတော်ဘုရား၏ ဆန္ဒတော်,

ဂိုဏ်းစည်းမျဉ်းတို့ကို လေးစားကာ ဝါခေါင် လပြည့်ကျော် ၅-ရက် ဗုဒ္ဓဟူးနေ့၌ စည်တီး ဆရာတော်ဘုရားကို သင်္ဂြိုဟ် သည့်နည်းတူ တိုက်အုပ်ဆရာတော်အမှူးရှိသော အနီးအဝေး ရှိ တပည့်ဒကာ ဒကာမ အပေါင်းတို့ဖြင့် သိုက်သိုက်ဝန်းဝန်း ခမ်းခမ်းနားနားသင်္ဂြိုဟ်ပူဇော်လိုက်ကြရသည်၊ အောက်အရပ် ၌ ဝါခေါင်လအခါ မိုးမပြတ် ရွာသွန်း တတ် သော် လည်း ကောင်းမွန်တင့်တယ်စွာပင် ဈာပနအခမ်းအနားကို ဆောင် ရွက်ကြရ ပေသည်။

မေတ္တာရပ်ခြင်း ယခင်ပထမအကြိမ်ရိုက် ရွှေဟင်္သာတောရ သမိုင်း စာမျက်နှာ ၁၀၆- ၌နေရာ၌ ရန်ကုန်မြို့ သီရိမင်္ဂလာ စံကျောင်း ဘုန်းတော်ကြီးအရှင်ရာဇိန္ဒာ ဘိဝံသ ထည့်သွင်းလိုက်သော စာတပိုဒ် ပါရှိပါသည်၊ ၎င်း စာမှာ ကောင်းသော်လည်း မိမိရေးသောစာများ အကြား၌ အဆက်ပြတ်ပြီး စကားထောင့်နေသောကြောင့် မထည့်လိုက် ခြင်း ဖြစ်ပါသည်။

အာနန္ဒ-ငါ့ညီအာနန္ဒာ၊ ပဿ-ဉာဏ်ဖြင့် ရှုစမ်းပါလော့၊ သင်္ခါရာ-ရုပ်နာမ်ဓမ္မ, သင်္ခါရတို့သည်၊ ဝေဲအနိစ္စာ-ဤသို့အမြဲ မရှိကြကုန်၊ အာနန္ဒ- ငါ့ညီအာနန္ဒာ၊သင်္ခါရာ- ရုပ်နာမ်ဓမ္မ, သင်္ခါရတို့သည်၊ ဧဝံ အဓုဝါ-ဤသို့ အမြဲတည်ခြင်းမှ ကင်း ကုန်၏၊ အာနန္ဒ- ငါ့ညီအာနန္ဒာ၊ သင်္ခါရာ- ရုပ်နာမ် ဓမ္မ, သင်္ခါရတို့သည်၊ ဧဝံ အနဿာသိကာ-ဤသို့ သက်သာရာ မရှိ ကြကုန်၊ အာနန္ဒ-ငါ့ညီအာနန္ဒာ၊ ယာဝဉ္စ-အတိဝိယ အလွန် လျှင်၊ သဗ္ဗသင်္ခါရေသု-ခပ်သိမ်းဥဿုံ, အလုံးစုံ ကုန်သော,

တောဘုမ္မက,သင်္ခါရတို့၌၊နိဗ္ဗိန္ဒိတုံ-ငြီးငွေ့ မုန်းတီးခြင်းငှာ၊ အလမေဝ-သင့်တော်သည်သာလျှင်တည်း၊ ဝိရဇ္ဇိတုံ- သာယာ တပ်မက်မှု ကင်းခြင်းငှာ၊ အလံ- သင့်တော်သည်သာလျှင်တည်း၊ ဝိမုစ္စိတုံ-လွတ်မြောက်ခြင်းငှာ၊ အလမေဝ-သင့်သည်သာလျှင်တည်း-ဟူ၍ ဒီဃနိကာယ် မဟာသုဒဿန သုတ်၌ ညီတော်အာနန္ဒာအား မြတ်စွာဘုရား မိန့်ကြားတော်မူသည့် အတိုင်းမည်သူ၏ ရုပ်နာမ်ခန္ဓာမျှ အကြိတ်အခဲ မပျက်မစဲ အမြဲတည်ခြင်းမရှိမူ၍ သတ္တဝါသင်္ခါရ, ရုပ်နာမ်ဓမ္မ မှန်သမျှ တို့သည် တာဝကာလိက အခိုက်အတန့်မျှပင် စင်စစ်မြဲကြသည်မဟုတ်သော သဘောရှိသောကြောင့် ခဏိကမရဏ, သမ္မုတိမရဏတို့ဖြင့် ရင့်ကျက်ဖောက်ပြန်အမှန်သေကြရသည်ကို စံကျောင်းဆရာတော်ဘုရားသာလျှင်မဟုတ်၊ အနုတ္တရမုနိ တုမရှိသောတြိဘဝသရဖူ သဗ္ဗညုဘုရားသော်မှလည်း မလွတ်၊ မချွတ်လျှင် ပျောက်တတ် ပျက်တတ်, ကုန်ဆုံးတတ်၍, သက်သာရာ, မှီခိုရာ, ထောက်တည်ရာမရ၊ အိပ်မက်၌ သောက်ရသောရေပမာ၊ အာသာမပြေစေသော ရုပ်နာမ်ခန္ဓာစုသာ ဖြစ်ကြပါပေတကား-ဟု ဆင်ခြင်ရသည်။

သဗ္ဗေသတ္တာ မရိဿန္တိ၊
မရဏန္တံ ဟိ ဇီဝိတံ။

သူငါကစ သတ္တဝါမှန်သမျှတို့သည် တနေ့သော အချိန်၌ ကေန်မုချသေကြရကုန်အံ့၊ အသက်ရှည်ခြင်းသည် သေခြင်းလျှင် အဆုံးရှိပါတကား-စသည်ဖြင့် မရဏဿတိကမ္မဋ္ဌာန်းနှင့် တကွသော သင်္ခါရတို့၏ အနိစ္စ အစုဝသာဖြစ်၍ "အနုပ္ပန္နာ

ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ နိရုဇ္ဈရေ” ဟူသည့်အရ ဖြစ်ပေါ်လာက ပျက်ရမည်မမှတာကို ဥဒယဗ္ဗယ စသော ဥာဏ်အမြင်ဖြင့် ဆင်ခြင်၍သာ ဖြေကြရ, သံဝေဂယူကြရတော့သည်။

## စံကျောင်း ဆရာတော်ဘုရား ချီးမြှင့်တော်မူသော နောက်ဆုံး ဩဝါဒ စကား

စံကျောင်းဆရာတော်ဘုရားသည် ဒူလာဝမ်းရောဂါ နှိပ်စက်၍ ပြင်းထန်စွာ ခံစားတော်မူရသဖြင့် ကိုယ်တော်တိုင် စာမရေးနိုင်၍ နှုတ်ကပြောကာ ဦးပဥ္စင်းတပါးကို ရေးစေ၍ ပေးပို့ချီးမြှင့်တော်မူအပ်သော ဩဝါဒကထာမှာ စာရေး စက္ကူကြီးကြီးနှင့် တမျက်နှာပြည့်ပြည့် ဖြစ်သော်လည်း ချုံး၍ ထည့်လိုက်ပါသည်။

သံခိတ္တေန ပဋ္ဌပါဒါနက္ခန္ဓာပိ ဒုက္ခာ။

ဤဒေသနာတော်ကို နှလုံးသွင်းစေလို၏၊ ဤဒေသနာ တော်အတိုင်း ဆရာ၌ ဒူလာဝမ်း, ဝမ်းကိုက်, ဝမ်းဖော,အစာ မကျေ ရောဂါတို့ ဖိစီးနှိပ်စက်ခြင်းကြောင့် တနေ့လျှင် ၁၀-၁၅-ကြိမ် ဝမ်းသွား၏၊ များစွာဒုက္ခခံရ၏၊ သေလိမ့်မလား ဟု များစွာ စိုးရိမ်ရ၏၊ နီးဝေးရှိတပည့်အချို့ ရောက်လာ ကြ၏၊ကံကောင်းထောက်မသဖြင့် ဝါခေါင်လဆန်း ၁၀-ရက် နေ့ကစ၍ ဆရာဝန်နှင့်ကုသရာ ယခုအခါ ပျောက်ကင်း သ လောက်နီးပါးရှိ၏၊ တပည့်ထံမှလည်း ဆေးဝါး ဓာတ်စာ အနည်းငယ်လှူစေလို၏၊ တပည့်အပေါင်းနှင့်တကွ ချမ်းသာပါ စေသော်။

စံကျောင်းဆရာတော်


စံကျောင်းဆရာတော် မကျန်းမာကြောင်းကို ဒုတိယ စံကျောင်းဆရာတော်နှင့် ယခုတိုက်အုပ် ဆရာတော်တို့ ထံမှ စာရစဉ်ကပင် မပြတ်စာရေး၍ ရောဂါအခြေအနေကို မေး လျက်ရှိ၏၊ ဒူလာဝမ်းရောဂါဟု သိသောအချိန်၌ ဇလွန်ဘသယ ဘုန်းကြီး ဦးအာလောကနှင့်တိုင်ပင်၍ ဦးအာလောက၏ဆေး ကို ဒုတိယ ဆရာတော်ထံမှ တဆင့် ပို့လှူလိုက်၏၊ ဆရာဝန်၏ ဆေး စသည်ကို ဆက်ကပ်ကုသနေကြသောကြောင့် စစ်ကိုင်း က ဆေးကို ကပ်ရမည်မထင်၊ အကယ်၍ ဆန္ဒရှိပါလျှင် ဆေး ဘက်၌ မျှားစွာကျွမ်းကျင်၍ မပြတ်ကုသလျက်နေသော ဘုန်း တော်ကြီး ဦးအာလောကကို ပင့်ခဲ့ပါမည်ဟူ၍လည်း ဒုတိယ ဆရာတော်နှင့် ယခုတိုက်အုပ်ဆရာတော်ထံ အကြောင်းကြား လိုက်ပါသေးသည်။ ဘုန်းတော်ကြီး ဦးအာလောကကိုလည်း ပြောကြားထားပြီး သွားကြရန် အဆင်သင့် ပြင်ဆင်၍ ပြန်စာ ကို စောင့်နေကြ၏။ ဆရာတော်၏ နောက်ဆုံး ပေးစာ အာ ဘော်မှာ ဘုန်းကြီးကို လာစေလိုသောဆန္ဒရှိပုံရ၏၊ စံကျောင်း ဆရာတော်ဘုရား၏စာ၌ သက်သာသည်ဆိုစေကာမူ ကိုယ်တိုင် စာမရေးနိုင်သည်ကိုထောက်က တပည့်များသန္တာန်၌ ကြောင့် ကြပူပန်မှုဖြစ်ခြင်းမှ ကာကွယ်တော်မူသည့် လက္ခဏာဖြစ်သည် ဟု ယူဆမိ၏၊ ပညာရှိသူတော်ကောင်းများသည် ဤမျှသတိ ပြုတော်မူကြသည်၊ ဒုတိယဆရာတော်နှင့် ယခုတိုက်အုပ်ဆရာ တော်တို့သည်လည်း စံကျောင်းဆရာတော်ဘုရားအား ပြုစု စောင့်ရှောက်ရသောကိစ္စ, တိုက်တာ သံဃာ့ ကိစ္စတို့ကြောင့် တကြောင်း, ဆရာအမျိုးမျိုး ဆေးအမျိုးမျိုး တို့ဖြင့် ပြောင်း ကာ ပြောင်းကာ ရောဂါပျောက်ကင်း နိုးကြောင့် ရုတ် တရက် စာမပြန်နိုင်ပဲ ရှိနေကြသည်၊ ဝါတွင်းအခါ ဖြစ်၍

စစ်ကိုင်းက လာရသော တာဝန်ကြီးလေးမည် ကိုလည်း စဉ်းစားကြဟန်ရှိသည်၊ ဝါခေါင် လဆန်း ၁၀-ရက် ကျော်မှ စံကျောင်းဆရာတော်ပေးစာ၌ ဝေဒနာဋ္ဌာ=ဝေဒနာလွှမ်းမိုးနေသောအခါဖြစ်၍ ရက်စွဲမပါသော်လည်း လပြည့် အတွင်းက ပေးသောစာ ဖြစ်ဟန်ရှိသည်၊ လပြည့်ကျော်မှ ၎င်းစာ စစ်ကိုင်းသို့ရောက်လာ၏။

ဤစာရေးသော ဘုန်းကြီး ငယ်စဉ်ကပင် စာရေးသောအခါ ရက်စွဲ အမြဲထည့်ရမည်ဟု ဩဝါဒပေးတော်မူဘူးသည်၊ စံကျောင်းဆရာတော်ဘုရား နောက်ဆုံးပေးတော်မူသော စာသည် စံကျောင်းဆရာတော် ဝါခေါင် လဆုတ် ၁-ရက်နေ့ ပျံတော်မူပြီး ဝါခေါင် လဆုတ် ၅-ရက်နေ့ သင်္ဂြိုဟ်မည်ဟု ဒုတိယ ဆရာတော်ထံက ကြေးနန်း ရောက်ပြီးမှ ရောက်လာတော့သည်၊ စံကျောင်းဆရာတော်ဘုရားသည် အဝေး၌ ရှိနေသော တပည့်ကြီးများကို ပျံလွန်တော်မမူမီ ကြည့်ရှုတော်မူလိုသောဆန္ဒရှိ၍ အရိပ်အယောင်ပြကာ မှာကြားတော်မူပါလျက် မိမိကလည်း သွားရောက်ဖူးမြော် စောင့်ရှောက် ရန် ဆေးဘက်၌ ကျွမ်းကျင်သော ဘုန်းကြီး ဦးအာလောကနှင့် တိုင်ပင်ပြင်ဆင်ကာ ဒုတိယဆရာတော်ထံမှ ပြန်စာကို စောင့်နေကြပါလျက် စံကျောင်း ဆရာတော်ဘုရား ပျံလွန်တော်မူခါနီးအချိန်၌ မရောက်လိုက်ရ၊ မဖူးလိုက်ရသည်အတွက် သတိရမိတိုင်း စိတ်မသက်မသာဖြစ်ရသည်။

**ဒုတိယ**
**စံကျောင်းဆရာတော်**

ပထမ စံကျောင်းဆရာတော် ပျံလွန်တော်မူပြီးနောက်၌ တိုက်အုပ်ဆရာတော်ဘုရားသည် မရှောင်သာ မလွဲ



ရွှေဟင်္သာတောရ ဒုတိယ စံကျောင်းဆရာတော်
အရှင်ကလျာဏ မထေရ်
(၁၂၄၄-၁၃၁၃)

သာ ဖြစ်ပေါ်လာသော အကြောင်းကြောင့် စံကျောင်းဆရာတော်ဘုရား၏တာဝန်ကို ယူ၍ ဒုတိယ စံကျောင်းဆရာတော်အဖြစ် လက်ခံတော်မူရသည်၊ ယင်းသို့ စံကျောင်းဆရာတော်ဘုရား၏ တာဝန်ကိုယူ၍ ၁၃၁၀-ခုနှစ်၊ တန်ဆောင်မုန်းလပြည့် တနင်းလာနေ့၌ တိုက်ကြပ် ဘုန်းကြီး ဦးဇာဂရကို တိုက်အုပ်ရာထူးသို့ တင်မြှောက် ချီးမြှင့်၍ ဝံသာနုရက္ခတိုက်ကျောင်းဘုန်းကြီး ဂဏဝါစကစာချ ဦးဝိမလကို တိုက်ကြပ်ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူကာ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ တာဝန်ကို လွန်လေပြီးသော နေ့ရက် လ နှစ်တို့နှင့်မခြား စာချကထိကများပါ အားထုတ်၍ ဆက်လက်ဆောင်ရွက်မြဲ ဆောင်ရွက်တော်မူကြသည်၊ တိုက်တာ၏ အခြေအနေသည်လည်း မယိမ်းမယိုင် ခိုင်မြဲတည်တန့်လျက်ရှိပေသည်၊ ရေးခဲ့ပြီးသည့်အတိုင်း ကျောင်းတိုက် စည်းမျဉ်းဥပဒေကိုလည်း ပါဠိတက္ကသိုလ် ကျောင်းတိုက် သဘောနှင့် ကိုက်ညီစေရန် ဒုတိယစံကျောင်းဆရာတော် ကြီးမှူး၍ ပြုပြင်လိုက်ကြသည်၊ စာချကထိကနှင့် ကျောင်းဘုန်းကြီးတို့သည် တွင်းထွက် ပတ္တမြားစစ်အလား ရွှေဟင်္သာရင်သွေး, ရွှေဟင်္သာတက္ကသိုလ်ဖွား အဘိုးတန် သားကောင်းများ ဖြစ်ကြသည်အလျောက် နောက်ပိုင်းက ကြံ့ကြံ့ခံ၍ အသီးအသီး စွမ်းအားရှိသလောက် မရှုံ့မတွံ့ မဆုတ်မနစ် ငါတို့အလုပ်, ငါတို့ တာဝန်သည် ဤရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး ခိုင်မြဲတည်တန့် စည်ပင်ရေးသာ ဖြစ်သည်ဟု တထစ်ချမှတ်ယူ၍ စိတ်တူကိုယ်တူ အညီအညွတ် ဆောင်ရွက်လာခဲ့ရာ မနသိကာရ နှလုံးသွင်းရှိကြသည်အတိုင်း ယုတ်လျော့မှုမရှိမဲ့ တိုးတက်လျက်သာ ရှိပေသည်။

**ခေတ်ဆိုးနှင့်လည်းကြုံခဲ့သည်**

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ ညောင်တုန်းမြို့သည် အန္တရာယ်ကင်းလွတ်၍ သာယာစည်ကားလှသည်၊ ရန်ကုန်နှင့်တကွ ထိုထိုမြို့ရွာတို့မှ နီးစပ်ရာလူကြီးလူကောင်းများစွာပင် ညောင်တုန်းမြို့သို့ လာရောက်နေထိုင်ကြသည်။ ထိုအခါ ရွှေဟင်္သာတောရကျောင်းတိုက်ကြီးသည် အနှောင့်အရှက် အငြိုအစွန်း မရှိ၊ ဘေးကင်းချမ်းသာစွာနှင့် သံဃာတော်များ ဓုရန္စပါးကို အခြေမပျက် အားထုတ်နိုင်ကြသည်၊ ပစ္စည်းလေးပါးဘက်ကလည်း မျှတပြည့်စုံကြသည်၊ သို့ဖြစ်၍ စစ်ကြီးပြီးငြိမ်းခဲ့မူကား ထူးခြားစွာ ချမ်းသာယာ ရှိပေမည်ဟု စစ်ကြီးပြီးစေရန် မေတ္တာ ပွားကြ, တောင့်တ ကြရသည်၊ စစ်ကြီးသည် ၁၉၃၉-ခုနှစ်ကစ၍ ဖြစ်ရာ ၁၉၄၅ ခုနှစ်၌ ပြီးငြိမ်းလေပြီး မကြာမီ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရ၍ နိုင်ငံတော်အဝှမ်း ရှိ ရှင်လူရဟန်းတို့ ဝမ်းသာအားရ ဖြစ်ကြရသည်မှာ အများအသိပင်ဖြစ်သည်၊ ယင်းသို့ ရွှင်လန်းအားရ ပျော်ပိုက်နေကြဆဲ၌ ရောင်စုံသူပုန်တို့ပေါ်ပေါက်လာကာ နိုင်ငံတော်အောက်ထက်, အရပ်မျက်နှာ အားလုံး၌ မီးဟုန်းဟုန်း တောက်သည့်ပမာ မြို့ရွာတို့ကို တိုက်ခိုက်လုယက် လူသတ်မီးရှို့ အဓမ္မပြုကျင့်မှုတို့ကြောင့် များစွာသော မြို့ရွာအိမ်ခြေနှင့်တကွ ရှင်လူတို့သည် ဒုက္ခကြောင်းမဲ့ မီးလောင်ကြ,သေကြေပုန်းတီးပျက်စီးကြသည်။ တောလက်ကျေးရွာများမှ လူတို့သည်၎င်း, သံဃာတော်များသည်၎င်း ထိုထိုနီးစပ်ရာမြို့ရွာသို့ ရွှေ့ပြောင်းနေကြရသည်၊ မြို့ကျောင်းတို့၌ ရဟန်းသံဃာများနှင့်တကွ တောရွာမှလူတို့ဖြင့် ပြည့်နှက်လျက်ရှိကုန်၏၊ အခါနိကား ညောင်တုန်းမြို့ကို ရဲဘော်များ အုပ်ချုပ်နေသောအချိန်ဖြစ်ပြီး ရွှေဟင်္သာ

တောရတိုက်၌ သံဃာ ၁၃၀-ကျော်ရှိသည်၊ ပတ်ဝန်းကျင် ဘောလက်ကျေးရွာများမှ ကရင်မြန်မာ ဒကာဒကာမအချို့ လာရောက် မိခိုနေကြ၏၊ မြို့ပေါ်မှမူကား များစွာပင် လာရောက်နေကြ၏။

၁၃၁၀-ခုနှစ်၊ နတ်တော်လဆန်း ၄-ရက်နေ့၌ ကေအမ်ဒီ အိုနှင့်တကွ ရောင်စုံသူပုန် ၂၀၀-ကျော်တို့သည် ရွှေဟင်္သာ တောရတိုက်သို့ တပြိုင်နက် ဝင်ရောက်၍ ကျောင်းအသီးအသီး တို့သို့ ဝင်ရောက် မွှေနှောက်ကြကာ အလိုရှိသော ပစ္စည်းများ ကို လုယက် ယူဆောင် သွားကြ၏၊ မြို့တွင်းရှိ ရဲဘော်များက တိုက်ထုတ်ရန် လာကြသေး၏၊ သူပုန်ဓားပြ တို့သည် သံဃာ တော်များကို အကာအကွယ်ပြု၍ ထွက်ပြေး ကြတော့သည်၊ သံဃာနှင့် လူများကိုမူကား ညှဉ်းပန်းနှိပ်စက်ခြင်း မပြုကြ သည်ကို ကျေးဇူး တင်ကြရပေဦးမည်၊ ရဲဘော်တို့သည် အင် အား စုဆောင်းကာ သူ ပုန် ဓား ပြ များ ကို ပြန် တိုက် ရန် အားထုတ်စီစဉ်ကြသေးသည်၊ ဒုတိယ စံကျောင်းဆရာတော် အား လာရောက်လျှောက်ထားကြရာ ဆရာတော်က ရန်ကို ရန်ချင်း မတုံ့လျှင်းဘို့ အကျယ်တဝင့်တရားဟောပြောလျက် မတိုက်ရန် ပဋိညာဉ်တောင်း၍ တားမြစ်တော်မူသောကြောင့် မီးကြီးငြိမ်းအေးသွားပေသည်၊ ရွှေဟင်္သာ တောရတိုက်သည် ကြီးပွားစည်ကားသည်ဟူ၍ ဤသမိုင်းစာစောင်၌ ရေးသော် လည်း ခေတ်ဆိုးနှင့် ကြုံသော အခါမျိုး၌ကား အများနှင့် မခြား အနှောင့်အရှက် တွေ့ကြသည့်အခါ တွေ့ရသေးသည်၊ သို့ရာတွင် သည်းခံနိုင်ရည်ရှိကြသော သံဃာတော်များဖြစ်၍ အခြေအနေမှာ နှဲ့ခြင်း,ယိုင်ခြင်း မရှိချေ။

တဖန် ၁၃၁၀-ခုနှစ် တန်ခူးလဆန်း ၁၄-ရက်နေ့၌ ညောင်တုန်းမြို့သို့ ကေအမ်ဒီအိုများ ဝင်စီးကြပြန်ရာ မြို့ပေါ်ရှိ ကျောင်းများမှ သံဃာများသည် ခဲမှန်ဘူးသော စာသူငယ်ကဲ့သို့ ကြောင့်ကြ,စိုးရိမ်ကြ၍ ထိုမှ ဤမှ ရှောင်တိမ်းကြရလေသည်၊ ရွှေဟင်္သာတောရတိုက်ရှိ သံဃာတော်များ သည်လည်း ညောင်တုန်းမြို့တွင်းသို့ ကြွရောက်နေကြရန် မြို့ဘက်သို့ ထွက်ကြ၍ လမ်းခုလပ်၌ အုပ်ဂူများရှိသော တရုတ်သင်းချိုင်းသို့ ရောက်လျှင် ရဲဘော်နှင့် ကေအမ်ဒီအိုတို့အကြား စစ်နှစ်ဘက်ညှပ် အလယ်သို့ ရောက်နေကြတော့သည်၊ ဒုတိယ စံကျောင်းဆရာတော်သည် သံဃအုပ်စီးရှေ့ဆောင်ထေရ်ကြီး ဖြစ်သည်နှင့်အညီ စစ်နှစ်ဘက်ကြားသို့ ကျရောက်နေသော တပည့်သံဃာတော်များကို လျစ်လျူရှုကာ ပစ်ခွာ သွားတော်မမူပဲ ဂူများသစ်ပင်များ အကြားအကြားမှ မားမားမားမားနှင့် ဘယ်လိုနေကြ, ဘယ်လိုသွားကြ, ဒီကိုလာကြ,ဝပ်၍နေကြ, ဘာကိုမှ မကြောက်ကြနှင့် စသည်ဖြင့် တပ်မှူးကြီးပမာ ကွပ်ကဲထိန်းအုပ်အားပေး၍ သံဃာရှိရာသို့ သွားကာသွားကာ စီမံကာကွယ်တော် မူရှာသည်၊ မိမိ၏ အသက်ဘေးကို အရေးထားတော်မူဟန်မရှိ၊တပည့်သံဃာများ အန္တရာယ်ကင်းလွတ်၍ ချမ်းသာခြင်းကိုသာ တောင့်တ လိုလားတော်မူသော စေတနာကြောင့် ဆရာတော်၌ ကျည်ဆံများ တဝီဝီနှစ်ဘက်သွားနေသော အကြား၌ဖြစ်လျက် အထိအခိုက်လုံးဝမရှိ၊ အန္တရာယ်ကင်းတော်မူသည်ဟု ယုံကြည်ရပေသည်။

စင်စစ်မှာ သံဃာတော်များကို ကေအမ်ဒီအိုတို့ကလည်း ဒုက္ခမပေး၊ ရဲဘော်များကလည်း အန္တရာယ်မပြုကြ၊ စစ်နှစ်

ဘက်ကြားသို့ ကျရောက်နေသော သံဃာများကို လွှတ်အောင် လည်း တတ်နိုင်သမျှ ရှောင်ကြသည့်ပြင် ကေအမ်ဒီအိုများ က အရှင်ဘုရားတို့ ဒီနောက်ကို ပြန်ကြွခဲ့ကြပါ ပြန်ကြွခဲ့ကြ ပါ၊ တပည့်တော်တို့ ရှေ့သို့တက်ကြပါလိမ့်မည်၊ အရှင်ဘုရား တို့ ကြားထဲကဖြစ်ပြီး ဒုက္ခများနေကြပါလိမ့်မည်၊ ပြန်ကြွခဲ့ ကြပါဟု စေတနာကောင်းနှင့် အော်၍ လျှောက်ကြ၏၊ ပင့် ကြ၏၊ ရဲဘော်တို့ကလည်း အရှင်ဘုရားတို့ တပည့်တော်တို့ ဘက်သို့ မြန်မြန်ကြွခဲ့ကြပါ၊ ယခုနေရာသည် အန္တရာယ် များ လှသည်ဟု အော်၍ပင့်ကြ၊ လျှောက်ကြ၏၊ သို့ရာတွင် အပစ် အခတ်ကလည်း မစဲ၍ မကူးရဲ၊ မပြန်ရဲ ဖြစ်နေကြရ၏၊ နောက် မကြာမီ တခဏ၌ အပစ်အခတ် အရပ်မှာ ဆရာတော် ရှေ့ ဆောင်၍ မြို့ဘက်နီးသော သံဃာများသည် မြို့ဘက်သို့ကူး၍ သွန်းဘုရားကြီး တံဆောင်းမှ တဆင့် ဒေါ်အုန်းပေါ်ကျောင်း ကပင့်၍ ဒေါ်အုန်းပေါ်တိုက်ကျောင်းကြီး၌ စု၍နေကြရ၏၊ ရွှေဟင်္သာတောရဘက်သို့ နီးသော သံဃာအချို့သည် ရွှေ ဟင်္သာတောရတိုက်သို့ ပြန်ကြွကြ၏၊ ကေအမ်ဒီအိုနှင့်ရဲဘော် တို့သည် သူတပြန် ငါတပြန် တိုးလိုက်ဆုတ်လိုက်နှင့် တိုက်ခိုက် ကြပြီးလျှင် နောက်ဆုံး၌ ကေအမ်ဒီအိုတို့က အင်အားတောင့် သဖြင့် မြို့ကို စီးမိကြကာ ၇-လခန့် ညောင်တုန်းမြို့ကို ကေ အမ် ဒီအို တို့ အုပ်ချုပ်ကြသည်။

၁၃၁၁-ခုနှစ်၌ သံဃာ ၄၀-ကျော် မျှသာ ရွှေဟင်္သာ တောရတိုက်၌ ဝါကပ်ကြသည်၊ လမ်းပန်းအဆက်အသွယ်က လည်း မကောင်းလှ၊ မြို့အခြေအနေမည်သို့ ရှိဦးမည်ဟု တပ် အပ်ကျ မသိနိုင်ကြသောကာလဖြစ်သောကြောင့် ရွှေဟင်္သာ

တောရတိုက်ရှိ သံဃာများကို ၂-ပါး ၃-ပါးစီ, ၄-ပါး ၅-ပါးစီ အစုအစုပြု၍ ရွှေဟင်္သာ တောရတိုက်ထွက် ဘုန်းတော်ကြီးများရှိရာ ညောင်တုန်းမြို့နယ် အတွင်း ကျောင်းများ၌ သွားရောက် ခေတ္တနေကြရန် ဆရာတော်က စီမံတော်မူသည်အတိုင်း ထိုထိုပတ်ဝန်းကျင်ရှိ ကျောင်းများသို့ သွားရောက်နေကြရသည်၊ ထိုကျောင်းများမှ တဆင့် လမ်းပန်းအခြေအနေ ကောင်းလျှင် ကောင်းသည်အလျောက် မိမိတို့၏ ရပ်ရွာသို့ တိုင်အောင် ပြန်လိုသော ပုဂ္ဂိုလ်တို့သည်လည်း ပြန်ကြပေသည်။ ဝါမဆိုမီ တိုက်အတွင်း၌ သံဃာ ၆၀-ခန့်ရှိ၍ ဝါတွင်း ၌ ၄၀-ကျော်မျှသာ ရှိသည်။ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသည် အခါတပါးက ဤသို့လျှင် ကသိကအောင့် ဖြစ်ခဲ့ရသေးသည်။

ဆရာတော်နှင့်တကွ အုပ်, ကြပ် ဆရာတော်များ,ကထိက စာချနှင့်, ကျောင်းဘုန်းကြီးများသည်ကား ဇွဲသတ္တိ ရှိစွာဖြင့် ကျောင်းတိုက်ကြီးကို စောင့်ရှောက်၍ ဆင်းရဲ ချမ်းသာမှုကို ပမာဏမထား သည်းခံကြကာ အရပ်တပါးသို့ မရွှေ့မသွား နေတော်မူကြသည်၊ သီတင်းဝါလကျွတ်သောအခါ၌ ကျေးငှက်တို့နှင့် အလားတူကြသော စာသင်သားဟောင်း, သစ်တို့သည် ချိုမြိန်ကောင်းမွန်လှစွာ အရသာနှင့် ပြည့်စုံသော, သရက်,သြဇာ, မာလကာ စသော အသီးတည်းဟူသောစာပေ ပညာ, သြဝါဒကထာ မုံရနှစ်ဖြာအရသာတို့ကိုမှီဝဲသုံးဆောင်ကြရန် ရွှေဟင်္သာ တောရတိုက် တည်းဟူသော ဥယျာဉ်တော်ကြီးသို့ တသုတ်ပြီးတသုတ် ဆိုက်ရောက်လာကြသောကြောင့် စည်းမျဉ်းသတ်မှတ် ပိုင်းခြားအပ်သော သံဃာအရေအတွက်

သို့ ရောက်မြဲရောက်လျက် ဆက်လက် စည်ကား ပြန့်ခဲ့သည်၊ ယင်းသို့ အခိုက်အလှည့်မသင့်၍ အခြေအနေတမျိုး ဖြစ်ခြင်းသည် ရွှေဟင်္သာတောရတိုက်၏ တာဝန်ကား မဟုတ်ချေ၊ အများသိရှိပြီး ဖြစ်သော နိုင်ငံနှင့်အဝှမ်း အနည်းနှင့်အများ ကြုံတွေ့ကြရသော ဗဟိဒ္ဓ အပ အန္တရာယ်ကြောင့်သာလျှင် ဖြစ်ပေသည်။

**ကံကောင်းပုံတရပ်** ရွှေဟင်္သာတောရတိုက်ကြီး ကံကောင်းသည်ဟု ဆိုရမည့်အကြောင်းတရပ်မှာ **ကေအမ်ဒီအိုတို့သည် ကျောင်းကန် ဘုရားနှင့်တကွ အချို့သော မြို့ရွာတို့ကို ဖျက်ဆီး လုယက် မီးရှို့ခြင်း စသော မကောင်းမှုတို့ကို ပြုလုပ်နေကြစဉ်၊** ညောင်တုန်းမြို့မှ ၅-မိုင်ကွာဝေးသော ရွာသစ်ရွာသည်လည်း ကျောင်းနှင့်တကွ မီးစာဘဝ ပြာကျသည်အဖြစ်သို့ ရောက်ရတော့သည်၊ ထိုအခါ ရွာသစ် လယ်ပြင်ကျောင်း ဆရာတော်ကြီး အရှင် ဝိမလကို တပည့်များနှင့်တကွ ဆရာတော်များကရွှေဟင်္သာတောရတိုက်သို့ ခေါ်ဆောင်၍ ချမ်းသာစွာ သတင်းသုံးနေကြသည် ဖြစ်သောကြောင့် တပည့်ပရိသတ်နှင့်တကွ ရွာသစ် ဆရာတော်ကြီး အရှင်ဝိမလတို့သည် ရွှေဟင်္သာတောရတိုက်၌ သီတင်းသုံးနေတော်မူခြင်းသည်ပင် ရွှေဟင်္သာတောရတိုက်၏ ကံကောင်းခြင်းတရပ်ဟု ဆိုသင့်ပေသည်၊ အဆိုးထဲမှအကောင်းရခြင်းတည်း။

**ရွာသစ်ဆရာတော်** ရွာသစ်ဆရာတော်သည် ဇာတိအားဖြင့် ပခုက္ကူမြို့ ကိုးရင်းရွာ၌ ၁၂၅၁-ခု န

ယုန်လတွင်အဘဦးကျော်စ-အမိဒေါ်ငြိမ်းအေးတို့မှထွန်းကား သောသားရတနာဖြစ်တော်မူသည်၊ ၁၂၆၄-ခုနှစ်၌မအူပင်မြို့ တွင် ရှင်သာမဏေဖြစ်သည်၊ ၁၂၇၀-ပြည့် တပေါင်းလတွင် ကျောင်းတော်ရာ ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရွှေဟင်္သာတောရတိုက်၌ ရဟန်းဖြစ်တော်မူသည်၊ ရွှေဟင်္သာ တောရတိုက်၌သာလျှင် ပိဋကစာပေ သင်ကြားတော်မူရာ သိက္ခာ ၅-ဝါအရတွင် မန္တလေးသို့တက်၍ အနောက်ပြင် မေဃဝတီတောင်သမန်ကျောင်းတိုက်၌ နှစ်ဝါမျှနေ၍ ထိုထို စာချဆရာတော်များထံ၌ နည်းနိဿယ ဗဟုသုတ ဆည်းပူးပြီး လျှင် ရွှေဟင်္သာတောရတိုက်သို့ ပြန်၍ စာပေ ပို့ချတော်မူ သည်၊ ဆရာတော်များက ဂန္ဓာရုံကျောင်း၌ ကျောင်းဘုန်း ကြီးအဖြစ် ချီးမြှောက်ခြင်းကို ခံယူရသည်။

ရဟန်းသိက္ခာ ၁၂-ဝါအရတွင်စံကျောင်း ဆရာတော်ဘုရား များ၏ အမိန့်တော်ကိုနာခံ၍ ရွာသစ် လယ်ပြင်ကျောင်း၌ ကျောင်းထိုင်ဘုန်းကြီးအဖြစ်ဖြင့် သွားရောက်ကာ သာသနာပြု နေရသည်၊ရွာသစ်ဆရာတော် ဦးဝိမလ သီတင်းသုံးသောအခါ သံဃာ ၂၅-၃၀-တိုင်အောင် တိုးပွား၍ ပရိယတ်· ပဋိပတ် အသားပိုမိုတိုးတက်လာသည့် အလျောက် ဒကာများဘက်က လည်း ဝမ်းမြောက်ဝမ်းသာ ပစ္စည်းလေးပါး၌ လိုလေသေးမရှိ အောင် အားပေး ဆောင်ရွက်ကြသည်၊ ညောင်တုန်းမြို့နယ် အတွင်းရွှေဟင်္သာတောရတိုက်မှ ပြန့်ပွားသောကျောင်းတို့တွင် ရွာသစ် လယ်ပြင်ကျောင်းသည် ဒကာသံဃာ ပစ္စည်းလေးဖြာ တို့၌ပြည့်စုံချမ်းသာဆုံး ကျောင်းဟု ဆိုထိုက်ပေသည်၊ ရွာသစ် လယ်ပြင်ကျောင်း၌နှစ်ပေါင်း ၃၀-သီတင်းသုံးခဲ့ရသည်။

ရွှာသစ်ဆရာတော်သည် ငယ်စဉ်ကစ၍ အနေတည်ကြည်သည်၊ ဝီရိယရှိသည်၊ စာဝါသနာရှိသည်၊ ဉာဏ်ပဋိဘာန်ရှိသည်၊ ပြောသင့်သမျှစကားကိုသာ ပြေပြေပြစ်ပြစ်ပြောလေ့ရှိသည်၊ ဆရာတော်များအပြိုအငြင်မရှိအောင် နေတတ်သည်၊ စည်းကမ်းကို ရိုသေလေးစားတတ်သည်၊ အရာရာ၌ ယောနိသောမနသိကာရထားတတ်သည်၊ ဤ အရည်အချင်း တို့ကြောင့် ရှင်လူတို့ ကြည်ညိုမြတ်နိုးခြင်းကို ခံယူရသည်၊ စာတော်သည်၊ တပည့်အခြံအရံပြည့်စုံသည်၊ အရာဌာနအားလျော်စွာ ပြောဟောတတ်၊ အကြံဉာဏ်ပေးတတ်သည်၊ စာကိုအမြဲပို့ချသည်၊ ထေရ်ကြီးပီသသည်၊ ဤစာကို ပထမအကြိမ် ရေး၍ စာအုပ်ရိုက်သော ၁၃၁၆-၁၇ ခုနှစ်၌ ရွှာသစ် ဆရာတော် သည် သိက္ခာ ၄၇-ဝါ ရှိတော်မူ၍ ကျန်းမာ ဝဖြိုးကာ ဖြူဖြူတုတ်တုတ်ဖြစ်သည်၊ ဤသို့သောမထေရ်ကြီးတပါး ရွှေဟသ်ာတောရတိုက်၌ သီတင်းသုံးလျက်ရှိခြင်းသည် ကျောင်းတိုက်၏ကြက်သရေဂုဏ်ရည်တမျိုး တိုးတက်ခြင်း အကြောင်းတပါးဖြစ်ပေသည်။ ၁၃၁၅-ခုနှစ်၌ရွှေဟသ်ာတောရ ပါဠိတက္ကသိုလ်မှ ပထမကျော် အောင်မြင်သော ရှင်နာဂိန္ဒာ လက်ာရသည်ရွှာသစ်ဆရာတော်၏ တပည့်ရင်း ကိုယ်တိုင်စာပေပို့ချပေးအပ်သောပုဂ္ဂိုလ်ဖြစ်သည်၊ဤဂုဏ်သိက္ခာရှင်ဖြစ်သောရွှာသစ်ဆရာတော်ကြီးသည် သက်တော် ၇၀-သိက္ခာတော် ၆၀-အရတွင် ပျံလွန်တော်မူသည်။

သက္ကရာဇ် ၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလ၌ညောင်ကုန်းမြို့ကို နိုင်ငံတော်အစိုးရက ပြန်လည်သိမ်းပိုက် အုပ်ချုပ်လိုက်


သဖြင့် မြို့ရွာများအထိုက်အလျောက် စည်ကား၍ လမ်းပန်း

အဆက်အသွယ် အတော်အသင့် ကောင်းမွန်လာသည်နှင့် ရွှေဟင်္သာတောရတိုက်သည် ပိုမိုများပြားသော စာသင်သားဃာတို့ဖြင့် စည်ကားသိုက်မြိုက်လျက် ရှိပေသည်၊ ဒုတိယ စံကျောင်းဆရာတော်ဘုရားသည် သာသနာရေး တိုက်တာရေးတို့၌ ရှေးက နည်းတူ မလျော့သောဝီရိယရှိခြင်း, သတိရွှေသွား ရှိခြင်း, အရှည်ကို လှမ်း၍ရှုမြော်ခြင်း စသည်တို့ဖြင့် နောက်မဆုတ်ပဲ အားထုတ်ဆောင်ရွက်တော်မူစဉ် ၁၃၁၂-ခုနှစ် တပို့တွဲလက စ၍ ကျန်းမာရေးချို့တဲ့လာသဖြင့် တိုက်တာသာသနာရေးတို့ကို ဆောင်ရွက်လျက်ပင် ရန်ကုန်,ပဲခူး,နောင်ပတ္တရာစသည်တို့သို့ကြွကာ ဆေးဝါးဓာတ်စာမှီဝဲခြင်း, သမားများနှင့်ကုသခြင်း အမှုတို့ကိုပြုကာ ကျန်းမာစေရန်ပြုပြင်တော်မူသည်။

သို့ရာတွင် ချောင်းဆိုးနှင့် လည်ချောင်းနာ ရောဂါမှာ မပျောက်ကင်းပဲ တစတစ ပြင်းထန်လာသောကြောင့် နောင်ပတ္တရာမှအပြန်ဘုန်းကြီးဦးသီရိမန္တ(ဝန်ထောက်ဦးဒွေး)ဒကာကြင်(ထိုအချိန်က သံအမတ်ကြီး)စသော ဒကာများကဆေးရုံကြီး၌ ကုသရန်လျှောက်ထားကြပြီး အရာရာ၌ တာဝန်ယူကြသဖြင့် ဆေးရုံကြီးသီးသန့်ခန်း၌ တက်ရောက်အကုအသခံတော်မူသည်။ ဆရာဝန်ကြီးများသည်လည်း အထူးသဖြင့် ဂရုစိုက်၍ ကုသကြပါသည်၊ သို့ကုသကြသော်လည်း ရောဂါမှာ သက်သာသည် မရှိ၊ တအိအိ တိုးတက်လျက်ရှိသဖြင့် ဆေးရုံ ကြီးမှ ဆင်းကာ ဦးကြင်၏နှမ ဦးငွေ- ဒေါ်သန်းမြတို့ တိုက်၌ရင်း, ဦးဘဆန်းတို့တိုက်၌ရင်း သီတင်းသုံး၍ (ထိုတိုက်များကို ဆရာတော် သီတင်းသုံးသမျှ ကျောင်းအဖြစ် လှူဒါန်းကြသည့်ပြင် သဟာသေယျမှ လွတ်ကင်းစေရန် ဒကာမများ ညဥ့်အိပ် ညနေ

မရှိကြရချေ)၊ မြန်မာ, ကုလား, ပုဏ္ဏား, ခာတ်,ဗိန္ဒော,ဆရာဝန် မျိုးစုံတို့ဖြင့် ကုသကြပြန်သည်၊ ရောဂါ အခြေအနေမှာ အထူးသက်သာ၍ ပကတိလောက်နီးပါး ကောင်းမွန် လာပေသည်။ ရုပ်လက္ခဏာ, အသံ, အစားအစာတို့သည် ကျန်း မာစဉ်က ကဲ့သို့ အခြေအနေ ရောက်နေလေပြီ၊ အစာမျိုလိုက်လျှင် လည်ချောင်းက အနည်းငယ် နာတာလောက်ပဲ ရှိတော့သည်ဟု အမိန့်ရှိသည်၊ ဆေးရုံကြီး၌ ကုသနေစဉ်ကပင် ဤစာရေးသော ဘုန်းကြီးထံသို့ ကြေးနန်း ရိုက်သဖြင့် ရန်ကုန်သို့ သွားရောက်နေသည်၊ ညောင်တုန်း ရွှေဟင်္သာ တောရတိုက်မှ တိုက်အုပ်,တိုက်ကြပ်, ရွာသစ် ဆရာတော်တို့နှင့်တကွ အချို့ ဘုန်းကြီး များ သည် စောစော ကပင် ရန်ကုန်သို့ ရောက်၍ စောင့်ရှောက်ပြုစုနေကြသည်၊ ရေးသားခဲ့သည့်အတိုင်း ရောဂါ အခြေအနေ ထူးခြားစွာ သက်သာသောကြောင့် စစ်ကိုင်း ရွှေဟင်္သာတိုက်သစ်၌ ဆေးဝါး ခာတ်စာစားရင်း အနားယူကာ ဝါဆိုနေမည်၊ နောင်ကိုလည်း အကြောင်းညီညွတ်တိုင်း စစ်ကိုင်း၌ ဝါဆိုမည် မင်းပြန်နှင့်တော့ဟု အမိန့်ရှိသဖြင့် ဤစာရေးသော ဘုန်းကြီးသည် နယုန်လပြည့်ကျော်၌ စစ်ကိုင်းသို့ ပြန်ခဲ့ရသည်၊ ဆရာတော် ကြွလာတော်မူလျှင် မန္တလေး လေဆိပ်မှကြိုဆိုရေး,စစ်ကိုင်းသို့ပင့်ဆောင်ရေး,စစ်ကိုင်းရွှေဟင်္သာ တိုက်သစ်၌ သပ္ပါယမျှတအောင် သီတင်းသုံးနိုင်ရေး, ဆေးဝါးခာတ်စာနှင့် ဆေးဆရာပြည့်စုံစေရေးများကိုပါ စစ်ကိုင်း တောင်ရိုး ဒေသအားလျော်စွာ တတ်နိုင်သမျှ လုံလောက်အောင်စီမံထားပြီးလျှင် ဆရာတော်ထံမှ အကြောင်းကြားစာကိုစောင့်မြှော်နေရသည်။ (စစ်ကိုင်းသို့ ဆရာတော်ကြွလိုခြင်းမှာ ဆရာတော်၏ ဆန္ဒသာဖြစ်သည်၊ ဆရာတော်သည် ပါဠိ

တက္ကသိုလ် အစည်းအဝေး ကိစ္စနှင့် စာချုတန်း စာမေးပွဲကိစ္စ တို့ကြောင့် ကြွရောက်လာစဉ်က စစ်ကိုင်းရွှေဟင်္သာ၌ တလ နီးပါး ရက်ရှည်သီတင်းသုံး ဘူးသည်။ အင်္ဂလိပ် လက်ထက်က လည်း ၂-ကြိမ်ကြွရောက်သီတင်းသုံးဘူးသည်၊ ကျန်းမာရေး, စိတ်ချမ်းသာရေး ရရှိသဖြင့် နှစ်သက်တော် မူသောကြောင့် စစ်ကိုင်းသို့ ကြွရောက်လိုခြင်း ဖြစ်သည်။)

ဆရာတော်သည် ရန်ကုန်ဦးဘဆန်းတိုက်မှ တဖန် နန္ဒဝန် လမ်းနန္ဒဝန် ဥယျာဉ်ကျောင်းသို့ ပြောင်း၍ ဆေးဝါကုသ တော်မူပြန်သည်။ ရန်ကုန်,ညောင်တုန်း, ပဲခူးစသည်တို့မှ တ ပည့်ဒကာ,ဒကာမတို့သည်လည်းအထူးသဖြင့်ဂရုပြုကာ စောင့် ရှောက်ပြုစုလျက်ရှိကြသည်။

**စစ်ကိုင်းသို့ ကြွရန် ဆန္ဒထက်သန်ပုံ** ဤစာရေးသော ဘုန်းကြီး ရန်ကုန်၌ရှိ နေစဉ်၌လည်း နေကောင်းလျှင် မင့်ထံ လာနေမည်ဟု မကြာခဏ ပြောလေ့ရှိ သည်၊ စစ်ကိုင်းသို့ ပြန်သောအခါ၌လည်း စစ်ကိုင်းသို့ သွား၍ ဝါဆိုမည်ဟု ပြောကြား နေသည်ဟူ၍ သိရသည်၊ ကိုယ်တိုင် စာမရေးနိုင်အောင် ရောဂါအနည်းငယ် ပြန် တိုး လာ သော ရက်အတွင်း ၁၃၁၃-ခုနှစ် ဝါဆိုလဆန်း၈-ရက်နေ့စွဲနှင့်အနီး ၌ အမြဲပြုစုစောင့်ရှောက် နေသော ဗောဓိကျောင်း ဘုန်းကြီး ဦးကုဝေရကို ဆရာတော်၏ နှုတ်မှမိန့်ကြားသည့်အတိုင်းရေး စေ၍ ပို့လိုက်သောစာတစောင်ဖြင့်လည်း စစ်ကိုင်းသို့ ကြွလို သောဆန္ဒ ထက်သန်နေပုံမှာ ထင်ရှားလေသည်။

မူအတိုင်း ၁၃-၄-၁။
စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ထံသို့

နံနက်ကျွဲနို့, ဒိန်ချဉ်လဘက်ရည် ကိုင်းပန်းကန်နှင့် တလုံး, နေ့ခင်းယာဂုပန်းကန်ပြားကြီးနှင့်တဝက်, ဝက်စွတ်ပြုတ်အတုံး ကလေးရှောက်ရည်နှင့် ဆန်း၍ ဇွန်း ၂၀-ခန့် သောက်၏၊ ဟောလစ်တပန်းကန်, ကြက်သွန် ရှာလကာသုတ်နှစ်လုပ်သုံး လုပ်စားသုံး၏၊ ရောဂါ အခြေအနေမှာ လွန်ခဲ့သောညက ချောင်းဆိုး၏၊ မအိပ်ရ၊ ရင်ဝ တည့်တည့်နှင့် ညာ ဘက် နံ ရိုး ဘေးက ချောင်းဆိုးသည့်အခါ အနည်းငယ်အောင့်၏၊ ကျောင်းပေါ်၌ စကြံအခေါက်၅၀-လျှောက်၏၊ အနည်းငယ် နွမ်းသလိုရှိ၏၊ကိုယ်ရောင်ရမ်း, အဖျား,ဆီး, ကိစ္စမရှိ၊ ချောင်း ဆိုးမပျောက်သေး။

သက်ရာကျော်ရှည်၍ ကျန်းမာပါစေ
ခေတ္တနန္ဒဝန်ဥယျာဉ်ကျောင်း
ညောင်တုန်း ရွှေဟင်္သာတောရ ဆရာတော်

ဆရာစစ်ကိုင်းသို့ လာသည့်အခါ ကျန်းမာရေးစရိတ် ရွှေ ဟင်္သာချောင်ဆရာတော် အလိုရှိတိုင်း သုံးစွဲနိုင်စေရန်ငွေ၅၀၀ိ (ငါးရာတိတိ)ပို့လိုက်လို၏၊ မြို့တွင်းရှိ ကပ္ပိယဒါယကာ မည် သူ့ထံသို့ ပို့ရမည်နည်း၊ စစ်ကိုင်းသို့လာချင်စိတ် အားကြီး များနေ၏၊ လာခါနီးအကြောင်းကြားမည်၊ ဆေးဆရာက ဆယ်ရက်အတွင်းဆွမ်းစားနိုင်လိမ့်မည်ဟုဆို၏၊ ဆရာ့သဘော ဆွမ်းမစားနိုင်စေကာမူ ဆွမ်းလုံးပျော့ပျော့ အရေနှင့် ယာဂုကို သောက်နိုင်က စစ်ကိုင်းသို့လာမည်ကြံ၏၊ နောက်ဆယ်ရက် အတွင်း လာဖြစ်မည် မဟုတ်သေး။

ကျေးဇူးရှင် ဆရာတော်ဘုရားသည် တပည့်များအပေါ်၌

မည်မျှငဲ့ညှာတော်မူသည်ကို အထက်ပါစာဖြင့် သိနိုင်လောက်ပါသည်၊ ဆရာတော်က ငဲ့ညှာ၍ တပည့်၌ တာဝန်ပေါ့စေရန် ဝတ္ထုအဲကြောင်း မိန့်ကြားသော်လည်း မိမိ စွမ်းအား ရှိ သလောက် အဘက်ဘက်၌ ဆရာတော် ကြွလာပါက ချမ်းသာတော်မူစေရန် စီမံထားပြီးပင် ဖြစ်ပါသည်။ ဆရာတော်သည် စစ်ကိုင်းသို့ကြွလိုသောဆန္ဒ အားကြီးထက်သန်လှ သ ဖြင့် အကြောင်းကြားတော်မူသော်လည်း အနီး၌ အမြဲ ပြုစုစောင့်ရှောက်နေသော ဗောဓိကျောင်း ဘုန်းကြီး ဦးကုဝေရက အတွင်းစာသဘော သီးခြားရေး လိုက်သည်မှာ ဆရာတော်၏ ရောဂါ အခြေအနေ မသက်သာလှကြောင်းဖြစ်၏။ ထိုစာရေးပို့ပြီး နောက်အဘို့၌မူကား ရောဂါမှာ တ ဖြေး ဖြေး တိုး၍သာ လာတော့သည်။ ဝါဆိုလဆန်း ၈-ရက်နေ့၌ ထူးခြားစွာ အမောဖောက်၍ လာလေသည်။

ဆရာတော်က စစ်ကိုင်းသို့ ကြွလိုသောဆန္ဒ ထက်သန်စွာဖြင့်ကြွလာရန် မိန့်ကြားကာစီစဉ်သော်လည်းဆေးဆရာ့ဓာတ်စာဆေးဝါး အပြုအစုမှစ၍ အရာရာ၌ စစ်ကိုင်းတောင်ရိုးသည် ရန်ကုန်ကဲ့သို့ မကောင်းလှသည်ကို စာရေးသောဘုန်းကြီးသည် သိရှိနားလည်ပါ၏။ ဆရာတော် စိတ်ချမ်းသာမှုကိုသာ အာရုံပြု၍ မိမိကတိုက်တွန်း ပင့်ဆောင်ခြင်းလည်းမပြု၊ ကန့်ကွက်ခြင်းလည်းမပြုပဲ၊ အကယ်၍ ကြွတော် မူ လိုလျှင် စွမ်းအားရှိသလောက် စေတနာသဒ္ဓါနှင့် ဖြစ်သလို ဆောင်ရွက်မည်ဟူ၍သာ စိတ်ကိုဆုံးဖြတ် ထားလိုက်သည်။

**ရွှေဟင်္သာတောရတိုက်သာသနာရေးကို ဒုတိယ စိကျောင်း ဝေးလံစွာလှမ်း၍မြင်တော်မူပုံ** ဆရာတော်သည် ရန်ကုန်၌ မကျန်း

မာ၍ ဆေး၀ါးကုသနေသောအချိန်၌ ရွှေကျင်နိကာယ ဗဟို ဌာန တွဲဘက် ဥပဥက္ကဋ္ဌဖြစ်တော်မူသော ဝိသုဒ္ဓါရုံ မြောင်းမြ ဆရာတော်နှင့် ၀ါးခယ်မ ကျွန်းကုန်း ဆရာတော် တို့သည် ရန်ကုန်၌ပင် ရှိတော်မူကြသည်ဖြစ်၍ နေ့စဉ် ရက်ခြား ဆရာ တော်ထံသို့ သွားကြကာ ကျန်းမာရေးအတွက် စွမ်းနိုင်သမျှ ကူညီစောင့်ရှောက်ခြင်း, အကြံဥာဏ်ပေးခြင်းအားဖြင့် အား ပေးတော်မူကြသည်၊ အနီးအဝေးမှ တပည့်ကြီး များ သည် လည်း အများပင် ရောက်ရှိ၍ ဝိုင်းဝန်း ပြုစု နေကြသည်၊ ၁၃၁၃-ခုနှစ် ဝါဆိုလဆန်း ၈-ရက်နေ့ ညနေ ၅-နာရီ အချိန်၌ ဆရာတော်က မြောင်းမြဆရာတော်, ကျွန်းကုန်းဆရာ တော်တို့ကို ပင့်ခေါ်စေသဖြင့် အနီးသို့ ကြွရောက် လာကြ သောအခါ ပထမက အနီး၌ရှိနှင့်နေသော တိုက် ကြပ် ဆရာ တော် ဦးဝိမလ စသောတပည့်များကို အပြင်ဘက်သို့ ထွက်စေ ပြီးလျှင် တူတပည့်ရင်းဖြစ်သော ဘုန်းတော်ကြီး ဦးဝိလာသကို စက္ကူကလောင်တန်ယူစေ၍ ရေးစေသည်မှာ–

မူအတိုင်း ပဋ္ဌာတာရုံဆရာတော်နှင့် ကျွန်းကုန်း ဆရာ တော်တို့အား ရွှေဟင်္သာတောရတိုက်ကိုစောင့် ရှောက်ရန် လွှဲအပ်ပါ၏၊ အထက်ပါ ဆရာတော် ၂-ပါးက လည်း အသက်ရှည်သရွေ့ ရွှေဟင်္သာတောရတိုက်၏ အကျိုး စီးပွားကို ရှက်ဆောင်၊ ဤမျှသော စကားလုံးတို့ကို အလွန် အားယူ၍ ပြောတော်မူနေရလောက်အောင် မောပန်းနေပြီ ဖြစ်သောကြောင့် ဤတွင် ရပ်နားနေစဉ် မြောင်းမြဆရာ တော်က- ဆရာတော်ဘုရား ပင်ပန်းနေပါမည်၊ တပည့်တော် များ ဆရာ၏အလိုဆန္ဒကို သိကြပါပြီ၊ ရွှေဟင်္သာတောရတိုက်

အရေးအတွက်စိတ်အေးချမ်းသာတော်မူပါ၊ တပည့်တော်များ စွမ်းအားရှိသမျှ စောင့်ရှောက်ပါမည်ဟု လျှောက်ထားရာ ဝမ်းမြောက်တော် မူဟန်ကိုပြလျက် ဆက် လက် မိန့်တော်မူသည်မှာ—

တိုက်အုပ်ဆရာတော် ဦးဇာဂရကို ဆရာတော်အဖြစ်၊တိုက်ကြပ် ဘုန်းကြီး ဦးဝိမလကို တိုက်အုပ်အဖြစ်၊ ဇေတိကတိုက်ကျောင်း ဘုန်းကြီး ဦးဉာဏာဘိဝံသကို တိုက်ကြပ် အဖြစ် တင်မြှောက်၍ အထူးစောင့်ရှောက်ပါဟု နှစ်ကြိမ်သုံးကြိမ်မှာကြားတော်မူခဲ့သည်။ (မြောင်းမြ ဆရာတော်, ကျွန်းကုန်း ဆရာတော်များနှင့်အတူ စစ်ကိုင်း ရွှေဟင်္သာ ဘုန်းကြီးကိုလည်း စောင့်ရှောက်ရန်မှာသည်ဟု အနီး၌ရှိသော ဂိလာနုပဋ္ဌာက ပုဂ္ဂိုလ်တပါးကပြောသည်ကို ကြားရသည်)။ မြောင်းမြ ဆရာတော်များကို လွှဲအပ်သော အကြောင်းနှင့်တကွ စာတန်းကို တိုက်အုပ်ဆရာတော်နှင့် စာချဘုန်းကြီးဦးစန္ဒမုခါဘိဝံသ တို့ထံမှပို့လိုက်၍ဘုန်းကြီးသည်စစ်ကိုင်းမှ ချက်ခြင်းသိရှိရပေသည်။

ပျံလွန်တော်မူခြင်း မြောင်းမြဆရာတော်တို့အား လွှဲအပ်မှာကြားတော် မူပြီးလျှင် အမောမှာပိုမိုပြင်းထန်လာသဖြင့် ဝါဆိုလဆန်း ၈-ရက်နေ့ ည ၉–နာရီ ၄၅-မိနစ်အချိန်၌ ပျံလွန်တော်မူသည်အထိ စကားမပြောပဲ ဆိတ်ဆိတ်နေလျက် ဘဝဇာတ်သိမ်းတော်မူပါသည်။

ဘိက္ခဝေ ရဟန်းတို့၊ ယံပိစ္ဆံ- ယမ္ပိဣစ္ဆံ- ပဋိသန္ဓေနေခြင်း စသည်မဖြစ်ပါမူကား ကောင်းလေစွဟု အကြင် တောင့်တ

ခြင်းကို၊ နလဘတိ-မရ၊ တမ္ပိ-ထိုသို့တောင့်တ၍ မရခြင်းသည်လည်း၊ ဒုက္ခံ-ဒုက္ခသာတည်း ဟူသော မဟာသတိပဋ္ဌာနသုတ် ဥဒ္ဒေသပါဠိတော်၏ အကျယ်ဖြစ်သော နိဒ္ဒေသပါဠိတော်၌ ဘိက္ခဝေ-ရဟန်းတို့၊မရဏဓမ္မာနံ-သေခြင်းသဘောရှိကုန်သော၊ သတ္တာနံ-သတ္တဝါတို့အား၊ ဧဝံဣစ္ဆာ-ဤသို့သော တောင့်တခြင်းသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။ ကိံ ဥပ္ပဇ္ဇတိ-အဘယ်သို့ဖြစ်သနည်းဟူမူကား၊မယံ-ငါတို့သည်၊မရဏဓမ္မာ-သေခြင်းသဘောတရားတို့သည်၊နအဿာမ-မဖြစ်ပါကုန်မူကား၊အဟောဝတ-ကောင်းလေစွတကား၊ နော-ငါတို့အား၊ မရဏဓမ္မံ-သေခြင်းသဘောတရားသည်၊ န အာဂစ္ဆေယျ-မလာပါမူကား၊ အဟောဝတ-ကောင်းလေစွတကား၊ ဣတိဧဝံ-ဤသို့၊ ဣစ္ဆာ-တောင့်တခြင်းသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။ ဧတံ-ထိုသေခြင်း သဘော တရား၏ မလာခြင်းကို၊ ဣစ္ဆာယ-တောင့်တခြင်းဖြင့်၊ န- ခေါ ပတ္တဗ္ဗံ-မရအပ်၊ ဣဒမ္ပိ-ယင်းသို့တောင့်တတိုင်း မရခြင်း မရောက်ခြင်းသည်လည်း၊ယမ္ပိစ္ဆံ န လဘတိဒုက္ခံ-ယမ္ပိစ္ဆံနလဘတိဒုက္ခံမည်၏-ဟူသောဒေသနာတော်အရစင်စစ်တောင့်တ၍မရ၊ပြုပြင်၍မရ၊ အလိုသို့မပါသော သေခြင်းသဘောတရားဖြစ်၍ ဆရာတော်ဘုရားသည်လည်း ကောင်းသည်ထက်ကောင်းအောင် သက်တော်ရှည်ကြာစွာ သာသနာပြုလိုသော မြတ်သော အဇ္ဈာသယ ပသဠ္ဌဆန္ဒရှိတော်မူလျက် သက်တော် ၆၉-နှစ် အရောက်တွင် ပျံလွန်တော်မူရလေသည်။ ဆရာတော်၏ သက်တော် ရှည်ကြာရေးအတွက် ဆရာတော်ဘုရား ကိုယ်တော်တိုင် တောင့်တ၍ မရသောသဘောရှိရာ ငါတို့တပည့်တပန်းများက ဆရာတော်အဖို့ တောင့်တခြင်းဖြင့်၊ ဝါ၊ သက်တော်ရာကျော် ရှည်စေတော် မူလိုခြင်းဖြင့် အဘယ်မှာလျှင် တောင့်တ၍ ရနိုင်တို့

အံ့နည်းဟူ၍သာ ဖြေကြရတော့သည်၊ ဆရာတော် ပျံလွန်တော်မူလျှင် ချက်ခြင်းတပည့်ရင်း ဒကာရင်းဆွေမျိုး ရင်းချာတို့ထံသို့ ကြေးနန်းပေးပို့ကြသည်၊ စစ်ကိုင်း ရွှေဟင်္သာဘုန်းကြီးထံသို့လည်း ကြေးနန်းရောက်လာသည်၊ အချိန်မမှီ၍မသွားနိုင်ဘဲ ဝတ္ထုတရာ ပို့လိုက်ရသည်၊ (အချိန်မမှီသည်မှာ-ကြေးနန်းစာကို စစ်ကိုင်းတောင်ရိုးသို့ တိုက်ရိုက်မပို့၊ တောင်ရိုးစာပို့သမား လာသောအခါမှ ပေးလိုက်လေ့ရှိသည်၊ စစ်ကိုင်းမြို့၌ တနေ့ကြာနေမြဲဖြစ်၏၊ ကြားထဲ၌ စနေ, တနင်္ဂနွေကြုံနေပါက ကြေးနန်း ၂-ရက် ၃-ရက်ကြာမှ ရောက်၏၊ သို့ကြောင့် အချိန်မမှီခြင်းဖြစ်၏၊ သင်္ဂြိုဟ်သော ရက်ကလည်း ဆရာတော်အလိုကျ မြန်သောကြောင့်ဖြစ်၏။

**မီးသင်္ဂြိုဟ်ခြင်း** ဆရာတော် ပျံလွန်တော်မူလျှင် နှမြောတသပူဆွေးကြကုန်သော တပည့်ဒကာတို့သည် သင်္ဂြိုဟ်မှုကိစ္စကို အာရုံပြောင်းလွှဲ၍ နှီးနှောတိုင်ပင်ကာစီမံကြရသည်၊ ရွှေကျင်ဂိုဏ်း အစဉ်အလာနှင့်ရင်း, ရွှေဟင်္သာတောရတိုက် အစဉ်အလာနှင့်ရင်း ညီလျော်စေလျက် ပျံလွန်တော်မူသော ဆရာတော်များ နှစ်သက်တော်မူသော သင်္ဂြိုဟ်နည်းအတိုင်းသင်္ဂြိုဟ်ရန်သဘောတူညီကြလျက် ၁၃၁၃-ခုနှစ် ဝါဆိုလဆန်း ၁၂-ရက်နေ့၌ ရန်ကုန်မြို့ စနစ်အရ ကြံတောသုသာန်သို့ ယူဆောင်၍ မီးသင်္ဂြိုဟ် ပူဇော်လိုက်ကြသည်၊ ဘတ်စ်ကားကြီး ၆၀-ကျော်, ကိုယ်ပိုင်ကားပေါင်းများစွာတို့ဖြင့် အတီးအမှုတ်အကအခုန် မပါ၊ ငြိမ်သာဆိတ်ငြိမ်စွာ သိုက်သိုက်ဝန်းဝန်း ပို့ဆောင်သင်္ဂြိုဟ်ကြသည်၊ မိုးတဖွဲဖွဲ ရွာသွန်းနေသော်လည်း သုသာန်သို့လိုက်ပို့ပူဇော်သူတို့ များပြားလှ၍

ကားကြီး ၆၀-ကျော် မဆန့်အောင်ရှိသဖြင့် အံ့သြကြရသည်ဟု သိရသည်၊ ပျံလွန်တော်မူသော အခြင်းအရာ, သင်္ဂြိုဟ်ပုံ အခြင်းအရာတို့ကို ခရေစေ့တွင်းကျ ဘုန်းကြီးထံသို့ ရေးပို့ကြသည်။ ပျံလွန်တော်မူစကရိုက်သောဓာတ်ပုံ,အလောင်းတော် ထုတ်ယူသော ဓာတ်ပုံ, ကားကြီး ကားငယ် များစွာတို့ဖြင့် လိုက်ပို့သည့်ဓာတ်ပုံ, မီးသင်္ဂြိုဟ်သော ဓာတ်ပုံတို့ကိုလည်း စာနှင့်အတူဦးစန္ဒမုခါဘိဝံသထံမှ ချက်ခြင်းပို့၍ အစအဆုံးမျက်မြင်ကဲ့သို့သိရသည်။

ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ တိုက်တွင်း၌ အရည်အချင်းနှင့် ပြည့်စုံတော်မူကြသော တပည့်ကြီးများ ထင်ရှားရှိသည်သာမက ယခု အနီးအပါးတွင်ပင်ရှိကြလျက် ရွှေဟင်္သာတောရပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီးကို မြောင်းမြဆရာတော်, ကျွန်းကုန်း ဆရာတော်တို့အား စောင့်ရှောက်ရန် လှူအပ်တော်မူခြင်း၊ ကြပ်, အုပ်, ဆရာတော် အဆင့်ဆင့် တင်မြှောက်ရန် မိန့်မှာတော်မူခြင်း စသော ဆရာတော်၏ အမြင်သည် ထူးကဲစွာ ချီးကျူးလောက်သော အမြင်တော် ဖြစ်ပါပေသည်။ မြောင်းမြဆရာတော်သည် ထိုအချိန်၌ မြောင်းမြမြို့ ပစ္ဆာတာရုံ ကျောင်းတိုက်ကြီးကို သံဃာ တရာကျော်အား အုပ်ချုပ်ကာ စာပေ ပို့ချလျက်ရှိသည်၊ ဂိုဏ်းသံဃအစည်းအဝေးက ပင့်၍ သံဃထေရ်ကြီးများ အမိန့်ကို မလွန်သာ၍ မန္တလေးမြို့အနောက်ပြင် ရွှေကျင်ဂိုဏ်းဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သို့လည်း ဝါတွင်းတိုင်းကြွရောက်သီတင်းသုံးနေရသည် ဖြစ်သောကြောင့် ရွှေဟင်္သာတောရတိုက်သို့ ကြွရောက်သီတင်းသုံးနေနိုင်မည်လည်း မဟုတ်၊ အုပ်ချုပ်လျက်ရှိသော ပုဂ္ဂိုလ်

များကိုလည်း ဩဇာအာဏာပေးနေမည်လည်းမဟုတ်ကြောင်း ကို ပျံလွန်တော်မူသောဆရာတော်သည် သိရှိပြီးဖြစ်လျက် လွဲ အပ်ခဲ့သည်မှာ ရွှေဟင်္သာတောရတိုက် ခိုင်မြဲ တည်တန့်ရေး၌ အမှတ်မဲ့လျစ်လျူရှုမနေကြပဲ ဘေးပန်းကစောင့်ရှောက်ခြင်း, သတိပေးခြင်း,ရံခါကိုယ်တိုင်ကြွရောက်၍ ကြည့်ရှုကာ ဩဝါဒ ပေးခြင်းကို ပြုကြပေလိမ့်မည်၊ယင်းသို့ သတိပြုကြလျှင် တိုက် တွင်း၌ အုပ်ချုပ်ဆောင်ရွက်လျက် ရှိကြကော ပုဂ္ဂိုလ်တို့သည် လည်း အားရှိသည်ထက် အားရှိ၍ ဒင်ပြည့်ကျပ်ပြည့် ဆိုသလို စွမ်းရည်သတ္တိ ရှိသလောက် တိုက်တာခိုင်မြဲရေး, စည်ပင်ရေး တို့ကို အလေးပြုကာ ဆောင်ရွက် ကြပေလိမ့်မည်၊ သို့ဆောင် ရွက်ကြပါလျှင် ရွှေဟင်္သာတောရ ကျောင်း တိုက် ကြီးသည် အစွန့်ရှည်စွာ တည်မြဲစည်ကား၍ သာသနာတော် အသား တက်ပေလိမ့်မည်ဟု မြင်တော်မူ၍ သာလျှင် မြောင်းမြဆရာ တော်, ကျွန်းကုန်းဆရာတော် တို့အား လွဲအပ်တော်မူသည်ဟု ဤစာရေးသောဘုန်းကြီး သဘောပေါက်၍ လွဲအပ်ကြောင်း ကို သိလျှင်သိခြင်း ဆရာတော်၏ ဉာဏ်အမြင်ကို နှုတ်ကဖွင့်၍ ချီးကျူးမိပါသည်။

ကျွန်းကုန်းဆရာတော် ဟူသည်မှာလည်း ကျွန်းကုန်းရွာ၌ (ရွာဆိုရသော်လည်း မြို့ကလေးသဖွယ် သပ် ယပ် စည် ကား သည်။) ဆယ်ကေကျယ်ဝန်းသော အာရာမ် ကျောင်းတိုက်နှင့် ကျောင်းကန်အဆောက်အဦးကောင်း,ရေမီးအပြည့်အစုံ,ဝတ္ထု ကမ်ရံပုံအသင့်, တပည့်တပန်း သံဃပရိသတ်များစွာနှင့် ချမ်း သာစွာ သာသနာတော်ကို ဆောင်ရွက်လျက်ရှိသော ဆရာ တော်ဖြစ်၍ ကူညီစောင့်ရှောက် အားပေးရန် ပေါ်ပေါက်ပါ

က ကူညီစောင့်ရှောက်ရုံမှတပါး ဘယ်နည်းနှင့်မှ လာရောက်နေနိုင်မည် မဟုတ်သည်ကိုလည်း ပျံလွန်တော်မူသော ဆရာတော် အသိဆုံးဖြစ်ပါသည်။

ပျံလွန်တော်မူသော ဆရာတော် တောင့်တကာ မှာကြားတော်မူခဲ့သည့်စကားကို လေးစားသော မြောင်းမြဆရာတော် ကျွန်းကုန်း ဆရာတော် တို့သည် အားပေး စောင့်ရှောက်တော်မူကြပါသည်၊ကျွန်းကုန်းဆရာတော်သည် မိမိကိုယ်တိုင် ပျံလွန်တော်မူသည်အထိ စောင့်ရှောက် ပါသည်၊ မြောင်းမြ ဆရာတော်မူကား ယနေ့တိုင် စောင့်ရှောက်ဆဲဖြစ်ပါသည်၊အနည်းဆုံးတနှစ် တကြိမ် တပေါင်းလ၌ ရွှေဟင်္သာ တောရသို့ ကြွရောက်ကာ သံဃာတော်များ,ဒကာဒကာမများအား ဩဝါဒပေးလျက်ရှိပါသည်။

**ရဟန်းဂုဏ် ရှိတော်မူကြပုံ** မြောင်းမြ ဆရာတော်နှင့် ကျွန်းကုန်း ဆရာတော်တို့သည် သိက္ခာတော်တဝါကြီး တဝါငယ် ဖြစ်တော်မူကြသည်၊ ဆရာတူ တပည့်လည်း ဖြစ်တော်မူကြသည်၊ ငယ်စဉ်ကစ၍ ယနေ့တိုင်အောင် အကျင့်သီလ တူမျှစွာ ရင်းရင်းနှီးနှီး ဆက်ဆံကာ ဘုရား သာသနာတော်နှင့် ရွှေကျင်နိကာယဆရာ အစဉ်အဆက်တို့၏ ထုံးနည်း နိသျှည်းတို့ကို ဦးညွှတ်လေးစား၍ လိုက်နာစောင့်ရှောက်တော် မူကြသော ဆရာတော်များ ဖြစ်ကြသည်။ သက္ကရာဇ် ၁၃၀၂-ခုနှစ်ဆီက အထက်ပိုင်း၌ အနေများသော ပုသိမ်နယ်သားဆရာတော်တပါးသည် (ရွှေမျက်မှန် ဦးဝိဇယကို ဆိုလိုသည်) ပုသိမ်,မြောင်းမြနယ်တဝိုက် ဒေသစာရီ လှည့်လည်ခဲ့

ပြီးနောက် အထက်အရပ်သို့ပြန်ရောက်သောအခါ ဤသို့ထုတ်ဖော်ပြောကြားသည်ကို ကြားလိုက်ရဘူး၏၊ "အင်း....ကိုယ်တော်တို့၊ အောက်ပိုင်းမှာ ပထမတန်း ရွှေကျောင်၊ ဒုတိယတန်း ရွှေကျောင်အနေနှင့် ရွှေကျောင်နှစ်မျိုးရှိတယ်၊ မြောင်းမြနှင့် ကျွန်းကုန်းတို့ဟာ ပထမတန်း ရွှေကျောင်တွေပဲ၊ တယ်တော်ကြဖါပေတယ်"ဟု ချီးမွမ်းထောမနာသည်ကို ကိုယ်တိုင် ကြားလိုက်ရသည်။

ပထမတန်း ရွှေကျောင်ဖြစ်တော်မူသော ပျံလွန်တော်မူသော ရွှေဟင်္သာတောရ ဆရာတော်ဘုရားသည် ပထမတန်း ရွှေကျောင်အရည်အချင်းနှင့် ပြည့်ဝ၍ ကျောင်းတိုက်ကြီးများကို စီးနင်းကြီးမှူးကာ စာပေ ပို့ချလျက်ရှိသော မြောင်းမြ ဆရာတော်နှင့် ကျွန်းကုန်းဆရာတော်တို့အား ရွှေဟင်္သာတောရတိုက်ကြီးကို ဂရုပြု၍ ကြည့်ရှု စောင့်ရှောက်တော်မူကြစေရန် အပ်နှင်းတော်မူခဲ့သည်မှာ ဒီဃဒဿီ=ရှည်စွာမြင်သော ဉာဏ်တော်ရှင်၏အရာသာ ဖြစ်ပေသည်ဟု ဆိုသင့်လှပေသည်။

သက္ကရာဇ် ၁၃၁၃-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့ ရန်ကုန်မြို့၌ ဆရာတော်အလောင်းကို သင်္ဂြိုဟ်မှုကိစ္စ ပြီးစီးကြလျှင်ညောင်တုန်း ရွှေဟင်္သာတောရ တိုက်၌နေရင်းစွဲအုပ်ကြပ်ဆရာတော်များနှင့် စာချကထိက, ကျောင်းဘုန်းကြီး စသောသံဃာများသည် ဝါဆိုမှီ ရွှေဟင်္သာတောရသို့ ပြန်လည်ကြွကြ၍ ပုရိမဝါကပ်တော်မူကြကုန်၏၊ ထိုဝါ၌ သံဃာ (၁၂၉) ပါးနှင့် ကျောင်းသားကပ္ပိယ (၆၀)ကျော်ရှိသည်။

ဝါဆိုလပြည့်ကျော် ၁-ရက်နေ့ည ဝါကပ်ချိန် သံဃာအစုံအညီ အစည်းအဝေး၌ တိုက်အုပ် ဆရာတော်, ရွာသစ်ဆရာ

တော်, တိုက်ကြပ်ဆရာတော်တို့က အသီးအသီး သံဃာတော်များအား ဩဝါဒ ပေးတော်မူကြသည်ဖြစ်၍ ထိုဩဝါဒများကို အကျဉ်းချုပ်၍ ဖော်ပြလိုက်ရသည်။

**တိုက်အုပ်ဆရာတော်** ယခု ဆရာတော် ကွယ်လွန်တော်မူပြီဖြစ်၍ ဆရာတော်ရဲ့တာဝန်ကို တာဝန်ယူ၍ ဆောင်ရွက်ကြရတော့မယ်၊ ဆောင်ရွက်သည့် အခါ အသာအနာကို ပမာဏမထားပဲ ညီညီညွတ်ညွတ်နှင့် ဒို့ကိစ္စ ဒို့တာဝန်ဟု သဘောထား၍ ဆောင်ရွက်ကြဘို့, သံဃာများကလည်း တပည့်တော်တဦးတည်းကိုသာ ရိုသေလေးစားမှုမပြုမူ၍ ဆရာတော် ချီးမြှောက် လှဲအပ်ခဲ့သော သံဃပိတရ=သံဃထေရ်ကြီး များကိုပါ လေး စား ရိုသေစွာဖြင့် စည်း မျဉ်း မဖောက် ဖြောင့်ဖြောင့် လိုက်နာတော်မူကြစေလိုပါသည်-ဟူ၍ ဩဝါဒပေးတော်မူသည်။

**တိုက်ကြပ်ဆရာတော် ဦးဝိမလ** ဆရာတော်ဘုရားသည်ရန်ကုန်မြို့နေ ပတ္တရာတို့သို့ ကြွတော်မူသည်မှစ၍ယခု အရိုး ပြာသာလျှင် ပြန် ရောက်သည့် တိုင်အောင်အကြောင်းခြင်းရာ တို့ကို ပြောပြပြီးသည်နောက် တပည့်တော်တို့ ဆောင်ရွက်မှုဖြင့် ရွှေဟင်္သာတောရတိုက်ကြီးသည် ကျေးဇူးရှင် ဆရာတော်များ တည်ထောင်ခဲ့သောအခြေ အတိုင်း မပြိုမကွဲ ခိုင်မြဲတည်တန့်မည် ဖြစ်ပါလျှင် အစား, အသောက်,အဝတ်, အနေစသည်ဆင်းရဲချင်တိုင်း ဆင်းရဲပါစေ အောက်ကျနောက်ကျ ခံရပါစေ မငြိုမငြင် ဆောင်ရွက်ပါမည်ဟူ၍ အဓိဋ္ဌာန် ပြုပြီပါပြီဟု ထုတ်ဖော်ပြောကြားလေသည်။

**ရွှေသစ်ဆရာတော်** တိုက်ကြပ်ဆရာတော် အမိန့်ရှိတဲ့အချက်တွေဟာ အလွန် ကောင်း ပါပေ တယ်၊ သည်းခံပြီး ဆောင်ရွက်ပေမယ်လို့ တိုက်တာကို ထိခိုက်လာမည့်ကိစ္စဖြစ်လျှင် သည်းခံပြီး နေလိမ့်မည် မ ဟုတ် ပေ ဘူး၊ သတ္တိထာမ စွမ်းဗလကို မပြမသိ ပြမှသိ၏—ဆိုတာလိုသတ္တိပြရမည့်နေရာ၊အာဏာသုံးရမည့်နေရာကျလျှင်ပြလိမ့်မည်၊ သုံးလိမ့်မည်၊ အဲသည်လိုမပြရ၊မသုံးရလေအောင် သံဃာတော်များက ကြပ်ကြပ်သတိပြုပြီး ကောင်းကောင်း နေ ကြ မှ တော်မည် စသည်ဖြင့် မိန့်ကြားတော်မူသည်။

ထိုနှစ်ဝါတွင်း၌ ရှိသောသံဃာတော်များသည် အထူးငြိမ်သက်ပိယိစွာ သီတင်းသုံးကြသောကြောင့် တစုံတရာမှ အပြစ်ဒေါသ မပေါ်ထွက်ပဲ ဗိုင်းကောင်းကျောက်ဖိ ပမာ ၏သို့ တိုက်အုပ် တိုက်ကြပ် ရွှေသစ်ဆရာတော်မှစ၍ မထေရ်ကြီးများ၏ ဩဝါဒသည် မြေသို့မကျ အချည်းအနှီး မဖြစ်သောကြောင့် ချီးမွမ်းကြည်ညိုထိုက်သော သံဃာအဖြစ်သို့ ရောက်ကြပေသည်။အဝေးသို့ထွက်၍သာသနာကိစ္စကိုဆောင်ရွက်နေကြသော သကျသီဟဓမ္မာစရိယ ဦးသုစိတ္တနှင့် ဦးပညိန္ဒတို့သည်လည်း ထိုဝါက ရွှေဟင်္သာတောရတိုက်၌ ဝါကပ်လျက် အားဖြည့် ဝိုင်း ဝန်းကြသည်။

**၁၃၁၃-ခုနှစ် တန်ဆောင်မုန်းလပြည့်** အထိမ်းမရှိသောချည်ခင် အကွပ်မရှိသောကြမ်းသည် ဘရမ်းပတာ ဖြစ်သည်ကိုလည်း သတိရှေးရှုပြီး ဖြစ်ကြသည်။ ကွယ်လွန်တော်မူသော ဆရာတော် ညွှန်ကြားတော်

မူခဲ့သော အမှာတော်ကိုလည်း ပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိနေကြသေးသည် ဖြစ်၍ သံဃာနှင့်တကွ ဒကာဒကာ မတို့ တိုက်တွန်းလျှောက်ထားသော အာသာဆန္ဒလည်းပြည့် စုံစေခြင်းငှါ မြောင်းမြဆရာတော်, ကျွန်းကုန်း ဆရာတော်, ရွာသစ်ဆရာတော်, ကျိုက္ခမီဆရာတော်တို့သည် သံဃာနှင့်တိုင် ပင်၍ သံဃာများ သဘောတူညီချက်အရ ၁၃၁၃-ခုနှစ် တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့၌ တိုက်တွင်း ရှိ သံဃာတော် များနှင့် အထူးကြည်ညို၍ ဝမ်းမြောက်ဝမ်းသာနှင့် သာဓုအ နုမောဒနာပြုကြရန် ရောက်လာကြသော ဒကာဒကာမ အစုံ အညီမျက်မှောက်တွင်—

တိုက်အုပ်ဆရာတော် အရှင်ဇာဂရကို ရွှေဟင်္သာတောရ ဆရာတော်ဟူ၍ရင်း, တိုက်ကြပ်ဆရာတော်အရှင်ဝိမလကို တိုက် အုပ်ဆရာတော်ဟူ၍ရင်း, သာသနဇောတိက တိုက်ကျောင်း ဘုန်းကြီး အရှင်ဉာဏစံသ (သာသနဇောသိရိပဝရဓမ္မာစရိယ) ကို တိုက်ကြပ်ဟူ၍ရင်း တင်မြှောက်ကြ၍ အသိအမှတ် ပြု တော်မူကြသည်။

၁၃၁၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၌ ညောင်တုန်း မြို့၊ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာ တော်, တိုက်အုပ်, တိုက်ကြပ် တင်မြှောက်သောပွဲသို့ စစ်ကိုင်း တောင်ရိုး ရွှေဟင်္သာတိုက်သစ် ဘုန်းကြီးထံမှ ပေးပို့သော ထောမနာစာ။

ကြိုတင်နှီးနှောတိုင်ပင်ခြင်း, ကြွရောက်ရန် ဘိတ်ကြားခြင်း တို့ကြောင့်တကြောင်း၊ အားပေးချီးမြှောက် လိုသောကြောင့်

ဇာကြောင်း တပည့်တော်သည် ယနေ့ ဆရာတော်, တိုက်အုပ်, တိုက်ကြပ်တင်မြှောက်သောအခမ်းအနားသို့ လာရောက်ထိုက် ပါသည်၊လာရောက်လိုသောဆန္ဒလည်းထက်သန်စွာရှိပါသည်၊ သို့ရာတွင် ယခု ရက်အတွင်း၌ အကြောင်းကြောင်းတို့ကြောင့် မလာရောက်နိုင်သဖြင့် ဤစာကိုသာ ပို့လိုက်ရပါသည်။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရပါဠိတက္ကသိုလ်ကျောင်း တိုက်ကြီးမှ ပေါက်ပွားလျက် ရှိနေကြကုန်သော တိုက်တွင်း တိုက်ပြင် နီးဝေးဌာနတို့၌ သီတင်းသုံးနေတော် မူကြသော သံဃာတော် အပေါင်းနှင့်တကွ ဒကာဒကာမတို့က တောင်း ပန်လျှောက်ထား၍ ချီးမြှောက်ကြခြင်းကြောင့် ယနေ့တတိယ မြှောက် ရွှေဟင်္သာတောရတိုက် ဆရာတော်အဖြစ်ကို လက်ခံ တော်မူရသော အရှင်ဇာဂရ မဟာထေရ်မြတ်သည် စင်ကြယ် သောသီလ, ခိုင်မြဲသော သမာဓိနှင့် ပရိယတ်, ပဋိပတ်နှစ်ရပ် ပြည့်စုံသဖြင့် သိက္ခာတော်ဂုဏ်သုံးပါးနှင့် လုံ့ခြုံပြည့်ဝတော်မူ ခြင်း, မဟာနာယကဂုဏ်, ရိုးသားသော အဇ္ဈဝဂုဏ် စသည်တို့ နှင့် ပြည့်စုံတော်မူသည့်ပြင် ရွှေဟင်္သာတောရတိုက် တည်းဟူ သော ရွှေတွင်းထွက်ဖြစ်၍ ရွှေဟင်္သာတောရ သာသနာ၏ အကျိုးစီးပွားကို လိုလားတောင့်တတော် မူခြင်း, စိရပဗ္ဗဇိတ ရတ္တညျူမဟာတ္တဖြစ်၍ သိက္ခာဝါတော်(၄၀)ကျော်ခြင်းစသည် တို့ကြောင့် ဂုဏ်နှင့်ဂုဏီ နှစ်လီလိုက်လျော၍ သောမနဿပီတိ ဂွမ်းဆီထိသို့ ဝမ်းမြောက်နှစ်သက်ဖွယ် ရှိလှပါပေသည်။

စတုတ္ထမြောက် တိုက်အုပ် ဆရာတော် ဖြစ်တော်မူသော အရှင်ဝိမလသည်၎င်း, သတ္တမမြောက် တိုက်ကြပ် ဖြစ်တော်မူ သော အရှင်ဉာဏဝံသသည်၎င်း ဤဆရာတော် ၂-ပါးတို့သည်

စိတ္တကဲ့ငွှရွှေတောင်၌ ဇာတိအားဖြင့်ဖြစ်သော ရွှေမြေခေတ်သည် ရွှေမြေအနုသေတ္တာကစ၍ အဘိုးအတန်ဆုံး သိင်္ဂရွှေစစ်အဖြစ်သို့ ရောက်သကဲ့သို့ ရှင်သာမဏေ အယွယ် အငယ်ကစ၍ ရွှေဟသ်ာတောရတိုက်၌ ကျေးဇူးရှင် ဆရာတော်ဘုရားများ၏ စောင့်ရှောက်မွေးမြူ သင်ကြားပြသ ဆုံးမပဲ့ပြင် သွန်သင်မှုတည်းဟူသော ဥတုတေဇောခေတ် ပြုပြင်သည်ကို ကောင်းစွာ ခံယူရရှိကြကာ ကြီးပွားထွန်းပေါက် ဆရာတော်ဘုံသို့ ရောက်ကြလျက် ပရိယတ္တိဆေကနိကာယဝိဒ္ဒါ၊ ခဲမ္မာစရိယစာချဆရာတို့၏ဆရာ ထေရာဝံသ ဝိနယပါရဂူ ရတ္တညူမဟာတ္တနာယကဦးတည် အာဇာနည်ပေသလ,လဇ္ဇီသူမွန်, ပုဂ္ဂိုလ်ချွန်တို့ဖြစ်ကြသောကြောင့် အနာဂတ် ခေတ်ခါ ရွှေဟသ်ာ သာသနာအတွက် လကျ်ာလက်ရုံးကို ဆန့်တန်း၍ လက်ပန်းပေါက်ခတ်လောက်အောင် ဝမ်းမြောက် အားရဖွယ် ကောင်းသော အရှင်နှစ်ပါးတို့ဖြစ်သည်ဟူ၍ ဆိုထိုက်ပါပေသည်။

တိုက်သား သံဃာတော်များနှင့် တကွ ဆရာတော်များက အရည်အချင်းအသီးအသီးတည်ရှိကြသည်ကိုသိ၍ ပထမစာချ, ဒုတိယစာချများအဖြစ် တင်မြှောက်ချီးမြှင့်ခြင်းကို ခံယူကြရ၍ ရွှေဟသ်ာတောရကျောင်းတိုက်၏ တာဝန်ကို ဆရာတော်များနှင့်မခြား စိတ်အားတူညီ ကိုယ်စီကိုင်၍ ဆောင်ရွက်ဆဲ ဆောင်ရွက်လတ္တံ့ဖြစ်သော စာချပုဂ္ဂိုလ် တို့သည်လည်း သိပ်သည်းကျစ်လစ် ဆရာကောင်းတပည့် ဖြစ်ကြရုံသာမက ထေရာနုထေရ ရွှေဟသ်ာ ရွှေပင်ထွက်များဖြစ်ကြ၍ ရွှေဟသ်ာတောရကျောင်းတိုက်သည် ရှည်မြင့်စွာ တည်မြဲခြင်း၏ အကြောင်းကောင်းတရပ်ဟု မှတ်ယူအပ်သည်ဖြစ်၍ ဆရာတော်ဘုရားကြီး

အစ, စာချကထိက တိုင်အောင် ရွှေဟင်္သာတောရတိုက်၏ အတွင်း ဝန်ဆောင် ဆရာများ စောင့်ရှောက်အပ်သော ရွှေဟင်္သာတောရတိုက်သည်မြဲမြဲခိုင်တည်လျက် စည်ပင်စွာအဓွန့်ရှည်ကြာ ထွန်းလင်းပေလိမ့်မည်ဟု ယုံကြည်မြော်လင့်ကာ ရှိသည်ကို အကြောင်းကြားအပ်ပါသည်။

အရှင်ပဏ္ဍိတထေရ်
ရွှေဟင်္သာ ဘုန်းကြီး
စစ်ကိုင်းတောင်ရိုး။

**ဆရာတော်အရှင်ဇာဂရ** ရွှေဟင်္သာ တောရ စတုတ္ထမြောက် ဆရာတော် အရှင် ဇာဂရ သည် ၁၂၄၇-ခုနှစ်၊ နှောင်းတန်ခူး လဆန်း (၁၃) ရက် အင်္ဂါနေ့ ညချမ်း ၇-နာရီအချိန် ထားဝယ်မြို့၊ တလိုင်းတောင်ရွာ၌ ဦးသာထူး-ဒေါ်စိန်လုံးတို့မှ ထွန်းကားသော သားဖြစ်သည်၊ ၁၂၅၇-ခုနှစ်၌ သာမဏေဖြစ်၍ ၁၂၆၆-ခုနှစ်၌ ရန်ကုန်မြို့ ကျောင်းတော်ရာတိုက်၊ ကံသာ ကျောင်းသို့ ရောက်သည်။ ၁၂၆၇-ခုနှစ်၌ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရတိုက်၌ ရဟန်းဖြစ်သည်၊ ၁၃၁၀-ခုနှစ်၌ စတုတ္ထမြောက် ရွှေဟင်္သာတောရ တိုက်ဆရာတော်၏တာဝန်ကို လက်ခံတော်မူသည်။

**တိုက်အုပ်ဆရာတော် အရှင်ဝိမလ** ရှင်သာမဏေအဖြစ် အသက် ၁၉ နှစ် ကပင် ပထမကြီးတန်းကို အောင်မြင်၍ ရဟန်းသိက္ခာတဝါရလျှင် ဒုတိယစာချအဖြစ် ချီးမြှောက်ခြင်းကို ခံယူရသော အရှင်ဝိမလသည် သက္ကရာဇ် ၁၂၆၆-ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် ၇-ရက် ဗုဒ္ဓဟူးနေ့ နံနက်

စက်နာရီ ၄-နာရီ ၃၀-မိနစ် အချိန်တံသာ၀တီခရိုင် ကွမ်းခြံကုန်းမြို့၊ တော်ကူးကြီး ရွာ၌ ဖွားမြင်သည်။ ခမည်းတော် မယ်တော်တို့မှာ ဦးထုံး-ဒေါ်နှင်းအိတို့ ဖြစ်သည်၊ သား ၂-ယောက်, သမီး ၂ယောက်,ရှိသည်တွင်အရှင်ဝိမလသည် စတုတ္ထမြောက်သားထွေးဖြစ်သည်၊ ၁၂-နှစ်အရွယ်၌ ရှင်သာမဏေဖြစ်သည်။

၁၂၇၀-ပြည့်နှစ်မှ-၁၂၇၂ခုနှစ်တိုင် စစ်ကိုင်းတောင်ရိုးသုမနာရာမချောင် ဆရာတော် အရှင်သီရိသုမနထေရ်,အရှေ့မှန်ကျောင်းဆရာတော်များ အရှင်သုနန္ဒထေရ်, အရှင်ပဏ္ဍဝထေရ်တို့ထံ၌ စာသင်ကြားကာ နေခဲ့သည်။

ဦးလေးအရင်းဖြစ်သော သုမနာရာမဆရာတော် အရှင်သီရိသုမနထေရ်က ပို့အပ်၍ ၁၂၇၂-ခုနှစ် နတ်တော်လဆန်း ၈-ရက်နေ့ ညောင်တုန်းမြို့ ရွှေဟင်္သာ တောရတိုက်သို့ရောက်သည်။

**ရဟန်းဖြစ်ခြင်း** ရဟန်းဖြစ်ရန် အသက်ပြည့်သော အခါ ကျောင်းတော်ရာ ဆရာတော်ဘုရားကို ဥပဇ္ဈာယ်ပြု၍ စံကျောင်းဆရာတော်, မန္တလေး- အဘယာရာမဆရာတော် အရှင်အဂ္ဂမဟာဘိဝံသ,စစ်ကိုင်းတောင်ရိုးအရှေ့မှန်ကျောင်းဆရာတော်အရှင်သုနန္ဒ, ရွှေဟင်္သာတောရ တိုက်အုပ်ဆရာတော် အရှင်ကလျာဏစသော ဆရာတော်များက ကမ္မဝါစာ ဆရာအဖြစ်ဖြင့်၎င်း, ၇၈-ပါးသော သံဃာတော်တို့က ကာရကသံဃာ အဖြစ်ဖြင့်၎င်း ချီးမြှောက်တော် မူကြသည်ဖြစ်၍ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်၌ ရဟန်း

အဖြစ်သို့ရောက်သည်။သာသနဝံသာနုရက္ခတိုက်ကျောင်းဒါယကာ ပွဲစားကြီး ဦးဘိုးဆင့်,ဒေါ်လေး,သားဦးဘသန်း, သမီး ဒေါ်သိန်းညွန့်တို့သည် ရဟန်းဒါယကာဖြစ်ကြသည်။

ရဟန်းသိက္ခာ ၃-ဝါရလျှင် ပခုက္ကူ မဟာဝိဇယာရာမ တိုက်သစ်ဆရာတော် အရှင်ဇဝနထံ၌ တဝါမျှပါဠိအဋ္ဌကထာများကို နည်းယူဆည်းပူးခဲ့သည်။

၁၃၁၀-ခုနှစ်တွင် ရွှေဟင်္သာ တောရတိုက်၌ တိုက်ကြပ်ဖြစ်သည်၊ ထိုနှစ်၌ အရှင်ဝိမလသည် သိက္ခာ၂၅-ဝါရရှိလေပြီ။

၁၃၁၃-ခုနှစ် ရဟန်းသိက္ခာ ၂၈ - ဝါအရတွင် တိုက်အုပ်ဖြစ်၍၊ ရွှေဟင်္သာတောရတိုက် သာသနာကို ယနေ့တိုင် ကြိုးပမ်းဆောင်ရွက်ဆဲ ရှိလေသည်။ ဒုတိယ အကြိမ်ကျစာရေးသော ၁၃၃၄-ခုနှစ်၌ တိုက်အုပ်ဆရာတော်အရှင်ဝိမလသည် သက်တော် ၆၈-နှစ်ရှိလေပြီ။

**အရှင်ဉာဏဝံသ** ရဟန်းသိက္ခာ ၂၄-ဝါအရ ၁၃၁၃-ခုနှစ်၌ တိုက်ကြပ်ဖြစ်၍တိုက်တာ၏ တာဝန်ကိုအားကြိုးခန္ဓဲ ဆရာတော်, တိုက်အုပ်ဆရာတော်တို့၏ နောက်ပိုင်းကနေ၍ လုံ့ဝဥဿုံသိမ်းကျုံး ဆောင်ရွက်နေသော ပုဂ္ဂိုလ်မှာ ယခုလက်ရှိ တိုက်ကြပ်ဆရာတော် အရှင်ဉာဏဝံသဖြစ်သည်၊ ပထမစံကျောင်းဆရာတော်နှင့် တိုက်အုပ်ဆရာတော် (ဒုတိယစံကျောင်း)တို့သည်အယူအဆ အတိုင်းအဖောက်ညီတော်မူကြသကဲ့သို့၊ ထို့အတူ အရှင်ဝိမလနှင့် အရှင်ဉာဏဝံသတို့သည်လည်း အယူအဆချင်း သဘောချင်းတူညီကြပါသည်။

အရှင်ဥာဏဝံသကို ပဲခူးမြို့ပေချောင်းရွာ၌ မွေးဖွားသည်၊ ဦးဘိုးကြူး-ဒေါ်လှမေတို့၏ သားသမီး၅-ယောက်တွင် တတိယမြောက် သားကောင်းဖြစ်သည်၊ ၁၂၇၀-ပြည့်နှစ်ဝါဆိုလဆန်း၃-ရက် အင်္ဂါနေ့သည် အရှင်ဥာဏဝံသ၏ ဤဘဝသို့ရောက်သော နေ့ကောင်းရက်သာဖြစ်သည်၊ အရှင်ဥာဏဝံသသည် စတုတ္ထတန်းတိုင်အောင် စာသင်ကျောင်း၌ နေခဲ့ရသေးသည်၊ ပေချောင်းရွာအနောက်ကျောင်း ဂိုဏ်းချုပ်ဆရာတော်ကြီးထံ၌ လောကုတ္တရာစာပေ သင်ကြား၍ ၁၁-နှစ်အယွယ်၌ ရှင်သာမဏေဖြစ်သည်။

ပေချောင်းဆရာတော်ကြီး အမြော်အမြင်ကြီးစွာဖြင့် ပို့အပ်၍ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ဆရာတော်များထံရောက်သည်။ ရွှေဟင်္သာတောရသို့ရောက်၍ စာပေအားထုတ်ရာ ၁၂၈၇-ခုနှစ်၌ ပထမငယ်အောင်သည်၊ ၁၂၈၈-ခုနှစ်၌ ပထမလတ်အောင်သည်။

မိဘနှစ်ပါးတို့က ရဟန်းဒါယကာပြု၍၊ စံကျောင်းဆရာတော်ဘုရားက ဥပဇ္ဈာယ်ဆရာအဖြစ် ချီးမြှောက်တော်မူသဖြင့် ၁၂၈၉-ခုနှစ် ပြာသိုလကွယ်နေ့ ညဉ့်၇-နာရီ ၃၅မိနစ်၌ရဟန်းအဖြစ်သို့ ရောက်သည်။ ၁၂၉၀ ပြည့်နှစ်၌ ပထမကြီးအောင်သည် (ထိုအချိန်၌ စာချတန်း မရှိသေး)၊ ရဟန်းသိက္ခာ၅-ဝါအရတွင် မန္တလေး အဘယာရာမဆရာတော် အရှင်အဂ္ဂမဟာဘိဝံသထံ၌ရင်း၊ ပခုက္ကူအရှေ့တိုက်သစ် ဆရာတော်ထံ၌ရင်းစာပေပို့ချနည်းစုံတို့ကို ဆည်းပူးလေ့လာခဲ့သည်။ ၁၂၉၇-ခုနှစ်၌ရွှေဟင်္သာတောရတိုက်သို့ပြန်ခဲ့သည်၊ ရင်းနှစ်သိက္ခာ ၈-

ဝါအရတွင် စာချကထိကအဖြစ် ချီးမြှောက်ခံယူရသည်၊ မိမိ စာချပေးသော တပည့်များသည်ပင် စာချတန်း ကို အောင် မြင်ကြလေပြီ၊ ထိုတပည့်များက တိုက်တွန်းသဖြင့် ၁၃၀၉-ခုနှစ်၌ ဝင်ရောက်ဖြေဆိုရာ ဂုဏ်ထူး၆-ကျမ်းနှင့်တကွ ကျမ်း ရင်း၃-ကျမ်းကို တနှစ်ထဲအောင်မြင်သည်။

စာချ တန်းအောင်မြင်သောကြောင့် ရွှေဟင်္သာတောရ ပါဠိ တက္ကသိုလ်၌ စာချကထိကဖြစ်သည်။ ၁၃၁၃-ခုနှစ်၌ နောက်ဆရာရေးခဲ့သည့်အတိုင်း တိုက်ကြပ်အဖြစ်သို့ရောက်သည်။ ယနေ့သက်တော်၆၄-နှစ်ရှိလေပြီ၊တိုက်တာသာသနတာဝန်ကို လည်းစိတ်အားထက်သန်စွာဖြင့် ဆောက်ရွက်လျက်ရှိသည်။

ကြို့ကုန်းဆရာတော် ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် မှ ပေါက်ပွားကာ ထိုထိုအရပ်တို့၌ မိမိ တို့အင်အား အလျောက် သာသနာတော်ကို ဆောင် ရွက်တော်မူကြသော မထေရ်ကြီးတို့သည် အများပင် ရှိ ကြ ကုန်၏။ သို့ရှိသလောက်ကို ပြည့်စုံအောင် ဤသမိုင်း၌ ထည့် သွင်းဖော်ပြရန် မဖြစ်နိုင်တော့ပေ၊ အချို့အဝက်အနည်းငယ် မျှကိုသာ ထုတ်ဖော်လိုက်ရသည်။

ရွှေဟင်္သာ တောရတိုက်မှ ထွန်းကား၍ အ ရပ် တ ပါး သို့ ရောက်ကာ သီတင်းသုံးနေကြသော်လည်း ဖွားမြင်ရာဌာန ဇနီကာ မိခင်အဖွယ် ဖြစ်သော ရွှေဟင်္သာ တောရတိုက်၏ ကျေးဇူးကို အစဉ်သတိရလျက် အကြောင်းရှိတိုင်း စွမ်းနိုင် သည့်ဘက်က အားပေးကူညီ စောင့်ရှောက်လေ့ ရှိသော မထေရ်ကြီးတို့တွင် ကြို့ကုန်းဆရာတော်ကြီးသည် တပါးအပါ

အဝင်ဖြစ်သည်။ ပျံလွန်တော်မူသော ဆရာတော်ကြီးများ သက်တော်ထင်ရှားရှိစဉ်ကထက် ကွယ်လွန်တော် မူပြီးသော အခါ၌ ပိုမို၍ ရွှေဟင်္သာတောရတိုက်အရေးဆိုလျှင် အားပေး တော်မူကြသည်။ ကြို့ကုန်းဆရာတော်သည် ဘုန်းတော်ကြီး ဦးသီလ၏ အနေမျိုးကို အားကျလိုလားသောဆန္ဒ ငယ်ငယ် ကပင်ရှိခဲ့၍ သိက္ခာ ၁၄-ဝါ အရတွင် အင်းစိန် ကြို့ကုန်း တောရကျောင်း၌ တောထွက် သီတင်းသုံး နေ လေ သည်။ ထိုကျောင်း၌နေစဉ် ရဟန်း ၁၀၅-ပါး၊ သာမဏေ ၃၃၇- ပါး ထွန်းကားသည်ဟု သိရသည်။ ယခုကားသက်ယွယ်တော် ကြီးသဖြင့် ကြို့ကုန်းတောရကျောင်းကို သီလသုတ နှစ်ဌာန ပြည့်ဝသော သိက္ခာ ၃၁-ဝါရ တပည့် ဦးစန္ဒာဝရ အား လွှဲအပ်တော်မူ၍ ဆရာတော်သည် ကျိုက်ဝိုင်း, သမိုင်း, ကြို့ ကုန်း ကျောင်းသစ်၌ သီတင်းသုံးတော်မူသည်။

ငယ်ဆရာဖြစ်သော ညောင်တုန်းမြို့ ယာမာကျောင်း ဆရာတော်ကြီးက လွှဲအပ်ချီးမြှင့်ခဲ့သော ယာမာကျောင်းကို လည်း ရွှေဟင်္သာ တောရတိုက် စာချ ကထိက မင်္ဂလာ စံကျောင်းဘုန်းကြီး ဦးစန္ဒောဒယကို စောင့်ရှောက် နေထိုင် စေသည်၊ သိမ်ဖြစ်မြောက်စေရန်လည်း ကြို့ကုန်းဆရာတော် ဆောင်ရွက်ပေးတော်မူသည်။ ကြို့ကုန်း ဆရာတော် သည် ကျောင်းတော်ရာ ဆရာတော်ကြီး၏ သဒ္ဓိဝိဟာရိက တပည့် ရွှေဟင်္သာတောရတိုက်၌ ရဟန်းအ ဖြစ် သို့ ရောက် သော ညောင်တုန်းမြို့သား ဖြစ်သည်။ သက္ကရာဇ် ၁၂၄၇-ခုနှစ် နယုန်လဆန်း ၁၃-ရက် အင်္ဂါနေ့ နံနက် ဂ-နာရီအချိန် ဖွား မြင်သည်။ ဇရပ် ဒကာကြီး ဦးကောင်း၊ ဒေါ်အုံတို့၏သား

တော်ဖြစ်သည်။ ဂ-နှစ်သားအယွယ်၌ ယာမာကျောင်း ဂိုဏ်းအုပ်ဆရာတော် အရှင်စန္ဒာဝရထံ၌ သာမဏေဖြစ်၍ ရွှေဟင်္သာတောရတိုက် ကျောင်းတော်ရာ ဆရာတော် ဘုရားကြီး ထံ၌ ရဟန်းဖြစ်တော်မူသည်၊ ယခုကား ပျံလွန်တော်မူလေပြီ။

**ဆရာတော် ဦးယုဂန္ဓရ** ကြို့ကုန်း ဆရာတော်၏ အကိုဝမ်းကွဲတော်၍ ရွှေဟင်္သာ တောရတိုက် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးထံ၌ ရဟန်းဖြစ်ကာ သိက္ခာ ဝါ ၂၀-ကျော်တိုင်အောင် ရွှေဟင်္သာတောရတိုက် စမွယ်ရုံကျောင်း စာချဘုန်းကြီးအဖြစ်ဖြင့် စာပေပို့ချတော်မူခဲ့သော အရာတော် ဦးယုဂန္ဓရသည် စာတတ်၊ စိတ်အေးစိတ်ကောင်းရှိသော ဆရာတော်ဖြစ်သည်။ မြန်မာစာပေအရေးအသားလည်း ဝါသနာပါရှိတော်မူသည်။ ပျော်ပျော်နေတတ်သည်၊ စာတော်သလောက် စာဝါသနာ မပါလှ၍တခါတရံ ရယ်စရာကဲ့သို့ဖြစ်ရသည်၊ စာတက်ရန် တပည့်များလာချိန်နီးလျှင် စာချပျင်းသောကြောင့် တိမ်းရှောင်နေတတ်သည်။ ဤစာရေးသောဘုန်းကြီးသည် ဆရာတော် ဦးယုဂန္ဓရထံ၌ ဝိနည်းပါဠိတော်များကိုဆိုဝါနှင့် တက်ဘူးသေးသည်။ ဆရာတော် ဦးယုဂန္ဓရ စာသင်သား ဘဝက မန္တလေး၊ ရန်ကုန်၊ မန်ကျည်းစောက်၊ ပြွန်တန်ဆာတို့သို့ ဗဟုသုတဆည်းပူးရန် ကြွသွားပြီးနောက် ရွှေဟင်္သာ တောရသို့ပြန်ရောက်သောအခါ အောက်ပါ ဂါထာကိုရေးခဲ့ဘူးသည်။

ဥက္ကိတ္တာ ပုညတေဇေနေ၊
မန္တလေး ရန်ကုန် ဂတိံ ဂတာ။

မန်ကျည်းစောက် မြွန်တန်ဆာ သမ္ဘတ္တာ၊
ပုန အာယာမ ညောင်တုန်းကို။

## ဆရာတော် ဦးယုဂန္ဓရ၌ ဝမ်းမြောက်ဖွယ် အကျိုးပေးပုံ

အခါတပါး ဆရာတော် ဦးယုဂန္ဓရ ဖျားသောကြောင့် မိမိသည် ဝတ်ပြုရင်း သွားရောက်မေးမြန်း၏၊ အခြားပုဂ္ဂိုလ်များလည်းမရှိ၊ အဖျားရောဂါမှာလည်း ပျောက်ကင်း သလောက် သက်သာနေပြီဖြစ်၍ စိတ်လက် လန်းလန်းဆန်းဆန်းရှိစဉ် ဖြစ်သောကြောင့် မကြားရဘူးသော ရှေး ဟောင်းနှောင်းဖြစ်တရပ်ကို ပြောကြားသည်မှာ သံဝေဂသံလည်း ပါ၍ သံသရာ၏ အခြင်းအရာကို ဆင်ခြင်ကာ သတိတရားထားစရာ မကောင်းမှု ဒုစရိုက်တို့ကို ရှောင်ကြဉ် စေကြောင်းတရားလည်းဖြစ်၏။

ပြောကြားသော စကားမှာ- "ဘုန်းကြီးသည် နောက်ဘဝက မိန်းမဖြစ်ခဲ့သည်" ဟု အစချီရာ "မိမိသည် အံ့အားသင့်သွား၏၊ ဆက်လက်၍ ပြောသည်မှာ "မိန်းမ ဖြစ်သော်လည်း တပြည်တရွာမှာဖြစ်သည်မဟုတ်၊ သည်ညောင်တုန်းမြို့ သည် အမေထံမှာပဲ သမီး အလတ် ဖြစ်ခဲ့ဘယ်၊ အသက် ၁၇-နှစ်အယွယ်၌ စဲကြီးပေါက်၍ ၎င်းရောဂါဖြင့်ပင် သေဆုံးခဲ့သည်၊ ယခုဘဝ၌ သည်အမေရဲ့ သားအငယ် လာဖြစ်တယ်၊ဟိုဘဝက မုံ့ဟင်းခါး ဝယ်စားခဲ့တဲ့ ပိုက်ဆံအကြွေးတမတ်ကို ခုဘဝမှ ဆပ်လိုက်ရတယ်၊ သံသရာမှာကျင်လည်ရတာ ပေါ့ပေါ့ဆဆ မနေသင့်ကြဘူး၊ ငါယောကျ်ားပဲ၊ ငါမိန်းမပဲ၊ ငါဘယ်အမျိုးပဲ၊ တရုတ်ပဲ၊ ကုလားပဲ စသည်ဖြင့် စွဲလမ်းကာ

မာန်တက်စရာလဲ မသင့်ဘူးပေါ့၊ အေး- ဒါကြောင့် ဘုန်းကြီး တော့ ကိုယ့်နောက်ကြောင်းကို ကိုယ်တိုင်သိခဲ့သဖြင့် နိဗ္ဗာန် မရမီ ကာလအတွင်း၌ ယောကျ်ားဘဝ မြဲအောင် ယခုရဆဲ ယောကျ်ားဘဝနှင့် အမြတ်ထုတ်ရအောင် သာသနာဘောင် ဝင်ခဲ့တာပဲ” စသည်ဖြင့် နောက်ကြောင်းနှင့်တကွ တရား စကားပြောကြားတော်မူသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်၌ ညောင်တုန်းမြို့ ယာမာကျောင်းတွင် သီတင်းသုံးတော်မူသည်။ ရွှေဟသ်ာ တောရတိုက်ကိုလည်း အပြင် အပမှ တတ်နိုင်သမျှ စောင့် ရှောက်တော်မူသည်။ ၁၃၁၅-ခုနှစ် သက်တော် ၇၃-နှစ် ယာမာကျောင်း၌ပင် ပျံလွန်တော်မူသည်၊ ရွှေဟသ်ာတောရ တိုက် စတည်စဉ်က ယနေ့တိုင် ဆည်းကပ် ကြည် ညို ကာ ကျောင်း, ကန်, ဇရပ် စသည် ဆောက်လုပ်ကြသော ဒကာ အချို့သည် ဆရာတော် ဦးယုဂန္ဓရနှင့် ကြို့ကုန်းဆရာတော် တို့၏ ဆွေမျိုးသားချင်းများဖြစ်ကြသည်။

**ဆရာတော် ဦးဂန္ဓသာရ** ဟသ်ာတမြို့, ရွှေ ဟ သ်ာ ကျောင်း ဆရာတော် ဦးဂန္ဓသည် ရွှေဟသ်ာ တောရဇာတိပင် ဖြစ်သည်၊တိုက်စိတ်တိုက်သွေးအလွန်ရှိသည်၊ ဟသ်ာတ၌နေသော်လည်း ရွှေဟသ်ာတောရသို့ နှစ်စဉ်ရောက် သည်၊ ရွှေဟသ်ာတောရ အကြောင်းကိစ္စကြီးငယ်ရှိလျှင် ပင့် သည်ဖြစ်စေ,မပင့်သည်ဖြစ်စေ ရောက်လာတတ်သည်၊ တတ်နိုင် သည့်ဘက်က စိတ်အား ထက်သန်စွာနှင့် ဆောင်ရွက်လေ့ရှိ သည်။ အသံကောင်း, အပြော အဟောကောင်း ဖြစ်သည်၊

ပရိသတ်အလယ်၌ ရဲရင့်သည်၊ ကောင်းသောကိစ္စကို ဆောင်ရွက်ရာ၌ ရှက်သည့်, ကြောက်သည့်တို့မှာ ဦးဂန္ဓသန္တာန်၌မရှိချေ၊ ရှင်ရော လူပါ ဦးဂန္ဓကို ကြည်ညိုခင်မင်ကြသည်၊ ဦးဂန္ဓကြွလာသောအခါ အားရဝမ်းသာ ရှိကြသည်၊ ထေရ်ကြီးများကို လေးစား၍ လူငယ်များအား ငဲ့ညှာတတ်သည်၊ စကားကို ဘွင်းဘွင်း ပြောတတ်သည်၊ ဦးဂန္ဓကဲ့သို့သော သားကောင်းတပါးကို ရွှေဟင်္သာတောရမှ ပေါက်ဖွား စေလိုက်ရသည်မှာ ကျေးဇူးများလှသည်။

**ဆရာတော်ဦးဝိလာသ** မြန်မာနိုင်ငံ၌ ပရိတ်ဒေသနာတော်ကို သံဃာတိုင်းပင် အကြောင်းအားလျော်စွာ ရွတ်ဆိုကြကုန်၏။ သို့ရွတ်ဆိုကြသော်လည်း ပရိတ်တန်ခိုးထင်ရှား ဖြစ်ပေါ်ကာ အကျိုးပေးသူကား နဲပါးလှသည်၊ အချို့တခါတရံ မိမိရွတ်ဖတ်သော ပရိတ်အာနုဘော်ကြောင့် အကျိုးကျေးဇူး တကြိမ်တလေ ပေါ်ပေါက်ကြမည်ဖြစ်သော်လည်း တကြိမ်တလေမျှဖြစ်၍ မပြန့်နှံ့ မထင်ရှားပဲရှိသည်၊ ရန်ကုန်မြို့,ဗဟန်း, ကျောင်းတော်ရာရွှေကျင်တိုက်, ကံသာကျောင်း,ကံသာဆရာတော်သည် ပရိတ်တော်ကို ရွတ်ဖတ်ရာ၌ ပရိတ်တန်ဘိုး ပရိတ်အကျိုး ထင်ရှားသောအကြိမ်ပေါင်းများသောကြောင့် မြန်မာနိုင်ငံ၌ ကျော်ကြားသော ပရိတ္တဓမ္မကထိကဆရာတော်ဖြစ်သည်၊ အကျိုးပေးထင်ရှားသည်မှာလည်း ထင်ရှားထိုက်၍ ထင်ရှား သည်ဟု ဆိုရပေမည်၊ အကြောင်းမူကား—ပရိတ်တော်ပါဠိကို မှန်ကန်စွာ ရွတ်ဆိုသည်၊ အနက်ဖော်၍ ရွတ်ဆိုသည်၊ အသံကျယ်ကျယ် စိတ်ပါလက်ပါ ထက်ထက်သန်သန် သာယာနာပျော်ဖွယ် ရှိအောင် ရွတ်ဆို

သည်၊ ဂိလာနအဘို့ ရွတ်ဆိုရလျှင် တကယ်ကရုဏာ ရှေ့ထား
၍ ရွတ်ဆိုသည်၊ ကြားနာရသော ပရိတ္တဓမ္မသဝနပုဂ္ဂိုလ်များ
ဝမ်းမြောက်ကြည်သာ ဖြစ်အောင် ချိုမြိန်သော အသံဖြင့်
အနက်ပြန်သစ္စာပြုကာ ရွတ်ဆိုသည်၊ ဂိလာနပုဂ္ဂိုလ် အားရှိ
၍စိတ်ချမ်းသာစေရန် တရားစကားအနည်းငယ်လည်း ဟော
ပြောသည်၊ ပရိတ်ရွတ် ပင့်လျှောက်လာလျှင် ပစ္စယာမိသကို
ရှေ့မရှုပဲ သံဃာ ၅-ပါး ပြည့်အောင်ကြွ၍ ရွတ်လေ့ရှိသည်၊
မိမိနှင့်အတူရွတ်သောပုဂ္ဂိုလ်များကိုလည်း မိမိကဲ့သို့ စိတ်အား
ထက်သန်စွာဖြင့် ကရုဏာရှေ့ထား၍ ရွတ်စေသည်၊ ဤသို့
စသော အကြောင်းတို့ကြောင့် ပရိတ်တန်ခိုး ပရိတ်အကျိုး
ထင်ရှားစွာ ပေါ်လာသည်ဟု ဆိုရတော့သည်။

ကံသာဆရာတော်သည် ရွှေဟင်္သာတောရတိုက် ဒုတိယစံ
ကျောင်းဆရာတော် အရှင်ကလျာဏ၏ ခမည်းတော် ဦးဘိုးတူ
၏ ညီအရင်းဖြစ်သည်၊ ဆရာတော်ဦးဝိလာသသည် ကံသာ
ဆရာတော်ထံ၌ကျောင်းသားဘဝ, သာမဏေငယ် ဘဝကစ၍
စာပေပညာသင်ကြားကာ နေခဲ့သည် ဖြစ်၍ ကံသာဆရာ
တော်၏ငယ်တပည့် ဇာတိထားဝယ်မြို့ကျောက်မော်သားဖြစ်
သည်၊ သာမဏေအဖြစ်နှင့်ပင် ညောင်တုန်းရွှေဟင်္သာ တောရ
တိုက် ပ-ဒု့စံကျောင်း ဆရာတော်များထံ ရောက်သည်၊သာမ
ဏေအဖြစ်နှင့် ငယ်-လတ်အောင်မြင်သည်၊ အကြီးတန်းကို
ဆက်လက်မဖြေပဲ၊ အလိုရှိရာစာပေတို့ကို သင်ကြားလေ့လာ
ပေသည်၊ အကြီးတန်းဖြေလျှင်လည်း အောင်နိုင်သော အာ
ရည်အချင်းရှိသည်၊ဆရာတော်ဦးဝိလာသသည်ဉာဏ်ကောင်း,
အဟောအပြောကောင်း, စာရေးကောင်းဖြစ်၏၊ ဝီရိယလည်း

ကောင်း၏၊ ကျန်းမာရေးလည်းပြည့်စုံ၏၊ ဓမ္မကထိက တပါး ဖြစ်၏၊ တရုတ်ဘုန်းကြီး **ဗာဟီယန်ခရီးစဉ်**ကို မြန်မာဘာသာ ပြန်၍ **စာအုပ်ထုတ်ဝေခဲ့ဘူး**၏၊ ရဟန်းသိက္ခာ ၆-ဝါ အရ ရွှေဟင်္သာတောရတိုက်၌ ပုပ္ဖါရုံကျောင်းဘုန်းကြီး အဖြစ်,စာချအဖြစ် ချီးမြှင့်သည်ကို ခံယူရသည်၊ သို့ရာတွင် ရန်ကုန်,ပဲခူး, ကျောက်တန်းတို့၌သာသွားချည်လာလှည့်နေသည်မှာပျံတော်မူသည်အထိဖြစ်၏၊ ဆရာတော်များနှင့် ရွှေဟင်္သာ တောရ တိုက်အရေးဆိုလျှင် မိမိအရေးနှင့် ထပ် တူ သ ဘော ထား ၍ ဆောင်ရွက်လေ့ရှိသောကြောင့် ရွှေဟင်္သာတောရ အ တွက် အားထားရသော ဆရာတော်တပါး ဖြစ်၏၊ သက်တော်၇၂ နှစ်အရောက် ခရီးသွားရင်း ပဲခူး၌ပျံလွန်တော်မူသည်။

**မြဘုံသာဆရာတော်** ရွှေဟင်္သာတောရတိုက် သံ ဃာ တော် များ ဆွမ်းကိစ္စချမ်းသာစေရန် ဝတ္ထုကမ် အသင်းတည်ထောင်၍ ၎င်းအသင်း၏ ငွေ ထိမ်း အ ဖြစ် ဦးစွာဆောင်ရွက်လျက်၊ ကိုယ်တိုင်ငွေတသောင်း ပါဝင်လှူဒါန်းသော သာသနပါလတိုက် ကျောင်းနှင့် သိမ် ပိ ဋ က တိုက်ကျောင်းဒါယကာ ဦးလူလေး ဒေါ်ကြင်တို့၏ ပစ္စည်း လေးပါးကိုခံယူ၍ ရွှေဟင်္သာတောရတိုက်၌ ရဟန်းဖြစ်သော မြဘုံသာဆရာတော်သည်သာမဏေဘဝက ငယ်-လတ်-အောင် ၍ ရဟန်းအဖြစ်၌ အကြီးအောင်မြင်သည်၊ပ-ဒု-တစ်ကျောင်း ဆရာတော်တို့နှင့် စက္ကော့ဆရာတော် အရှင်ဥာဏဗလ၏ ငယ်တပည့်ရင်းဖြစ်သည်၊ ဦးဓမ္မိဿရဘွဲ့ရ မြဘုံသာဆရာတော် သည် ရဟန်းဖြစ်ပြီးနောက် ရွှေဟင်္သာတောရတိုက်၌ပင် စာပေပို့ချ လျက်နေ၏။ ပန်းတနော်ရွာသစ် ဒကာများက ကျောင်းဘုန်း

ကြီးလျှောက်တောင်းသဖြင့် ဦးဓမ္မိဿရကို ဆရာတော်များက အခွင့်ပြုလိုက်သောကြောင့် ပန်းတနော်မြို့ တဘက်ကမ်း ရွာသစ်, မြဘုံသာကျောင်း၌ စာသင်တိုက်ဖွင့်၍ စာပေပို့ချနေလေသည်၊ စာသင်သား ၃၀ - ကျော်တိုင် ရှိခဲ့၏၊ ငယ်, လတ်, ကြီးအောင် တပည့်များလည်း ပေါ်ထွက်လာကြ၏၊ မြဘုံသာဆရာတော်သည် အဟောအပြော ဘက်ကလည်း စွမ်းဆောင်နိုင်သောကြောင့် မြဘုံသာ ကျောင်းတိုက်သည် ဒေသရပ်ရွာ အားလျော်စွာ ကြီးပွားတိုးတက်ခဲ့၏။ ဒုတိယကမ္ဘာစစ်ကြီး ပြီးငြိမ်းပြီးနောက် ပန်းတနော်မြို့ရောနယ်ပါ အကြီးအကျယ် အန္တရာယ်ဖြစ်လာသောကြောင့် ရန်ကုန် သို့ ပြောင်းရွှေ့နေရာယခုအခါ တောင်ဥက္ကလာပ၌ မြဘုံသာ အမည်ဖြင့် ကျောင်းတည်၍ သီတင်းသုံးလျက်ရှိသည်။

**ရွှေကျင်ကျောင်းသစ်** ရန်ကုန်မြို့,ဗဟန်းရပ်ရေတာရှည်လမ်းသစ် ရွှေဟသ်ာတောရ ရွှေကျင်ကျောင်းသစ် အမည်ဖြင့် ရွှေဟသ်ာတောရ ဆိုင်ရာဌာနတခုရှိ၏၊ထိုဌာနမှာ မူလဂရမ်ပိုင် ဦးဘိုးအောင်က ရွှေဟသ်ာတောရ ဆရာတော်များအား ဂရမ်နှင့်တကွ အပ်နှင်းလှူဒါန်း သဖြင့် ဒုတိယကမ္ဘာစစ်ကြီးပြီးစ ၁၃၀၇-ခုနှစ်ဝါဦးမှစ၍ စံကျောင်းဆရာတော်ဘုရားနှင့် တိုက်အုပ်ဆရာတော် (ဒု-စံကျောင်းဆရာတော်)တို့ကဒကာကြင်(ထိုအချိန်က အင်္ဂလန်သံအမတ်ကြီး)ကို အာရာမပါလက ပစ္စယဒါယကာအဖြစ် တာဝန် ဖွဲ့စေကာ တည်ထောင်သောကျောင်းတိုက်ဖြစ်၏။

ရွှေကျင်ကျောင်းသစ် တည်ထောင်ခြင်း၌ ဆရာတော်များ၏ရည်ညွှန်းချက်မှာသာသနာရေးကိစ္စနှင့်စပ်၍ရွှေဟသ်ာ

တောရတိုက်မှ ရန်ကုန်သို့ ကြွကြရသော ဆရာတော်များနှင့် တကွ သံဃာများသည် ရန်ကုန်၌ ချမ်းသာစွာ တည်းခိုနိုင်စေရန်ဖြစ်၏၊ ဒကာကြင်သည် ဝတ္တုငွေ ငါးထောင်ကျော် မတည်၍ ကျောင်းတကျောင်းဆောက်လုပ် လှူဒါန်း သည်၊ လစဉ်ဆွမ်းစရိတ်(၅ဝိ)ကိုလည်း ကပ္ပိယထံ အပ်နှင်း၍ ဆွမ်းကိုလှူဒါန်းသည်၊ အာဂန္တုထေရ်များ ရောက်လာလျှင်လည်း ပို့၍အားထုတ်သည်၊ ဆရာတော်များကြွလာသော အခါ၌ ကား ယာဉ်ကိုလည်း အလိုရှိတိုင်း ပို့ဆောင်ကာ ယာနဒါနပြု၏၊ ရွှေကျင်ကျောင်းသစ်ကို ရွှေဟင်္သာတောရတိုက်ဆရာတော်များအဆက်ဆက် ရက္ခကဂေါပကအဖြစ် စောင့်ရှောက်အုပ်ချုပ်တော်မူကြရန် ရွှေဟင်္သာတောရ သံဃိကအ ဖြစ် ရေစက်သွန်းချကာ လှူဒါန်းထားလေသည်။

ထိုနောက် အငြိမ်းစားနယ်ပိုင်ဝန်ထောက် ဦးဖွေး(ဦးသီရိမန္တ)က မူလကျောင်းမြေ၏ အထက်ကုန်းမြေကို ဂရမ်ယူ၍ သီရိမန္တစံကျောင်း အမည်ဖြင့်ကျောင်းတဆောင် ဆောက်လုပ် လှူဒါန်းသည်၊ ရန်ကုန်မြို့ ဗဟန်းရပ်,ကုန်သည် သိမ်ဒါယကာ ဦးအုန်းမောင် ဒေါ်အေးမြ၊ သားမောင်ခင်ညွန့်,သမီးညွန့်ညွန့် တို့က ထိုမြေကွက်၌ ကျောင်းတကျောင်း ဆောက်လုပ်လှူဒါန်းကြသည်၊ ရန်ကုန်မြို့,၁၂၈-လမ်း,ဒေါ်သန်း,ဒေါ်ပေ ညီအစ်မတို့က၇ဝဝိ ကျော်တန် အုပ်လှေကားတည်ဆောက် လှူဒါန်းကြသည်။

**ဦးသီရိမန္တ** သီရိမန္တစံကျောင်းဒါယကာ ဘုန်းကြီး ဦးသီရိမန္တအကြောင်းကိုလည်း သိကောင်းသည်ဖြစ်၍ သပ္ပုရိသတို့အတုယူလိုက ယူကြစေရန် ဖော်ပြပါဦးအံ့။

အဆိုပါဘုန်းကြီး ဦးသီရိမန္တသည် အင်္ဂလိပ် လက် ထက်က အစိုးရအမှုထမ်း အဖြစ်ဖြင့် အဆင့်ဆင့်တက်ကာ အင်္ဂလိပ်များအထွက်တွင် နယ်ပိုင်ဝန်ထောက်အဖြစ်ဖြင့် ရှိနေ ခဲ့သည်၊ ဂျပန်ခေတ်၁၃၀၅-ခု ဝါဆိုလပြည့်ကျော်၁-ရက်နေ့တွင် ဂိဟိသုခထက် သမဏသုခ၏ မြင့်မြတ်လှပုံကို လုံးစုံတွေးထင်, ဥာဏ်မှန်ဝင်ပြီးလျှင် ကျေးဇူးရှင် ရွှေဟင်္သာတောရ စံကျောင်းဆရာတော်နှင့်တိုက်အုပ်ဆရာတော်(ဒု-စံကျောင်းဆရာတော် )တို့ထံ၌ ရဟန်းအဖြစ်သို့ ရောက်၍ ဓမ္မ ရတိ ဖြင့် မွေ့လျော်လျက်ရှိရာ ပထမအကြိမ် ဤစာရေးသော အချိန်၌ ရဟန်းသိက္ခာ ၂၀ ါရရှိလေပြီ။

ထိုဘုန်းကြီး ဦးသီရိမန္တသည် ကျေးဇူးရှင်ဆရာတော်ကြီးများနှင့်တကွ ရွှေဟင်္သာတောရသံဃာများ ရန်ကုန်သို့ရောက်သည့်အခါ ချမ်းသာစွာ သီတင်းသုံးတော်မူနိုင်မှုကို ပဓာနပြုကာ အောက်၌ ဖော်ပြရာပါ အာရာမ်မြေနှင့်တကွ ကျောင်းကို ဆောက်လုပ်၍ ရွှေဟင်္သာတောရ ကျောင်းတိုက်အား စာမှတ်စာတမ်းနှင့်တကွ လှူဒါန်းခြင်းဖြစ်သည်၊ ထိုကျောင်းကိုလည်း ကျောင်းဒါယကာ ဘုန်းကြီးဦးသီရိမန္တနှင့် ပဓာနဦးညွတ်ရာ စံကျောင်းဆရာတော်ဘုရားများ၏ ဘွဲ့မည်ကို တွဲယှဉ်ကာ သီရိမန္တစံကျောင်းဟု ကမ္ပည်းတင်ထားလေသည်။

ဤအရပ်မြေကွက်ပေါ်၌ ကျောင်း ကုဋီ မီးဖိုဆောင်နှင့်တကွ ကုတင်, ကုလားထိုင်, ဘီရို, နာရီ စသော သေနာသနပရိဘောဂ, ဓာတ်မီး, ရေစက် စသော လိုအပ်သမျှ ဒါနဝတ္ထုတို့ကို လှူဒါန်းခဲ့သည်မှာ ၁၃၁၆-ခုနှစ်၌ တသောင်းကျော်

မျှ ထိုက်တန်ပေပြီ၊ ကျောင်းနေ သံဃာများအတွက် ဆွမ်းစရိတ် စသည်တို့ကိုလည်း အမြဲလှူဒါန်းလျက်ရှိသည်၊ အာဂန္တုကထေရ်ကြီးများ ကြွရောက်လာသည့် အခါ၌လည်း ထူးခြားစွာ အားထုတ်ဆောင်ရွက်မှုဝတ်လည်း ရှိလေသေးသည်။

**သိမ်တိုက်** ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် အာရာမ်မြေကို လှူခြင်း, ကျောင်းဒါယကာ ခံယူခြင်းတို့ဖြင့် အသက်ထက်ဆုံး ညောင်တုန်း ရွှေဟင်္သာတောရတိုက်သာသနာကို အားထုတ်ဆောင်ရွက်ခဲ့သောကျောင်းဒါယကာရင်း မြူနီစီပယ်စက္ကရီတေရီ ဦးမောင်မောင်၏သမီး၊ ရန်ကုန်မြို့ဘုန်းကြီးလမ်း, အထက်တန်း ရှေ့နေ ဦးဘကန်-ဒေါ်မမမေတို့က သိမ်ဒါယကာခံယူ၍ ၃၇,၀၀၀ိ-ကျပ်တန် သိမ်တိုက်ကို ဆောက်လုပ်လှူဒါန်းကြသည်၊ ထိုသိမ်တိုက်ကို ၁၃၁၅-ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် ၁၃-ရက်၊ သောကြာနေ့၌ ရေစက်သွန်းချ လှူဒါန်းသော အခါကလည်း ရွှေဟင်္သာတောရ ပဓာန နာယက ဆရာတော်များ အဆက်ဆက်တို့ သဘောအတိုင်း စီမံစောင့်ရှောက်နိုင်ခွင့်ကို လုံးဝအပ်နှင်း၍ လှူဒါန်းကြသည်၊ (ယင်းသို့ လှူဒါန်းကြောင်းကို သိမ်တိုက်ခေါင်ပုံနှင့်တကွ စာတမ်းရိုက်၍ ကမ်းလှမ်းဝေငှခဲ့ကြသည်။)

ဤနေရာ၌ ဦးဘကန်နှင့် ဒေါ်မမမေတို့၏ ကောင်းမှုဆိုင်ရာ စာချုပ်စာတမ်းဖော်ပြလျှင် အပြည့်အစုံ သိရှိကြကာ ဝမ်းမြောက်ဖွယ် ရှိသောကြောင့် ဖော်ပြပါဦးအံ့။

မူအတိုင်း။ ။ရန်ကုန်မြို့၊ ဦးဘကန်၊ ဒေါ်မမမေသာသနရံပုံ ထိန်းသိမ်း စောင့်ရှောက်ရေး အဖွဲ့၊ ဖွဲ့စည်း တည်ထောင်သော–

## ချုပ်စာတမ်း

သက္ကရာဇ် ၁၃၂၀-ပြည့်နှစ် ပြာသိုလပြည့်ကျော် (၅) ရက်။ ၁၉၅၉-ခု ဇန္နဝါရီလ(၂၈)ရက်နေ့တွင် တည်ထောင်သည်။

သက္ကရာဇ် ၁၃၂၀-ခုနှစ် ပြာသိုလပြည့်ကျော် (၅) ရက်၊ (၁၉၅၉-ခုနှစ်၊ ဇန္နဝါရီလ ၂၈-ရက်နေ့တွင် ရန်ကုန်မြို့၊ ဘုန်းကြီးလမ်း၊ အမှတ် ၁၀၅-နေ အထက်တန်းရှေ့နေ ဦးဘကန်နှင့် ဇနီး ဒေါ်မမမေတို့က ဗုဒ္ဓသာသနာတော်ကြီး တည်တန့်ရေး,ကြီးပွားရေးနှင့်ပြန့်ပွားရေးတို့ကို ရှေးရှု၍၎င်း၊ ပြည်သူ့ကျန်းမာရေးကို ရှေးရှု၍၎င်း၊ ဤစာတမ်းအပိုဒ် (၆-၇ နှင့် ၈) တို့တွင် ပိုမိုပြည့်စုံစွာ ပါရှိသည့် နည်းလမ်းအတိုင်း ခွဲဝေ လှူဒါန်းရန်အလို့ငှါ ဦးဘကန်-ဒေါ်မမမေ သာသနရံပုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဟူ၍ အမည်တွင်စေမည် ဖြစ်သော ရံပုံငွေ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကို ဤစာတမ်းဖြင့် ဖွဲ့စည်းတည်ထောင်ပြီးလျှင် မိမိတို့ပိုင်, မိမိတို့လက်ရှိ ဖြစ်သည့် ဤစာတမ်းတွင် ပူးတွဲပါရှိသော ပစ္စည်းရပ်တို့ကို ဦးဘကန်နှင့် ဇနီး ဒေါ်မမမေ တို့က အဆိုပါ ဦးဘကန်-ဒေါ်မမမေ ရံပုံငွေထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သို့ ဤစာတမ်းဖြင့်ပင် အပြီးလွှဲ၍ လက်ရောက် အပိုင် ပေးအပ်ကြပါသည်။

၁။ ဤအဖွဲ့တွင် ယုံကြည်အပ်နှံခြင်း ခံရသော မူလအဖွဲ့ဝင်တို့မှာ(က)ဦးဘကန်နှင့် (ခ)ဒေါ်မမမေ တို့ဖြစ်စေရမည်၊ ထိုအဖွဲ့ဝင် နှစ်ဦးတို့အနက် တဦးဦးသည် ဆက်လက်ဆောင်ရွက်ရန် မစွမ်းဆောင် နိုင်သည့်အခါ၊ သို့တည်းမဟုတ် ဆက်လက်ဆောင်ရွက်နိုင်ရန် ဆန္ဒ မရှိသည့်အခါ ကျန်ရှိသူတဦးတည်းက ဆက်လက်ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။

၂။ မူလအဖွဲ့ဝင် နှစ်ဦးအနက် ဦးဘကန် စွမ်းဆောင်နိုင်သည့်ကာလပတ်လုံး ဦးဘကန် သည်ငှင်း၊ ဦးဘကန် မစွမ်းဆောင်နိုင်သည့်အခါ၊ သို့ တည်း မ ဟုတ် ထို ထက် စော ၍ ဦးဘကန်က လွှဲပြောင်း ပေး သည့် အ ခါ ဒေါ်မမမေသည် အုပ်ချုပ်မှုတာဝန်ကို ဆောင်ရွက်ရမည်။

၃။ အထက်အပိုဒ်တွင် ညွှန်ကြားခဲ့သော အဖွဲ့ဝင်နှစ်ဦးစလုံး ဆက်လက်ဆောင်ရွက်ရန် မစွမ်းဆောင် နိုင်သည့်အခါသော်ငှင်း၊ ငှင်းတို့နှစ်ဦးစလုံးတို့က ဆက်လက်ဆောင်ရွက်ရန် ဆန္ဒ မရှိသည့်အခါသော်ငှင်း၊ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့သည် ဤစာတမ်းဖြင့် တည်ထောင်ထားသောရံပုံကို ထိန်းသိမ်းနိုင်စေရမည်။

၄။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဂေါပကဘဏ္ဍာထိန်းအဖွဲ့က ဤရံပုံကို စောင့်ထိန်းရသည့်အခါ ထိုဂေါပကအဖွဲ့၏ စည်းမျဉ်းအရ အုပ်ချုပ်မှုတာဝန်ခံထားနိုင်ခွင့်ရှိစေရမည်။

၅။ မူလ ထိန်း သိမ်း ရေး အဖွဲ့သည်သော်ငှင်း, ရွှေတိဂုံစေတီတော် ဂေါပက ဘဏ္ဍာတော်ထိန်း အဖွဲ့သည်ငှင်း ဤရံပုံငွေပစ္စည်းကို ထိန်းသိမ်း စောင့်ရှောက်ရာတွင် စာရေး စာချီအမှုထမ်းများ ခန့်ထားပိုင်ခွင့်ရှိစေရမည်။

၆။ ဤစာတမ်းဖြင့် တည်ထောင်ထားသော ရံပုံပစ္စည်းတို့ကို ယေဘုယျအားဖြင့် ဗုဒ္ဓသာသနာတော် တည်တန့်ရေး, ကြီးပွားရေး,ပြန့်ပွားရေးတို့အတွက်သော်၎င်း၊ ပြည်သူ့ ကျန်းမာရေးအတွက်သော်၎င်း၊ ဤအဖွဲ့ကို တည်ထောင်လှူဒါန်းသူမူလအဖွဲ့ဝင် နှစ်ဦး၊ သို့တည်းမဟုတ် တဦးဦး အသက်ရှင်စဉ်အတွင်း ထိုအဖွဲ့ဝင်များ၏ စားဝတ်နေရေးအတွက်သော်၎င်း၊ ဝိသေသအားဖြင့်—

(က) ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်

(ခ) ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်နှင့်

(ဂ) ရန်ကုန်မြို့၊ ဗဟန်းရပ်, ကိုယ့်မင်း ကိုယ့်ချင်းလမ်းရှိ, ဇီဝိတဒါနဆေးရုံတို့အတွက်၎င်း သုံးစွဲရမည်။

၇။ ဤစာတမ်းဖြင့် တည်ထောင်သောရံပုံ၏ အုပ်ချုပ်မှုတာဝန်ကို မူလအဖွဲ့ဝင်ဖြစ်သူ ဦးဘကာန်နှင့် ဒေါ်မမမေ တို့တဦးဦးက ဆောင်ရွက်နေသမျှ ကာလပတ်လုံး ထိုဆောင်ရွက်သူ၏ သဘောအလျောက် ဤစာတမ်းဖြင့် တည်ထောင်သောရံပုံပစ္စည်းတို့ကို ဤစာတမ်းပါ အချက်အလက် များကိုသာအထောက်အထား ပြုလျက် အချုပ်အချယ်မရှိ လွတ်လပ်စွာထိန်းသိမ်းခွင့်, ပြုပြင်ခွင့်, မွမ်းမံချယ်လှယ်ခွင့်, သုံးစွဲခွင့်, ခွဲဝေလှူဒါန်းခွင့်ရှိစေရမည်။သို့သော် ထိုကဲ့သို့လှူဒါန်းရာတွင် တလတလလျှင် (၁) ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ငွေ ၁၀၀ိ (တရာ) ကျ၎င်း၊ (၂)

ရန်ကုန်မြို့၊ရွှေတိဂုံစေတီတော်ကြီးသို့ ငွေ ၇ဝိ (ရှစ်ဆယ်) ကျ ရှင်း၊ ရန်ကုန်မြို့, ဗဟန်းရပ်, ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဇီဝိတ ဒါနဆေးရုံသို့ ငွေ ၂ဝိ(နှစ်ဆယ်)ကျရှင်း အနည်းဆုံးလှူဒါန်း ရမည့်ပြင်၊ထိုအလှူငွေကို ကမ္ဘာ့ပြက္ခဒိန်အရ လဆန်း ၁၀-ရက် ထက်နောက်မကျစေပဲ၊ အဆိုပါအလှူခံအသီးအသီး၏လက်သို့ ရောက်ရှိစေရန် လစဉ်မှန်မှန်ပေးပို့ရမည်။

၇။ ဤရုံပုံငွေ၏အုပ်ချုပ်မှုတာဝန်ကိုရွှေတိဂုံစေတီတော် ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ဆောင်ရွက်သော အခါ၊ ထိုဂေါပကအဖွဲ့သည်–

(၁) ဤရုံပုံငွေ၏ နှစ်စဉ်ဝင်ငွေမှ ရုံပုံငွေ ထိန်းသိမ်း စောင့်ရှောက်ရေးအတွက် ကုန်ကျသည့် စရိတ် ငွေကို ခုနှိမ်ပြီးနောက်၊ ကျန်ရှိသည့်ငွေ၏ ၁၀- ရာခိုင်နှုန်းကို ရုံပုံငွေအဆောက်အဦး ပြုပြင်မွမ်း မံရေးအတွက် သီးသန့်ဖယ်ရှား၍ ထားရမည်၊ ကျန်အသားတင်ဝင်ငွေကို တနှစ်လျှင် တကြိမ် ကျအောက်ပါ အမျိုးအစား နှုန်းထားအတိုင်း ခွဲဝေလှူဒါန်းရမည်။

(က) ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ပါဠိတက္က သိုလ်ကျောင်းတိုက်သို့ ငါးဆယ်ရာခိုင်နှုန်း။

(ခ) ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်ကြီးသို့ လေး ဆယ်ရာခိုင်နှုန်း။

(ဂ) ရန်ကုန်မြို့, ဗဟန်းရပ်, ကိုယ့်မင်းကိုယ့်ချင်း လမ်းရှိ, ဇီဝိတဒါနဆေးရုံသို့ တဆယ်ရာခိုင် နှုန်း။

(၂) ပိုဒ်ငယ်(၁)တွင် ဖော်ပြသည့်ရံပုံအဆောက်အအဦးပြုပြင်မွမ်းမံရေး၊ သီးသန့်ငွေဖြင့် ဤ ရံပုံငွေပစ္စည်းတို့ကို မိမိ၏ သဘောအလျောက် သင့်လျော်မည်ထင်သည့်အတိုင်း ပြုပြင်ပိုင်ခွင့် မွမ်းမံခြယ်လှယ်ပိုင်ခွင့် အဆောက်အဦးတို့ကိုပြန်လည်ရှေသော်ငြား, အသစ်သော်ငြား တည်ဆောက်ပိုင်ခွင့် ရှိစေရမည်။

၉။ ဤ ရံပုံထိန်းသိမ်းရေးအဖွဲ့ကို တည်ထောင်လှူဒါန်းသူ ဦးဘကန်နှင့် ဒေါ်မမမေတို့သည် ရန်ကုန်မြို့, ဗဟန်းရပ်ရေတာရှည်လမ်းသစ်တွင် တည် ရှိ သော ရွှေကျင် ကျောင်းသစ်ဟု အမည်တွင်သည့် ညောင်တုန်းမြို့ ရွှေဟင်္သာတောရပါဠိတက္ကသိုလ်၏တိုက်ခွဲတွင် သိမ်ကျောင်း တဆောင်ဆောက်လုပ် လှူဒါန်းထားရှိပြီး ဖြစ်သည့်ပြင် မကြာ မီ အ တွင်း နောက်ထပ်ကျောင်းတကျောင်း ဆောက် လုပ် လှူ ဒါန်း ရန် စီစဉ်ဆဲ ဖြစ်ရာ ဤစာတမ်း၏ အပိုဒ်(၇)နှင့် အပိုဒ်(၈)တို့အရညောင်တုန်းမြို့ရွှေဟင်္သာတောရကျောင်းတိုက်သို့လှူဒါန်းသောအလှူငွေ၏ (၂၀)ရာနှုန်းကိုပြုပြင်ရေးအတွက် သီးသန့်ထားရှိပြီးလျှင် အဆိုပါဦးဘကန်နှင့် ဒေါ်မမမေတို့ ဆောက်လုပ်လှူဒါန်းပြီးဖြစ်သော သိမ်ကျောင်းနှင့် လှူ ဒါန်း အံ့ ဖြစ်သော ကျောင်းအဆောက်အဦးတို့ကို ပြု ပြင် မွမ်း မံ ရန် နှင့် လိုအပ်ပါက အသစ်ဆောက်လုပ်ရန်အတွက် အသုံးပြုရမည်၊ ကျန်(၈၀)ရာနှုန်းကို ညောင်တုန်းမြို့ ရွှေဟင်္သာတောရပါဠိတက္ကသိုလ်ကျောင်းတိုက်အတွက် နဝကမ္မအဖြစ် လိုသလိုသုံးစွဲနိုင်ခွင့်ရှိစေရမည်။

(**စကားညှပ်**။ ။ဒုတိယအကြိမ် ရွှေဟင်္သာတောရ သမိုင်းကို ပြုပြင်ရေးသော အချိန် ၌ ဆောက်လုပ်အုံ့ ဟု ရည် ရွယ် ထား သောတိုက်ကျောင်းကို ဆောက်လုပ် ပြီးနေလေပြီ)။

၁၀။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ဤစာချုပ်အရ အချီးကျူ လှူဒါန်းသော အလှူငွေကို အုပ်ချုပ်သုံးစွဲရန်အတွက် ကျောင်းတိုက်၏ နာယက ဆရာတော်, တိုက်အုပ် ဆရာတော်နှင့် နာယကဆရာတော်က အခါအားလျော်စွာ ခန့်ထားသော တိုက်ကြပ် ဆရာတော်တပါး၊ ပေါင်းဆရာတော်(၃)ပါး ပါဝင်သောအဖွဲ့တခု ဖွဲ့စည်းပြီးလျှင် ထိုသုံးပါးအဖွဲ့သည် ပြုပြင် ရေး အတွက် သီးသန့်ထားသော ထို(၂၀)ရာခိုင်နှုန်းကို အဆိုပါ ဦးဘကန်နှင့်ဒေါ်မမမေတို့ဆောက်လုပ်သော သိမ်ကျောင်းနှင့်ကျောင်းအဆောက်အဦးကို ပြုပြင်မွမ်းမံ ဆောက်လုပ်ရန်အတွက်ငှင်း, ကျန်နဝကမ္မအတွက် သတ်မှတ်သော(၈၀)ရာနှုန်းကို အဆိုပါ ရွှေဟင်္သာတောရ တိုက် အ တွက် ငှင်း မိမိတို့၏ သ ဘော အ လျောက် လွတ်လပ်စွာ သုံးစွဲပိုင်ခွင့် ရှိစေရမည်။

၁၁။ ဤရံပုံငွေသို့ ဤစာတမ်းဖြင့် ပြောင်းပေးထား သော ပစ္စည်း,ထိုအပြင် နောက်နောင်အခါ၌ ဦးဘကန်သော်ငှင်း၊ ဒေါ်မမမေကသော်ငှင်း ထပ်မံဖြည့်သွင်းသော ပစ္စည်းဥစ္စာအရပ်ရပ်တို့ကိုဤစာတမ်းတွင် ညွှန်ပြထားသောစည်းမျဉ်းအတိုင်း ဤ ရံပုံထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့က လက်ခံထိန်းသိမ်း စောင့်ရှောက်နိုင်သည်။

၁၂။ ဤရံပုံငွေ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သည် သက်ဆိုင်ရာကာလအတွင်းအဖွဲ့ဝင်လက်ရှိပစ္စည်းဥစ္စာအရပ်ရပ်တို့ကိုငှင်း, ဝင်ငွေထွက်ငွေစသည်တို့ကိုငှင်း, တိကျစွာစာရင်းထားရှိ၍ နှစ်စဉ်နှစ်တိုင်း တကြိမ်နှင့်တကြိမ် (၁၂)လထက်ပို၍ မကွာခြားစေပဲ ရှင်းတမ်းများ ပြုလုပ်ထားရှိရမည်။

## ရံပုံငွေစာရင်း

၁။ ရန်ကုန်မြို့ အနောက်ပိုင်း, ရပ်ကွက်အမှတ် ၂၂၊ ၂၊မြေကွက်အမှတ် ၃၇၁,အလျားပေ ၅၀၊ အနံပေ ၂၅-ရှိ မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၂၃ ထပ်တိုက်၊အမှတ် ၁၀၅,ဘုန်းကြီးလမ်း ရန်ကုန်မြို့, ကာလတန်ဘိုးငွေ ၁၀၀,၀၀၀ိ။

၂။ ရန်ကုန်မြို့, အနောက်ပိုင်း ရပ်ကွက်အမှတ် ၂၂/၂-မြေကွက်အမှတ် ၂၉- အလျားပေ ၅၀၊ အနံပေ ၃၂ ၃ ပေရှိ မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၃-ထပ်တိုက်၊ အိမ်အမှတ် ၁၀၇- ဘုန်း ကြီး လမ်း-- ရန်ကုန်မြို့ ကာလတန်ဘိုးငွေ ၁၅၀,၀၀၀ိ။

ရွှေကျင်ကျောင်းသစ်၌ သံဃာ ၂၀-ခန့် ရှိ၍ ဘုန်း ကြီး ဦးဂုဏဝံသနှင့် ဘုန်းကြီး ဦးရာဇိန္ဒတို့ကို အုပ်ချုပ်ရန် ဆရာတော်များက ခန့်အပ်ထားသည်၊ ရွှေကျင်ကျောင်းသစ်သည် ညောင်တုန်းမြို့, ရွှေဟင်္သာတောရ တိုက် အတွင်းရှိ ကျောင်းဆောင်တဆောင်နှင့် အလားတူဖြစ်၍ ဘုန်းကြီး များ သည် လည်း အာမခံဘုန်းကြီးများဖြစ်ကြသည်၊ ပျံလွန်တော်မူသော

စံကျောင်းဆရာတော် ၂-ပါး၏ ဆန္ဒတော်နှင့်အညီ ၁၃၁၅-ခုနှစ် ပြာသိုလဆန်း ၁၀-ရက်နေ့က အားလုံးမျက် နှာ စုံ ညီ စည်းဝေးတိုင်ပင်ကာ အထက်ပါအတိုင်း အတည်ပြုထားသည် ဟု သိရသည်။

ဘုန်းကြီး ဦးဂုဏဝံသ, ဘုန်းတော်ကြီးဦးရာဇိန္ဒာဘိဝံသနှင့် ဒုတိယဘုန်းကြီးဦးဣန္ဒာဘိဝံသတို့သည်၊ရွှေဟင်္သာတောရတိုက် ရင်းသား ကျေးဇူးရှင် ဆရာတော်ကြီးများ၏ တပည့်ရင်းများ ဖြစ်ကြသည်။ ဦးဂုဏဝံသသည်အလတ်အောင်၍ဦးရာဇိန္ဒာဘိဝံသ သည် အစိုးရနှင့် စေတိယင်္ဂဏဓမ္မာစရိယဖြစ်သည်၊ ဦးဣန္ဒာဘိဝံသသည် စေတိယင်္ဂဏ စာသင်တန်းနှင့် အစိုးရဓမ္မာစရိယ ဖြစ်သည်၊ ထိုဘုန်းကြီးများသည် ရန်ကုန်မြို့မှနေ၍ ရွှေဟင်္သာ တိုက်၏ တာဝန်ကို နေ့စဉ်ဆောင်ရွက်နေကြသည်၊ ရွှေဟင်္သာ တောရတိုက်မှ ရောက်လာသော သံဃာများ၏ အာဂန္တုက ဝတ်ကိုလည်း ပြုနေကြရသည်။ လောကခေတ် စကား နှင့် သုံးရလျှင် ရွှေဟင်္သာတောရတိုက်ဆိုင်ရာ ရန်ကုန်သံရုံးသဖွယ် ဖြစ်ပေသည်၊ ပါဠိတက္ကသိုလ် ဓမ္မာစရိယတန်း စာမေးပွဲကို ရန်ကုန်မြို့၌ ပြုလုပ်သော အခါက ရွှေဟင်္သာတောရ စာဖြေ သံဃာများနှင့်အတူ မန္တလေး ဝိသုဒ္ဓါရုံနှင့် စစ်ကိုင်း စသည် မှ ရောက်လာသော စာဖြေသံဃာများကိုလည်း ဆွမ်း ကိစ္စ ကို တာဝန်ယူ၍ ပြုစုကြရသည်။

**ပဲခူး နောင်ပတ္တရာ** ပဲခူးမြို့ အရှေ့ဘက်, မော်လမြိုင် မီးရထား လမ်း ဘူတာစိုက်လျက်ရှိသော နောင်ပတ္တ ရာရွာ၌ ပုဗ္ဗာရုံကျောင်းဟူ၍ ရွှေကျင်ကျောင်းတကျောင်းရှိ

သည်၊ ထိုကျောင်းကို ရွှေဟင်္သာတောရမှ စောင့်ရှောက်အုပ်ချုပ်နေသော ကျောင်းဖြစ်၏။ စံကျောင်းဆရာတော်ဘုရားသည်ပင်လျှင်ဝါဆိုသီတင်းသုံး၍ချီးမြှောက်ခဲ့ရသောကျောင်းဖြစ်၏။ ပထမဘုန်းကြီးဦးသုဝဏ္ဏသည် ဆရာတော်၏ တပည့်ရင်း ရွှေဟင်္သာတောရထွက်ဖြစ်၍၊ ဦးသုဝဏ္ဏ လက်ထက်ကပင် စံကျောင်းဆရာတော်အား ဝါဆိုရန် ရအောင်ပင့်ပြီး ကာလ လှူဒါန်းခဲ့သော ကျောင်းဖြစ်၏။ ဦးသုဝဏ္ဏသိက္ခာဝါ တဆယ်မပြည့်သေး၍ ဘုန်းကြီးဦးတိဿ စသည်တို့ကို စေလွှတ်၍ စောင့်ရှောက်စေရသည်၊ ယခုမူကား ရန်ကုန်, ရွှေကျင်ကျောင်းသစ် ဘုန်းကြီး ဦးရာဇိန္ဒာဘိဝံသ၏ နောင်တော်ရင်း ဘုန်းကြီးဦးသောဘဏသည် အုပ်ချုပ် စောင့်ရှောက်လျက် ရှိသည်၊ ဦးသောဘဏ လက်ထက်၌ ကျောင်းသာသနာ ပရိယတ်ဘက်က တိုးတက်လျက် နှစ်စဉ်တပို့တွဲလ၌ စာမေးပွဲ စာပြန်ပွဲကျင်းပသည်၊ ဦးသောဘဏသည်လည်း ရွှေဟင်္သာထွက်ဆရာတော်များ၏ တပည့်ရင်းပင်တည်း။

**ပဲခူး ကြခတ်ဝိုင်း** ပဲခူးမြို့နယ် တောရရွှေကျင်ဂိုဏ်း၏ ဝိနည်းပြန် ဗဟိုဌာနသည် ပဲခူးမြို့, ညောင်ဝိုင်းရပ် ကြခတ်ဝိုင်း ကျောင်းတိုက်ဖြစ်သည်၊ ကြခတ် ဝိုင်း ကျောင်းတိုက်ကို သက္ကရာဇ် ၁၂၃၂-ခုနှစ်လောက်က ဘုန်း တော် ကြီး ဦးသီလနှင့် ဘုန်းတော်ကြီးဦးဝဏ္ဏတို့ စ တင် တည် ထောင်တော်မူကြသည်၊ ဝိနည်းစာပြန်ပွဲကိုလည်း ထိုအချိန် ကပင် စတင် ပြုလုပ်ကျင်းပခဲ့ကြသည်၊ တောရရွှေကျင်ဂိုဏ်း၏ပဲခူးနယ် ဗဟိုဌာနအဖြစ် ဆရာတော်အဆက်ဆက် ထိန်းသိမ်း စောင့်ရှောက်လာခဲ့ရာ စာသင်သံဃာများဖြင့် စည်ကားခဲ့ပေ

သည်၊ ယခုစောင့်ရှောက် အားထုတ်ဆဲဖြစ်သော ဆရာတော် ဦးဇောတိပါလ (သာသနဓဇ သီရိပဝရ ဓမ္မာစရိယ) လက်ထက်၌ကား ကြခတ်ဝိုင်းကျောင်းတိုက်သည် အဘက်ဘက်မှ တိုးတက်ဖြစ်ထွန်း ကြီးပွားလျက်ရှိသည်။

၁၃၃၄-ခုနှစ်၌ ဝါဆိုသံဃာ ၁၄၀-ကျော် ရှိသည်။ ၁၃၃၃-ခုနှစ်၌ စာအောင်ပုဂ္ဂိုလ်များမှာ အစိုးရစာမေးပွဲ၌ ဓမ္မာစရိယတန်း ၃-ကျမ်းအောင် ၄။ ၂-ကျမ်းအောင် ၆။ တကျမ်း ၁၄။ ပထမကြီးအောင်-၁၃။ လတ်အောင် ၂၀။ ငယ်အောင် ၂၇။ ပေါင်း ၉၁-အောင်ကြသည်။ ဝိနယာဓိကစသော အခြားစာမေးပွဲများကိုလည်း အောင်မြင်ကြသေးသည်။ ပရိယတ္တိ အသားတက်၍ ဝမ်းမြောက် အားရှိဖွယ် ကောင်းလှပေသည်၊ ပဋိပတ်ဘက်ကလည်း ဤစာရေးသောဘုန်းကြီးသည်ကြခတ်ဝိုင်းကျောင်းတိုက်သို့ နှစ်စဉ်ကဲ့သို့ ရောက်သည်ဖြစ်၍အနေအထိုင် စည်းကမ်းစနစ် ကျင့်ဝတ်ပဋိပတ်တို့နှင့် ပြည့်စုံကြသည်ကို ကိုယ်တိုင်မြင်တွေ့ကြည်ညိုရအောင် ကောင်းမွန် ပြည့်စုံကြပါပေသည်၊ ဆရာတော် ဦးဇောတိပါလ၏ ဉာဏ်, ဝီရိယနှင့် ဆောင်ရွက်အားရှိသည်ကိုလည်း အားရဖွယ်ရှိလှပေသည်၊ ထိုဆရာတော် ဦးဇောတိပါလသည် စံကျောင်း ဆရာတော်ဘုရားများ၏ တပည့်ရင်း ရွှေဟင်္သာတောရတိုက်မှ ပေါက်ဖွားသောပုဂ္ဂိုလ်ပင် ဖြစ်သည်။ ၁၃၃၆-ခုနှစ်၌ သံဃာ ၃၀၀ ရှိသည်၊ စာချတန်း ၃၅။ ကြီး ၁၅။ လတ် ၂၉။ ငယ် ၂၀-အသီးအသီးအောင်ကြသည်ဟု သိရသည်။

**ဆရာတော်ဦးကုသလ** ပဲခူးမြို့နယ် မရင်းရွာ ကျောင်း ကို ယခု စောင့် ရှောက် လျက် ရှိ သော

မရင်းဆရာတော် ဦးကုသလ ကိုယ်တိုင် ရွှေဟင်္သာတောရသို့ လွှဲအပ်ထားပြီး ဖြစ်သည်၊ မရင်းဆရာတော် ဦးကုသလလည်း စံကျောင်း ဆရာတော်ဘုရားများ၏ တပည့်ရင်း ရွှေဟင်္သာ တောရတိုက်ထွက် အရည်အချင်းရှိသော တပည့်ကြီးပင် ဖြစ်သည်။

**ဆရာတော်ဦးလက္ခဏ** ရွှေဘို တောင်လက်, ဝက်လက်မြို့, ဟံသာဝတီ ကြုတ်ပင်ကျောင်း

ဆရာတော် ဦးလက္ခဏသည် စည်တီးဆရာတော် အရှင်ကလျာဏ၏ တူတပည့် ဖြစ်၏၊ ရွှေဟင်္သာတောရတိုက်၌ ရဟန်းဖြစ်ကာ နှစ်ပေါင်းများစွာ စာပေသင်ကြားပြီးနောက် ရန်ကုန် ကျောင်းတော်ရာ ရွှေကျင်တိုက်၌ စာချမ္မကထိက အဖြစ်ဖြင့်၎င်း၊ ပဲခူး ကြခတ်ဝိုင်းကျောင်းတိုက်၌ စာချဓမ္မကထိက အဖြစ်ဖြင့်၎င်း သာသန တာဝန်ကို ဆောင်ရွက်ခဲ့သည်၊ ၁၂၉၀-ပြည့်လောက်က စ၍ ဝက်လက်မြို့သို့ ရောက်၍ ကျောင်းတိုက်တည်ကာ သီတင်း သုံးနေသည်၊ ယခု အချိန်၌ သက်တော် ၇၁-နှစ်၊ သိက္ခာ ၆၁-ဝါရရှိလေပြီ။

**ဓမ္မရိပ်သာ ရွှေကျင်ကျောင်းဆရာတော်** ပဲခူးမြို့, ရုံးကြီး နှင့် မလှမ်း မကမ်းဖြစ်သော မြို့ရိုးကုန်း ထိပ်ပေါ်၌ ဓမ္မရိပ်သာ ရွှေကျင်ကျောင်းဟု ကမ္ပည်းတင်၍ ကျောင်းသစ်တည်ကာ သီတင်းသုံးနေသော ရွှေကျင်ဆရာတော် အရှင်ဝိမလသည် ယခု သိက္ခာတော် ၆၂၊ သက်တော် ၇၂-ရှိတော်မူပြီ၊ ဆရာတော် အရှင်ဝိမလသည် စည်တီးဆရာတော်, စံကျောင်း ဆရာတော်

တို့၏ တပည့်ရင်း ရွှေဟင်္သာထွက်ပင် ဖြစ်သည်၊ဇာတိရွှေကျင် မြို့သားဖြစ်၍ ရွှေကျင်ဆရာတော်ဟု ထင်ရှားသည်၊ရွှေကျင်မြို့ တောင်ဘက် ဒက္ခိဏာရုံကျောင်း၌ သီတင်းသုံးနေရာမှ သူပုန် အန္တရာယ်ကြောင့် ပဲခူးသို့ ရွှေ့ပြောင်းခဲ့ခြင်း ဖြစ်သည်၊ ဆရာ တော်ဦးဝိမလသည် ပဲခူးနယ် တောရရွှေကျင်ဂိုဏ်း၏ မဟာ နာယက ဖြစ်တော်မူသည်။

**ဦးသုစိတ္တာဘိဝံသ** သ-စ-အ ၃-ဘွဲ့ရ ဘုန်းတော်ကြီး ဦးသုစိတ္တာဘိဝံသသည် ရွှေဟင်္သာတော ရတိုက်၌ သာမဏေဘဝမှစ၍ ရဟန်းဖြစ်၍ဓမ္မာစရိယဘွဲ့များ ကို ရွှေဟင်္သာမှပင် ရရှိသောပုဂ္ဂိုလ် ဖြစ်၏၊ စံကျောင်းဆရာ တော်များ၏ တပည့်ကြီးတဦး ဖြစ်၏၊ ယခုအခါ ရန်ကုန်မြို့, ကံဘဲ့ကျောင်းပိုင်း, ရွှေယင်းမာလမ်း၌ **ရွှေဟင်္သာတိုက်သစ်** အမည်ဖြင့် ကျောင်းတိုက်တည်၍ စာပေပို့ချနေပေသည်။

**ဦးဉာဏိဿရာဘိဝံသ** . ဘုန်းကြီး ဦးသုစိတ္တာကဲ့သို့ပင် သ-စ-အ ၃-ဘွဲ့ ရသော ဦးဉာဏိဿရာဘိဝံသ သည်လည်း စံကျောင်းဆရာတော်များ၏ တပည့် ရွှေဟင်္သာ ထွက်ပင်ဖြစ်သည်၊ ယခုအခါ ဖျာပုံမြို့၌ **ဇီဝကာရာမ ကျောင်း တိုက်၏ ပဓာန နာယက** အဖြစ်ဖြင့် သာသနာတော်ကို ဆောင်ရွက်လျက်ရှိသည်၊ နှစ်စဉ် ဝိနည်းစာပြန်ပွဲ ကျင်းပကာ ဝိနည်းသာသနာကိုလည်း အားပေးလျက်ရှိသည်။

**စစ်ကိုင်းရွှေဟင်္သာဆရာတော်** ရွှေဟင်္သာဆရာတော် အရှင် ပဏ္ဍိတသည် ဟင်္သာတခရိုင်,

လေးမျက်နှာမြို့၌,သက္ကရာဇ် ၁၂၅၅-ခုနှစ်၊ နတ်တော်လဆန်း ၇-ရက်နေ့ ည ၉-နာရီ မိနစ် ၃၀-အချိန် ဖွား မြင် သည်၊ အဘ ဦးကျောက်စိန်း၊အမိ ဒေါ်ရွှေသော့ တို့၏ ပဋ္ဌမမြောက် အထွေးဆုံးသားဖြစ်သည်၊ ၆-နှစ်သားကစ၍ စာသင်ကျောင်း အင်္ဂလိပ်ကျောင်း, တို့၌ နေခဲ့သည်၊ ၁၄-နှစ်သား၌ မိဘများ ကပင် ဒါယကာပြု၍ သာမဏေဖြစ်သည်၊ ဆရာများကပို့၍ ၁၆-နှစ်ရွယ် သာမဏေအဖြစ်နှင့် မော်လမြိုင်မြို့, မရမ်းကုန်း, ပြည်ကျောင်း၌ ၂-နှစ် စာပေ သင်ကြားရသည်၊ ၁၈-နှစ်၌, ရန်ကုန်ကျောင်းတော်ရာ ရွှေကျင်တိုက် ရောက်သည်၊ ၎င်းနှစ် နယုန်လ၌ ညောင်တုန်း ရွှေဟသ်ာ တောရတိုက်သို့ ရောက် သည်၊ ၁၉-နှစ်ပြည့်ပြီးနောက် ကျောင်းတော်ရာ ဆရာတော် ကြီးကို ဥပဇ္ဈာယ်ပြု၍ ဇေတဝန်ကျောင်းဒါယကာ လှထောင် သစ်ကုန်သည် ဦးကျော်ဒွန်း-ဒေါ်ကြည်၊ ဦးချက်-ဒေါ်ဒွန်းအို တို့က ရဟန်း ဒါယကာ ခံယူကာ ရွှေဟသ်ာ တောရတိုက်၌ ရဟန်းအဖြစ်သို့ရောက်သည်၊ စံကျောင်းဆရာတော် ၂-ပါးနှင့် ဆရာတော်ဦးယုဂန္ဓရတို့ထံ၌စာပေသင်ကြားရသည်၊(မေဓာဝီ ဆရာဆိုင်) ဦးမေဓာဝီ ရဟန်းဘဝ ရှိစဉ်က သင်္ဂြိုဟ်ကို မိမိစာ ဝါအဖြစ်ဖြင့် အစအဆုံးတက်ခဲ့ရသည်။

ရဟန်းသိက္ခာ ၁၄-ဝါအရ၌ ဆရာတော်များ ခွင့်ပြုခြင်း ဖြင့် မန္တလေးမြို့ အနောက်ပြင် ငါးဆူတိုက်၌ ၂-ဝါနေ၍ စာပေဗဟုသုတ ဆည်းပူးခဲ့သည်၊ ၆-ဝါရလျှင် ဆရာ.တော် များက ပြန်ခေါ်၍ ညောင်တုန်း ရွှေဟသ်ာသို့ ပြန်ရသည်။ ဂ၁-ခုနှစ်၆-ဝါအရတွင် စွယ်တော်ကျောင်းဘုန်းကြီး ဒုတိယ စာချအဖြစ် ချီးမြှောက်တော်မူသည်၊ စာမေးပွဲပထမ လတ်

သာ အောင်သည်၊ ကျန်းမာရေးချို့ငဲ့သောကြောင့် စာမေး ပွဲ ဆက်လက်အားမထုတ်နိုင်ဖြစ်သည်၊ သိက္ခာ ၁၄-ဝါ အ ရ တွင် အမရပူရမြို့(တောင်မြို့)မင်္ဂလာတိုက် ဆရာတော် ဦးမေ့ သာမိထံ၌ သီးခြားစာဝါတောင်း၍ ယခုဗာရာဏသီ ဆရာ တော် ဦးနန္ဒဝံသနှင့်အတူ ဆိုဝါဖြင့် ပဋ္ဌာန်းကျမ်းကိုပေါက် ရောက်အောင် လေ့လာခဲ့သည်။

အထက်အရပ် ဥတုရာသီနှင့် မျှတ၍ ကျန်းမာရေးကောင်း သောကြောင့် ဆရာတော် ၂-ပါးထံ အကြိမ်ကြိမ်ခွင့်တောင်း ပြီးလျှင် စစ်ကိုင်းတောင်ရိုး၌ ရွှေဟင်္သာချောင်အမည်ဖြင့် ဝါး ကျောင်းငယ်တကျောင်းဆောက်၍သာမဏေတပါး,ကျောင်း သားတယောက်မျှဖြင့် နေခဲ့သည်။ ဝါးကျောင်း က လေး ကို အစ်မ သီလရှင် ဒေါ်နန္ဒာက ဆောက် လုပ် လှူ ဒါန်း သည်၊ ဝတ္ထု ၇ဝဝိ-မျှကုန်သည်၊ နေ့စဉ်ရွာထောင်ရွာသို့ သွားရောက် ဆွမ်းခံသည်၊ ဆွမ်းခံခြင်းကြောင့် ဣရိယာပုထ်မျှ, အထက် ဥတုနှင့်သင့်, ဟင်းသီးဟင်းရွက် များသော အာဟာရတို့နှင့် သပ္ပါယဖြစ်သောကြောင့် တဖြေးဖြေးကျန်းမာရေး ကောင်း မွန် တိုးတက်လာသည်၊ သံဃာလည်း တဖြေးဖြေးများလာ သည်၊ကျန်းမာလာသောကြောင့် ယခင်က မဆောင်နိုင်သော ပရိယတ်ပဋိပတ်အလုပ်များကိုလည်း ဆောင်ရွက်နိုင်သော အ ခြေသို့ရောက်လာသည်၊ ထို့ကြောင့် စာပေပို့ချ၏၊ ကျမ်း စာ ရေး၏၊ပိဋကပါဠိကစသော ဝတ်နိဗဒ်တို့ကိုလည်း ဆောင်၏၊ တတ်နိုင်သမျှ ဂိုဏ်းဂဏ တာဝန်တို့ကိုလည်း ဆောင်နိုင်၏။

သံဃာကလည်း တိုးပွား, သိမ်စသော ကျောင်း ကန် အ သစ်များကိုလည်း ဒကာများဆောက်လုပ်လိုကြ၏၊ ရွှေဟင်္သာ

ချောင်ဟောင်း နေရာမှာ ကျဉ်းသဖြင့် သက္ကရာဇ် ၁၂၉၇-ခု
နှစ်၌ ဦးစစ်ကြူ ဒေါ်လှိုင်နှင့်သားသမီးတို့က ချောင်ဟောင်း
နှင့် လှည်းလမ်းမျခြားသော တောင်ဘက်က ၁၂-ဧက ဒသ
မ၆၀-ရှိသော မြေကွက်ကို ဝယ်ယူ၍ ရွှေဟင်္သာတိုက်သစ်
အမည်ဖြင့် တိုက်သစ်တည်ကာ၊ သီမာလင်္ကာရတိုက်ကျောင်း,
ဓမ္မလင်္ကာရတိုက်ကျောင်း, သာသနာလင်္ကာရ တိုက်ကျောင်း
နှင့်တကွမိုးရေကန်ကြီး,မြစ်ရေကန်,ဆွမ်စားကျောင်း, ဧည့်ရိပ်
သာတိုက်စသည်တို့ကိုရင်းဆောက်လုပ်လှူဒါန်းကြသည်။ ဒေါ်
လှိုင်၏ညီမ ဒေါ်ယူသက ဇိနာလင်္ကာရတိုက် ကျောင်းကိုရင်း,
မန္တလေး, ဈေးချိုဝါးတန်းရပ် ဒေါ်စောတင် ဒေါ်စောရင်
တို့က သာဓုကာရီကျောင်း, စစ်ကိုင်းမြို့နန်းတော်ရာရပ်ဦးမြိုင်
ဒေါ်ညွန့်၊ဒေါ်ကွန့်နှင့် သားသမီးများက သုခကာရီတိုက်ကို
ရင်း, မဂ္ဂင်ချောင်း ဒေါ်ဥတ္တမာ၊ မတ္တရာမြို့နယ် ရွှေးဗိုလ်ရွာ
ဒေါ်ဝါ၊ ဦးဆန်းဒေါ်စောတို့က တပါးနေကျောင်းငယ်များ
ကိုရင်း, စစ်ကိုင်းမြို့ ကြွယ်လူးရွာ ဒေါ်ဖွားရင်နှင့် သားသမီး
များက အာဂန္တုကကျောင်း, မိုးကုတ်မြို့ ဈေးဟောင်း ရပ်
ဦးခင်မောင် ဒေါ်မြမေတို့က ထေရာဝါသ တိုက် ကျောင်း,
မိုးကုတ်မြို့- မြို့မရပ် ဦးညီညီ ဒေါ်လှမေတို့က အရိယာဝါသ
လိုဏ်ဂူ, မိုးကုတ်မြို့ ရှမ်းစုရပ် ဦးဘမှိ ဒေါ်သန်း သန်း တို့ က
မိုးရေကန်ကိုရင်း,မိတ္ထီလာမြို့ ပေါက်ချောင်းရပ်စိုက်ပျိုးဝန် ပင်
စင်စား ဦးသာလူနှင့် တူမမြေးများက သစ် သား ၂-ထပ်
ကျောင်းကိုရင်း အသီးအသီးဆောက်လုပ် လှူဒါန်းကြသည်၊
စာသင်သား သံဃာသည်လည်း ၃၀-ကျော်မှ ၅၀-ကျော်အ
တွင်းရှိကာ စာပေနှင့်တကွ ပဋိပတ်ကိုလည်း အားထုတ်ကြ
သည်။ ဤစာရေးသော ဝါတွင်း၌ သံဃာ ၄၀-တိတိရှိသည်၊

မန္တလေးမြို့ ဦးလှဖေ ဒေါ်တင်အိ၊ ဦးသာဒင် ဒေါ်ကျင်၊ ဦးမိုး ဒေါ်တင်စသော ဒကာဒကာမတို့က ဆွမ်းစားကျောင်းကို လှူဒါန်းကြသည်။

ဒေါ်အန့်သူ ဒေါ်ကြင်တို့က ၄-ကေနှင့် ဒသမ-၃၁-ရှိ အရှေ့ဘက်ကုမြေကွက်ကို ၁၃၀၂-ခုနှစ်၌ ဝယ်ယူ လှူဒါန်းကြသည်။ မော်လမြိုင်ကျွန်းမြို့ ဒကာ ဒကာမများက ရွှေဟင်္သာ အမည်ရှိ မိုးရေကန်ကိုလှူဒါန်းကြသည်။ မိုးကုတ်မြို့ဦးလှဖေနှင့် သားသမီးများက ကျောင်းတိုက်အဝင် မုခ်ဝနှင့်တကွ လမ်းကိုရင်း၊ ဗောဓိပင်တံတိုင်းကိုရင်းလှူဒါန်းကြသည်။မန္တလေးမြို့ ဒေါ်စုနှင့် ဦးစောလှိုင် သားသမီးများက ပရိယတ္တိကာရီ ကျောင်းနှင့် အေးကျောင်းကို ဆောက်လုပ်လှူဒါန်းကြသည်။ ၎င်းကျောင်းကို မန္တလေးမြို့ ဦးလှဖေ - ဒေါ်တင်အိတို့က အသစ်ပြုပြင်ကာ လှူဒါန်းကြသည်။ ရွှေတောင်မြို့ ဦးထွန်းစိန် ဒေါ်အေးတင်တို့က သံတံခါး ၃-ခုနှင့် မုခ်ဝကို လှူကြသည်။ မအူပင်မြို့ ဦးအေးဒွန်း - ဒေါ်သန်းရွှေတို့က မုခ်ဝနှင့် တံခါးကို လှူဒါန်းကြသည်။ ရန်ကုန်မြို့ ဦးကျော်ရင်,ဒေါ်တင်ရီတို့က ၃၀၀၀-တန် တံတိုင်းလှူဒါန်းကြသည်။

ဤသို့အားဖြင့် စစ်ကိုင်းတောင်ရိုး ဒေသ အလျောက် ကျောင်းကန်အရိပ်အာဝါသနှင့် အသင့်အတင့် ပြည့်စုံကာ သံဃာ ၄၀ - ၅၀- မပြတ် သီတင်းသုံး၍ သာသနာတော်ကို ဆောင်ရွက်လျက်ရှိသော ကျောင်းတိုက်ကို အုပ်ချုပ် စောင့် ရှောက် လာခဲ့သည်မှာ ယခု ဤစာကို ဒုတိယအကြိမ် ပြုပြင် ရေးသောအချိန်၌ ရွှေဟင်္သာ ဆရာတော်သည် သက်တော်

၈၂-ရှိ၍ သိက္ခာ၀ါ ၆၂- ရှိလေပြီ။ အထိုက် အလျောက် ကျန်းမာသဖြင့် တနေ့ စာတ၀ါချ၍ ဆွမ်းခံ၀တ် စသည်တို့ကို လည်း ရွက်ဆောင်လျက်ရှိပါသတည်း။

မြန်မာနိုင်ငံအတွင်း အထက်အောက်အရပ်တို့၌ ရွှေဟင်္သာ တောရတိုက်မှ ပေါက်ဖွားသော သံဃာထေရ်တို့သည် ထိုထို မြို့ရွာတို့တွင် အနှံ့အပြားရှိကြသလောက် စေ့စေ့လင်အောင် ဖော်ပြခြင်းငှာ မစွမ်းနိုင်တော့ပေ။ မအူပင်နယ် ပဲခူးနယ်တို့၌ ပင် များစွာရှိကြပါသေးသည်။

**သတိပြုရန်မှာ** ဟိုအရပ် သည်အရပ်တို့၌ ရွှေဟင်္သာ ဆရာ တော်များ စောင့်ရှောက်တော်မူကြရသော ကျောင်းတွေရှိခြင်းကြောင့် ရွှေဟင်္သာတောရဆရာတော်များ သည် နယ်ချဲ့ဆရာတော်များပေလားဟု သံသယ မဖြစ်စေလို ပါ။ ဆရာတော်များက တမင်္ဂလာ နယ်ချဲ့သော ကျောင်း ဟူ၍ကား တကျောင်းမျှမရှိပါ။ ဆိုင်ရာဆိုင်ရာ ဒကာကသော် ၎င်း, သံဃာကသော်၎င်း, ကျောင်းကို ဆရာတော်များထံ လာရောက်အပ်နှံကာ ကျောင်းကို ဘုန်းကြီးတောင်းကြ၍ မလွဲသာမှသာလျှင် မပေးလိုပဲ ပေးကြရပါသည်။ ငြင်းပယ် လိုက်သည်က များပါသည်။ မငြင်းသာ၍ ဘုန်းကြီး ပေးလိုက် ရစေကာမူ အခြားပုဂ္ဂိုလ်တစုံတယောက်က ကျောင်းနှင့်စပ်၍ ပိုင်ဆိုင်ကြောင်းစသည်ဖြင့် ပြောဆိုသံထွက်လာလျှင် ဆရာ တော်က မိမိ၏ တပည့်များကို ပြန်လည်ခေါ်ယူရုပ်သိမ်း၍ ထိုကျောင်း၌ အငဲ့အကွက်မရှိ ထိုကျောင်းနှင့်စပ်၍ ဘာတခွန်း မျှ မမြွက်တော့ပဲ လျစ်လျူရှုကာ နေတော်မူကြသော အလေ့

အထ ရှိတော်မူကြသည်၊ ပစ္စည်းနှင့်စပ်လျှင် ဘယ်ကျောင်း ဘယ်ပစ္စည်းအတွက်ကိုမျှ အတူအပြိုင် သူပိုင်ကိုယ်ပိုင် ပြောဆိုနေမှုမရှိကြပါ။ သို့ကြောင့် ဆရာတော်များသည် နယ်မချဲ့မူ၍ သိပ်သိပ်သည်းသည်း သူတော်ကောင်းပီပီသာလျှင် နေတော်မူကြသော ဆရာတော်များ ဖြစ်ကြပါသည်။

ညောင်တုန်းမြို့ရွှေဟသ်ာတောရ ပါဠိတက္ကသိုလ် ကျောင်းတိုက်၌ စာပေပို့ချနေဆဲ ဖြစ်သော စာချ ဘုန်းကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းမျှကို အနည်းငယ်စီ ဖော်ပြရဦးမည်။ ဖော်ပြလိုခြင်းအကြောင်းမှာ စာသင်တိုက်ဟူသည် စာချဆရာများ အရည်အချင်းလုံလောက်စွာနှင့် ပြည့်ပြည့်စုံစုံရှိဘို့မှာ အရေးကြီးသော အချက်ဖြစ်၏။အငှားစာချ, အခြားက ပင့်ခေါ်ရသော စာချဖြစ်လျှင် အများအားဖြင့် အနှံ့အနှာခံ၍ စွဲစွဲမြဲမြဲ ကြာရှည်တည်နေနိုင်ခဲပေသည်။ ဆင်းရဲအတူ ချမ်းသာအမျှ သဘောထားနိုင်ခဲသည်။ ကျောင်းတိုက် တည်တန့်ခိုင်မြဲ တိုးတက်ကြီးပွားအောင် အပင်ပန်းခံ၍ ဆောင်ရွက်မည်ဟု မနသိကာရပြုနိုင်ခဲသည်။ ယင်းတို့ကြောင့် စာချဆရာများ ဘက်က ချို့ယွင်းပါလျှင် ကျောင်းတိုက် စည်ပင် တည်တန့်ခိုင်မြဲအောင် ဆောင်ရွက်နိုင်ဘို့မှာ မလွယ်ကူတော့ချေ၊ ပျက်စီး တိမ်ကောမှုသာ ဖြစ်ပေသည်။ ရွှေဟသ်ာတောရတိုက်၌ ယခုလက်ရှိ စာချဆရာများအတွင်း၌မူကား ပင့်ခေါ်ရသော ပုဂ္ဂိုလ်,ငှားရသောပုဂ္ဂိုလ်ဟူ၍ မရှိ။ ငယ်မွေးခြံပေါက် တွင်းထွက် မျိုးမှန် ဆရာတော်များ၏ တပည့်ရင်းတွေသာလျှင် ဖြစ်သောကြောင့် ဆရာတော် ၂-ပါး မျက်နှာလွှဲသွားတော်မူကြပြီ ဖြစ်လျက် ယနေ့ထက်တိုင် ကျောင်းတိုက်ကြီး အခြေ

မပျက် ခိုင်မြဲတည်တန့်စေကြသော စာချဆရာတွေအဖြစ်ဖြင့် ဤသမိုင်း၌ ထည့်သွင်း၍ မှတ်တမ်းတင်ရပေသည်။

**ပထမကျော် အရှင်ဣန္ဒာဝုဓဉာဏာဘိဝံသ** မြောင်းမြ အပိုင် အိမ်မဲမြို့၌ အဘ ဦးရွှေဟုန် အမိ ဒေါ်ကြင်ဟုန် တို့မှ ၁၂၈၄–ခု ဝါခေါင် လဆန်း ၁၄-ရက် တနင်္ဂနွေနေ့၌ ဖွားမြင်သည်။ ၁၂၉၈-ခုနှစ် အိမ်မဲမြို့ ကမ္ဗောဇနန်းကျောင်းတိုက်၌ ရှင်သာမဏေဖြစ်သည်။ ၁၃၀၄-ခုနှစ် ဒုတိယဝါဆိုလဆန်း ၄-ရက်နေ့ ရွှေဟသ်ာတောရတိုက်သို့ရောက်သည်။ ထိုနှစ် တန်ဆောင်မုန်း လဆန်း ၁၄-ရက်နေ့၌ ဒုတိယ စံကျောင်းဆရာတော်ဘုရားအား ဥပဇ္ဈာယ်ပြု၍ ရွှေဟသ်ာတောရတိုက်၌ ရဟန်းဖြစ်သည်။ ၁၃၀၈-ခုနှစ်၌ ပထမကျော် အောင်မြင်သည်။ ၁၃၀၉-ခုနှစ်၌ ဂုဏ်ထူးနှင့်တကွ ဓမ္မာစရိယတန်းကို အောင်မြင်သည်။ ၁၃၁၁-ခုနှစ်၌ စေတိယင်္ဂဏ စာချတန်းအောင်မြင်သည်။ ၁၃၀၉-ခုနှစ်၌ မန္တလေးသို့တက်၍ တောင်ပြင်ထီးလင်းတိုက်၌ တဝါမျှနေကာ ပတ်ဝန်းကျင် စာသင်တိုက်ကြီးများ၌နည်းနိဿယဆည်းပူး၍ ရွှေဟသ်ာ တောရတိုက်သို့ပြန်ကာ ယနေ့တိုင် စာပေပို့ချလျက်ရှိသည်။

**အရှင်စန္ဒောဘာသ** ညောင်တုန်းမြို့ သက်ငယ်ကျောင်းရွာ အဘ ဦးကုလား အမိ ဒေါ်မယ်ခင်တို့မှ ၁၂၇၅-ခုနှစ် တပေါင်းလပြည့်ကျော် ၈-ရက်၊အင်္ဂါနေ့တွင် ဖွားမြင်သည်၊ ၁၂၈၉-ခု တပေါင်းလတွင် ရွှေဟသ်ာတောရတိုက် အဂ္ဂမဟာပဏ္ဍိတ စံကျောင်းဆရာတော်ဘုရား ချီး

မြောက်တော်မူ၍ သာမဏေဖြစ်သည်၊ ၁၂၉၅-ခု တန်ခူး လဆန်း ၁၁-ရက်နေ့၌ စံကျောင်း ဆရာတော် ဘုရားအား ဥပဇ္ဈာယ်ပြု၍ ရွှေဟင်္သာတောရတိုက်၌ပင် ရဟန်းဖြစ်သည်၊ ရွှေဟင်္သာတောရတိုက်, မန္တလေး တောင် ပြင် ထီးလင်းတိုက်, ဘုရားကြီးတိုက်, ပခုက္ကူ မဟာဝိသုတာရာမတိုက်တို့၌ ပိဋကဘက်တွင် သင်ကြားလေ့လာ၍ ၁၃၁၃-ခုနှစ်၌ အစိုးရဓမ္မာစရိယတန်းကို အောင်မြင်သည်၊ ၁၃၀၈-ခုနှစ်၌ ညောင်တုန်းမြို့ ရွှေကျင် နိကာယသာသနပါလအသင်းစာမေးပွဲ၌ အတန်းကုန်အောင်မြင်၍ ပိဋကတ္တယဝိဒူဘွဲ့ကို ရရှိသည်၊ ထိုနောက် ရွှေဟင်္သာတောရတိုက်၌ စာချကထိကအဖြစ်ဖြင့် စာပေပို့ချနေခဲ့သည်၊ ကြို့ကုန်းဆရာတော် တိုက်တွန်းသဖြင့် ရွှေဟင်္သာတောရဆရာတော်များက နေရာချထားသောကြောင့် ယာမာကျောင်းကို စောင့်ရှောက်ကြီးမှူးကာ နေရသည်။

**အရှင်သံဝရာဘိဝံသ** ပုသိမ်မြို့ ကြက်ပေါင်ရွာ၌ အဘ-ဦးရွှေဖော့ အမိ ဒေါ်မယ်ရှိန် တို့မှ ၁၂၈၆-ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၁၂-ရက်သောကြာနေ့တွင် ဖွားမြင်သည်၊ ၁၂၉၉-ခု ပုသိမ်မြို့နယ် သံပတ်ကျောင်းခေါ် ဓမ္မသုခရွှေကျင်ကျောင်း၌ ရှင်သာမဏေဖြစ်သည်၊ ၁၃၀၅-ခုနှစ် တပို့တွဲလပြည့်ကျော် ၃-ရက်နေ့၌ ရွှေဟင်္သာ တောရတိုက်တွင် ဒုတိယ စံကျောင်း ဆရာတော်ဘုရားအား ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်၊ ရွှေဟင်္သာတောရသို့ ရောက်သည်မှာကား ၁၃၀၂-ခုနှစ်က ရောက်သည်၊ ရွှေဟင်္သာတောရတိုက်နှင့်တကွ ရန်ကုန်ရွှေဂုံတိုင်ဘုရားကြီးတိုက်, စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံ စသည်တို့၌ စာပေဆည်းပူး

ခဲ့သည်၊ ၁၃၀၈-ခုနှစ်၌ ရန်ကုန်စေတီယင်္ဂဏစာသင်တန်းနှင့် ရွှေကျင်နိကာယသာသနပါလအသင်း စာသင်တန်းကိုအောင်မြင်သည်၊ ၁၃၁၄-ခုနှစ်၌ အစိုးရ ဓမ္မာစရိယတန်းကိုအောင်မြင်သည်၊ ယခုအခါ ရွှေဟင်္သာတောရတိုက်၌ စာချကထိကအဖြစ်ဖြင့် စာပေပို့ချနေသည်။

**အရှင်ကုမာရာဘိဝံသ** ညောင်တုန်းမြို့ ချောင်းကြီးရွာ အဘ ဦးဘဖြူ အမိ ဒေါ်ပန်းမြိုင်တို့မှ ၁၂၈၄-ခု တန်ဆောင်မုန်း လပြည့်ကျော် ၁၀-ရက် တနင်္လာနေ့၌ဖွားမြင်သည်၊ ၁၂၉၇-ခုနှစ် ရွှေဟင်္သာတောရတိုက်၌ ရှင်သာမဏေဖြစ်သည်၊ ၁၃၀၄ ခုနှစ် ဒုတိယ ဝါဆိုလပြည့်နေ့တွင် ဒုတိယ စံကျောင်းဆရာတော်အား ဥပဇ္ဈာယ်ပြု၍ ရွှေဟင်္သာတောရတိုက်၌ ရဟန်းဖြစ်သည်၊ ရွှေဟင်္သာတောရတိုက်, မန္တလေးတောင်ပြင် ဆီးဘန်းနီတိုက်မှ နေ၍ ထိုထိုစာသင်တိုက်ကြီးများ၌ စာပေနည်းယူ ဆည်းပူးခဲ့သည်၊ ၁၃၀၈-ခုနှစ်၌ ညောင်တုန်းမြို့ ရွှေကျင်နိကာယသာသနပါလအသင်းစာမေးပွဲ၌ စာချတန်း အောင်မြင်သည်၊ ၁၃၁၃-ခုနှစ်၌ အစိုးရဓမ္မာစရိယစာချတန်းအောင်မြင်သည်၊ထိုအချိန်မှစ၍ ယနေ့တိုင် ရွှေဟင်္သာတောရတိုက် ဝံသာနုတိုက်ကျောင်းဘုန်းကြီးအဖြစ်ဖြင့် စာပေပို့ချလျက်ရှိသည်။

**အရှင်စန္ဒိမာဘိဝံသ** ညောင်တုန်းမြို့ ရေလယ်ကျွန်းရွာ၌ အဘ ဦးဘိုးခင် အမိ ဒေါ်စိုင်းတို့မှ ၁၂၈၃-ခုနှစ် တပေါင်း လပြည့်ကျော် ၂-ရက် အင်္ဂါနေ့၌ ဖွားမြင်သည်၊ ၁၂၉၆-ခုနှစ်၌ ရွှေဟင်္သာတောရ တိုက်တွင်

ရှင်သာမဏေဖြစ်သည်၊ ၁၃၀၃-ခုနှစ် တန်ဆောင်မုန်းလဆန်း ၆-ရက်၊ သောကြာနေ့၌ ဒုတိယစံကျောင်း ဆရာတော်အား ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်၊ ရွှေဟင်္သာတောရ တိုက်နှင့် တကွ ရန်ကုန်၊မန္တလေး၊စစ်ကိုင်း တို့၌ ပိဋကစာပေတို့ကို သင်ကြားဆည်းပူးခဲ့သည်၊ ၁၃၁၂-ခုနှစ်၌ ရွှေကျင် နိကာယ သာသနပါလ အသင်းစာမေးပွဲ စာချတန်းကို အောင်မြင်သည်၊ ၁၃၁၃-ခုနှစ်၌ အစိုးရဓမ္မာစရိယစာချတန်းနှင့် စေတိယင်္ဂဏစာချတန်းကို အောင်မြင်သည်။ ထိုနောက် ရွှေဟင်္သာတောရတိုက်၌ စာပေပို့ချနေသည်၊ ယခုအခါ၌ကား၊ ရန်ကုန်မြို့၌ ဦးစိန်ယုန်-အမည်ဖြင့် အိမ်ဆိုင်တည်ခင်းကာ ကုန်သည်ဖြစ်နေလေပြီ။

**အရှင်ဣန္ဒဝံသာဘိဝံသ** ဟင်္သာတမြို့ ဆိတ်သာရွာ အဘ ဦးဘိုးမြ အမိ ဒေါ်ညိုစိမ့် တို့မှ ၁၂၇၁-ခုနှစ်၊ ကဆုန်လဆန်း ၆-ရက် တနင်္ဂနွေနေ့၌ ဖွားမြင်သည်၊ ၁၂၈၃-ခုနှစ် ဆိတ်သာရွာ၌ သာမဏေဖြစ်သည်၊ ၁၃၁၀-ခုနှစ်၌ ကိုးချောင်းရွာ ကျောင်းသစ်ကျောင်း၌ ရဟန်းဖြစ်သည်၊ထိုနှစ်ကဆုန်လဆန်း ၁၀-ရက်နေ့ ရွှေဟင်္သာတောရတိုက်သို့ ရောက်သည်၊ ဟင်္သာတမြို့အတွင်း ပတ္တမြားတိုက်၊ ရန်ကုန်ကျောင်းတိုက်၊ ညောင်တုန်း ရွှေဟင်္သာတောရတိုက်၊ ရန်ကုန် သရက်တောကျောင်းတိုက် တောင်ဘီလူးကျောင်း၊မန္တလေး ရွှေဘုန်းဝန်ကျောင်း၊မဟာဝိသုဒ္ဓါရုံတိုက်၊ စစ်ကိုင်း တောင်ရိုး ပဌာန်းသိပ္ပံကျောင်းတို့၌ စာပေပညာဆည်းပူးခဲ့သည်၊ ၁၃၁၂-ခုနှစ်၌ ရွှေကျင်နိကာယသာသနပါလအသင်း၊ ဓမ္မာစရိယတန်း ၁၃၁၄-ခုနှစ်၌ အစိုးရဓမ္မာ

ဗရိယတန်း, ၁၃၁၅-ခုနှစ်၌ စေတိယင်္ဂဏ ဓမ္မာစရိယတန်း တို့ကို အောင်မြင်သည်၊ ယနေ့တိုင် ရွှေဟင်္သာ တောရတိုက်၌ စာပေပို့ချလျက်ရှိသည်။

**အရှင်ပညာသာမိ** မြန်အောင် မြို့နယ် ကညွတ်ကွင်း ရွာမှ အဘ ဦးကြူး အမိ ဒေါ်မျောင်တို့မှ ၁၂၇၆-ခုနှစ် သီတင်းကျွတ်လဆန်း ၆-ရက် ကြာသပတေးနေ့ နံနက် ၈-နာရီအချိန် ဖွားမြင်သည်၊ အသက် ၁၂-နှစ်အရွယ် အရိုးကုန်းရွာ လေသာကျောင်း ဘုန်းတော်ကြီး ဦးသုမန, ဦးဓမ္မပီယတို့ထံ၌ ရှင်သာမဏေ ဖြစ်သည်၊ ၁၂၉၆-ခုနှစ် နယုန်လဆန်း ၃-ရက်နေ့၌ တွံတေးမြို့ ဗောဓိကုန်းကျောင်း၌ ဗောဓိကုန်းကျောင်း အရှင်ဓမ္မပီယသည် ဥပဇ္ဈာယ်အဖြစ် ချီးမြှောက်၍ငင်း, တွံတေးမြို့နယ် ရွှေကျင် နိကာယနာယက စကြံကျောင်း ဆရာတော် အရှင်ခေမိန္ဒသည် ကမ္မဝါစာအဖြစ် ချီးမြှောက်တော်မူသဖြင့်ငင်း, ရဟန်းအဖြစ်သို့ ရောက်သည်၊ ၁၂၉၆- ခုနှစ် နတ်တော်လ၌ ရွှေဟင်္သာ တောရ တိုက်သို့ ရောက်သည်၊ ရွှေဟင်္သာ တောရတိုက်၌ ဒုတိယ စံကျောင်း ဆရာတော်, တိုက်အုပ်ဆရာတော်, တိုက်ကြပ်ဆရာတော်များ ထံ၌ အထက်တန်း စာပေများကို သင်ယူ လေ့လာပြီးလျှင် ၁၃၁၀-ခုနှစ်, ၁၃၁၁-ခုနှစ်တို့၌ မန္တလေးရွှေဘုန်းဝန်တိုက်၌ နေကာ ထိုထိုတိုက်တို့၌ပရိယတ္တိဆိုင်ရာဗဟုသုတတို့ကိုဆည်းပူး ခဲ့သည်၊ ၁၃၁၁-ခုနှစ်တွင် အစိုးရ ဓမ္မာစရိယတန်းကို အောင် မြင်သည်၊ ယနေ့တိုင် ရွှေဟင်္သာတောရတိုက်၌ စာပေပို့ချ ကာ တိုက်တာ တာဝန်ကို ဆောင်ရွက်လျက်ရှိသည်။

**အရှင်ကုဝေရ** ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မင်းရွာ၌ အဘဦးကြယ် အမိဒေါ်သာရှိတို့မှ ၁၂၇၂-ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄-ရက် တနင်းလာနေ့တွင် ဖွားမြင်သည်၊ ၁၂၈၆-ခုနှစ် ဓနုဖြူမြို့ မဟာဗောဓိကျောင်းဆရာတော် (နောင်တော်ကြီး) ထံ၌ သာမဏေ ဖြစ်သည်၊ ၁၂၉၁ ခုနှစ် ရွှေဟင်္သာတောရတိုက်သို့ ရောက်၍ ပ-ဒု စံကျောင်းဆရာတော်များထံ၌ရင်း, တိုက်အုပ် တိုက်ကြပ်ဆရာတော်များထံ၌ရင်း စာပေသင်ကြားသည်၊ ဓနုဖြူမြို့ မဟာဗောဓိကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်၊ စာမေးပွဲ၌ ပထမလတ် အောင်ပြီးနောက် မန္တလေးမြို့ အဘယာရာမကျောင်းတိုက်, မဟာဝိသုဒ္ဓါရုံတိုက်, ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်တို့၌ စာပေပညာ ဆည်းပူးနည်းယူ၍ ရွှေဟင်္သာတောရတိုက်သို့ပြန်ကာ စာပေပို့ချခြင်း သံဃကိစ္စတာဝန်ကို ရွက်ဆောင်ခဲ့သည်၊ ယခုမူကား ဓနုဖြူမြို့ မဟာဗောဓိကျောင်းဆရာတော် (နောင်တော်ကြီး) ကျောင်းနှင့် ဂန္ဓာရုံကျောင်း ၂-ကျောင်းကိုပေါင်းကာ ရွှေဟင်္သာကျောင်းတိုက်အမည်ဖြင့် အသစ်တဖန်တည်ကာ သာသနာပြုလျက်ရှိသည်။

**ပထမကျော် ဦးကုသလာဘိဝံသ** ဦးကုသလာဘိဝံသ သည် ပဲခူး ခရိုင် ဝေါမြို့အပိုင် ကျိုက်လှရွာ၌ ဦးစံဝင်း ဒေါ်ရွှေမြ တို့၏ သားဦး ဖြစ်သည်၊ ၁၂၈၉-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၂-ရက်တနင်းလာနေ့၌ ဖွားမြင်သည်။ ငယ်စဉ်က စတုတ္ထတန်း အောင်ခဲ့သည်၊ ၁၃၀၄-ခုနှစ် ကျိုက်လှရွာ ဒက္ခိဏာရုံကျောင်း ဆရာတော် ဒုတိယဆရာတော်တို့ထံ၌ သာမဏေဖြစ်၍ ရှင်ကျင့်ဝတ်,သဒ္ဒါ,

သင်္ဂဟ စသည်တို့ကိုသင်ယူကာ ပဲခူးမြို့၌ကျင်းပသော အမျိုးသား စာမေးပွဲ၌ ဇ-ကြိမ်ဝင်ရောက်ဖြေဆိုခဲ့သည်၊ တစ်နံပါတ်မှချည်း အောင်မြင်သည်။

၁၃၀၈-ခုနှစ်၌ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ဒုတိယစံကျောင်း ဆရာတော်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်းဖြစ်သည်၊ ရွှေဟင်္သာတောရ တိုက်ကြပ်ဆရာတော် အရှင်ဉာဏဝံသထံသို့ ၁၃၀၉-ခုနှစ်ရောက်သည်၊ ရွှေဟင်္သာတောရတိုက် စံကျောင်းဆရာတော် ၂-ပါး, တိုက်အုပ် တိုက်ကြပ် ဆရာတော်များ, စာချဆရာတော်များထံ၌ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းတို့ကို သင်ကြားဆည်းပူးသည်။

အစိုးရ ငယ်,လတ်,ကြီး, စာချတန်း၊ သာသနာပါလ အသင်း ငယ်,လတ်,ကြီး, စာချတန်း၊ ရန်ကုန် စေတိယင်္ဂဏ စာသင်တန်း, စာချတန်းတို့ကို အောင်မြင်ခဲ့သည်၊ အစိုးရငယ်နှင့် စာချတန်း, စေတိယင်္ဂဏ စာသင်တန်းမှတပါး စာမေးပွဲတိုင်း၌ တစ်စွဲ၍ အောင်မြင်ခဲ့သည်။

၁၃၁ဇ-ခုနှစ်၌ ဆရာတော်များ ခွင့်ပြုအပ်နှံပေးတော်မူသဖြင့် ပခုက္ကူ မဟာဝိသုတာရာမ, မဟာဝိဇယာ ရာမတိုက်တို့၌ ပါဠိအဋ္ဌကထာ ဋီကာတို့ကို နည်းယူလေ့လာခဲ့သည်။

၁၃၁၇-ခုနှစ်၌ ညောင်တုန်း ရွှေဟင်္သာ တောရတိုက်သို့ ပြန်ရောက်၍စာပေပို့ချနေသည်၊ ဆရာတော်အမိန့်အရ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်၌ ၂-နှစ်ခန့်သွားရောက်၍ သံဃာများအားစာပေပို့ချပြီးကာလ ၁၃၂၂-ခုနှစ် ညောင်

တုန်း ရွှေဟင်္သာတောရတိုက်သို့ ပြန်လည်ရောက်ရှိ၍ စာပေပို့ချယင်း ကျောင်းတိုက်တာဝန်ကို ရွက်ဆောင်လျက်ရှိသည်။

## ဘုန်းကြီး ဦးသက္ကာစာရ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

(ဘုန်းကြီး ဦးသက္ကာစာရ အသက် ၅၀-နှစ်၊သိက္ခာ ၃၁၊)

ဘုန်းကြီး ဦးသက္ကာစာရသည် ၁၂၈၄-ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၁-ရက် သောကြာနေ့တွင် မအူပင်မြို့ ညောင်တုန်းစုရွာ အဖ ဦးဘိုးကောက် အမိ ဒေါ်ငွေစိန်တို့မှ ဖွားမြင်ပါသည်၊သားသမီး ၈-ယောက်တွင်(တတိယမြောက်) ဖြစ်ပါသည်၊ ၁၂၉၈-ခုနှစ်တွင် ရှင်သာမဏေပြု၍ ၁၃၀၁-ခု ဝါဆိုလဆန်း ၁-ရက်နေ့မှာ ရွှေဟင်္သာတောရ ကျောင်းတိုက်သို့ ရောက်ရှိရာ သက်ဆိုင်ရာပညာရပ်များကို သင်ကြား၍ ၁၃၀၃-ခုနှစ် နယုန်လဆန်း ၈-ရက်နေ့တွင် မအူပင်မြို့မှာရှိ ရွှေကျင်ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် ဒုတိယ စံကျောင်း ဆရာတော် (အရှင်ကလျာဏ) မဟာထေရ်မြတ်တည်းဟူသော ဥပဇ္ဈာယ်ဖြင့်ရဟန်းအဖြစ်သို့ရောက်ရှိပါသည်၊၁၃၀၂-ခုနှစ်မှာအစိုးရ ပထမပြန်စာမေးပွဲတွင် ပထမငယ်တန်း အောင်မြင်၍ အစဉ်အတိုင်း ကြိုးစားအားထုတ်ရာ ၁၃၁၅-ခုနှစ်မှာ အစိုးရ စာမေးပွဲတွင် စာချတန်းကို အပြီးသတ် အောင်မြင်ပါသည်။ ယခုအခါ ရွှေဟင်္သာတောရ၏ နာယက ဘုန်းကြီး တပါး ဖြစ်ကာ (ယထာဗလ) သာသနာ့တာဝန်ကို ထမ်းဆောင်နေထိုင်လျက်ရှိပါသတည်း။

## ဘုန်းကြီးဦးဗုဒ္ဓိမာ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

(ဘုန်းကြီးဦးဗုဒ္ဓိမာ ၄၄-နှစ် ၂၄-၀၁)

ဘုန်းကြီး ဦးဗုဒ္ဓိမာသည် ၁၂၉၀-ပြည့်နှစ် ပြာသိုလပြည့်ကျော် ၂-ရက် ကြာသပတေးနေ့ နံနက်တွင် ညောင်တုန်းမြို့ အပိုင် ချောင်းကြီးချောင်းဖျားရွာ အဘ ဦးဘဖြူ အမိ ဒေါ် ပန်းမြိုင်တို့မှ ဖွားမြင်ပါသည်။ သားသမီး ၁၀-ယောက်တွင် (ပဥ္စမမြောက်) ဖြစ်ပါသည်၊ ဇာတိရပ်ရွာရှိ အစိုးရအတန်းကျောင်းတွင် ပညာသင်ကြား၍ ၁၂-နှစ်သား အရွယ်တွင် ညောင်းတုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်သို့ ရောက်ရှိရာ ယခုတိုက်အုပ်ဆရာတော်ဦးဝိမလ(အဂ္ဂမဟာပဏ္ဍိတ)ထံ၌ သက်ဆိုင်ရာ ပညာရပ်များကို သင်ကြား နေထိုင်ပါသည်၊ ၁၃-နှစ်သား အရွယ်တွင် ရှင်ဃာမဏေပြု၍ ၁၃၁၀-ခုနှစ် တပေါင်း လပြည့်ကျော် ၁-ရက်နေ့မှာ ရွှေဟင်္သာတောရ ဒုတိယ စံကျောင်းဆရာတော် (အရှင်ကလျာဏ) မဟာထေရ် မြတ်တည်းဟူသော ဥပဇ္ဈာယ်ဖြင့် ရွှေဟင်္သာတောရတိုက်မှာ ပင် ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်၊ သာသနဝံသာနုရက္ခ တိုက်ကျောင်းဘုန်းကြီးဦးကုမာရ၏ ညီအရင်းဖြစ်ပါသည်။)

ပထမငယ်တန်း အောင်မြင်ပြီးနောက် ကျန်းမာရေးအခြေအနေအရ စာမေးပွဲများကို ဆက်လက်ဝင်နိုင်ခွင့်မရပဲ၊ သက်ဆိုင်ရာစာပေကျမ်းဂန်များကို ဖြေးဖြေးမှန်မှန်သာ အားထုတ်နေထိုင်ခဲ့ပါသည်။

ယခုအခါ ရွှေဟင်္သာတောရ၏ နာယက ဘုန်းကြီးတပါး ဖြစ်ကာ (ယထာဗလ) သာသနာ့တာဝန်ကို ထမ်းဆောင်နေထိုင်လျက် ရှိပါသတည်း။

## ဘုန်းကြီး ဦးပညာဇောတ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

(ဘုန်းကြီး ဦးပညာဇောတ ၄၁-နှစ် ၂၂-ဝါ)

ဘုန်းကြီး ဦးပညာဇောတသည် ၁၂၉၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄-ရက် ကြာသပတေး နေ့တွင် ပဲခူးခရိုင်၊ နောင်ပတ္တာရာရွာ အဘ ဦးသာခိုင် အမိ ဒေါ်မြတင် တို့မှ ဖွားမြင်ပါသည်၊ သားသမီး ၄-ယောက်တွင် ဒုတိယမြောက် ဖြစ်ပါသည်။ ၁၃၀၈-ခုနှစ်တွင် ရှင်သာမဏေပြု၍ ၁၃၁၂-ခုနှစ် ပထမဝါဆိုလဆုတ် ၆-ရက်နေ့မှာ ရွှေဟင်္သာတောရတိုက်သို့ ရောက်ရှိကာ ယခု တိုက်ကြပ်ဆရာတော် (ဦးဉာဏဝံသ) အထံ၌ သက်ဆိုင်ရာပညာရပ်များကို သင်ကြားနေထိုင်ပါသည်။

၁၃၁၃-ခုနှစ် ကဆုန်လဆန်း ၄-ရက် ဗုဒ္ဓဟူးနေ့တွင် ရွှေဟင်္သာတောရ တတိယ စံကျောင်း ဆရာတော် (အရှင်ဇာဂရ) မဟာထေရ်မြတ် တည်းဟူသော ဥပဇ္ဈာယ်ဖြင့် ရွှေဟင်္သာတောရတိုက်မှာပင် ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

၁၃၁၂ ခုနှစ်မှစ၍ အစိုးရစာမေးပွဲနှင့် ရွှေကျင်နိကာယ သာသနပါလအသင်းစာမေးပွဲများ၌ ပထမငယ်, ပထမလတ်, ပထမကြီးတန်းများကို အောင်မြင်ကာ ၁၃၁၈-ခုနှစ်မှာ စာ

ချတန်းကိုအပြီးသတ်အောင်မြင်၍၁၃၂၂-ခုနှစ်မှာပါစိတျာဒိပါဠိပါရဂူတန်းကို အောင်မြင်ပါသည်။

ယခုအခါ ရွှေဟင်္သာတောရတိုက်၏ နာယက ဘုန်းကြီးတပါးဖြစ်ကာ (ယထာဗလ) သာသနာ့တာဝန်ကိုထမ်းဆောင်နေထိုင်လျက်ရှိပါသတည်း။

## ဘုန်းကြီး ဦးတေဇဝမ္မ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

(ဘုန်းကြီး ဦးတေဇဝမ္မ ၃၈-နှစ် ၁၉-၀၇)

ဘုန်းကြီး ဦးတေဇဝမ္မသည် ၁၂၉၆-ခုနှစ် နတ်တော်လပြည့်ကျော် ၉-ရက် စနေနေ့တွင် မအူပင်ခရိုင် ညောင်ပင်ဂရက်ရွာ အဘ ဦးစံမြင့် အမိ ဒေါ်ကြွယ်တို့မှ ဖွားမြင်ပါသည်၊ သားသမီး ၅-ယောက်တွင် ပဥ္စမမြောက် ဖြစ်ပါသည်။

၁၃၁၀-ခုနှစ် နယုန် လပြည့်ကျော် ၁၃-ရက်နေ့ တွင် ရှင်သာမဏေပြု၍ ၁၃၁၀-ခုနှစ် ပထမဝါဆိုလဆန်း ၁-ရက်နေ့မှာ ရွှေဟင်္သာတောရသို့ရောက်ရှိကာ သက်ဆိုင်ရာပညာရပ်များကို သင်ကြားနေထိုင်ပါသည်။

၁၃၁၅-ခုနှစ် တပေါင်းလပြည့်ကျော် ၁-ရက် စနေနေ့တွင် ရွှေဟင်္သာတောရ တတိယစံကျောင်းဆရာတော် (အရှင်ဇာဂရ) မဟာထေရ်မြတ် တည်းဟူသော ဥပဇ္ဈာယ်ဖြင့် ရွှေဟင်္သာတောရတိုက်မှာပင် ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

၁၃၁၄-ခုနှစ်မှစ၍ အစိုးရစာမေးပွဲနှင့် ရွှေကျင် နိကာယ သာသနပါလအသင်းစာမေးပွဲများ၌ ပထမငယ်,ပထမလတ်, ပထမကြီးတန်း များကို အောင်မြင်ကာ ၁၃၂၀-ခုနှစ်မှာ စာချတန်းကို အပြီးသတ် အောင်မြင်၍ ၁၃၂၁-ခုနှစ်မှာ ပါစိတျာဒိပါဠိပါရဂူတန်းကို အောင်မြင်ပါသည်။

ယခုအခါ ရွှေဟင်္သာတောရတိုက်၏ နာယက ဘုန်းကြီး တပါးဖြစ်ကာ ယထာဗလ သာသနာ့တာဝန်ကို ထမ်းဆောင် နေထိုင်လျက်ရှိပါသတည်း။

## ဘုန်းကြီးဦးကောဝိဒ၏အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

(ဘုန်းကြီး ဦးကောဝိဒ ၃၃-နှစ်၊ ၁၄-ဝါ)

ဘုန်းကြီး ဦးကောဝိဒသည် ၁၃၀၁-ခုနှစ် ဝါခေါင်လ ဆုတ် ၈-ရက် တနင်းလာနေ့တွင် ပန်းတနော်မြို့အပိုင် ကဇင်း တောရွာ အဘ ဦးဘမောင်၊ အမိဒေါ်လှိုင်တို့မှ ဖွားမြင်ပါ သည်။ သားသမီး ၉-ယောက်တွင် (တတိယမြောက်)ဖြစ်ပါ သည်။

၁၃၁၇-ခုနှစ်တွင် ရှင်သာမဏေပြု၍ ၁၃၁၈-ခုနှစ်မှာ ရွှေဟင်္သာတောရတိုက်သို့ ရောက်ရှိကာ သက်ဆိုင်ရာပညာရပ် များကို သင်ကြားနေထိုင်ပါသည်။

၁၃၂၀-ခုနှစ် ကဆုန်လဆန်း ၁၀-ရက်နေ့တွင် ရွှေဟင်္သာ တောရတိုက် ရွာသစ်ဆရာတော် အရှင်ဝိမလ မဟာထေရ်

မြတ်တည်းဟူသောဥပဇ္ဈာယ်ဖြင့်ရွှေဟင်္သာတောရတိုက်မှာပင် ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

၁၃၁၉-ခုနှစ်မှစ၍ အစိုးရစာမေးပွဲနှင့် ရွှေကျင်နိကာယ သာသနပါလ အသင်းစာမေးပွဲများ၌ ပထမငယ်,ပထမလတ်, ပထမကြီးတန်းများကို အောင်မြင်ကာ ၁၃၂၆-ခုနှစ်မှာ စာချတန်းကို အပြီးသတ်အောင်မြင်ပါသည်။

ယခုအခါ ရွှေဟင်္သာတောရတိုက်၏ နာယကဘုန်းကြီး တပါးဖြစ်ကာ (ယထာဗလ) သာသနာ့တာဝန်ကို ထမ်းဆောင် နေထိုင်လျက် ရှိပါသည်။

**ဗိုလ်ကျောင်းဘုန်းတော်ကြီး အရှင်ဉာနဝံသ**

သံဃာအများ သီတင်းသုံး နေကြသော ကျောင်းတိုက်ကြီးများ၌ မရှိလျှင် မဖြစ်သော ပုဂ္ဂိုလ်မျိုးမှာ သံဃဝေယျာဝစ္စကိစ္စ ကြီးငယ်တို့ကို ဆောင်ရွက်နိုင်စွမ်းသော ပုဂ္ဂိုလ်မျိုးပင် ဖြစ်သည်။ ဆရာတော်နှင့်တကွ စာချပုဂ္ဂိုလ်များ ပြည့်စုံစေဦးတော့။ ဝေယျာဝစ္စ ဆောင်ပုဂ္ဂိုလ်မရှိလျှင် နောက်ပိုင်းက လစ်ဟင်းတတ်သည်၊ ရွှေဟင်္သာတောရတိုက်ဆရာတော်များ၏ ဘုန်းတော်နှင့် သံဃ ကမ်အားလျော်စွာ ဘုန်းတော်ကြီး ဦးဉာနဝံသသည် ၁၂၇၇ ခုနှစ် ကဆုန်လပြည့်နေ့၌ ရွှေဟင်္သာတောရတိုက်သို့ အလိုအ လျောက် ဆိုက်ရောက်လာပေသည်၊ ရွှေဟင်္သာတောရတိုက်မှ သံဃာများချမ်းသာစေရန်၅-နှစ်တိုင်တိုင်ဆွမ်းခံ၍ရင်း,၆-နှစ် တိုင်တိုင် ဆွမ်းစားကျောင်းဘုန်းကြီးအဖြစ်ဖြင့်ရင်း, ကျောင်း

ဆော်ရာ ဆရာတော်ဘုရားကြီး၏ အလုပ်အကျွေးအဖြစ်ဖြင့် ၎င်း ဆောင်ရွက်ခဲ့ပြီးနောက်အသက် ၈၂-နှစ် ပျံတော်မူသည် တိုင်အောင် ကျောင်းတိုက် တတိုက်လုံး၏ ဝေယျာဝစ္စဟူသမျှ ကို အဘက်ဘက်က ဆောင်ရွက်ခဲ့သောကြောင့် ရွှေဟင်္သာ တောရတိုက် သံဃာများအဘို့ ကျေးဇူးများလှသည်၊ ဘုန်း တော်ကြီး ဦးဉာဏဝံသ၏ ဇာတိမှာ ဝါးခယ်မမြို့ ရွှေလောင်းရွာ ဖြစ်၍ အဘဦးထွန်းဖြူ အမိဒေါ်နှစ်တို့မှ ၁၂၃၉-ခုနှစ် ကဆုန်လပြည့်ကျော် ၅-ရက် အင်္ဂါနေ့၌ ဖွားမြင်သည်၊ ၁၂၅၀ ပြည့်နှစ် သာမဏေဖြစ်သည်၊ ၁၂၇၁-ခုနှစ်၌ ရဟန်းဖြစ် သည်၊ ဥပဇ္ဈာယ်ဆရာမှာ ထင်ရှားကျော်ကြားသော စစ်ကိုင်း တောင်ရိုး အရှေ့ဂူဏ္ဍာသယချောင်ဆရာတော် အရှင်ရာဇိန္ဒ ဖြစ်သည်၊ ဘုန်းတော်ကြီး ဦးဉာဏဝံသသည် တိုက်တာဆရာ သမား၏ အကျိုးစီးပွားနှင့် စပ်လျဉ်းသောကိစ္စ တာဝန်ကို မိမိစွမ်းနိုင်သည့်ဘက်ကဆိုလျှင် မိမိကိုယ်နှင့်အသက်ကို ဂရုမပြု ပမာနမထားပဲ အပင်ပန်းခံကာ ဆောင်ရွက်လေ့ ရှိသည်၊ ဆရာတော်များက ဗိုလ်ကျောင်း၌ နေရာချထားပေးသော ကြောင့် ဗိုလ်ကျောင်းဘုန်းကြီးဟု အမည်တွင်သည်။

**ရွှေကျင်ဆရာတော်ဘုရားကြီး** ရွှေဟင်္သာတောရ တိုက်ကို အစဦး တည်ထောင်၍ကိုယ်တိုင်ဆယ်ဝါတိုင် တိုင် စောင့်ရှောက် ပြုစုတော်မူသော ရန်ကုန်မြို့ ကျောင်းတော်ရာဆရာတော်ဘုရားကြီး၏ ဥပဇ္ဈာယ် ဆရာရင်း ဖြစ်တော်မူသည်တကြောင်း, ရွှေကျင်ဂိုဏ်းကြီးကို စိုက်ပျိုးပြုပြင်မြေတောင်တင်၍ ပေါင်းသင် ရေလောင်းကာ သာသနာတော်၌ သာသနဝန်ဆောင်ရဟန်းမြတ် သူတော်

ကောင်းတို့ကို ပေါက်ဖွားထွန်းကားစေတော်မူသော နောက်သားရွှေကျင် အနွယ်ဝင်တို့ လေးစားဦးတင်လျက် အောက်မေ့မြတ်နိုးအပ်သော ရွှေကျင်နိကာယသမုဋ္ဌာပက အာဒိဘူတဆရာတော်ကြီး ဖြစ်တော်မူသောကြောင့်တကြောင်း, ဂိုဏ်းဂဏမရွေး ပုဂ္ဂိုလ်အခြား ဘုရားသားတော် သူတော်ကောင်းမှန်လျှင် ရိုးသားသောစေတနာဖြင့် ကြည်ညိုမြတ်နိုးလေ့ရှိကြသော နှလုံးကောင်းသူမှန်တို့၏အကျိုးငှာ ရွှေကျင်ဆရာတော်ဘုရားကြီး၏အကြောင်းကို အကျဉ်းအားဖြင့် ရေးသားပါဦးအံ့၊ အကျယ်ကိုရှုလိုမူကား ရွှေကျင်နိကာယသာသနာဝင်၌ ရှုကြရာသည်။

သာသနာတော်နှစ် ၂၃၆၆၊ ကောဇာသက္ကရာဇ် ၁၁၈၄ ခုနှစ်၊ ဥတုဝဿန္တ ဝါဆို လပြည့်ကျော် ၁၂-ရက်နေ့ ည ၃-ချက်တီးကျော် ၁၃-ရက် အင်္ဂါနေ့အဝင် မိဂသီနက္ခတ်နှင့် ယှဉ်၍ မင်္ဂလာအချိန် သုဒ္ဓဒိန် ၉၄-ရက်၊ စန်းလဂ်ပြိဿ၊ ဗုဒ္ဓနဝင်းစီးလျက်၊ ကုန်းဘောင် မည်သော ရွှေဘိုတောင်လက်လှတောကြီးငါးရွာအဝင် ရွှေကျင်အမည်ရှိ ရွာတွင် ခမည်းတော် ဦးမောင်၊ မယ်တော် မယ်မိတို့မှ ထွန်းကားဖွားမြင်တော်မူသည်၊ငယ်မည်မှာ မောင်သန့်ဖြစ်သည်၊အသက် ၇-နှစ်အယွယ်၌ မိဘများက ရွှေကျင်ရွာမဟာဗောဓိကျောင်းဆရာတော် ဦးဝရဗုဒ္ဓိထံ၌ အပ်နှံ၍ စာပေသင်ကြားခဲ့ရသည်၊ရှင်နှင့်ရဟန်းဘွဲ့မှာ အရှင်ဇာဂရဖြစ်သည်၊ အသက် ၁၅-နှစ်ယွယ်၌ ရွှေဘိုမြို့ဝက်ပါကျောင်းဆရာတော်ထံ၌ ဆက်လက်၍ စာပေသင်ကြားရသည်၊ အသက် ၁၈-နှစ် ရှင်သာမဏေအဖြစ်နှင့် စန္ဒိမာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု မင်းလှူ

တံဆိပ်တော်ရ သီးလုံးဆရာတော်ဘုရားကြီး ခြေတော်ရင်းသို့ ရောက်ရှိ ဆည်းကပ်ရသဖြင့် သီးလုံးဆရာတော် ဘုရားကြီး၏ တပည့်ရင်းဖြစ်လေတော့သည်။

မြန်မာစစ်စစ် ဟိုရှေးခေတ်၌ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၏ ကျောင်းများသည်ပင် သိပ္ပံသာလာ ဒိဿာပါမောက် ကျော်ဖောက်ဝေးနီး တက္ကသိုလ်ကျောင်းတိုက်ကြီးတို့သာ ဖြစ်ခဲ့ပေသည်၊ ရဟန်းတော်များ၏ တက္ကသိုလ်ကျောင်းတိုက်တို့၌ လောကီလောကုတ် ဗဟုသုတအဝဝတို့ကို ဆည်းပူးလေ့လာ သင်ကြားကြရသည်၊ လောကလမ်း သာသနလမ်းနှစ်သွယ်တွင် မိမိတို့လိုအင်ရှိရာလမ်းသို့ လိုက်ကြသောအားဖြင့် တံဆိပ်ရ,မရ ဆရာတော်အဖြစ်သို့ရောက်သူတို့လည်း ရောက်ကြသည်၊ စာရေးစာချီမှစ၍ မှူးကြီးမတ်ကြီး ဖြစ်သူတို့လည်း ဖြစ်ကြသည်၊ ဘုရင်ကေရာဇ်တိုင်အောင် ဖြစ်သူလည်း ဖြစ်ကြသည်၊ သို့ဖြစ်၍ ခေတ်အားလျော်စွာ ရွှေကျင် ဆရာတော်အလောင်း ရှင်ဇာဂရသည် အဆင့်ဆင့်သော ဆရာအရှင်ကောင်း ရဟန်းတော် ကျောင်းများသို့ ပြောင်းကာပြောင်းကာ စာပေပညာကို သင်ကြားဆည်းပူးခဲ့ရာ ထူးချွန်သော ပါရမီကမ်ရှိသည့်အလျောက် လောကကြီးကို ကြောက်ရွံ့ဖွယ် စက်ဆုပ်ဖွယ်အနေဖြင့် ဉာဏ်၌ဆင်ခြင် မြင်တော်မူသည်ဖြစ်၍ သက်တော် ၂၀-ပြည့်လျှင် ငယ်ဆရာ - ဆရာတော်ဦးဝရဗုဒ္ဓိထံ၌ ရဟန်းဘဝသို့ရောက်ပြီးလျှင် ရာဇဌာနီ မင်းနေပြည်တော် ဖြစ်သော အမရပူရမြို့တော်၌ ထင်ရှား ကျော်ကြားသော ဆရာတော်များထံ၌ အရပ်ရပ်သော ပါဠိအဋ္ဌကထာ ဋီကာ လက်သန်း ကျမ်းပေါင်းစုံတို့ကို ဉာဏ်ဟုန်

တဝ, ဆန္ဒတဖြာ, ဝီရိယာရဒ္ဓဖြင့် ရဟန်းသိက္ခာ ရှစ်ဝါတိုင်အောင် အားထုတ်သင်ကြားတော်မူခဲ့သည်။

ထိုနောက် မန်ကျည်းစဉ့် ခေါ်တော့ ရှိမ်းမကားမြို့၌ တပည့်စာသင်သားတို့အားစာပေပို့ချကာနေတော်မူသည်၊ ၁၄-ဝါ ရရှိသောအခါ မင်းတုံးမင်းတရားသည် မင်္ဂလာအိမ်တော်စံစဉ် ရွှေဘိုသို့ထွက်တော်မူခိုက်၌ ရွှေကျင်ဆရာတော်ကို ဖူးမြော်ရကာ တရားဒေသနာ ဩဝါဒကထာကို ကြားနာရသဖြင့် နောင်အခါ သာသနာတော်ကို တိုးတက်စည်ကား ပြန့်ပွားအောင် ဆောင်ရွက်တော်မူရန် စကားစ လျှောက်ထားခဲ့သည်။

မင်းတုံးမင်းတရားသည် မင်းအဖြစ်သို့ရောက်၍ မန္တလေးနေပြည်တော်ကို တည်ထောင်ပြီးကာလ သိက္ခာ ၁၉-ဝါရရှိသော ရွှေကျင်ဆရာတော်ကို တပည့်သံဃာအပေါင်းနှင့်တကွ ရှိမ်းမကားမှရတနာပုံမြို့တော်သို့ပင့်ဆောင်၍ မန္တလေးတောင်၏ မြောက်မျက်နှာ၌ အရံကျောင်းတိုက် လေးတိုက်နှင့်တကွ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်ကို တည်ကာ ဆောက်လုပ်လှူဒါန်းတော်မူသည်၊ ဤကျောင်းတိုက်ကြီး ၅-တိုက်သည် ရွှေကျင် ၅-တိုက်ဟု ထင်ရှားသည်၊ ကျောင်းတိုက် အမည်များမှာ—

၁။ ထရံကာတိုက် (မှိုင်းလုံတိုက်ဟူ၍လည်း ခေါ်သည်)
၂။ ရမည်းသင်းတိုက်၊
၃။ မဟာဓမ္မိကာရာမရွှေကျင်တိုက်၊

၄။ မင်းကင်းတိုက်၊
၅။ မြတောင်တိုက် တို့ ဖြစ်ကြသည်၊ ရွှေကျင်တိုက်မမှာ အလည်ကဖြစ်၏၊ အရှေ့အနောက် ၅-တိုက်တန်းလျက်တည်ရှိသည်။

မင်းတုံးမင်းတရားသည် ရွှေဘိုသို့ထွက်စဉ်က ရွှေကျင်ဆရာတော်ကိုဖူးမြော်ရ တရားစကားကြားနာရသဖြင့်ရွှေကျင်ဆရာတော်၏ ရဟန်းကျင့်ဝတ်နှင့် ညီညွတ်ပုံ၊ ပြည့်စုံပုံ၊ ရဟန်းကောင်းတို့၏လက္ခဏာတော်ရှိပုံ၊ တပည့်သားမြေးတို့ကို ဆုံးမသွန်သင်ပုံ၊ ဆုံးမသည့်အတိုင်း တပည့်သံဃာများ ယဉ်ကျေးလိမ္မာရှိပုံတို့ကို ထူးထူးခြားခြား တွေ့မြင် ကြည်ညိုခဲ့ရသောကြောင့် ဤပုဂ္ဂိုလ်သာလျှင် ကြီးမှူးခေါင်းဆောင်၍ သာသနာတော်ကို ပြုပြင်စောင့်ရှောက်စေရမူကား ဘုရားရှင် သာသနာတော်သည် အလွန်သန့်ရှင်းစင်ကြယ်စွာသူတော်ကောင်းရဟန်းမြတ်တို့အဆက်ဆက်ဖြင့် သာသနာသက်ရှည်၍ ပြည်သူတိုင်းသားတို့သည်လည်း လောကဓမ္မနှစ်ဌာန၌ ယဉ်ကျေးလိမ္မာကြလျက် သုံးပါးသော ချမ်းသာကို တောင့်တတိုင်းရကြပေလိမ့်မည်ဟု မနသာဝဝတ်၊ စိတ်ညွတ် ရာထားခဲ့ခြင်းဖြစ်သည်။

သို့ စိတ်ညွတ်ရာထားခဲ့သည့် အတိုင်း သက္ကရာဇ် ၁၂၃၀-ပြည့်နှစ်၌ အလုံမြို့၊ ဒီပဲရင်းမြို့၊ ဗန်းကျီမြို့၊ တလုတ်မြို့၊ ရတနာသိခ၊ ကလေး၊ ရာဇဂြိုဟ် စသော မြို့တို့၌ သာသနာပြုရန် အပ်နှင်းတော်မူသဖြင့် ရွှေကျင်ဆရာတော်သည် ဆိုခဲ့ပြီးသော မြို့တို့၌ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် အကြီးအကဲတို့ကို

ခန့်ထား၍ များစွာသော ဂိုဏ်းသံဃာတို့အား ဩဝါဒ ပေးခြင်း, စားသောက်ဝတ်ရုံမှုစသည်တို့၌ နည်းလမ်းညွှန်ပြခြင်း, ကူညီစောင့်ရှောက်ခြင်း စသည်ဖြင့် သာသနာပြုတော်မူရသည်၊နေပြည်တော်ရတနာပုံ၌လည်း ၁၂၃၃-ခုနှစ် တပေါင်းလဆန်း ၁၀-ရက်နေ့၌ လှူဒါန်းသော အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် စသော ၁၂-ရပ်သောတိုက်တော်တို့တွင် ပိဋကတ္တယပါရဂူဖြစ်တော်မူကြသော ဆရာတော်များ,စာချဂဏဝါစကပုဂ္ဂိုလ်များကို လွှဲအပ်ချီးမြှောက်တော်မူ၍ သာသနာ့ အညစ်အကြေးကို ဆေးကျော်သုတ်သင် ဖြူစင်စေတော်မူသည်။

အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကို မင်းတုံးမင်းကြီးက မဟာဗိုလ်ဆရာတော်အားလှူစေသည်၊ မဟာဗိုလ်ဆရာတော်သည် တာဝလိက အခိုက်အတန့်မျှ သီတင်းသုံးတော်မူကာ ရွှေကျင်ဆရာတော်အား လွှဲအပ်သည်၊ ရွှေကျင်ဆရာတော်က တပည့်ကြီးဖြစ်သော အရှင်ဝိသုဒ္ဓကို အပ်နှင်းကာ စောင့်ရှောက်စေတော်မူသည်ဖြစ်၍ အရှင်ဝိသုဒ္ဓသည် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဟု ထင်ရှားတော်မူသည်။

မဟာဝိသုဒ္ဓါရာမတိုက်မတည်မီ ဤကျောင်းတိုက်နေရာ၌ မန္တလေး, ရန်ကုန် မီးရထားလမ်း ကူမဲဘူတာနှင့် သပြေတောင်းဘူတာအကြား မီးရထားလမ်း အနောက်ဘက်၌ အင်းကန်ရွာမှ ဘုန်းကြီးတပါးလာရောက် ကျောင်းဆောက်နေဘူးသဖြင့် ၎င်းကျောင်းကို **အင်းကန်ကျောင်း** ဟု ခေါ်သည်၊ နောက်စကားရွှေလျောကာ **အင်းကန်း** ဟုခေါ်ကြသည်၊ မဟာဝိသုဒ္ဓါရာမတိုက်ဟု ကမ္ပည်းထိုးထားသော်လည်း အချို့က **အင်းကန်းတိုက်** ဟုခေါ်ကြသည်။

အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကိုသာ မဟုတ်သေး၊ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်ကိုပင် အင်းကန်းတိုက်ဟု အချို့က ခေါ်ကြသေးသည်။ (ဤအကြောင်းကို ယခုသက်တော်ထင်ရှားရှိသော အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၊ တိုက်အုပ်ဆရာတော်ကြီးထံမှ မှတ်သားခဲ့ရသည်။)

**ဘွဲ့တံဆိပ်အလှူမခံ** သက္ကရာဇ် ၁၂၃၃-ခုနှစ်၌ပင် ရွှေးဘေးလောင်းတော် သာသနာပြုမင်းတို့ ထုံးတမ်းစဉ်လာအတိုင်း သာသနာပြု ဆရာတော်များအား ဘွဲ့တံဆိပ်ကပ်လှူ၍ သာသနာတော်ဆိုင်ရာ အာဏာအခွင့်အရေးတို့ကို လွှဲအပ်ပေးမြဲဖြစ်သည့်အလျောက် ဘွဲ့တံဆိပ်တော်ဆက်ကပ်ပေးလှူသည်ကို အလှူမခံခဲ့ပေ။

**တောရကျောင်းသို့** သံသရာဘေးကို တွေးတောဉာဏ်မှန်အမြင်သန်၍ နှစ်တန်သော ဓုရတွင် နိဗ္ဗာန်အေးမြို့သို့ လျင်မြန်စွာရောက်ခြင်း၏နီးသောအကြောင်းဖြစ်သော ပဋိပတ်ကျင့်လမ်းကိုသာလျှင် တက်လှမ်းအားထုတ်လိုသော နိက္ခမဇ္ဈာသယဓာတ် ပြင်းထန်လှသောကြောင့် ကိန္နရာတောင်၊ ရေတံခွန်တောင်၊ စေဥ့်ကိုင်တောရ၊ ကုက္ကိုချောင်တောရတို့သို့ ထွက်ကြွ၍ ဝိပဿနာဓုရကို အားသွန်ကြိုးပမ်းတော်မူခြင်းဖြင့် ကာလကို ကုန်လွန်စေတော်မူသည်၊ ကာလ၊ အချိန်၊ နာရီ၊ နေ့ရက်တို့သည် သတ္တဝါတို့ကို စားမြို့သကဲ့သို့ အနတ္ထဘာဝ အကျိုးမဲ့ အသက်တာကို ကုန်လွန်စေသော်လည်း ရွှေကျင် ဆရာတော်ဘုရားကဲ့သို့သော ပုဂ္ဂိုလ်တို့သည်မူကား ကာလကို မိမိကပင် ပြန်၍ စားမြို့ကုန်လွန်စေ

သလို အချိုးအနှုန်းသောကာလ, နာရီ, နေ့ရက်, လနှစ်တို့ကို မကုန်မလွန်စေပဲ ကာလတိုင်း ကာလတိုင်း,နာရီတိုင်း,နေ့ရက်တိုင်း, လတိုင်း, နှစ်တိုင်း နှစ်ပါးသော ဓုရတို့တွင် တပ္ပါးပါးသော ဓုရဝန်ကိစ္စကို ပြီးစေခြင်းဖြင့်သာလျှင် လွန်စေကုန်စေတော်မူကြသည်။

၁၂၃၈-ခုနှစ်၌ မလွန်မြို့ မင်းလှရွာအရှေ့တောင် မြစ်တဘက် ဝါးရုံချောင်း နွားလန်တောင် တောရကျောင်း၌ ဝါကပ်တော်မူ၍ ဘာဝနာလုပ်ငန်းဖြင့် အချိန်ကို အသုံးပြုတော်မူသည်၊ ၁၂၃၉-ခုနှစ်၌ **သီရိလင်္ကာသီဟိုဠ်ကျွန်းသို့** ကြွတော်မူ၍ မြတ်စွာဘုရား၏ စွယ်တော်ဓာတ်ကို ဖူးမြော်တော်မူရင်း **ဝါကပ်တော်မူသည်၊** ၁၂၄၀-ပြည့်နှစ်၌ သီဟိုဠ်မှ ပြန်ကြွတော်မူကာ မင်းလှရွာ တောရကျောင်း၌ပင် ဝါကပ်တော်မူသည်၊ သီပေါမင်း ပင့်လျှောက်၍ ရတနာပုံနေပြည်တော်သို့ ၁၂၄၃-ခုနှစ်၌ ကြွရောက်သီတင်းသုံးတော်မူရပြန်သည်။

## သာသနာပိုင်ဘွဲ့တံဆိပ် ဆက်ကပ်၍
## ၉-ဌာနသာသနာပြုလွှဲအပ်ခြင်း

သက္ကရာဇ် ၁၂၄၃-ခုနှစ်တွင် သီပေါမင်းသည် မိမိစိုးပိုင်သော နိုင်ငံတော်ကို ၉-ဌာနခွဲခြား သတ်မှတ်၍ ရွှေကျင်ဆရာတော်ဘုရားအား **ဇာဂရာဘိဓဇသဒ္ဓမ္မဝံသဓမ္မသေနာပတိသီရိပဝရမဟာဓမ္မရာဇာဓိရာဇာဂုရု-သာသနာပိုင် ဘွဲ့တံဆိပ်တော်ကပ်လှူ** သော်လည်း ဘွဲ့တံဆိပ်ကိုကား လက်ခံတော် မမူချေ၊ ဝဲတောင်တော် ဆရာတော်အား **မာလာလင်္ကာရဓဇဓမ္မသေနာ**

**ပတိအတုလ ဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု**-သာသနာပိုင်တံဆိပ်တော် ကပ်လှူကာ ဆရာတော် ၂-ပါး သာသနာပြုတော်မူရန် တောင်းပန်၍ ၉-ဌာန သတ်မှတ်ပေးအပ်သည့်အတိုင်း–

**ပထမဌာန** အာလောကာဘိဓဇ အတုလာ ဓိပတိသီရိပဝရ မဟာ ဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ မြတောင်ဆရာတော် အရှင်အာလောကကို မြောက်လားသော် မဏ္ဍာရာ,စဉ့်ကူးမြို့၊ တောင်လားသော် မြစ်ငယ်၊ အရှေ့လားသော် တောင်ခြေ၊ အနောက်လားသော် ဧရာဝတီအထိ။ ရွှေမြို့တော် မြတောင်တိုက်ကနေ၍ သာသနာပြုစေတော်မူသည်၊ (မြတောင်တိုက် ဟူသည်မှာ ရွှေကျင် ၅-တိုက် အဝင်အပါ မြောက်ပြင် မြတောင်တိုက်ဖြစ်သည်၊ နောက်မှ သီပေါမင်း မိဖုရားတို့ ဆောက်လုပ်လှူဒါန်းသော အနောက်ပြင် မြတောင်သို့ ပြောင်းသည်)။

**ဒုတိယဌာန** ဝိစာရလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ရွှေကျင်ဘိုက်မ တိုက်အုပ် ဆရာတော် အရှင်ဝိစာရကို အင်းဝ, ပျင်စည်, ကနား, မြို့သာ,ဖောင်ကျင်,လယ်တွင်း၉-ခရိုင်အရှေ့ကိုရွှေပြည်,ရန်အောင်,အနောက်ဘောင်သာ, ညောင်အုပ်, နွားထိုးကြီး, လှိုင်းဘက်, သာဂရ မြို့နယ်များ၌ ကျောက်ဆည်မြို့ ဇော်ဂျီမြစ်ထိပ် သာသနာပြုကျောင်းကနေ၍ သာသနာပြုတော်မူစေသည်။

**တတိယဌာန** ဝါယာမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ-ရမည်းသင်းတိုက် ဆရာတော် အရှင်

ဝါယာမကို ညောင်ရမ်း, ယင်းတော်, ရနောင်, ထရံကာမြို့, ဝတီး, ငှက်သိုက်စသော ရမည်းသင်း ၅-မျိုးနှင့် ပျဉ်းမနားမြို့ နယ်တို့၌ ရမည်းသင်းမြို့ ကျောင်းတော်ကနေ၍ သာသနာ ပြုတော်မူစေသည်။

**စတုတ္ထဌာန** ဝိသုဒ္ဓါစာရာဘိဓဇ ဓိပတိ သိရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မဟာဝိသုဒ္ဓါရာမဆရာတော်ကို ပန်းတလည်း, မိတ္ထီလာ, ပင်း, နတ်မောက်, ကျောက်ပန်းတောင်း, တောင်တွင်းကြီး မြို့နယ်များ၌ တောင်တွင်းမြို့အရှေ့တောင် မဟာမေဃဝန် ကျောင်းတော်ကနေ၍ သာသနာ ပြုစေတော်မူသည်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်သည် ရတနာပုံမြို့တော်သို့ ဝါဆိုမီပြန်ကြွ၍ သောဘဏာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ သာဘန်းဆရာတော်အရှင်သောဘဏကို လွှဲအပ်ခဲ့သည်။

**ပဉ္စမဌာန** မင်းလှဆရာတော် အရှင်သုန္ဒရကို ရေဝတီမြစ်အရှေ့ဘက်ကမ်း တရုတ်မြို့, မြင်းခြံမြို့, ပုပ္ပါး, စလေ, ပုဂံ, ပခန်းငယ်, ကြေးမြှင်, ရေနံချောင်း, ဝက်မစွတ်, မြစ်ကွေ့, မြင်ကွန်း, ပတ္တနဂို, တောင်ခွင်, မြေထဲ, ဆင်ပေါင်ဝဲ မြို့များနှင့် အနောက်ဘက်ကမ်း ပခမ်းကြီး တောင်လက်, စလင်း, လယ်ကိုင်း, စကု, မလွန်, မင်းတုံး, မဖဲ, စေတုတ္တရာ, လောင်းရှည် စသောမြို့နယ်များ၌ မင်းလှ ကျောင်းကနေ၍ သာသနာ ပြုတော်မူစေသည်။

**ဆဋ္ဌဌာန** ပုံတောင်ပုံညာဆရာတော် အရှင်သုဝဏ္ဏနှင့် အရာတော် ဆရာတော် အရှင်သောမ ၂-ပါးကို

ချင်းတွင်းမြစ် အနောက်ဘက်ကမ်း, ပခမ်းကြီး မြောက်လက်, ယော, ဆော, ဗန့်ကျီ,ကမ်းနီ,မင်းကင်း,ကလေး,သောင်ထွတ်, မြစ်အရှေ့ဘက်ကမ်း အနိမ့်,အမြင့်,အလုံ, ကနဲ, ကဒူး, တမူး, ခမ်းပ, မိုင်းကိုင်, ဇိုင်းဂနိုင်း စသော မြစ်စဉ်ဝဲယာ မြို့များ၌ အလုံမြို့သာသနာပြုကျောင်းတော်ကနေ၍ သာသနာပြုတော်မူစေသည်။

**သတ္တမဌာန** ကူန္ဒကာဘိဇေသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု – တံဆိပ်တော်ရ ထရံကာ ဆရာတော်အရှင်ကူန္ဒကကို စစ်ကိုင်း,ရွှေဘို,ကျောက်မြောင်း,ရေနံ,စေတ်သာနီ,ထန်းတပင်စသော ပဥ္စာလင်္ကါမြို့, ဒီပဲရင်း မြို့များကို ရွှေဘိုမြို့ကျောင်းကနေ၍ သာသနာပြုတော်မူစေသည်။

**အဋ္ဌမဌာန** ဇယန္တာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ခေါ်တောဆရာတော် အရှင်ဇယန္တကို အထက် ရာဝတီမြစ် အနောက်ဘက်ကမ်း မလယ်, ချွန်းတောင်း,ထီးချိုင့်, ကသာ,မိုးကောင်း, မိုးညှင်း, မြစ်ကြီးနား အရှေ့ဘက်ကမ်း-စမ္ဘာနဂို, ကြံညှပ်, တကောင်း, မြတောင်, ယင်းခဲ, ရွှေဂူ, စာဝတီး, ကောင်းတုံ, ဗန်းမော် စသောမြို့နယ်များ၌ ဗန်းမော်မြို့ ရွှေကျင်ကျောင်းတော်ကနေ၍ သာသနာပြုတော်မူစေသည်။

**နဝမဌာန** ရှမ်းပြည် တောင်ပိုင်း နှင့် မြောက်ပိုင်းကို အကြောင်းမညီညွတ်သေး၍ တပိုင်နက် သာသနာပြု မလွှတ်နိုင်ခဲ့ချေ။

## ရွှေကျင်ဂိုဏ်းနှင့် တောဂိုဏ်း

### ပေါင်းမိခြင်း

သက်တော် ၆၄-နှစ်၊ သိက္ခာတော် ၄၄-ဝါအရ ၁၂၄၆-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက်နေ့၌ နေပြည်တော် မဟာဓမ္မိကာရာမတိုက်မှခွဲခွာ၍ မင်းကွန်းတောင်ရိုးငွေတောင် တောရသို့ကြွလျက် တောရမှီကာ အရညဝါသီ အဖြစ်ဖြင့် အမြဲသီတင်းသုံးတော်မူသည်၊ ငွေတောင်တောရ၌ သီတင်း သုံးတော်မူသောကာလအတွင်း၌ပင် ထိုထိုမြို့ရွာနယ်ပယ်တို့သို့ ရံခါရံခါ ကိုယ်တိုင်ကြွရောက်၍သာသနာရောင်ကိုထွန်းပြောင် ပြန့်ပွားစေတော်မူသည်၊ ၁၂၅၅-ခုနှစ်၌ ပဲခူး၊ ရန်ကုန်စသော အောက်မြို့ကျေးရွာများသို့ ကြွရောက်တော်မူစဉ် ပဲခူးမြို့၌ ဘုန်းတော်ကြီး ဦးသီလနှင့် တွေ့ဆုံသဖြင့် ရွှေကျင်ဂိုဏ်းနှင့် တောရဂိုဏ်းသည် အယူသီလတူမျှကာ ဝိနယဂရုကသိက္ခာ ကာမချည်းဖြစ်၍ ဂိုဏ်းနှစ်ဂိုဏ်းပေါင်းပြီးကာလ အင်အား ရှိ သည်ထက်ရှိ၍ သာသနာတော်ကို ပွင့်လင်းစည်ကားစေတော် မူကြသည်။

**စကားချပ်** ရွှေကျင်ဂိုဏ်းနှင့် တောရဂိုဏ်းသည် အယူသီလ တူမျှကြသည်ကို နှီးနှောဆွေးနွေး၍ သိရှိကြ သည်နှင့်တပြိုင်နက် ရောနှောပူးပေါင်း ဆက်ဆံနိုင်ကြသည်၊ ဆက်ဆံတော်မူကြသည်ကို ထောက်ဆသဖြင့် ရွှေကျင် ဂိုဏ်း ဝင် သံဃာမှ ရဟန်းကောင်း သီလဝန္တ၊ တောရဂိုဏ်းသံဃာမှ သိက္ခာကာမလဇ္ဇီဟူ၍ ဂိုဏ်းအမည်ပညတ်မျှကိုသာ အခါရုံပြု၍

တန်းလန်းစွဲ ယူဆဆက်ဆံကြသည်မဟုတ်၊ စမ်းသပ်နှိုးနှော ဆေးနွေး အကဲအလေးခတ်၍ လင်္ဂီသူမွန်ဟူ၍ ယုံကြည်ကြလျှင် ဆက်ဆံပေါင်းသင်း နိုင်သည်မှာ ရှင်းလင်းလျက် ရှိပေသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ရုပ်ပုံတော်မှာ–မပိန်လွန်း, မဝလွန်း,(မဆူမကြုံလွန်း)အရပ်တော်မြင့်မြင့် ထောင်ထောင် ပေါင်းမောင်းရှိသည်၊ ဦးခေါင်းတော် ပြေပြစ်ချောမော၍ ပြည့်ဖြိုးသည်၊ နဖူးတော်ကျယ်ပြန့်သည်၊ နှာတန့်ပေါ်သည်၊ အသွားလတ်ဖြစ်သည်၊ အသံတော်မှာ အသံဝါသည်၊ ခန့်ညားသည်၊ သာယာသည်၊ ဩဇာရှိသောအသံမျိုးဖြစ်သည်၊ နားရွက်တော်ကျယ်ပြန့်သည်၊ မဟာဝိသုဒ္ဓါရာမဆရာတော်စသော တပည့်ကြီးများသည် တံဆိပ်တော်ရ တိုက်တာဦးစီး သံဃာထေရ်ကြီးများ ဖြစ်သည်တိုင်အောင် ရွှေကျင်ဆရာတော်ကြီးကို အလွန်လေးစားကြသည်၊ ထိုတပည့်ကြီးများကို မောင်တပ်၍သာ မောင်ဝိသုဒ္ဓ,မောင်ဣန္ဒကစသည်ဖြင့် ခေါ်ဝေါ်သုံးမလေ့ရှိသည်ဟု၊ ထရံကာတိုက်သား ဖြစ်ခဲ့သော စစ်ကိုင်းတောင်ရိုး, ကြံခင်းချောင်ဆရာတော်ကြီး အရှင်ဝိစိတ္တ မဟာထေရ်မြတ် မိန့်ကြားသည်ကို ကြားနာလိုက်ရသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် အရှည်ဝါသီ အဖြစ်ရွှေတောင်တောရ၌ သီတင်းသုံးတော်မူရာတွင်လည်း များသောအားဖြင့် သစ်ပင်အောက်, ဝါးရုံခြုံအောက်တို့၌သာလျှင် ကျောင်းငယ်ဖြင့် သီတင်းသုံးတော်မူလေ့ရှိသည်၊ အနီးအဝေး အရပ်တို့မှ ဖူးမြော်ရန်,တရားနာရန်လာကြသော ပရိ

သတ်တို့သည် ဝေးဝေးလှမ်းလှမ်းကပင် ဘိနပ်ချွတ်၍ ထီးရုတ်၍ လာကြသည်၊ ဖီးကာလိမ်းကာလာကြသော မာတုဂါမတို့သည်လည်း ဖီးမှုလိမ်းမှုကိုဖျက်၍ လာတတ်ကြသည်ဟု သိရသည်၊ ဘယ်သူကမှမပြောသော်လည်း အလွန်သမာဓိကြီး၍ သီလဂုဏ်ရောင်ထက်မြက်သော အရှိန်အဝါကြောင့် အလိုအလျောက် ကြောက်ရွံ့လေးစားကြသည်၊ သစ်ရိပ် ဝါးရိပ်အောက်၌သာလျှင် တရားစကား ဟောပြောတော်မူလေ့ ရှိသည်ဟုလည်း ကြံခင်းချောင်ဆရာတော်ကြီးအမိန့်ရှိပါသည်။

ရွှေကျင်ဆရာတော်ကြီးသည် လောကာမိသ၊ တည်းဟူသော ပစ္စည်း လာဘ်လာဘ ရမှု၊ ဘုန်းတန်ခိုး အရှိန်အဝါ အကျော်အစောကြီးမှု၊ အခြွေအရံများမှု၊ မင်းစိုးရာဇာတို့ ကြည်ညိုမြတ်နိုးမှုတို့ကို ဂရုမထား တရားတော်အတိုင်းသာ လမ်းမှန်ကျင့်တော်မူလေ့ရှိသည်၊ မင်းတုံးဘုရင်မင်းတရားကြီးက ရံခါရံခါ နန်းတော်သို့ပင့်၍ဆွမ်းကပ်လှူကာ တရားပေစာကြားနာကာ သာသနာရေးနှင့်စပ်၍ လျှောက်ထားတတ်သည်ဖြစ်ရာ၊ ရာဇဝလ္လဘအဖြစ်ကို ရှောင်ကြဉ်တော်မူလိုသောမနသိကာရဖြင့် မင်းနှင့်ဆန့်ကျင်သောစကားတရပ်ရပ်ကို ကြွရောက်တိုင်း မိန့်ကြားခဲ့လေ့ရှိသည်ဟု တပည့်အဆက်ဆက်ပြောစဉ်ရှိသည်၊ သီပေါမင်းကပ်လှူသော တံဆိပ်တော်ကိုလည်း လက်ခံသည်ဟု မသိရပေ၊ သီပေါမင်းကပ်လှူသည်ကားအမှန်ပင်ဖြစ်သည်။

**သားတော်များကိုအပ်နှင်းခြင်း** မင်းတုန်း ဘုရင်မင်းတရားကြီးသည် အရှည်အလား

အလာကို ကြည့်တော်မူ၍ ၁၂၃၄-ခုနှစ်တွင် ရွှေနန်းတော်ကြီး၏အရှေ့အရပ် သစ်တပ်ပြင်ဘက် တောင်လက်ျာအရပ်၌ နန်းတော်ဦးကျောင်းဆောက်လုပ်၍ မိုးလှိုင်မင်းသား, တောင်ညိုမင်းသား, ရွှေဂူမင်းသား, သာဂရမင်းသား, သီပေါမင်းသားတို့ကို ရှင်သာမဏေအဖြစ် သာသနာတော်သို့ ပို့ဆောင်၍ နန်းဦးကျောင်း၌ ထိုသာမဏေများကို ပိဋကစာပေ သင်ကြားပို့ချပေးရန်ရွှေကျင်ဆရာတော်ဘုရားကြီးအထံ၌ သံဃာတောင်းသဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် ဆရာတူ တပည့်လည်းဖြစ်, ရွှေကျင်ဆရာတော်ဘုရားကြီး၏ နိဿယည်းခံတပည့်ကြီးလည်းဖြစ်သော တောင်တော်ဆရာတော်နှင့် ပုသိမ်ဆရာတော် ၂-ပါးကို ထည့်ပေးတော်မူရသည်၊ သို့ဖြစ်၍သီပေါမင်း အထွတ်အမြတ်သို့ရောက်သောအခါ ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် မိမိအား စာပေသင်ကြား ပို့ချပေးသော တောင်တော်ဆရာတော် ၂-ပါးတို့၍ သာသနာပိုင်ဘွဲ့တံဆိပ်တော် ကပ်လှူပြီးလျှင် သာသနာတော်ကို ကြီးမှူးစောင့်ရှောက်တော်မူရန် လွှဲအပ်လျှောက်ထားခြင်းဖြစ်သည်။

မင်းတုန်းဘုရင်မင်းတရားကြီးသည် နိုင်ငံတော်ကို စိုးရပိုင်ဆိုင်သော ရှင်ဘုရင်ဖြစ်လျက် ဆန္ဒမပြည့်ခဲ့သော ကိစ္စနှစ်ရပ်ရှိကြောင်းကို မြွက်ကြားခဲ့ဘူးသည်ဟု ယနေ့တိုင် ဗဟုသုတရှိသူ ရှေးမှီနောက်မှီ ရှင်ကြီးလူကြီးတို့အစဉ်အလာ ပြောလျက်ရှိသည်၊ ရွှေကျင်ဂိုဏ်းဝင်မထေရ်ကြီးများအပြင် ပျံလွန်တော်မူပြီးသော မန္တလေးအနောက်ပြင် စကုတိုက်၌-ထင်ရှားကျော်ကြားသော ဓမ္မကထိက-ရွှေမန်း ဦးကေသရဆရာတော် ပြောသည်ကိုကား ဤစာရေးသောဘုန်းကြီးကိုယ်တိုင် ကြားလိုက်ရဘူးသည်။

ဆန္ဒမပြည့်ဝသော ကိစ္စနှစ်ရပ်ဟူသည်မှာ—

၁။ ရွှေကျင်ဆရာတော်ဘုရားကြီးကို သာသနာပိုင်အဖြစ် တင်မြှောက်၍ ပူဇော်မှု မပြုခဲ့ရခြင်း။

၂။ အိမ်တော်ပါမိဖုရားကို အဘိသိက်ခံအဂ္ဂဒေဝီမဟေသီ မိဖုရားခေါင်ကြီးအဖြစ် တင်၍ မချီးမြှောက်ခဲ့ရခြင်း။ ဤကိစ္စနှစ်ရပ်ပင် ဖြစ်သည်။

**ရွှေကျင်ဂိုဏ်း ထင်ရှားလာခြင်း** ရွှေကျင်ဆရာတော်ကြီးသည် အချိန်ရှိသမျှ ဓုရနှစ်ပါးကို လစ်လပ်သည်မရှိ၊ ပွားများ လေ့လာတော်မူသည် ဖြစ်သောကြောင့် သုဓမ္မာအစည်းအဝေးသို့ ကြွတော်မူခြင်းမရှိချေ၊ သာသနာပိုင်ဆရာတော်က မဟာဒဏ်ဝန်မှ အကြောင်းပြု၍ ဆင့်ခေါ်သည်ကို မင်းတရားကြီးကြားသိလျှင် ရွှေကျင်ဆရာတော်ကို သာသနာပိုင်ဆရာတော်က အဆင့်အခေါ်မရှိပါစေနှင့်၊ အာဝေနိကနိကာယအဖြစ် သီးခြားစွာ အလိုရှိသလို ချမ်းသာစွာ သီတင်းသုံးနေတော်မူပါစေဟု အမိန့်တော်ထုတ်လိုက်သည့် အချိန်မှစ၍ ရွှေကျင်ဆရာတော် ကြီးမှူးစောင့်ရှောက်ကာ ဩဝါဒပေးကာ ဆုံးမအပ်သော တပည့်သံဃာအပေါင်းသည် ရွှေကျင်ဂိုဏ်းဟူ၍ အထင်အရှားဖြစ်ခဲ့သည်။

## စံကင်းဆရာတော်ဂုရုပ္ပတ္တိကထာ အဆို

ရွှေကျင်ဆရာတော်သည် ရွှေကျင်တိုက်သံဃာတို့ကို ဆုံးမသော နိဿယောဝါဒအစချီသည့် ဥပဒေပေါင်း ၂၀-ပါ

ဝင်သော မမ္မဝိနယစာတမ်းဖြင့် ရွှေကျင်တိုက်သံဃာများကို အုပ်ချုပ်တော်မူသည်၊ ရွှေကျင်ဆရာတော် အအုပ်အချုပ်ကောင်းခြင်း, အသင်အပြ ဆုံးမသြဝါဒကောင်းခြင်း တို့ကြောင့် ရွှေကျင်ဂိုဏ်းတိုက်မှာ သံဃာတထောင်ကျော်အထိ တိုးတက်များပြားစည်ကားလာခဲ့ပေသည်၊ သြဝါဒနှင့် အုပ်ချုပ်ပုံစည်းစနစ်တို့ကို သဘောကျသဖြင့် အခြားတိုက်များမှ ရွှေကျင်တိုက်သို့ ပြောင်းရွှေ့ နေထိုင်ကြသော ပုဂ္ဂိုလ်များလည်းမနည်းလှပေ၊ (အတ္ထုပ္ပတ္တိရှင်စံကင်းဆရာတော်ဘုရား၏ဥပဇ္ဈာယ်ဖြစ်သော မြတောင်ဆရာတော်ဘုရားကြီးသည် သင်္ဂဇာတိုက်မှ ရွှေကျင်တိုက်သို့ပြောင်းရွှေ့လာသော ဆရာတော်တပါးဖြစ်သည်၊) ရွှေကျင်ဆရာတော်၏တပည့်များတွင် ရာဇဂုရုတံဆိပ်ရချည်း ၂၁-ပါးခန့် ပါဝင်သည်၊ ဝိနည်းလေးစားခြင်း, ကျမ်းဂန်တတ်မြောက်ခြင်းတို့ဖြင့် ထင်ရှားကြသည်။

ရွှေကျင်ဆရာတော်၏ ဂုဏ်သတင်းသည် မန္တလေး ရွှေမြို့တော်နယ်နိမိတ်ကိုကျော်၍ မြန်မာပြည် ထက်အောက်အနှံ့ပြန့်သည့်ပြင် သီဟိုဠ်,ယိုးဒယားနိုင်ငံခြားတိုင် ပေါက်ရောက်ခဲ့ရာ ရွှေကျင်သြဝါဒခံ ကျောင်းတိုက်များလည်း တစတစများပြားလာခဲ့သည်၊ ရွှေကျင်ဆရာတော်၏ပရိသတ်သည် အများနှင့်မတူ၊ ထူးခြားပေါ်လွင်ပြီး စည်းလုံးခိုင်မာလာသည်၊ ထိုသို့ခိုင်မာလာသည်နှင့်အမျှ ရွှေကျင်နိကာယ-ဟူသောရုပ်ပုံလွှာကြီးသည် သာသနသမိုင်းကားချပ်ကြီး၌ ထင်ပေါ်လာတော့သည်၊ သို့ဖြင့်ရွှေကျင်ဆရာတော်၏ တပည့်အပေါင်းကို အများကရွှေကျင်ဂိုဏ်းဟု ခေါ်ဝေါ်သုံးနှုန်း လာကြသည်၊ ဤသည်ပင် ရွှေကျင်ဂိုဏ်းဖြစ်ပေါ်လာရခြင်း၏ အကြောင်း

ဖြစ်သည်၊ ရွှေကျင်ဆရာတော်၏ ဂိုဏ်းဂဏစိတ်ကြောင့် ရွှေကျင်ဂိုဏ်းဖြစ်ပေါ်လာသည်မဟုတ်၊ မင်းတုန်းမင်း၏ ဂဏဝိမုတ်အမိန့်ကြောင့် ရွှေကျင်ဂိုဏ်း ဖြစ်ပေါ်လာသည်လည်း မဟုတ်၊အင်ကြင်းခက်ကိုင်း၊ရွှေကျင်ဂိုဏ်း ဆိုသည်မှာ ရွှေကျင်ဆရာတော် မန္တလေးရောက်သည့်နှစ်ကိုမှတ်တမ်းတင်ထားခြင်း မျှသာဖြစ်သည်။

အထက်ပါ စကားရပ်သည် စံကင်းဆရာတော်ဂုရုပ္ပတ္တိကထာအဆိုဖြစ်သည်။

ဒွါရဂိုဏ်း, ငှက်တွင်းဂိုဏ်း, ပါဠိတော်ဂိုဏ်းတို့မှာ တစုံ တယောက်သော မင်းက ဂဏဝိမုတ်ပေးသောကြောင့် ဒွါရဂိုဏ်း စသည်ဖြင့် အမည်ရကြသည်မဟုတ်၊ မိမိသံဃအဖွဲ့အားလျော်စွာ ဆရာသမား၏အမည်ကိုစွဲ၍ ဂိုဏ်းအမည်ဖြစ်လာကြသည်၊ ရွှေကျင်ဂိုဏ်းသည်မူကား တပည့်တပန်း သံဃာ တထောင်ကျော်ရှိကာ အရပ်ထက်ဝန်းကျင်၌ ကျော်ကြားသော အဖွဲ့အစည်းအဖြစ် ထင်ရှားသည့်ပြင် မင်းတုန်းမင်းကြီးက သုဓမ္မဂဏသုဓမ္မာသံဃအဖွဲ့အစည်းမှ သီးခြား သုဓမ္မာဂဏဝိမုတ်အဖြစ် ထုတ်ပြန်ချီးမြှောက်ခြင်းကိုရရှိသဖြင့် ရွှေကျင်နိကာယအဖြစ် ရရှိသောဂိုဏ်းဖြစ်သည်ကို သတိပြုသင့်ကြသည်။

ရွှေဟသ်ာတောရသမိုင်းနှင့်
ရွှေကျင်နိကာယသာသနာဝင်

**ပရိသတ်** ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်တပန်း ရဟန်းသံဃာပရိသတ်မှာ ရွှေကျင်တိုက်မကြီး၌

လေးရာကျော် ငါးရာခန့် အရံတိုက်များ၌ နှစ်ရာကျော် သုံးရာခန့်စီ ရှိရာ ရတနာပုံမြို့တော်၌ပင်လျှင် သံဃာ တထောင်ကျော်ရှိသည်၊ ထိုလက်ထက်က အားလုံးသောရွှေကျင်သံဃာတို့သည် နေလွဲကွမ်းစားဆေးဝါးဆေးသောက်မရှိကြရ၊ မြို့ရွာတွင်း၌ သင်္ကန်းမရုံပဲ မသွားကြရ၊ မြို့ရွာတွင်း၌ ဘိနပ်စီးထီးဆောင်းခြင်း မပြုကြရ၊ ပွဲလမ်းသဘင် မကြည့်ရှုကြရ၊ အကြောင်းအင်္ဂါ မပြည့်စုံသေးသမျှ နိဿယဆရာနှင့် ကင်း၍ မနေရ၊ ကျောင်းထိုင်အင်္ဂါ (တနည်း) တပည့်တပန်း ရဟန်းသာမဏေ မွေးနိုင်သောအင်္ဂါ မပြည့်စုံသော ပုဂ္ဂိုလ်သည် ကျောင်းမထိုင်ရ၊ ရဟန်း သာမဏေ မမွေးရ၊ ကုလဒူသန, အနေသန, မိစ္ဆာဇီဝတို့မှ ရှောင်ကြဉ်ကြရသည်၊ ရဟန်းတို့၏ သီလလေးပါးကို စင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရသည်၊ သီလ၌တည်စေလျက် ပရိယတ် ပဋိပတ်ကို အားထုတ်ကြရသည်၊ စာသင်သားတို့သည်ပင်လျှင် ဥပုသ်သီတင်းနေ့တို့၌ ကောသနိက်,ပတ္တပိဏ်စသော ဓုတင်များကို ဆောက်တည်ကြရသည်၊ နံနက်စောစောအရုဏ်မတက်မီအချိန်အတွင်း၌ နိသဇ်, အဗ္ဗောကာသိက, ရုက္ခမူစသော ဓုတင်များကို ဆောက်တည်ကြရသည်၊သီတင်းနေ့တိုင်း အဆုံးအမဩဝါဒခံယူကြရသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဩဝါဒတရားစကား မိန့်ကြားသည်ကို နာကြားကြရသည်၊ စူဠသိက္ခာဩဝါဒ, မဟာသိက္ခာဩဝါဒစသည်ဖြင့် ရေးသားကာလည်း ဆုံးမတော်မူသည်၊ သို့ကြောင့် အများအားဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ပရိသတ်တို့သည် ရဟန်းကောင်းပီသ အချိုးကျဖြစ်ကြလျက် မိမိကိုယ်ကိုလည်း

မိမိကြည်ညိုကြရ၍ ရှင်လူအများ တပါးသူတို့၏ ကြည်ညို မြတ်နိုးခြင်းကိုလည်း ခံယူကြရပေသည်။

ရွှေကျင် ဆရာတော်ဘုရားကြီး၏ အဆုံးအမဩဝါဒခံ ရွှေကျင်တိုက်များ၌ရှိသော သံဃာတော်တို့အား ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတရားကြီးက ဆွမ်းတော်အတွက် ကပ္ပိယ ကာရကနှင့်တကွ ထောက်ပံ့ကာ ချက်ပြုတ်ကပ်လှူစေသဖြင့် ရွှေကျင်သံဃာ အားလုံး ဆွမ်းကိစ္စ၌ ချမ်းသာကြရသည်၊ မဟာဝိသုဒ္ဓါရုံ တိုက်နှင့်တကွ မူလ ရွှေကျင် ငါးတိုက် တို့ကို မိဖုရားများနှင့် သားတော်, သမီးတော်တို့အား အသီးအသီး အပ်နှင်း၍ ပစ္စည်းလေးပါးကိုလည်း ချီးမြှောက် ထောက်ပံ့ လှူဒါန်းစေလေသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏ မယ် တော်သည် မဟာမေ့ကာရာမရွှေကျင်တိုက်၌ ကွယ်လွန်သဖြင့် မိဖုရားကြီးများကို သင်္ဂြိုဟ်သည့်နည်းအတိုင်း ခမ်းနားစွာ မင်း တရားကြီးက ချီးမြှောက်သင်္ဂြိုဟ်စေသည်။

**ရွှေကျင်ဆရာတော်ဘုရားကြီး၏ နောက်ဆုံးအချိန်**

ဤသို့လျှင် အကျဉ်း အားဖြင့်ရေးသားခဲ့ပြီး သည့်အတိုင်း မြန်မာ နိုင်ငံ၌သာမက သီရိလင်္ကာ, ယိုးဒယား(ထိုင်း)နိုင်ငံနှင့် ဇမ္ဗူဒီပ သို့တိုင်အောင် ကျော်ကြားလျက် ရွှေကျင်ဂိုဏ်းဟူ၍ ဖြစ်ထွန်း ခဲ့လောက်အောင် စွမ်းအင်အဝဝ သီလ, သမာဓိ စရိုက် ကုန်လုံ ဂုဏ်တော် တို့နှင့် ပြည့်စုံတော်မူသော ပဥ္စမသင်္ဂါယနာ တင် ဘုရင်မင်းတရားကြီးကိုယ်တိုင် အလွန်ကြည်ညို မြတ်နိုး အပ်သော ရွှေကျင်ဆရာတော် ဘုရားကြီးသည် သက္ကရာဇ်


၁၂၅၅-ခုနှစ် တပေါင်းလပြည့်ကျော် ၇-ရက်နေ့ ညဦး ၂-ချက်တီးကျော်လဝန်းပေါ်ချိန်သက်တော်(၇၁)နှစ်အရောက်တွင် သီတင်းသုံးတော်မူရင်းဖြစ်သော မင်းကွန်း ငွေတောင်တောရဂူတော်အတွင်း၌ ဇီဝိတိန္ဒြေ ချုပ်ငြိမ်းတော်မူသည်။

ရွှေကျင်ဆရာတော် ဘုရားကြီး၏ ဥတုဇ ရုပ်ကလာပ်ကို ၁၂၅၆-ခု နယုန်လအတွင်း၌ သင်္ဂြိုဟ်ရန် စီစဉ်ကြသော်လည်း အမျှားသဘောအကြိုက်မညီကြသောကြောင့် ၁၂၅၆ ခု တပို့တွဲလဆန်း ၁၃-ရက် ဗုဒ္ဓဟူးနေ့၌ ဇာတ်သဘင်ရုပ်သေးပွဲစသည် အတီးအမှုတ် အကအခုံ မပါစေပဲ တရားပွဲသက်သက် ကျင်းပပူဇော်၍ သင်္ဂြိုဟ်လိုက်ကြသည်၊ ပွဲလမ်းသဘင်မပါပဲ မင်းကွန်းတောရကျောင်း၌ဖြစ်လျက် ရှင်လူပရိသတ်အလွန်စည်ကားလှသည်ဟု သိရသည်၊ ရပ်ဝေးရပ်နီးမှလာသမျှသောပရိသတ်တို့ကို တာဝန်ယူ၍ အမောက်အလျှံကျွေးမွေးကြသော်လည်း ကိစ္စပြီးသည်တိုင်အောင် ဆန်,ဆီ, ငါးပိ, ငါးခြောက်တို့သည် မြောက်မြားစွာ ပိုမိုလျက်ရှိသေးသည်ဟု မှီလိုက်သူတို့ပြောသည်ကို မှတ်လိုက်ရသည်။

**သံဝေဂယူဖွယ်** ပြဆိုခဲ့ပြီးသော သီလ, သမာဓိ, ပညာဂုဏ်တို့နှင့်ရင်း,ဘုန်းတန်ခိုးကြီးမားသောဂုဏ်, အခြွေအရံပရိသတ်များပြားသောဂုဏ်, ထင်ရှားကျော်ကြားသောဂုဏ် စသည်တို့နှင့်ပြည့်စုံ၍ နေတဆူ,လတပါးအလားထင်ရှားကျော်ကြားသော ဆရာတော်ကြီး ဖြစ်လင့်ကစားသခ်ါရတို့၏သဘောတရားကို မလွန်ဆန်နိုင်သည်ဖြစ်၍“မရဏဓမ္မောမှိ၊ မရဏံ အနတီတော”ဟု ဟောတော် မူသော

အဘိဓာသုတ္တန်ဒေသနာတော်အရ ဥပါဒ်အနေဖြင့် ဖြစ်ပေါ်လာခဲ့သော ရုပ်နာမ်ခန္ဓာအစဉ်သည် မရဏာသန္နအချိန်၌ စုတိစိတ်၏ ဘင်ခဏသို့ ရောက်၍ တဘဝကုန်ဆုံး ချုပ်ပျောက်ခြင်းသို့ ရောက်ရပေသေးမှုကား သာမန်လူစား ဤစာရေးသော ပုဂ္ဂိုလ်များမှာမူကားအဘယ်မှာလျှင် စုတိ၏ဘင်ခဏမှ လွတ်မြောက်နိုင်ပါအံ့နည်းဟု သံဝေဂယူဖွယ် ဖြစ်ရပေတော့သည်။

### ရွှေကျောင်းဆရာတော်ဘုရားကြီး၏
### ဇာတာတော်ပုံ




### ရွှေကျောင်းဆရာတော်ဘုရားကြီး ရေးသားခဲ့သော
### ကျမ်းစာများ

၁။ နေတ္တိလီနတ္ထသင်္ဂဟ။
၂။ နေတ္တိဟာရတ္ထဝိဘာဝနီ။
၃။ ရူပဘေဒဝိဘာဝနီ။
၄။ ဂဏဘေဒဒီပနီ။

၅။ နိဿယင်္ဂဝိနိစ္ဆယ။

၆။ သီမာလင်္ကာရဝိနိစ္ဆယ။

၇။ ဒသဓမ္မာလင်္ကာရအဋ္ဌကထာ။

၈။ သီလဝိသောဓနီ-သာသနဝိသောဓနီ။

၉။ ပဋိစ္စသမုပ္ပါဒဒီပနီ။

၁၀။ ဗောဇ္ဈင်္ဂဒီပနီ။

၁၁။ ဝဋ္ဋနာဒီပနီ။

၁၂။ ဝိနယ ဂရုဒီပနီ။

၁၃။ ဓမ္မာသဓဒီပနီ။

၁၄။ သြဝါဒါလင်္ကာရကထာ။

၁၅။ ဓမ္မခတ္တိယောဝါဒ။

၁၆။ ကောဝဠောဝါဒ။

၁၇။ သီဟဋ္ဌောဝါဒ။

၁၈။ သန္ဒေသကထာ။

၁၉။ လင်္ကာသာသနသုဒ္ဓိကထာ။

၂၀။ ဥပဒေသကထာ။

၂၁။ ယွာဒ္ဓိကာ။

၂၂။ ဝိနယမဓု။

၂၃။ မဟာသိဿကေဝါဒ။

၂၄။ စူဠသိဿကေဝါဒ။

၂၅။ ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတကထာ။

၂၆။ ဝိစိတြာဝဏ္ဏနာ။

၂၇။ သမာသ်ဂဏ္ဌိ။

၂၈။ ဒါရုခန္ဓသုတ်နိသျ။

၂၉။ အင်္ဂုတ္တိုကကမ္မဋ္ဌာန်း။

စသည်တို့တည်း။

ရွှေကျင် ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ ကျောင်းတော်ရာ ဆရာတော်၏ ဥပဇ္ဈာယ် ဆရာရင်းဖြစ်၍ ကျောင်းတော်ရာ ဆရာတော်ဘုရားသည် ရွှေကျင်ဆရာတော်၏ သဒ္ဓိဝိဟာရိကတပည့်ရင်း ဖြစ်တော်မူသည်။ယင်းသို့လျှင် ရွှေကျင်ဆရာတော်ဘုရားကြီး၏တပည့်ရင်း ဘုရင်ကပ်လှူသောတံဆိပ်တော်ရ သံဃာတထောင်ကျော်တို့၏ဦးကိုင် ကျောင်းတော်ရာဆရာတော်ဘုရားသည် အာဒိကမ္မိက အစပျိုး တည်ထောင်၍ကြီးပွါးအောင် စောင့်ရှောက်ခဲ့သော ညောင်တုန်းမြို့, ရွှေဟင်္သာတောရတိုက်ကြီးကို ပြဆိုခဲ့သော အရည်အချင်းတို့နှင့်ပြည့်စုံသော ပျံလွန်တော်မူကုန်ပြီးသော ပထမ စံကျောင်းဆရာတော်, ဒုတိယ စံကျောင်းဆရာတော်, ယခု လက်ရှိ တတိယမြောက်ဆရာတော်,တိုက်အုပ်ဆရာတော် အရှင်ဝိမလ, တိုက်ကြပ်ဆရာတော် အရှင်ဉာနဝံသနှင့် တကွ စာချကထိက

ဆရာတော်တို့သည် ဤ ရွှေဟင်္သာတောရ ပါဠိ တက္ကသိုလ် ကျောင်းတိုက်ကြီးကို ဦးစီးအုပ်ချုပ် အားထုတ်စောင့်ရှောက်လျက် ရှိနေတော်မူကြသောကြောင့် ရွှေဟင်္သာတောရ ပါဠိ တက္ကသိုလ် ကျောင်းတိုက်ကြီး၏ အခြေအနေသည် အရှည်တည်တန့် စည်ပင်၍ ဘုရားမြတ် သာ သ နာ တည်း ဟူ သော ကောင်းကင်ပြင်၌ နေအသွင်, လပမာ ဂုဏ်ဝါသတင်းအရပ် မျက်နှာတို့၌ ပြန့်လင်းတောက်ပဆဲဖြစ်သည်အလျောက် အနာဂတ်ကာလ၌လည်း ဆက်လက်ကာ စည်ပင်ဦးမည်ဟူ၍ ဆိုရဲလောက်အောင် ရှိပါပေသတည်း။

# နိဂုမ်း

သိက္ခိတံ သုစိရံ ဌာတု၊
သေက္ခာ ပါလေန္တု သံဓနံ။
ရွှေဟသ်ာ ဝိဇ္ဇာလယံ ဘာတု၊
ယာဝ ဒိဗ္ဗတိ သာသနံ။

သိက္ခိတံ-ရှင်လူနှစ်ရပ်၊ သူတော်မြတ်တို့ ကျင့်ကြံ အားထုတ်အပ်သော သာသနာတော်မြတ်သည်၊ သုစိရံ-တောက်ပထွန်းပွင့် လန္ဒယ်တင့်၍၊ အလွန်ကြာမြင့်စွာ၊ ဌာတု-မပြိုမကွဲ၊ အရှည်တွဲ၍၊ တည်မြဲနေပါစေ။

သေက္ခာ-လမ်းမှန်မမှ၊ နည်းလမ်းကျ အောင်၊ လိုက်နာအားထုတ်ကြကုန်သော သမဏ မည်ဆန်း၊ ရဟန်းတို့သည်၊ သံဓနံ-ရှင်တော်မြတ်ဖျား၊ ဟောဖော် ကြားသည့်၊ မိမိ ဥစ္စာဖြစ်သော သူတော်ကောင်း တရားကို၊ သုစိရံ-ကာလတောင်တာ၊ ကြာမြင့်စွာ၊ ပါလေန္တု-သဒ္ဓါသတိ၊ ဝီရိပညာ၊ ဆိုင်ရာမူလ၊ ဖြည့်စုံကြ လျက်၊ စောင့်ရှောက် နိုင်ကြပါစေကုန်သတည်း။

သာသနံ-သဗ္ဗညုဘုရား၊ ဟော ဖော် ကြား သည့်၊ တရားစည်းဟူသော သာသနာတော်မြတ်သည်၊ ယာဝ-အကြင်မျှလောက်သော ကာလပတ်လုံး၊ ဒိဗ္ဗတိ-မမှေးမမှိန်၊ ဝင်းထိန်ပြောင်လက်၊ စဉ်မပျက်ပဲ၊ တည်မြဲလျက်ရှိ၏၊ တာဝ-ထိုမျှ

လောက်သော ကာလတိုင်အောင်၊ ရွှေဟင်္သာဝိဇ္ဇာလယ်-ရွှေ ဟင်္သာတောရ, နာမရှည်စိုး, ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး သည်၊ သုစိရံ-ခိုင်မြဲတည်ကာ,အလွန်ကြာမြင့်စွာ၊ဘာတု-မညှိုး မကွယ်, နေနှယ်မယွင်း, လနှယ်ဝင်း၍, ထွန်းလင်းတည်မြဲပါ စေသတည်း။

အရှင်ပဏ္ဍိတမထေရ်

ရွှေဟင်္သာဆရာတော် ရွှေဟင်္သာတိုက်သစ်

စစ်ကိုင်းတောင်ရိုး

စစ်ကိုင်းမြို့။

၁၃၃၅-ခုနှစ် ပြာသိုလပြည့်ကျော်
၇-ရက်၊ တနင်းလာနေ့။

ဒုတိယအကြိမ်ရိုက်ရန် ပြင်ဆင်သည်။

## ရွှေဟင်္သာတောရသမိုင်း

## နောက်ဆက်တွဲ(၁)

### ညောင်တုန်းမြို့—ရွှေဟင်္သာတောရ သီရိမဟာမင်္ဂလာရာမတိုက် သာသနပါလအသင်း ရိဂျစ္စတြီဥပဒေ

သက္ကရာဇ် ၁၂၈၇-ခုနှစ် နယုန်လဆန်း ၃-ရက်နေ့တွင် အသင်းကိုတည်ထောင်၍ ၁၂၈၉-ခု ဝါဆိုလဆုတ် ၅-ရက်၊ ၁၉၂၇-ခု ဇူလိုင်လ ၁၈-ရက်နေ့စွဲနှင့် မအူပင်မြို့ စက်ရှင်မင်းကြီးရုံးတော် ရိဂျစ္စတြီနံပါတ် ၁၃၇၃—စီ,အာ-၁၄/၂၇-အရ အတည်ပြုလုပ်ထားသည်။

### သာသနပါလအသင်းဥပဒေ

(၁) ညောင်တုန်းမြို့-ရွှေဟင်္သာတောရတိုက်တွင် ၁၂၈၇ ခုနှစ်၌ဖွဲ့စည်းသောအသင်းကို ရွှေဟင်္သာတောရတိုက် သာသနပါလအသင်းဟု တွင်စေရမည်။

(၂) ယခုထုံးဖွဲ့သောဥပဒေကို ရွှေဟင်္သာတောရတိုက် အသင်း ဥပဒေဟု အမည်တွင်စေပြီးလျှင် သက္ကရာဇ် ၁၂၈၇-

ခုနှစ် နယုန်လဆန်း ၃-ရက်နေ့တွင် ဤအသင်းအစည်းအဝေး ကြီးက အတည်ပြုလုပ်သည့်နေ့မှစ၍ အသင်း၏ အပေါ်၌ တည်စေရမည်။

(၃) ဤပြဌာန်းမည့် ဥပဒေ၏ ရည်ရွယ်ခြင်း သဘော အားလျော်စွာဆောင်ရွက်လျက် ၎င်းဥပဒေအောက်သို့ရောက် သော ညောင်တုန်းမြို့ ရွှေဟသာံတောရကျောင်းတိုက် သာသ နာတော်ကို စောင့်ရှောက်သောအသင်းဟူ၍ မှတ်ယူရမည်။

၁။ ဦးဘိုးဆင့် ပွဲစား ညောင်တုန်း၊
၂။ ဦးဘိုးချစ် ၎င်း၊
၃။ ဦးညို ၎င်း၊
၄။ ဦးမောင်လေး ၎င်း၊
၅။ ဦးလူလေး ၎င်း၊
၆။ ဦးဘိုးသိန်း} ကုန်သည်၊
၇။ ဦးဘိုးစီ ကုန်သည်၊
၈။ ဦးမောင်မောင် - မြူနီစပယ်စက္ကရီတေရီ၊
၉။ ဦးဘိုးနီ ကုန်သည်၊
၁၀။ ဦးဖေ ၎င်း၊
၁၁။ ဦးရွှေအုံ ၎င်း၊
၁၂။ ဦးဘိုးညိမ်း ၎င်း၊
၁၃။ ဦးရွှေထူး ၎င်း၊
၁၄။ ဦးကျော်ရ ၎င်း၊

၁၅။ ဦးဘိုးလှကြီး ကုန်သည်၊
၁၆။ ဦးသက်ရှည် ဒင်း၊
၁၇။ ဦးဘိုးခင် ဒင်း၊
၁၈။ ဦးဘောကြီး ဒင်း၊
၁၉။ ဦးသာညို ဒင်း၊
၂၀။ ဦးဘိုးချောင်း ဒင်း၊
၂၁၊ ဦးငြိမ်း ဒင်း၊
၂၂။ ဦးရွှေဇင် ဒင်း၊
၂၃။ ဦးမောင်
၂၄။ ဦးဘိုးညွန့် ရှေ့နေ၊
၂၅။ ဦးဘိုးဟန် - တံဆိပ်တော်ခေါင်းရောင်းသူ
ညောင်တုန်း၊
၂၆။ ဦးကျော်လူ - မြေပိုင်ရှင်၊
၂၇။ ဦးရွှေကြိုး ဒင်း၊
၂၈။ ဦးဆင့် ပညာအုပ်၊
၂၉။ ဦးလူလေး ဆပ်ဗ်ရီဂျစ္စတာ၊
၃၀။ ဦးချစ်တီး လှထောင်၊
၃၁။ ဦးစံဦး ပွဲစား၊
၃၂။ ဦးပန်းအေး ဒင်း၊
၃၃။ ဦးလူလေး ဒင်း၊

အထက်ဖော်ပြရာပါ တစုံတယောက်က မဆောင်ရွက်လိုသည့်အခါဖြစ်စေ, သေဆုံးသွားသည့် အခါဖြစ်စေ, တခြားမြို့ရွာသို့ ပြောင်းရွှေ့နေထိုင်ရန် (၁၈) လမျှ ညောင်တုန်းမှ ထွက်ခွါနေသည့်အခါဖြစ်စေ, အင်ဆော်လဝင်ခေါ် လူဆင်းရဲအဖြစ်ဖြင့် ပြဋ္ဌာန်းခြင်းကို ခံရသည်ဖြစ်စေ, ၃-လတကြိမ်အစည်းအဝေးသို့ ၆-ကြိမ်ဆက်လက်၍မလာပဲ ပျက်ကွက်သည့်အတွက် ထုတ်နှုတ်လိုသည့် အခါဖြစ်စေ, မအူပင်ဒိစတြိတ်တရားသူကြီး၏ စိတ်သဘော၌ မသင့်လျော်ဟူ၍သော်၎င်း၊ ကိုယ်တိုင် လူကြီးအဖြစ်နှင့် မဆောင်ရွက်နိုင် ဟူ၍သော်၎င်း ထင်မြင်သည့်အခါဖြစ်စေ, လူကြီးအသစ်တယောက်ကို လွှန်ခဲ့သော လူကြီးတဦးကဲ့သို့ ဆိုင်ရာဗုဒ္ဓဘာသာ အမျိုးသားထဲမှ ၎င်း၏အစား ရွေးကောက်တင်မြှောက်ရမည်။

ဤကဲ့သို့ လူကြီးတယောက် လစ်လပ်သော အချိန်အခါမှစ၍ တလအတွင်းတွင် အဆိုပါလူကြီးများသည် ကျောင်းတိုက်တွင်းဖြစ်စေ, ကျောင်းတိုက်နှင့် အနီးဆုံးနေရာတွင်ဖြစ်စေ, သတ်မှတ်သောနေရာအချိန်အခါ၌ လစ်လပ်သောလူကြီးနေရာအစား လူကြီးတယောက် ထပ်မံ ရွေးချယ်ရန်အတွက် အစည်းအဝေးတခု ပြုရမည်။

(က) ဤကဲ့သို့သော အစည်းအဝေးကို မထမလျှောက်ထားသောနေ့ရက်မှ တလမတိုင်မီအတွင်း မပြုလုပ်ရ။

(ခ) အဆိုပါ လူကြီးများသည် ဤကဲ့သို့သော အစည်းအဝေးတွင် အသင်းသားများနှင့် မြန်မာ အမျိုးသားတို့၏

အလိုဆန္ဒများကို လစ်လပ်သော နေရာတွင် တက်ရောက်မည့်သူ၏အကျင့်စာရိတ္တကို မိမိတို့ဉာဏ်စွမ်း ရှိသလောက် မေးမြန်းစုံစမ်းရမည်၊ ထိုအခါ လူကြီးများကဖြစ်စေ, တစုံတယောက်ကဖြစ်စေ,လစ်လပ်သောနေရာတွင် လူကြီးတယောက်အသစ် ခန့်ထားရန် ဤ အစည်းအဝေး မှတ်တမ်း ဆုံးဖြတ်ချက်နှင့်တကွ မအူပင်ဒိစတြိတ်ရုံးတော်သို့ လျှောက်ထားရမည်။

(ဂ) အဆိုပါ လူကြီးများသည် မအူပင် ဒိစတြိတ်ရုံးတော်တွင် ၎င်းလျှောက်လွှာ ကြားနာရမည့် နေ့ရက်ကို အထက်ပါ နည်းအတိုင်း လူအများ သိရှိအောင် ကြော်ငြာရမည်။

(ဃ) ဗုဒ္ဓဘာသာ မြန်မာလူမျိုး မဟုတ်သော အခြားလူတစုံတယောက်ကို လူကြီးအဖြစ်နှင့်ခန့်ထားခွင့်ဖြစ်စေ,ဆောင်ရွက်ခွင့်ဖြစ်စေ မရှိစေရ။

(င) လစ်လပ်နေသော နေရာတွင် လူကြီး အစား ရွေးကောက်ပြီးကြောင်းအစီရင်ခံစာနှင့် ထိုအစား ရွေးထားသောလူသည် လူကြီး တင်မြှောက်လိုက်သော အရည်အချင်းတို့နှင့် ကောင်းမွန်စွာလုံလောက်ပြည့်စုံကြောင်း လူကြီးအများကိုယ်တိုင် သက်သေခံလက်မှတ် ပါရှိသည့်အခါ မအူပင်ဒိစတြိတ်ရုံးတော်က ဖြည့်စွက်ခန့်ထားလိမ့်မည်။

**လူကြီးမင်းများလိုက်နာဆောင်ရွက်ရန် အလုပ်ဝတ္တရားများ**

၄။ (က) ဘုရားရှင် ပညတ်တော်မူသော ရွှေကျင်

ဂိုဏ်းကျင့်ထုံးဥပဒေ, ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် ဥပဒေများနှင့် အညီ ရွှေဟင်္သာတောရ တိုက်ပိုင်ဆရာတော်, ၎င်းဆရာတော်ကအာဏာလွှဲအပ်ထားသောပုဂ္ဂိုလ်တို့က သုံးမ အပ်သော အဆုံးအမများကို ရိုသေစွာ နာခံသော အာဂါ သိက, အာဂန္တုက သံဃာတော် အရှင်မြတ်တို့အားသာလျှင် နေ့စဉ်ဆွမ်းလှူဒါန်းဝတ်ပြုခြင်း၊ မနာခံသော သံဃာတို့အား မထောက်ပံ့ခြင်း။

မှတ်ချက်။ ။ဘုရားရှင် ပညတ်တော်မူသော ဝိနည်း ဒေသနာတော်, ရွှေကျင်ဂိုဏ်း ကျင့်ထုံး ဥပဒေ စသည်ဖြင့် အဓိပ္ပါယ် ဆိုလိုရင်း ဖြစ်သည်။

(ခ) မကျန်းမာသောအခါ အာဝါသိက, အာဂန္တုက, ဂိလာနပုဂ္ဂိုလ်တို့၌ သပ္ပါယ ဖြစ်သော ဆေး, အဖျော်မှစ၍ ပြုထိုက်သောဝတ်ကို ပြုလုပ်လှူဒါန်းခြင်း။

(ဂ) သာသနာတော်၏ ပြန့်ပွားရေး ကိစ္စနှင့် ၎င်း ကျောင်းတိုက်ရှိ သံဃာတော်မြတ်တို့ လွန်စွာအကျိုးကျေးဇူး ဖြစ်ထွန်းမည့် ကိစ္စများ၌ ထောက်ပံ့မည့် ဒါယကာ မရှိက အသင်းကထောက်ပံ့လှူဒါန်းခြင်း။

(ဃ) ရွှေဟင်္သာတောရတိုက်ပိုင်ဆရာတော်နှင့် ၎င်းဆရာ တော်က အာဏာလွှဲအပ်ထားသော ပုဂ္ဂိုလ်တို့က တိုက်တာ သာသနာအကျိုး ဆုတ်ယုတ်ပျက်စီးရန် လုပ်ကိုင်သည့်ပုဂ္ဂိုလ်

ဟု ထင်မြင်၍ တိုက်တာဥပဒေအတိုင်း တိုက်တွင်းသားအဖြစ်ဖြင့် အသိအမှတ်မပြုသင့်သောပုဂ္ဂိုလ်တို့ကို အသင်းက အရပ်ရပ်ထောက်ပံ့ခြင်းကို ရပ်စဲလိုက ရပ်စဲစေခြင်း၊ တိုက်တာဥပဒေအတိုင်း မသင့်လျော်ဟု ထင်မြင်သော သံဃာတော် တို့ကို ကျောင်းတိုက်မှ နှင်ထုတ်လိုက နှင်ထုတ်ခြင်း။

(င) လူကြီးမင်းများဆောင်ရွက်သမျှ အမှုကိစ္စများသည် ဘုရားရှင် တရားတော်နှင့် ညီညွတ်စေရမည့် အပြင် ပြည်နိုင်ငံတွင် ကာလအလျောက် တည်လျက် ရှိသော အစိုးရဥပဒေတော်များနှင့် ဆန့်ကျင်ခြင်း မရှိပဲ၊ ဤပြဋ္ဌာန်းမည့် ဥပဒေကို ထောက်ထား၍ လူကြီးမင်းတို့ သဘောတူသဖြင့် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်တွင် ဘုရားရှင်တရားတော်နှင့် အညီကျင့်ကြံ သီတင်းသုံး နေထိုင်တော် မူသော ဥက္ကဋ္ဌတိုက်ပိုင်ပုဂ္ဂိုလ်နှင့် တိုက်အုပ်ပုဂ္ဂိုလ် တို့ကလည်း ကြိုက်ညီနှစ်သက်သောအချက်များဖြစ်စေရမည်။

(စ) အသင်းပိုင်ငွေမှာ သဒ္ဓါတရားရှိသူတို့က ကုသိုလ်ပြုလုပ်လှူဒါန်းကြသော ငွေများဖြစ်စေရမည်။ ၎င်းငွေများသည် လှူဒါန်းသူတို့နှင့် ကင်းရှင်းပြီးလျှင် ယခု ဒိစတြိတ်ရုံးက စီစဉ်သောဥပဒေအရ အသင်းကစီမံခန့်ခွဲ သုံးစွဲနိုင်သော အသင်းဆိုင်ရာဝတ္ထုဂါမိငွေ ဖြစ်စေရမည်။

(ဆ) သို့သော်လည်း ရေစက်ချ၍ လှူဒါန်းစဉ်အခါက ငွေကို ရွှေဟင်္သာတောရတိုက်တွင်း၌ သီတင်းသုံးနေထိုင်တော်မူသော သံဃာတော်တို့၏ပစ္စည်းလေးပါးအတွက် အသင်းသို့

အပ်နှံပါ၏၊ ထိုငွေမှ ဖြစ်ပေါ်လာသော ပစ္စည်းလေးပါးကို သံဃာတော်တို့အား လှူဒါန်းပါ၏ ဟူ၍ သံဃာတော်တို့အား ရေစက် ချသောငွေ ဖြစ်သောကြောင့်၎င်း၊ ကျောင်းတိုက် သံဃာသဘောတူ ကတိကဝတ်ပြုထားသော သမာနလာဘ ငွေဖြစ်သောကြောင့်၎င်း ဥပဒေ၏ ရည်ရွယ်ချက်အတိုင်းသာ စောင့်ရှောက်နိုင်ခွင့်ရှိစေရမည်။

(ဇ) ဝတ္ထုဂါမ်ငွေများမှာ ငွေပင်ငွေရင်း တည်စိုက်ရန် လှူဒါန်းသောဝတ္ထုဂါမ်ငွေရင်းတမျိုး၊ ငွေရင်းမှ တိုးပွားလာခံသောဝတ္ထုဂါမ်ငွေတိုးတမျိုးဟူ၍ နှစ်မျိုးရှိစေရမည်။

(ဈ) ဝတ္ထုဂါမ် ငွေပင်ငွေရင်းကို မလျော့မပျောက်စေဘဲ၊ လူကြီးများက စောင့်ရှောက် ထိန်းသိမ်းပြီးလျှင် အတိုးအပွား ရအောင် သင့်ရာ စီမံရမည်၊ ၎င်းဝတ္ထုဂါမ် ငွေဖြင့် အမြတ်အစွန်းအတိုးအပွား အစဉ်ထွက်သော မရွှေ့မပြောင်း မပျက်စီးနိုင်သည့် ထာဝရပစ္စည်းလယ်ယာမြေများကို လူကြီးမင်းများ၏အမည်နှင့် ဝယ်ယူတည်ထောင်၍ဖြစ်စေ၊ ကောင်းသော စိန်ရွှေလယ်မြေများကို အပေါင်အနှံခံ၍ဖြစ်စေ ထားရမည်။

(ည) အရပ်ရပ်ရရှိ တိုးပွားလာသည့် ဝတ္ထုဂါမ်ငွေ တို့မှာ ဆင်ခြင် တိုင်းထွာ၍ အသင်းက ကုန်ကျစရိတ် များကို သုံးစွဲရမည်။

(ဋ) ဝတ္ထုဂါမ်အသင်းပိုင် ဝတ္ထုပစ္စည်း တစုံတရာကို ရောင်းစားနိုင်ခွင့် ရှိရမည်။

(ဌ) ဤကဲ့သို့ အရပ်ရပ်ကိစ္စများအတွက် မိမိတို့ကောင်းမွန်သည် ထင်မြင်၍ တည်တန့်စွာတစုံတရာ သဘောရိုးနှင့် ပြုလုပ် ဆောင်ရွက်ခြင်းဖြင့် ဆုံးရှုံးနစ်နာသည်တို့ကို တာဝန်မထားစေပဲ သဘောတူ စာချုပ်စာတမ်း ပြုလုပ်နိုင်ခြင်း, ခွင့်လွှတ်နိုင်ခြင်း, သင့်လျော်သည်ဟု ထင်မြင်သော အခြားကိစ္စများကို ဆောင်ရွက်နိုင်ခြင်း, ၎င်းပြင် ထိုစာချုပ်စာတမ်းတစုံတရာကို ရီဂျစ္စတြီပြုလုပ်ရန်လိုလျှင်လည်း ပြုလုပ်နိုင်ခြင်း။

(ဍ) လူကြီးမင်းများသည် ကျောင်းတိုက်ကိစ္စ အဝဝကို ကျနစွာဆောင်ရွက်ရန် အလိုရှိအပ်သော အမှုဆောင်,စာရေး, ပျာတာ, တစုံတယောက်ကို ခန့်ထားရမည်။ ၎င်းတို့ကို သင့်လျော်သည့်အတိုင်း အဆိုပါဝတ္ထုဂါမ်ငွေထဲမှ ထမင်းကျွေးခြင်းဖြစ်စေ, လခကြေးငွေဖြစ်စေ ပေးရမည်။

(ဎ) လူကြီးမင်းများသည် ဝင်ငွေ ထွက်ငွေ စာရင်းကို ပြု၍ ကျောင်းတိုက်သို့လှူသော အလှူစာရင်းများကို ကောင်းမွန်စွာ ထိန်းသိမ်းထားရမည်။

(ဏ) တစုံတယောက်သော အသင်းသား တဦး တယောက်က ထိုစာရင်းများကို ကြည့်ရှုစစ်ဆေး လိုပါသည်ဟု ၃-ရက်က ကြိုတင်၍ စာအားဖြင့် အကြောင်းကြားထားလျှင် ကြည့်ရှုစစ်ဆေးရန် အခွင့်ပြုရမည်။

(တ) အလှူဝတ္ထုများ သိမ်းဆည်း ၊လက်ခံရန် (တတ်နိုင်လျှင်) သံသေတ္တာတခု ထားရှိရမည်၊ ၎င်းသံသေတ္တာကို ခြား

နားသော သော့ခလောက် ၃-ခုနှင့် ကောင်းမွန် လုံခြုံစွာ သော့ခတ်ထားရမည်၊ ၎င်းသော့ ၃-ချောင်းကို ၃-လတကြိမ် အစည်းအဝေးတွင် လူကြီးများရွေးချယ်ခြင်းခံရသော လူကြီး ၃-ဦးတို့၏ လက်ထဲတွင် ထားရှိရမည်၊ ထိုလူကြီးများအနက် တယောက်ယောက်တွင် အဘယ်အခါမှ သော့တချောင်း ထက် ပို၍ မထားရ၊ လကုန်နေ့တွင် အဆိုပါလူကြီး ၃-ဦး ရှေ့တွင် သံသေတ္တာဖွင့်၍ ၎င်းအထဲတွင်ရှိသော ဝတ္ထုစာရင်း ကို လက်မှတ် ရေးထိုး ပြီးလျှင် ၎င်း ကော်ပီ တခု ကိုလည်း ကျောင်းတိုက်နို့တစ်ကပ်ရာနေရာတွင် ကပ်ထားရမည်။

(ထ) သံသေတ္တာထဲတွင် တွေ့ရှိရသော ငွေအားလုံးနှင့် အဝင်ပစ္စည်းများကို အများသဘောတူ ရွေးကောက်ထား သော သော့ကိုင်လူကြီး -၃ဦးတို့က တာဝန်ခံနှင့် ထိန်းသိမ်း စောင့်ရှောက်ရမည်။

(ဒ) ကျောင်းတိုက်ကိစ္စနှင့် ဝတ္ထုဂါမ်ကိစ္စများကို ဆွေး နွေးတိုင်ပင် ဆုံးဖြတ်ကြရန် အနည်းဆုံး သုံးလတကြိမ် လူကြီး များ ချိန်းဆိုသောနေရာတွင် အစည်းအဝေးပြုရမည်။ လူကြီး ၅-ယောက်လာလျှင် ၎င်းအစည်းအဝေးထမြောက်စေရမည်။

(ဓ) ၎င်းအစည်းအဝေးတွင် မိမိတို့နှစ်သက်ရာ ချယ်ယာ မင် တင်မြှောက်၍ ကိစ္စအဝဝကို အများသဘောတူ ဆန္ဒသို့ လိုက်၍ ဆုံးဖြတ်ရမည်။ အကယ်၍ နှစ်ဦးနှစ်ဝ သဘောတူ ဆန္ဒတူမျှခဲ့သော် ချယ်ယာမင်က ဒုတိယဆန္ဒအပိုတခု ပေးနိုင် ခွင့် ရစေရမည်။

(န) လူကြီးများအစည်းအဝေးကို ၄၈-နာရီကြိုတင်၍ လူကြီးအားလုံးကိုအကြောင်းကြားပြီး မည်သည့်အချိန်အခါ မဆို စည်းဝေးပြုလုပ်နိုင်သည်။

(ပ) အစည်းအဝေးပြုလုပ်သည့်အခါတိုင်း ၎င်းအစည်း ဝေး၏ ဆုံးဖြတ်ချက်မှတ်တမ်းများကို မှတ်တမ်း စာအုပ်တွင် ရေး၍ ချယ်ယာမင်လက်မှတ်ထိုးပြီးလျှင် ထားရှိစေရမည်။

(ဖ) ကျောင်းတိုက်နှင့်ပတ်သက်သောကိစ္စနှင့် ဝတ္ထုဂါမ် ပစ္စည်းများကို တိုက်ရိုက်စီမံခန့်ခွဲရန် ၃-လတကြိမ် အစည်း အဝေးတွင် လုပ်လိုသော လူကြီးတယောက်ကို အလှည့်ကျ ရွေးချယ်ခန့်ထားရမည်၊ ဤကဲ့သို့ ရွေးချယ်ခန့်ထားသော လူ ကြီးများမှာ အများသဘောတူ ဆုံးဖြတ်ထားသော ဆုံးဖြတ် ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည်။

(ဗ) ဆိုခဲ့သည့် သုံးလအတွင်းလူကြီးများက အထက်ပါ ကိစ္စကို ဆောင်ရွက်ရန် နောက်ထပ် အလှည့်ကျ လူကြီး တ ယောက်ကို မရွေးချယ်,မခန့်ထားမိခဲ့သော် ဆောင်ရွက်လျက် ရှိနေသော လူကြီးက မိမိသည် ၎င်းကိစ္စတာဝန်ကို ဆက်လက် မဆောင်ရွက်နိုင် တော့ကြောင်းကို လူကြီး များအား အကြောင်းကြားခြင်း ပြုသည့်တိုင်အောင် အထက်ပါ မိမိ ဆောင်ရွက်လျက်ရှိသော ကိစ္စအဝဝတို့ကို တာဝန်ခံ၍ ဆက် လက် ဆောင်ရွက်ရမည်။

(ဘ) လူကြီးများထံ၌တံဆိပ်တခုရှိစေရမည်၊ ၎င်းတံဆိပ် ကို ထုံးစံအတိုင်း စာပေးစာယူ စာချုပ်စာတမ်းများကို ခတ်

နှိပ်ရမည်၊ ၎င်းတံဆိပ်သည် ဝတ္ထုဂါမ်နှင့် ကျောင်းတိုက် နှစ်ရပ် ပတ်သက်သောကိစ္စများကို တိုက်ရိုက်စီမံခန့်ခွဲသောလူကြီး၏ လက်ထဲတွင် ရှိစေရမည်။

(မ) အစည်းအဝေးမှတ်တမ်းစာအုပ်များ, စာရင်း စာအုပ်များနှင့် ဝတ္ထုဂါမ်စာချုပ်စာတမ်းများကို အသီးအခြားတနေရာတွင်ထိန်းသိမ်းထားရမည်၊ဤကိစ္စအတွက်လူကြီးများက သင့်လျော်သောလူတယောက်ကို ရွေးခြယ်ခန့်ထားရမည်။

ပုံ [ ဦးဘိုးခ ]

ဒိစရိတ်ရာဘက်တရားဝန်

မအူပင်မြို့။

## နောက်ဆက်တွဲ (၂)

ညောင်တုန်းမြို့ ရွှေဟသာ်တောရ ပါဠိတက္ကသိုလ်
ကျောင်းတိုက် သာသနာကို အားပေး ဆောင်ရွက်ကြသော

သာသနာပါလအသင်း ရှေ့ဆောင်လူကြီးများ။

သက္ကရာဇ် ၁၂၈၁-ခုနှစ်မှစ၍ ၁၂၈၅-ခုနှစ်အထိ ဆောင်ရွက်သော လူကြီးများမှာ–

ဥက္ကဋ္ဌ ဦးရွှေအိုး၊
ဒုတိယဥက္ကဋ္ဌ ဦးလူ၊
ငွေထိမ်း ဦးလူကလေး၊
ဦးသာဂျန်၊
ဦးဘခင်။
စာရင်းစစ် ဦးမောင်မောင်၊
ဦးဘလှင်၊
အတွင်းရေးမှူး - ဦးချစ်တီး။

၁၂၈၆-ခုနှစ်မှ ၁၂၉၀-ပြည့်နှစ် အထိ ဆောင်ရွက်သော လူကြီးများ–

ဥက္ကဋ္ဌ - ဦးရွှေအိုး၊
ဒုတိယဥက္ကဋ္ဌ- ဦးဘိုးဆင့်၊
ဦးဘိုးညွန့် - ရွှေ့နေ၊
ငွေထိန်း - ဦးရွှေကြိုး၊
ဦးဘခင်၊ ဦးဘိုးချစ်၊
စာရင်းစစ် - ဦးမောင်မောင်၊
ဦးဘိုးလှိုင်၊ ဦးစံဦး၊
အတွင်းရေးမှူး - ဦးချစ်တီး။

၁၂၉၁-ခုနှစ်မှ ၁၂၉၅-ခုနှစ်အထိ ဆောင်ရွက်သော လူကြီးများမှာ–

ဥက္ကဋ္ဌ - ဦးဘိုးဆင့်၊
ဒုတိယဥက္ကဋ္ဌ - ဦးဘိုးညွန့်၊
ငွေထိန်း - ဦးဘိုးဆင့်၊
အတွင်းရေးမှူး - ဦးမောင်လေး။

၁၂၉၆-ခုနှစ်မှ ၁၃၀၄-ခုနှစ် အထိ ဆောင်ရွက်သော လူကြီးများမှာ=

ဥက္ကဋ္ဌ - ဦးဘိုးဆင့်၊
ငွေထိန်း - ဦးဘိုးဆင့်၊
အတွင်းရေးမှူး - ဦးမြင့်။

၁၃၀၅-ခုနှစ်မှ ၁၃၀၆-ခုနှစ်အတွင်း ဆောင်ရွက်သော လူကြီးများမှာ—

ဥက္ကဋ္ဌ - ဦးကြင် (သံအမတ်ကြီး)
ဒုတိယ ဥက္ကဋ္ဌ - ဦးလှသွင်၊
ငွေထိန်း - ဦးဘသန်း၊
စာရင်းစစ် - ဦးဘလွင်၊
ဦးဗလ၊
အတွင်းရေးမှူး - ဦးမြင့်။

၁၃၀၇-ခုနှစ်မှ ၁၃၁၆-ခုနှစ်အထိ ဆောင်ရွက်သော လူကြီးများမှာ–

ဥက္ကဋ္ဌ- ဦးလှသွင်၊
ဒုတိယဥက္ကဋ္ဌ - ဦးကျော်လှ၊
ငွေထိန်း - ဦးဘသန်း(၁)၊
ဦးဘသန်း(၂)၊
စာရင်းစစ် ဦးဘခင်၊ ဦးဘစိန်
အတွင်းရေးမှူး - ဦးမြင့်။

၎င်းပြင် နောက်က ထုတ်ဖော်ရေးသားခဲ့ပြီးသည့်အတိုင်း ညောင်တုန်းမြို့နယ် ဌာနအရပ်ရပ်မှ ဒါယကာ ဒါယိကာမတို့သည်လည်း ယနေ့တိုင်အောင် ရွှေဟင်္သာတောရ ပါဠိ တက္ကသိုလ်ကျောင်းတိုက် သာသနာကို စွမ်းဆောင်နိုင်သည့် ဘက်မှ ဝိုင်းဝန်းထောက်ပံ့ အားပေးဆောင်ရွက်လျက် ရှိကြပေသည်။

# နောက်ဆက်တွဲ (၃)

## သီရိမင္ဂလာစံကျောင်းအလှူစာတမ်း

## သီရိမင်္ဂလာစံကျောင်းနှင့် အာရာမ်မြေ လှူဒါန်းစာ

ရန်ကုန်မြို့၊ ဗဟန်း၊ မုန်းကျောင်းလမ်း၊ တပ်မြို့တိုက်နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၂(က) ၁၊ ရေိယာ (၀-၂၂၇) ဧကရှိ ဂရံမြေယာကွက်နှင့်တကွ ထိုမြေကွက်ပေါ်ရှိ ယခုဆောက်လုပ်ပြီးသော ကျောင်းနှင့် ရေပိုက်ကို မြတ်စွာဘုရား ဝိနည်းတော်နှင့်ငြင်း၊ ရွှေကျင်ဂိုဏ်းစည်းမျဉ်းဥပဒေနှင့်ငြင်း၊ ညောင်ကုန်းမြို့ ရွှေဟင်္သာတောရတိုက်ဆရာတော်၊ တိုက်အုပ်ဆရာတော်၊ တိုက်ကြပ်ဆရာတော်တို့၏ဩဝါဒနှင့်ငြင်း ညီညွတ်စွာ နေထိုင်သော ရွှေဟင်္သာတောရတိုက် သံဃာတော်များအား လှူဒါန်းပါ၏။

အထက်ပါ တပည့်တော်ပိုင်မြေ၌ အထွေထွေသာသနာရေးကိစ္စများကို (၁) ရွှေဟင်္သာတောရတိုက်ဆရာတော်၊ (၂) ငြင်းတိုက်-တိုက်အုပ် ဆရာတော်၊ (၃) တိုက် ကြပ် ဆ ရာ တော်၊ (၄) တပည့်တော်ပါ လေးပါးတို့သဘောတူညီချက်ကိုဖြစ်စေ၊ သို့မဟုတ် တပည့်တော်နှင့်တကွ ၃-ပါးတို့၏ သဘောတူညီချက်ကိုဖြစ်စေ ရမှသာ ဆောင်ရွက်နိုင်ရန်အခွင့်ကိုလည်း သတ်မှတ်လှူဒါန်းပါသည်။

ဂရန်ပိုင်ကျောင်းဒါယကာ
**သီရိမင်္ဂလာ (ဘုန်းတော်ကြီး)**
၁၃၁၃-ခု တပို့တွဲလဆန်း ၇-ရက်။

## သဘောတူ လက်မှတ်ထိုးကြသော ကျောင်းဒါယကာ ဘုန်းတော်ကြီး၏သားသမီးများ

ဦးစိုးတင့် သမ၀ါယမမင်းကြီး
ဦးတွန်းအုံ-ဒေါ်မမကြီး၊ မြူနီစီပါယ်မင်းကြီး
ဦး၀န်-ဒေါ်ကြည်ကြည်၊ မြန်မာစာပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်။
ဦးမျိုးမင်း - ဒေါ်ခင်သင်းနွဲ့၊ အင်္ဂလိပ်စာ ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်။
တက္ကသိုလ် နွဲ့နွဲ့၊ (ရန်ကုန်တက္ကသိုလ်)
မောင်၀င်းလွင်နှင့်ဒေါ်ခင်ကြည်ကြည်၊ဆရာ၀န်ကြီးများ။

ရန်ကုန်မြို့၊ ရေတာရှည်လမ်းသစ်

**ရွှေကျင်ကျောင်းသစ်**

သီလဝိသောဓနီသိမ်တိုက်

## လှူဒါန်းစာ

ရန်ကုန်မြို့ ဘုန်းကြီးလမ်းနေ, အထက်တန်းရှေ့နေ သိမ်ဒကာ ဦးဘကန်နှင့် သိမ်ဒကာမ ဒေါ်မမမေတို့သည် လဇ္ဇီနှယ်လာ သိက္ခာကာမ သမဏဇာတ် ရဟန်းမြတ်ခပင်းတို့၏ ဝိနယကုက္ကုစ္စသံသယကင်းစွာဖြင့် သံဃကမ်အဖြာဖြာကို ချမ်းသာစွာ ရှက်ဆောင်တော် မူနိုင်ကြစေရန် ရည်သန်တော်တကာ ဤသီလဝိသောဓနီအမည်ရှိသောသိမ်တော်မြတ်ကို ၁၃၁၅-ခု တန်ဆောင်မုန်းလဆုတ် ၁၃-ရက် သောကြာနေ့၌ သီမာသမ္မုတိကမ်ကို ဆောင်၍ သိမ်တိုက်ဆောက်လုပ် လှူဒါန်းအပ်ပါသတည်း။

ယင်းသို့လှူဒါန်းကြရာ၌ သိမ်ဒကာဒကာမတို့သည် မအူပင်ခရိုင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် အဂ္ဂမဟာပဏ္ဍိတ စံကျောင်း ဆရာတော်ဘုရားကြီး အရှင်ဝါယာမ, ဒုတိယ စံကျောင်း ဆရာတော်ဘုရား အရှင်ကလျာဏတို့နှင့်တကွ ရွှေ

ဟသ်ာတောရပဓာန နာယကဖြစ်တော်မူကြသော ဆရာတော်ဘုရားများအပေါ်၌ ဦးတိုက်လေးစား အားထားမှီခိုကြည်ညိုခြင်းရှိရုံမက သိမ်ဒကာမ ဒေါ်မမမေမှာ ညောင်တုန်းမြို့ ရွှေဟသ်ာတောရ တိုက်ကြီး၏ အာရာမ်မြေကို လှူဒါန်းကာ၊ ရွှေဟသ်ာတောရတိုက် သာသနာကို ဒကာ့တာဝန် အားကုန်သွန်းလျက် လှန်မင်းစွာဆောင်ရွက်ခြင်းရှိသော ညောင်တုန်းမြို့ မြူနီစီပယ်စက္ကရီတေရီ ဦးမောင်မောင်၏ သည်းချာ ရင်နှစ်သမီးချစ်ဖြစ်ရာ ရွှေဟသ်ာတောရ ပဓာန နာယကဆရာတော်ဘုရားများ၏ ဩဝါဒသာသနာ ရှည်မြင့်စွာတည်ရေးကို လေးလေးနက်နက် နှစ်သက်လိုလားခြင်း ရှိသည်အားလျော်စွာ မဟာလ္လတာ တန်ဆာကို ရောင်းချကာ ပုပ္ဖါရုံ ကျောင်းတော်ကြီးကို လှူဒါန်းသည့် ဝိသာခါ ကျောင်းအမကြီးအလား မိမိဆင်မြန်းသည့် စိန်ရွှေရတနာများကို ရောင်းချကာ ဆောက်လုပ်အပ်သော သုံးသောင်း သုံးထောင်(၃၃၀၀၀)ကျော်တန် ဤသိမ်ကြီး အဆောက်အဦးကိုလည်း ရွှေဟသ်ာတောရပဓာန နာယကဆရာတော် အဆက်ဆက်တို့၏ သဘောအတိုင်း စီမံဆောင်ရွက်နိုင်ခွင့်ကို လုံးဝအပ်နှင်းကာ) ထိုဆရာတော်ဘုရား၏ ဩဝါဒအတိုင်းလိုက်နာနေထိုင်သောသံဃာတော်များသာ သီတင်းသုံးရန် ရည်သန်ပိုင်းဖြတ်လှူဒါန်းအပ်ပါသတည်း။

**သိမ်ဒကာ ဦးဘကန်**
**သိမ်ဒကာမ ဒေါ်မမမေ**

၁၃၁၆-ခု၊ တန်ခူးလဆုတ် ၁၃-ရက် စနေနေ့။

အလုံးစုံအားဖြင့်ပြီးပြီ
ဒုတိယအကြိမ် ပုံရိုက်ရန်ပြင်သည်။

## ကောင်းမှုရှင်များ

၁။ ဦးညီညီ-ဒေါ်လှမေ၊ ရန်ကုန်မြို့ အုပ်ရေ ၆၆၆
၂။ ဦးမြမောင်-ဒေါ်ဝင်းဝင်း
သမီး မြကြည်ဖြူ ။ ၃၃၃
၃။ ဓမ္မာရုံကျောင်းဆရာတော်မအူပင်မြို့ ။ ၁၀၀
၄။ ညောင်တုန်းမြို့၊ ရွှေဟင်္သာ တောရ
တိုက်၊တိုက်အုပ်ဆရာတော် ။ ၁၀၀
၅။ ရွှေဟင်္သာသဟာယအသင်း၊ရန်ကုန် ။ ၁၀၀
၆။ ရွှေဟင်္သာသဟာယအသင်း၊ပဲခူး ။ ၅၀
၇။ သာသနရက္ခိတအသင်း၊ နောင်ပတ္တ
ရာရှား ပဲခူး ။ ၁၀၀
၈။ တံမူလာရုံ ရွှေဟင်္သာ ဆရာတော်
ကျိုက္ကမီ ။ ၁၀၀
၉။ ကြခတ်ဝိုင်းဆရာတော်၊ ပဲခူးမြို့ ။ ၁၀၀